www.burmeseclassic.com

# စောပြည့်ချမ်းသာ

## ကဗျာတစ်ပုဒ်တော့မဟုတ်ဘူး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အမျိုးသားရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဓာပြည့်ချမ်းသာ

# ကဗျာတစ်ပုဒ်တော့မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၀၁၇၀၂၁၁၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | ၅၀၁၀၃၅၀၈၀၉ |
| ကွန်ပျူတာစာစီ | အိအိ |
| ဒီဇိုင်း | ကိုကျော်ဦး |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊ ၂၀၀၇ ခု၊ ဩဂုတ်လ |
| တန်ဖိုး | (၁၀၀၀)ကျပ် |
| စာအုပ်ရေ | (၅၀၀)အုပ် |
| ထုတ်ဝေသူ | ဒေါ်စိန်လှလှသန်းရှင်(၃၆၆၀) စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊ (၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊ ထိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/အဖုံးပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၁၂၁၇၀) (၁၅၂) ကျွန်းရွှေမြိုင်လမ်း၊ စုပေါင်းအိမ်ယာရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ |
| ဖြန့်ချိရေး | စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊ (၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊ ထိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊တာမွေမြို့နယ် ရန်ကုန်မြို့၊ ၀၁-၅၄၉၂၇၈ |

၈၉၅.၈၃

စောပြည့်ချမ်းသာ

ကဗျာတစ်ပုဒ်တော့မဟုတ်ဘူး/ စောပြည့်ချမ်းသာ - ရန်ကုန်။

စောပြည့်ဝန်းစာပေ၊ ၂၀၀၇။

၂၆၆-စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ၊

(၁) ကဗျာတစ်ပုဒ်တော့မဟုတ်ဘူး


BURMESE CLASSIC .com

## တစ်

"ဟူး…ကဲ သမီးရေ ရောက်ပြီ၊ ဒါ ဒယ်ဒီနေတဲ့အိမ်ပဲဗျ"

လေဆိပ်မှမောင်းလာသောကားသည် သူနေထိုင်သောတိုက်ပုလေးရှေ့သို့ ရောက်သည်နှင့် ရဲအရာရှိ ခိုင်မင်းဆက်သည် ကားပေါ်မှ ဆင်းပြီး သမီးလေး ပိုးပိုးကို ဦးစွာ ချီချသည်။

ပြီးတော့ ကားပေါ်မှ ပစ္စည်းတွေချပြီး သူနေထိုင်သော တိုက်ပုလေးအား ဟန်ပါပါ လက်နှင့်ပြရင်း ဆိုရင်းက ကားခကို ရှင်းပေးလိုက်၏။

"ဟား…သမီးရေ၊ အိမ်ထဲမှတော့ ဖုန်ချည်းပဲဖြစ်နေပြီ၊ သန့်ရှင်းရေးလုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီမပူပါနဲ့၊ သမီးလှပ်တက်ပါတယ်"

"အဟွန်း...ဟွန်း"

မိဘမဲ့သွားရှာပြီး လေးနှစ်အရွယ်တူမလေးက ချစ်ငွယ်စကား သွက်သွက်လေးဆိုတော့ ခိုင်မင်းဆက်သည် တူမလေးကို မွေ့ချိုကာ ချမ်းမြေ့စွာ ရယ်ဖြစ်လေ၏။

အဖိုးတန် မိဘနှစ်ပါးဆုံးရှုံးခြင်းအတွက် လူမည်လေးအရွယ်မို့ ဘာမှ မခံစားတတ်၊ မသိရှာသော တူမလေးအား ခိုင်မင်းဆက် သနားမိသည်။

ဝမ်းနည်းကြေကွဲခြင်း ခံစားမှုများ နားမလည်ခြင်းကြောင့်လည်း တူမလေးအတွက် သူဖြေသာပါသေး၏။

"ဟင်...သမီးရယ်၊ သမီး ဘာမှ မသိနားမလည်တာကိုပဲ ဒယ်ဒီဖြေသာနေရပါတယ်လေ"

"တီး...."

တူမလေးကို ထွေးပွေ့ကာ ခိုင်မင်းဆက်သည် အစ်ကိုနှင့် အစ်မကို မြင်ယောင်မိနေဆဲ အိမ်ခန့တွင် ရပ်လာသော ကားဟွန်းသံကြောင့်...

"ဒယ်ဒီ ဘယ်သူလဲ မသိဘူး၊ သမီးသွက်ကြည့်ဦးမယ်"

တူမလေးက ဆိုကာ သူ့ရင်ခွင်ထဲမှ အိမ်ရှေ့သို့ ပြေးထွက်





ကြည့်လိုက်သည်။ သူကမူ အေးအေးဆေးဆေး မစ္စည်းများကို သိမ်းဆည်း၍နေ၏။

မည်သူမည်ဝါဆိုသည်ကို သူသိပြီးသားရယ်ပါ။ တစ်ဖက်ခြံမှ မှုခင်းဆရာဝန်မလေး ဒေါက်တာကြည်ပြာ ဖြစ်ကြောင်း သူသိပြီးသားဟုတ်ပါလေ၊

"ဒယ်ဒီရေ၊ အန်တီလှလှလေးတစ်ယောက် လာနေတယ်"

သမီး သူ့ထံ ပြေးလာပြီး သတင်းပို့သည်။

"အဟွန်း..."

သူက ပြုံးလိုက်သည်။ အေးအေးဆေးဆေးပင် ပစ္စည်းတွေ သိမ်းနေလိုက်သည်၊

"မင်းဆက်"

"ဗျာ"

အိမ်ထဲသို့ မှုခင်းဆရာဝန်မလေး ကြည်ပြာ ရောက်လာသည်။သူ့ကို ခေါ်သဖြင့် သူကြည့်ဘဲ ထူးလိုက်သည်။

"ကိုဆက် ဘယ်တုန်းက ပြန်ရောက်လဲဟင်"

"စောစောကပဲ"

ခိုင်မင်းဆက်အသံနှင့် ဟန်တို့က အေးအေးဆေးဆေးနှင့် ကြည်တည်ငြိမ်ငြိမ် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဆက်တူမလေး ပါလာပြီနော်"

"ဟုတ်တယ်၊ သမီးကိုပဲ သွားခေါ်တာပဲ"

"ဒါပေါ့လေ ကိုဆက်ပဲကြည့်ရှုရတော့မှာပေါ့၊ ကိုဆက်ပြန်လာတာ ကြည်ပြာတော့ စိတ်ချမ်းသာသွားပြီ၊ ကိုဆက်မရှိတော့ ဒီတက်ခြံက ခြောက်သွေ့ပြီး ညညဆိုရင် ကြည်ပြာတောင်မှ ကြောက်တယ်။"

"ခုတော့ ကိုဆက်ပြန်လာပြီဆိုတော့ မကြောက်တော့ဘူး၊ သမီးလေးအဖော်လည်း ရလာပြီဆိုတော့ ပိုကောင်းတောင်းသေးတယ် ဒါနဲ့ သမီးအတွက် ကိုဆက် ဘယ်လိုစီစဉ်လဲဟင်"

"အင်း...အဲဒါ သမီးကို နှုတ်ကြီးအပ်ရမှာပေါ့ကွာ၊ သမီးကိစ္စကို အလုပ် ပြန်မဝင်ခင် တစ်ပါတည်း အပြီးလုပ်ရမှာ"

"ဒါပေါ့၊ သမီးနာမည်က ဘယ်လိုခေါ်လဲဟင်"

ပိုးပိုးဘက် အပြုံးနဲ့ကြည့်ပြီး ကြည်ပြာက မေးသည်။

"ပိုးပိုးပါအန်တီ"

"ပြော်...ပိုးပိုးတဲ့လား၊ သမီးက သိပ်ချစ်စရာကောင်းတာပဲ အန်တီ့နာမည်လည်း မှတ်ထားနော်၊ အန်တီ့နာမည်က ကြည်ပြာတဲ့"

"ဟုတ်ကဲ့အန်တီ၊ အန်တီကြည်ပြာနဲ့ သမီး အဖော်ရပြီ နော်"





"ဒါပေါ့"

"အခု သမီးနဲ့ ဒယ်ဒီတို့ အလုပ်တွေ မနိုင်ဖြစ်နေတယ် အန်တီ ဝိုင်းကူပါဦးနော်"

"ဟယ်...စကားတတ်တတ်တယ်တော့၊ ကြည့်ပါဦး။ ကိုဆက်သမီးက ကြည်ပြာကို ညာခိုင်းနေပြီ"

"ခိုင်းမှာပေါ့၊ ကြည်ပြာက လာတာကိုး"

"လာတာ ဘာဖြစ်လဲ၊ ကြည်ပြာလည်း ကိုဆက်ကို အဖော်လုပ်နေရတာပဲဟာ၊ ဒါနဲ့ ကိုဆက်တူမက ကိုဆက်ကို ဒယ်ဒီလို့ ခေါ်တယ်နော်"

"ဟုတ်တယ်လေ၊ ငယ်ငယ်လေးကတည်းက ခေါ်တာ၊ သူ့မိဘတွေကိုတော့ ဖေဖေနဲ့ မေမေလို့ ခေါ်တယ်"

"ပြော်...ပြော်...တစ်မျိုးလည်း ကောင်းတယ်၊ ကိုဆက်သမီးလို့ပဲ ထင်တဲ့သူတွေက ထင်မှာနော်"

"ဖြစ်ကောင်းတာပေါ့၊ ဒါကိုယ့်သမီးပဲဟာ"

"သမီးရဲ့မေမေ၊ ကိုလူပျိုပေါ့"

ကြည်ပြာစကားအတွက် ခိုင်မင်းဆက် မကြားသလို၊ ဂရုမပြုသလိုလုပ်စရာရှိသည်တို့ကိုသာ လုပ်နေလိုက်၏။ ပိုးပိုးကလည်း လေတွင်းထဲမှ သူ့အရုပ်လေးတွေကို ထုတ်၍နေသည်။ ကြည်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဖုန်သုတ်စက်တစ်ခုကို ယူပြီး ကူညီချင်လွန်းသော စေတနာတို့ဖြင့် စားပွဲကုလားထိုင်များကို ဖုန်သုတ်ရင်း...

ပစ္စည်းများ သိမ်းဆည်းနေသော ခိုင်မင်းဆက် တစ်ချီတစ်ချို မသိမသာ ငေးကြည့်ဖြစ်၏။ ခိုင်မင်းဆက်၏ အသားရောင်သည် ပန်းသွေးနုနုကြွယ်လျက် စိုညက်နေ၏။

အဆီပိုမရှိ၊ ကျစ်လျစ်သော အသွင်၊ ရင်အုပ်ထွားထွား မြင့်သော အရပ်နှင့် ခိုင်မင်းဆက်သည် လွန်စွာပင် ယောကျ်ားပီသစွာ ချောမောတင့်တယ်နေသည်။ ယောကျ်ားပီသသည့်သဘော သူ့မျက်နှာအကျနှင့် သူ့ဆံပင်အေါင်းဖုံကား လွန်စွာလိုက်ဖက်ကြည့်ကောင်းနေ၏။

ထူကဲနက်မှောင်သော သူ့မျက်ခုံးကြီးတွေက စိတ်အင်အားရေရာရယ်။ ဖြောင့်တန်း၍ ချင်းနေသော သူ့နှာတံခပ်မြင့်မြင့်ကား သူ့မျက်နှာအနေအထားအား မည်သို့ဖြစ်စေ ကြည့်ကောင်း၍ ဆွဲဆောင်စေ၏။ တောက်ပစူးရှသော မျက်ဝန်းတွေ ကွင်းကွင်းကြည့်တတ်သော သူ့အကြည့်တွေက ရင်နန့်စေသည်။

မထူမပါးရှိသော သူ့နှုတ်ခမ်းတို့သည် လွန်စွာကြည့်ကောင်း၏။ သူ့စကားသံသည် အောင်မြင်ကြည်လင်၍ ပြတ်သားသည်။ သြဇာသံလည်းပါသည်။ တည်တည်ကြည်ကြည်နေတတ်သော သူ့





မျက်နှာချောချောသည် ပြုံးလိုက်လေတိုင်း၌ လွန်စွာ နူးညံ့ချောမွေ့ကာ ဘဝင်ခိုက်စရာပါ။ ယောကျ်ားချင်းပင် အားကျရသော သူ့ရုပ်ရည်သည် အမျိုးသမီးများအတွက် ဆိုဖွယ်ရာမရှိ။

အထူးသဖြင့် သူ့အပြုံးနှင့် သူ့အကြည့်များတွင် အစဉ်လိုလို ငေးမောကာ ကြက်သီးများထသွားရသည်က ခြံချင်းကပ်လျက်မှ မှူခင်းဆရာဝန်မလေး ကြည်ပြာရယ်ပါတည်း။ဆိုရသော် ကြည်ပြာသည် သူ့ကို စတင်တွေ့ရသည့်နေ့ကတည်းက တိတ်တခိုးစွဲလမ်း စိတ်ဝင်စားမိနေသူပါ။

ဖြစ်ချင်တော့ ကြည်ပြာရော သူပါ လွမ်းညသို့ ပြောင်းရွှေ့လာသော နှစ်မှာ တစ်နှစ်တည်းပင်။ ကြည်ပြာက တစ်လ စောရောက်သည်။ ဖြစ်ချင်တော့ ကြည်ပြာနေသော ခြံချင်းကပ်လျက်ပင် သူရောက်လာသည်။ ဒီတော့ ခြံချင်းကပ် အိမ်နီးနားချင်းအဖြစ်သော်လည်းကောင်း၊ ရဲအရာရှိနှင့် မှုခင်းဆရာဝန်မ၊ အဖြစ်အပျက်ချင်းလည်း ဆက်စပ်နေ၏။

သူတို့တစ်တွေ တစ်ယောက်နှင့်တစ်ယောက် မကြာမတင် လေးမှာပင် ရင်းနှီးသိကျွမ်းသွားခဲ့ရပါလေ၏။ယခုဆိုလျှင် သူတို့ ခင်မင်မှုသည် သုံးနှစ်ထွန်းချေပြီ။

ဆိုရသော် ကြည်ပြာ၏ တိတ်တဆိတ် စွဲလမ်းမှုအချစ်သည်



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ကျော်ခဲ့ချေပြီပဲ။သို့သော် ခိုင်မင်းဆက်မှ နည်းနည်းကလေးမှ မသိသလိုပါ။

မှန်သည်။

ခိုင်မင်းဆက်သည် ခဲအရာရှိဒီပီ တည်တည်ကြည်ကြည် နေတတ်ပြီး ခပ်တည်တည်ပင်ကြည့်တတ်သည်။ သိုသိပ်စွာပင် ပြုံး တတ်ပြီး အနေအထိုင် ကျစ်လျစ်သော သူတစ်ယောက်ပါ။ သဘော ကျသည်ဖြစ်စေ၊ သဘောမကျသည်ဖြစ်စေ၊ ခိုင်မင်းဆက်ခပ်တည်တည် နှင့် စပ်စုစုအကြည့်မျိုးကိုသာ ကြည့်တတ်၏၊

ခိုင်မင်းဆက်သည် အမျိုးသမီးများထက် အလုပ်ကိုသာ ဦးစားပေးသည်။ အလေးအနက်ထားသည်၊ အလုပ်လုပ်ရာတွင်လည်း တိကျပြတ်သားသည်။ ထိုအတွက်ကြောင့်လည်း ခိုင်မင်းဆက်အား အထက်အရာရှိများနှင့် လုပ်ဖော်ကိုင်ဖက်များက သဘောကျကြသည်၊ လေးစားကြသည်။

ထက်မြက်၍ သန့်ပြန့် ချောမောသော လူပျိုအရာရှိတစ်ယောက်အဖြစ် လွှမ်းညမြို့တွင် ခိုင်မင်းဆက်သည် ရေပန်းစားသည်။ အထူးအဖြင့် ခိုင်မင်းဆက်အား မြင်ဖူးတွေ့ဖူးကြသော အမျိုးသမီးများ စိတ်ဝင်စားကြ၏။ ရေလာမြောင်းပေါက်ကြ၏။သားသမီးကိုဆောင်ခင် ကြသူတွေကလည်း လွှမ်းညမြို့၏ သုံးပုံနှစ်ပုံခန့်ရှိ၏၊





သို့သော်လည်း အရာရှိ ခိုင်မင်းဆက်သည်ကား အလုပ် သဘောမှလွဲရင် မည်သူ့ကိုမျှ အပိုအလို ဆက်ဆံခြင်း မရှိပါပေ။ အားလပ်သည့်ရက်တွင် အိမ်တွင်အနေများပြီး ပန်းပင်စိုက်သည်။ ဒါက ခိုင်မင်းဆက်ဝါသနာပဲ၊

မိတ်ဆွေတကာ ဖိတ်ကြားသော ညစာစားပွဲတိုင်းလည်း ခိုင်မင်း ဆက်မသွားတတ်၊ အလွန်မျက်နှာနာရမည့်သူလောက်မှ အသိအမှတ် ပြုရုံလောက်ပဲ ခိုင်မင်းဆက်သွားတတ်သည်။

"ဒယ်ဒီ သမီးတို့ ဘယ်မှာထမင်းစားမလဲဟင်"

"ဒယ်ဒီ ချက်မှာပေါ့သမီးရဲ့"

ကြည်ပြာအတွေးကောင်းဆဲ ခိုင်မင်းဆက်တို့တူအရီးနှစ် ယောက်စကားသံကြောင့် အတွေးများ လန့်ဖျပ်ပျောက်သွားရလေ၏။ သူတစ်လှည့် ကိုယ်တစ်လှည့် လပ်လိုက်ခြင်းကြောင့်လည်း တိုက် ပွဲလေးမှာ သန့်ပြန့်သွားတော့သည်၊

"ကဲ...ကိုဆက် ကြည်ပြာသွားလိုက်ဦးမယ်၊ အလုပ်ရှိသေး တယ်"

"ကောင်းပြီ ကြည်ပြာ၊ ဝိုင်းကူပေးတာ ကျေးဇူးပဲ"

"အန်တီ့ကို ကျေးဇူးပါပဲ"

ပိုးပိုးကလည်းဆိုသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွယ်၊ အန်တီတို့က အိမ်နီးနားချင်း သူငယ်ချင်းတွေပဲ၊ သမီးက လိမ္မာတယ်၊ အန်တီသွားဦးမယ်နော်"

"ဟုတ်ကဲ့ အန်တီ"

အိမ်ထဲမှ ကြည်ပြာထွက်သွား၏။ ခိုင်မင်းဆက်သည် အိမ်တံခါးပိတ်ပြီး အိမ်နောက်ဘက်တွင် ထမင်းချက်ရန် ပြင်ဆင်လိုက်သည်။

"ဒယ်ဒီ"

"ဟင်.."

"အန်တီကြည်ပြာက လှတယ်နော်၊ သဘောလည်းကောင်းတယ်နော်"

"ကဲ..သမီး၊ဒယ်ဒီ ထမင်းအိုးတည်ထားပြီးရင် သမီးကိုရေချိုးပေးမယ်။ မနက်ဖြန်ကျရင် သမီးကို မူကြိုအပ်မယ်နော်"

"ဟုတ်ကဲ့ဒယ်ဒီ"

ခိုင်မင်းဆက် အိမ်အလုပ်များ လုပ်ကိုင်ရင်း ခိမိလုပ်ရမည့်တာဝန်နှင့် တူမလေးအတွက် လုပ်ဆောင်ပေးရမည့်အစီအစဉ်များသာ ခေါင်းထဲ၌ ရှိနေရပါသည်။

× × ×





ညသည် နုပျိုလှပသာယာအေးမြနေ၏။

လွှမ်းညမြို့၏ လူကုံထံတချို့ နေထိုင်သော ရပ်ကွက်ကြီးတစ်ခု၏ ခြံဝင်းကျယ်ကြီးတစ်ခြံတွင်ပါ။

ခြံကြီးရှင်၏ မွေးနေ့စည့် ခံပွဲသည် ရောင်စုံမီးတို့ဖြင့် ထိန်ညီးတောက်ပသော မီးရောင်တို့ဖြင့်၊ ချိုလွင်သာယာသော တေးသံသာတို့ဖြင့် ကြွရောက်ချီးမြှင့်ကြသော ဧည့်ပရိသတ်တို့ဖြင့် ယနေ့ည၏ထိုနေရာလေးတွင်တော့ ညသည်စည် ကားသိုက်မြိုက်တင့်တယ်ကြည်နူးစရာအတိနှင့် ပြီးနေရပါချေ၏။

မွေးနေ့ရှင်၊ ခြံကြီးရှင်သည် နိုင်ငံခြားပြန် စီးပွားရေးလုပ်ငန်းသမားကြီးတစ်ဦးမို့ အဝေကဲဘန်းလှသော အသိမိတ်ဆွေတွေမှာ များပြားလှပါပေ၏။ခြံဝင်းတွင် နောက်ဆုံးပေါ်ကားလှလှတို့မှာ တစ်စီးပြီးတစ်စီးတန်းဖွဲ့ ရောက်မစဲ ရှိနေ၏။

ခြံတွင်းသို့ လူတွေကလည်း တသောသော ဝင်ရောက်လာကြသည်။ မွေးနေ့ရှင်ကြီးသည်လည်း တစ်ယောက်ပြီးတစ်ယောက်ကိုလက်ဆွဲနှုတ်ဆက် ခစားကြိုရသည်မှာ မမောနိုင်မပန်းနိုင်အောင်လေပါ။ မိမိ၏ သိုက်မြိုက်ခမ်းနားသော မွေးနေ့ပွဲကြီးအတွက် ဂုဏ်ယူမဆုံး ရှိနေပုံရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇော။

မှန်သည်။

နိုင်ငံခြားပြန် စီးပွားရေးပညာရှင်ကြီး ဦးကျော်ဇော။မွေးနေ့ရှင်၊ မြို့ကြီးရှင်၊ တိုက်ကြီးရှင်ကြီး ဦးကျော်ဇောရယ်ပါတည်း။ ဦးကျော်ဇောသည် အသက်အရွယ်အားဖြင့် ငါးဆယ်စွန်းစရှိချေပြီ။ ဦးကျော်ဇော အသွင်သည်က အသက်နှင့်စာလျှင်တော့အနည်းငယ် ပျိုမျစ်ဟန်ရှိမည်ထင်သည်။

သို့သော်...

စီးပွားရေးပညာရှင် တစ်ယောက်၊ ခေါင်းစားရသော လူတစ်ယောက်မို့ ဦးကျော်ဇောသည် အနည်းငယ်ဖိုင့်သော့ကိုယ်ဟန်ရှိသည်၊ ဆံပင်တို့သည် ခဲခဲထ ဖြူဆွတ်နေပြီဖြစ်သော်လည်း ဆေးဆိုးခြင်းဖြင့် ဖုံးဖိထား၍ မသိနိုင်။ ဆေးမဆိုးဖြစ်သော အချိန်များတွင် ဦးကျော်ဇော တစ်ခေါင်းလုံးဖြူနေသည်ကို သူတိုင်းကအသိ။

ဖြူသောအသားနှင့် အရပ်လည်း မြင့်သည်။ မျက်လုံး၊မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း မျက်နှာအကျသည် မဆိုး။ ဦးကျော်ဇောသည် ငယ်ရွယ်စဉ်ကဆိုလျှင် လူချောတစ်ဦးသာဖြစ်ကြောင်း သိသာပါ၏။ ယခုတိုင်လည်း ဦးကျော်ဇောသည် သန့်ပြန့်၍ လွန်စွာ ကြည့်ကောင်းသော လူကြီးတစ်ယောက်ပါပင်ဟုဆိုကလည်း မမှားပါလေ။





ကြွရောက်လာသော ဧည့်ပရိသတ်တွေက ဦးကျော်ဇောအား အားကျကြသလို သဘောကျကြသလို ဝေဖန်သုံးသပ်မှုများလည်း ရှိနေကြ၏။

"ဦးကျော်ဇောမျက်လုံးတွေက တစ်ယောက်ယောက်ကို ရှာနေတာဗျ"

အသက်လေးဆယ်ကျော်တန်းရှိ စားပွဲဝိုင်းမှ ပုဂ္ဂိုလ်များထဲမှ တစ်ဦးက ဆိုလာ၍...

"ကျုပ်လည်း သတိထားမိနေတာပါပဲ"

"ဦးကျော်ဇော ဘာရှာလဲဆိုတာ ကျုပ်တော့သိတယ်"

တစ်ဦးက ထပ်ဆိုသည်။

"ပြောစမ်းပါဦးဗျ"

"ဟိုမှာ လွမ်းညကုန်းဘက်မှာနေတဲ့ ဟိုသူဌေးမလေးဟာလေ နာမည်က ဘယ်သူ...."

"အင်း...ဝါဆိုမိုး၊ ဝါဆိုမိုး"

"အဲ...ဟုတ်တယ်၊ အဲဒီ ဝါဆိုမိုးဆိုတဲ့ မိန်းကလေးကို ရှာနေတာဗျ"

"ဟုတ်ရဲ့လားဗျာ၊ ဟိုက အမီးအရွယ်၊ တူမအရွယ်ပါဗျာ"

"ခင်ဗျာနှယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့လည်း ကြားမိတယ်၊ ဒီမိန်းမလေးကို ဦးကျော် ဇောက လက်ထပ်ခွင့် တောင်းဆိုထားသတဲ့"

"ဟုတ်လား"

"ကြားမိတာပဲလေ၊ ဦးကျော်ဇောဘက်က ကြည့်မယ်ဆိုရင်တော့ အပြစ်ဆိုစရာ မရှိဘူး မုဆိုးဖို တစ်ဦး၊ သားသမီးလည်း မရှိဘူး စည်းစိမ်ကလည်း အပြည့်ပဲ"

"ဟိုမိန်းကလေးကလည်း အပြည့်ပါပဲဗျာ၊ ရုပ်ရည်ဆိုလည်း နတ်သမီးလေးတောင် ထင်ရသေးတယ်၊ တချို့သူတွေဆိုရင် သူ့ကို သွားပြီး ချောင်းတောင် ကြည့်ကြသေးတာပဲ"

"ဟုတ်ပါတယ်လေ၊ မိန်းကလေးဘက်ကကြည့်မယ်ဆိုလည်း မိန်းကလေးဟာ အင်မတန်မှ လှပြီး ချမ်းသာကြွယ်ဝတယ်၊ ပြီးတော့ သူ့ခများမှာလည်း ခြံကြီးဝင်းကြီးထဲမှာ တစ်ယောက်တည်း နေရှာတာ"

"အလုပ်သမားတွေကို တစ်ပတ်မှာ တစ်ခါပဲ ခေါ်ပြီးသန့်ရှင်းရေးလုပ်ခိုင်းတယ်လေ၊ ကောင်မလေးဟာ တစ်ခါတစ်ရံတော့ သူ့အပေါ် ကောင်းမွန်ပြီး နားလည်မှုရှိတဲ့ မိန်းကလေးအဖော်တစ်ယောက်နှစ်ယောက်နဲ့အတူ အပျင်းပြေနေတာယ်တဲ့"

"ကောင်မလေး ဘဝကလည်း ပဋ္ဋည်းဥစ္စာ ကုံလုံကြွယ်ဝပြီး





လောကကြီးမှာ တစ်ယောက်တည်းရှိသလို နေနေရရှာတာဆိုတော့ သနားစရာပါ"

"ခင်ဗျားကသာ သနား၊ ကောင်မလေးက အမျိုးသားအဖော်တွေ တော်တော်များတာပဲဗျ၊ ကျွန်တော်ဖြင့် မကြာမကြာတွေ့ပါတယ်"

"ဒါကတော့ဗျာ၊ သူက နတ်သမီးလေးလို လှပနုနယ်နေတော့လည်း ယောကျ်ားတိုင်းက စိတ်ဝင်စားကြတာပဲပေါ့၊ ဒါကတော့ ကိုယ်ချင်းစာပေါ့ဗျာ"

"ဒါပေမဲ့ ကျုပ်သိသလောက်တော့ ကောင်မလေးဟာ ကြင်ဖော်မရွေးဘူးတဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ အရွေးမှားမှာစိုးလို့တဲ့"

"အေးလေ သူ့ဘဝအတွက်လည်း သူစိုးရိမ်ရှာမှာပေါ့ဗျာ"

"ဟုတ်မယ်"

"ဟော...ဟော..ပြောရင်းဆိုရင်း ဟိုမှာ ဝါဆိုမိုးဆိုတဲ့ နတ်သမီးလေး လာနေပြီဗျို့"

မှန်သည်၊

ဝါဆိုမိုးမည်သော မိုးနတ်သူဇာလေးက ရုပ်ရည်သန့်ပြန့်သော အမျိုးသားချောတစ်ဦးနှင့် ယှဉ်တွဲ၍ ပွဲလယ်သို့ ဝင်ရောက်၍ လာပါချေပြီတကား။

လူအားလုံးတို့သည် လည်ပင်းဆို့လိမ်ကာ ဝါဆိုမိုးနှင့်လူ



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်တို့ထံ အကြည့်များရောက်ကုန်ကြသည်၊

"ဆုတောင်း ကောင်းလိုက်တာနော်"

အမျိုးသမီးကြီး ဝိုင်းမှာဆိုသည်၊

"ရက်ရက်စက်စက်ကို လှတယ်ဟယ်"

"အေးနော်၊ အသားလေးတွေများ ဝင်းနေမှုန်စက်နေတာပဲ၊ ကိုင်တောင်ကိုင်ကြည့်ချင်တယ်"

ရွှယ်တူမိန်းကလေးတွေဝိုင်းမှာလည်း တီးတိုးဆိုနေကြ၏။

"ဝါဆိုမိုးကို ရတဲ့ ယောကျ်ားကတော့ တကယ့်ကို ကိုယ်ထိုင်ထူးတဲ့သူပဲကွဲ"

"အေးကွ၊ ငါတို့ကတော့ မခန့်ရဲပါဘူး၊ သူလှတာက ရက်စက်လွန်းတော့ သူ့ကို ရဲရဲတောင် ရင်ဆိုင်မကြည့်ရဲဘူး"

"အေးကွ၊ ဟုတ်တယ်"

အမျိုးသား လူရွယ်ဝိုင်းမှလည်း တီးတိုးဆို၏။

"ဟော၊ အခု ဝါဆိုမိုးနဲ့တွဲလာတဲ့ အမျိုးသားက နောက်အသစ်တစ်ယောက်ပါလား"

"အေး...အဲဒါ ငါလည်း ကြည့်နေတာ"

"ဝါဆိုမိုးကတော့ ထည်လဲပဲနော်၊ သိသလောက်ဆိုရင် ခွဲတက်မှာတွဲတာ သုံးယောက်တောင် ရှိပြီနော်"





"ဒါကတော့ဟာ အမျိုးသားတွေကလည်း သူ့ကို နှစ်ခြိုက်ကြတာကိုး၊ သူတို့က မနှစ်ခြိုက်ဘဲနဲ့ ဝါဆိုမိုးကို တွဲမလား"

"ဝါဆိုမိုးအလှကို သူတို့ကတွဲမက်နေတာ၊ ဝါဆိုမိုးကလည်း လှတာကားခွဲမက်လောက်အောင်ကို လှတာကိုး၊ ကြည့်ပါလား"

"ဒါကတော့ ဟုတ်ပါတယ်"

"ငါသိသလောက်ကတော့ ဝါဆိုမိုးဟာ အပြင်ကို သိပ်ထွက်လေ့မရှိပါဘူးဟာ သူက သူ့အိမ်ထဲမှာပဲ နေတာ။"

"သွားသင့်သွားထိုက်တဲ့ နေရာလောက်ပဲ သူသွားတာပါ၊ ဝါဆိုမိုးဟာ သိပ်ကို အေးဆေးတည်ငြိမ်တာတဲ့။"

"ဘာလို့ ငါကသိလဲဆိုရင် ငါတို့အိမ်နားမှာ နေတဲ့ မရတနာဆိုတာ ဝါဆိုမိုးရဲ့ သူငယ်ချင်းလေ၊ မရတနာက ပြောပြလို့ သိတာ"

"မရတနာက အမြဲလိုလို ဝါဆိုမိုးနဲ့သွားပြီး အဖော်နေတာကွဲ၊ တကယ်တော့ ဝါဆိုမိုးရဲ့အဖေဟာ သနားစရာပါတဲ့ဟာ အင်း... သူ့ရဲ့ ခမ်းနားလွန်းတဲ့ တိုက်ကြီးထဲမှာနေတာ တစ်ယောက်တည်းကြောက်ဘူးလားမသိဘူးနော်"

"ကြောက်လည်း ဘယ်တတ်နိုင်မှာလဲ၊ အဖော်ခေါ်ရင်တောင် အဖော်က စိတ်ချရဦးမှ"

"ဒါလည်း ဟုတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော...ဟိုမှာ ကြည့်စမ်း၊ ဦးကျော်ဇော်ကြီးက ဝါဆိုမိုးကို သည်းသည်းလှုပ် ကြိုနေပါလား"

"သဘောကျနေလို့ ဟုတ်မှာပေါ့"

"မဟုတ်တာဟာယ်၊ ချွဲ့နဲ့တာပါ။ သမီးနဲ့ အဖေအရွယ်လောက်ကြီးကို"

အံ့သြမဆုံးနိုင်သော ဝါဆိုမိုး၏ အလှနှင့် အကြောင်းများအား စားပွဲတိုင်းမှ လူတိုင်း၏ နှုတ်ဖျားသယ် စိတ်ဝင်တစား တီးတိုးဆိုနေဖြစ်ကြပါသတည်း။

ဦးကျော်ဇော၏ အဆောင်တယူ ဖိတ်ခေါ်ချက်အရ စားပွဲဝင်နေရာတွင်မတော့...

"ဝါဆိုမိုး နေ့ာတ်ကျသလားလို့"

"ဟုတ်ကဲ့၊ ဦးကျော်ဇော ခွင့်လွှတ်ပါ၊ ကြာကြာလည်း သိပ်မနေနိုင်ပါဘူး။ ညဘက်ဆိုတော့ ပြန်ဖို့လည်း အချိန်ပေးရဦးမယ်လေ"

"အိုကွယ်...လိုက်ပို့ နိုင်းမှာပေါ့"

"ရပါတယ်ရှင်၊ ဝါဆိုမိုးက ကိုယ့်ကားပဲ ကိုယ်မောင်းနေကျပါ"

"ဒါနဲ့၊ ဒီက ဝါဆိုမိုးရဲ့ မိတ်ဆွေလားကွယ်"





ဝါဆိုမိုးအနီးမှ လူချောလူရွယ်ကို ဦးကျော်ဇောမေးသည်။

"ဟုတ်ပါတယ်ရှင်၊ ဝါဆိုမိုး ဒီလာမယ်လို့ ပြင်ဆင်တုန်းမှာ ကိုမြတ်သူဆီက ဖုန်းလာတာနဲ့ ဝါဆိုမိုးလည်း အဖော်ခေါ်လာခဲ့တာပါ။ အဖော်ခေါ်လာတယ်ဆိုပေမယ့် ကိုမြတ်သူက သူ့ကားနဲ့ သူလိုက်ပို့ပေးတာပါ"

"သြော်...သြော်...ကဲကဲ စားစရာတွေ သုံးဆောင်ပါဦး ဝါဆိုမိုး။ ဒီက မိတ်ဆွေလည်း သုံးဆောင်ပါဗျာ"

"ဟုတ်ကဲ့ခင်ဗျာ"

"အင်း..."

ဦးကျော်ဇော စကားအတွက် ကိုမြတ်သူကဆိုသည်။

ဦးကျော်ဇောသည် မင်းသမီး မွန်ရိုးအငယ်စား၊ အနုစားလိုလေးနုတ်ဖူး၍ နုအိလွန်းနေပါ၏။ မျက်တောင်ကြီးများ ရှည်လျားကော့ပုံကာ မျက်ဝန်းပြာသည်စင်းလျက်ကြည့်တတ်သလိုကြောင့် ညို့မျက်ဝန်းနက် ရှိနေရချေ၏။

မီးရောင်အောက်၌ ဝါဆိုမိုး အသားလေးတွေမှာ အိစက်ဝင်းပျံ့နေ၏။

ဝါဆိုမိုး၏ သွယ်လျသော လက်ချောင်းအိအိလေးများကိုပင် ပယုတသ ငုံခဲထားချင်စရာရယ်။ ဝါဆိုမိုးအနီးမှ ကိုမြတ်သူသည်



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုမိုးအား ငေး၍နေ၏။ ဦးကျော်ဇောကလည်း သတိထားမိပါသည်။

သို့သော်လည်း ဦးကျော်ဇေယသည် မိမိက လူကြီးအရာမှ ရင်ထဲ အောက်အောက်နှင့် လျှင့်လျှင့်ရှိလိုက်ပြီး တစ်ဖက်စားပွဲသို့ နှုတ်ဆက်စကားများဆိုလိုက်ရပါလေ၏၊

"ဟော...ဒီမှာ ဆရာကြီး ဦးလှမြင့်တို့ပါလားဗျာ၊ ရောက်နေတာ ကြာပြီလား"

"ပြန်တောင်ပြန်တော့မယ် ပြန်မှ ခင်ဗျားကို နှုတ်ဆက်ဖို့ လုပ်ထားတာ ဦးကျော်ဇောရ"

ရဲအရာရှိကြီး ဦးလှမြင့်က ဆိုသဖြင့် ဦးကျော်ဇောသည် ဦးလှမြင့်အား ဖက်လဲတကင်း ပြုရင်းမှ...

"ကျုပ်ကို အရင်းဆုံး နှုတ်မဆက်ဘာ တော်တော်ဆိုးတယ်ဗျာ၊ ဒါနဲ့ ခင်ဗျားရဲ့ လက်ထောက်အရာရှိ ကိုခိုင်မင်းဆက်ကော မလာဘူးလားဗျာ မတွေ့ပါလား"

"အတွေ့ဆိုဗျာ ကိုဆက်က ရန်ကုန်ကို အရေးပေါ်သွားရမှ ရတယ်လေ၊ အရေးပေါ်ဆိုတာ သူ့မိသားစုကိစ္စပါ"

"ဘယ်လိုဖြစ်လို့လဲ"

"ကိုဆက်က ဒီမှာ တာဝန်ကျတာ သုံးနှစ်တောင် ကျော်တော့မယ်မဟုတ်လား"





"ဟုတ်တယ်လေ"

"ကိုဆက်အစ်ကိုက ရန်ကုန်မှာပဲလေ၊ မိသားစုနဲ့နေတယ်၊ ကိုဆက်အစ်ကို လင်မယား နှစ်ယောက်စလုံးက ဆရာဝန်တွေ"

"ဩော်..."

"သမီးလေးလည်း တစ်ယောက်ရှိတယ်၊ လေးနှစ်လောက်ရှိပြီ။ အခု ကိုဆက်ရဲ့ အစ်ကိုနဲ့မရီ နှစ်ယောက်စလုံး ဆုံးသွားတယ်လေ"

"အို...ဘယ်လိုဖြစ်တာလဲဗျာ၊ စိတ်မကောင်းစရာပဲ"

"သူ့ဇနီးရဲ့ ဇာတိမြို့ကို အသွားမှာ သင်္ဘောမှောက်တာလေ၊ အဲဒါ သမီးလေးကတော့ လူတစ်ယောက်က ကယ်လိုက်လို့ အသက်ရှင်ကျန်နေတာတဲ့"

"အို...ဒါဆို ဒီကလေးကို ကိုခိုင်မင်းဆက်က သွားခေါ်ရတာပေါ့"

"ဒါပေါ့...ဟိုက အကြောင်းကြားတာနဲ့ ကိုဆက်သွားရတယ်လေ၊ သူ့တူမလေးကို သူပဲမွေးရတော့မှာပေါ့ဗျာ"

"ကိုဆက်တို့မှာကလည်း ညီအစ်ကိုနှစ်ယောက်ပဲ ရှိတာမဟုတ်လား၊ ခုကိုဆက်သွားတာ တစ်ပတ်ရှိပြီ။ ပြန်တော့ ပြန်လာတော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ၊ ကြားရတာ စိတ်မကောင်းလိုက်တာ"

"ကဲကဲ...ကျုပ်တို့လည်း လာတာ ကြာပြီ၊ ဦးကျော်ဇောသွားဦးမယ်"

"ကောင်းပါပြီဗျာ၊ အခုလို လာရောက်တာကိုတော့ ကျွန်တော်ကတော့ ကျေးဇူးတင်ပါတယ်"

တစ်ဖက်စားပွဲဝိုင်းနှင့် စကားပြောဆိုနှုတ်ဆက်ပြီး ဦးကျော်ဇောသည် ဝါဆိုမိုးဆီသို့ မျက်နှာပြန်အမူတွင် ဝါဆိုမိုးသည်လည်း ထိုင်ရာမှ ထလျက်သားလေးရှိပြီး...

"ဦးကျော်ဇော၊ ဝါဆိုမိုးလည်း ပြန်ရဦးမယ်ရှင်၊ အချိန်နှောက်ကျနေမှာစိုးလို့ပါ"

"ပြန်တော့မှာလား"

"ဟုတ်ကဲ့"

"ကောင်းပြီလေ၊ ကိုယ်လည်း ဝါဆိုမိုးဆီကို ဖုန်းဆက်စရာကိစ္စရှိပါသေးတယ်"

"ဟုတ်ကဲ့...ဆက်ပါ၊ ခွင့်ပြုပါဦးရှင်"

"ကောင်းပြီ ကောင်းပြီ၊ ဝါဆိုမိုး"

ဦးကျော်ဇောကို နှုတ်ဆက်ပြီး ဝါဆိုမိုးသည် ကိုမြတ်သူနှင့် အတူ လှမ်းထွက်သွားလိုက်လေ၏။ ဝါဆိုမိုးအနီးတွင် ကိုမြတ်သူ





ပါသွားလေ၍ ဦးကျော်ဇောသည် ဝါဆိုမိုးအား ကားနားဆီသို့ လိုက်မပို့ပါလေတော့။

ဝါဆိုမိုးကား မိမိနံဘေးမှ ကိုမြတ်သူကိုလည်း မိမိဘက်မှ သာမန်မျှသာ အသိမိတ်ဆွေအဆင့်မျှမို့ အေးအေးဆေးဆေးပဲပြောဆိုကာ လှမ်းထွက်သွားပါ၏၊ ဦးကျော်ဇောကား ဧည့်သည်များအား နှုတ်ဆက်စကားများဆိုခဲ မိမိခေါင်းထဲမှာတော့ ဝါဆိုမိုးအား ဖုန်းဆက်စကားပြောရန် အကြောင်းအရာများသည်သာ ရှိနေရပါလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## နှစ်

လှပသန့်ရှင်းသော ခြံဝန်းကြီးသည် တစ်မျှော်တစ်ခေါ်ရှိနေရချေသည်။ ရေကူးကန် ဒန်းပုခက်နှင့် ပန်းမာလာတို့ကြောင့်လည်း ခြံဝင်းကျယ်ကြီးသည် လှပနေချေ၏။

ကျယ်ဝန်းလှပသော ခြံကြီးထဲ၌ လှပ၍ ကျက်သရေရှိသော အဖြူရောင်တိုက်ကြီးကလည်း ထည်ဝါခမ်းနားလှပါ၏။ တိုက်ကြီး၏ ဖွဲ့စည်းပုံအား အပြင်မှ ကြည့်လိုက်လျှင်ပင် တိုက်ကြီးထဲတွင် အဆောင်ဆောင် အခန်းခန်းတို့သည် မနည်းအနေအထားရှိနေပေလိမ့်မည် ဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။

ခြံနှင့်တိုက်၏ တည်နေရာသည် လှမ်းညမြို့ရှိ သပြေမြိုင် ရပ်ကွက်စွန်တွင် ရှိ၏။ သပြေမြိုင်ရပ်ကွက်တွင် ရှေးအစဉ်အလာ ကတည်းက နေထိုင်ခဲ့ကြသော လူချမ်းသာများရှိပါ၏။

ခြံကြီး ဝန်းကြီးတွေက အခြားရပ်ကွက် လူကုံထံများနေသည်





ထက် ပို၍ ကြီးကျယ်ခမ်းနားပြီး တစ်မျှော်တစ်ခေါ်လည်းရှိ၏။ သပြေမြိုင်ရပ်ကွက်ရှိ ခြံကြီးများအနက် ယခု ခြံကြီးကဖြင့် အခမ်းနားဆုံး၊ အလှပဆုံးနှင့် အကြီးကျယ်ဆုံးဟု ဆိုရပါမည်။

မှန်၏၊

အဘယ်ကြောင့်ဆိုသော် ခြံကြီးသည် တစ်ကေထက်ပင် ကျော်၍လုံခြုံမှုအတွက် ခြံကြီးအား အုတ်တံတိုင်းကာထားသည်က လည်းလုံခြုံလှပေ၏။

ခြံကြီး၏ တည်ရှိပုံကလည်း သပြေမြိုင်ရပ်ကွက် တည်နေလေတော့ ဖြူစွာဝင်းတောက်တိုက်ကြီးအား လှမ်းညမြို့၏ တော်တန်ရုံ နေရာလေးကမှ လှမ်းကြည့်လျှင်ပင် မြင်တွေ့နေရပါလေ၏။ တစ်ခါ တစ်ရံ လေညင်းလေးများ တိုက်ခတ်တွင် တိုက်ကြီး၏ ပြတင်းများ တွင် တပ်ဆင်ထားသော ရောင်စုံလိုက်ကာလေးများသည် လေတွင် လွင့်ဝဲနေ၏။

လူတိုင်းသိလိုသည် ထိုတိုက်ကြီးအား သညာပြုသောအမည် နာမကတော့ဖြင့် မရှိပါချေ။ ထိုတိုက်ကြီးနှင့် ခြံကြီးအား ရွှေနတ်သမီး လေးနေတဲ့တိုက် သို့မဟုတ် သပြေမြိုင်က တိုက်ကြီးဟုသာ လူအများ သည် ခေါ်ဝေါ်သမုတ်ကြ၏။

တိုက်ကြီး ခြံကြီး၏ အလှတရားနှင့် အရှိန်အဝါများကိုကား



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုနိုင်ဖွယ်မရှိ။ စာဖွဲ့၍ မကုန်လေပေ။

အချိန်သည် ညနေခင်း စောင်းလာခဲ့ပြီ။

ညနေခင်း၏ အေးမြလှသော လေပြည်လေညှင်းလေးများ အသော့ဝယ် အဖြူရောင်ချည်းဘယ်ဆင်ထားသော ဇာခန်းဆီးတို့သည် လေတွင်လွင့်ဝဲကာ လှုပလေ၏။

ဆိတ်ငြိမ်သော ရပ်ကွက်မို့လည်း ခြံကြီးနှင့်တိုက်ကြီးသည် ခံ့ထည်စွာ ထီးထီးကြီး ရှိနေလေ၏။မကြာခင်၌လည်း ဆည်းဆာရောင်သည် ကွယ်ပျောက်တော့မည့်အချိန်ရယ်ပါ။

ထိုအချိန်။

မှန်သည်။

ထိုအချိန်၌ရယ်ပါ။

ခြံကြီးထဲရှိ တိုက်ကြီး၏ အပြင်ဘက်တစ်နေရာ၌ လူတစ်ယောက် ထိုလူသည် ခြေလှမ်းသွက်သွက်ဖြင့် တိုက်ကြီးဆီသို့ ပြေး၍ ကပ်လာ၏။ ထိုလူ၏ သဏ္ဍာန်သည် ခေါင်းမှအစ ခြေလက်တို့ အဆုံးတစ်ကိုယ်လုံးအား ရှပ်ပွပွရှိသော အနက်ရောင်ဝတ်စုံဖြင့်သာ လွှမ်းထား၏။ ဆင်မြန်းထား၏။

ထိုလူ့တစ်ကိုယ်လုံးတွင် မျက်ဝန်းအစုံနှစ်ကွင်းသာ ခပ်ကွက်ကွက် မြင်တွေ့ရသည်။ ထိုလူသည် တိုက်ကြီး၏ နောက်ဖေးနည်းခန်း





ဆောင်ကြီး၏ ပြတင်းတစ်ခုဆီသို့ ပြေးကပ်ကာ ပြတင်းမှ အထဲသို့ ခြင်နေရသော မြင်ကွင်းများအား စူးစိုက်ကြည့်ရှုနေလေ၏။

တိုက်ကြီးထဲမှတွင်တော့ နောက်ဆုံးပေါ် ခေတ်မီဆန်းပြားသော ပရိဘောဂများဖြင့် သန့်ရှင်းလှပကြီးကျယ်ခမ်းနားလွန်းလှပါသော တိုက်ကြီးထဲတွင်မတော့...

"ရတနာရေ ဒီဆံပင်ခေါင်းပုံစံနဲ့ ဝါဆိုမိုးနဲ့ လိုက်ရဲ့လား ဟင်...ကြည့်ပါဦး"

"အို...ကြည့်စရာတောင် မလိုပါဘူး၊ ရွှေပန်းချီရေးလို့ မမီတဲ့ လှူအဖို့ ဘာနဲ့မဆိုလိုက်တယ် ဝါဆိုမိုး၊ ပြောတာ မယုံရင် လိုက်မေး ကြည့်"

"တော်ပြီး သူ့မေးလိုက်ရင် ဒီအတိုင်းချည်းပဲ"

"ခက်ပြီ၊ လှတဲ့လူများကျတော့လည်း တစ်မျိုးပဲ၊ ပြောရင် မယုံဘူး"

"အဟင်း..ဟင်း...ဒီလောက် မမြှောက်ပါနဲ့သူငယ်ချင်းရာ၊ နောက်ထပ် မှန့်တစ်မျိုး ထပ်လုပ်ကျွေးပါဦးမယ်"

"တော်ပြီ၊ မနက်ကတည်းက စားနေရတာ ဒီမှာ အဆီယစ် နေပြီ"

စာပွဲပေါ်တွင် အမွှေးအချိုရည်ဘူးမျိုးစုံနဲ့ မုန့်မျိုးစုံတို့က



www.burmeseclassic.com

www.burmeseclassic.com



အလျှံပယ်မြင်တွေ့ရ၏။

"ရတနာရေ...ဒီကတ်တလောက်ဖလေးကို ကြည့်ပါဦးကွယ်၊ အဲဒီပုံစံလေးတွေက ရိုးရိုးလေးနဲ့ဆန်းတဲ့ အင်္ကျီပုံလေးတွေနော်"

"အေး...ဟုတ်တယ်၊ ဝါဆိုမိုး လူကိုယ်တိုင်လည်း လှသလို အလှလေးတွေလည်း သိပ်ကြည့်တတ်တာပဲ"

"ဒါကတော့ ရတနာရယ်၊ ဝါဆိုမိုးက အလှအပကြိုက်တာ ကိုး"

"ရတနာတို့လည်း ကြိုက်တာပါပဲဟယ်၊ မိန်းကလေးတိုင်းဟာ အလှကြိုက်တာချည်းပါပဲ၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ရတနာ"

"ဘဝအကျိုးပေးတွေက ရှိသေးတယ်လေ"

"အို...ရတနာလည်း လှတာပဲဟာ"

"မှန်တယ်၊ ရတနာလှတာက သာမန်ပဲ ဝါဆိုမိုးကိုမမီဘူး"

"အိုကွယ်...ဝါဆိုမိုးလည်း သာမန်ပါပဲ ရတနာရယ်"

"ဘယ်ကလာ သာမန်ရမှာလဲ သူငယ်ချင်းရယ်၊ သူငယ်ချင်းက ဘယ်လိုနေနေ ဘယ်လိုကြည့်ကြည့် တကယ့်ကို ထင်ပေါ်နေတာ ပုရိသတွေ မဆိုနဲ့၊ တို့မိန်းကလေးချင်းတောင် ဝါဆိုမိုးကို တမေ့တမော ငေးကြည့်ကြရတာ မဟုတ်လား"





"မြှောက်ပါပဟယ်"

ရတနာအကြားအတွက် ဝါဆိုမိုး ပြုံးပြုံးလေးဆိုသည်။ ဝါဆိုမိုးသည် စောစောက ရတနာနှင့် ညှပ်ထားသော အင်္ကျီစလေးတွေကို တစ်ခုစီထပ်ကာ သိမ်းဆည်းနေ၏။

"တကယ်ပြောတာ သူငယ်ချင်း၊ သူငယ်ချင်းကို လူတွေက ပြောကြတယ် မင်းသမီးမွန်ရှိုးနဲ့ တူတယ်လို့"

"တကယ်ဆိုတော့ သူငယ်ချင်းက မွန်ရိုးထက်တောင် လှပါသေးတယ် မွန်ရိုးကမှ ခွဲစိတ်ပြင်ဆင်ထားတာ ရှိသေးတယ်၊ သူငယ်ချင်းက ဘာမှ ခွဲစိတ်ပြင်ဆင်ထားတာလည်း မရှိဘူး။ ဆေးရောင်မတင်ဘူး၊ တကယ့် ပင်ကို ရှင်းသန့်ဝင်းဖန့်တဲ့ အလှစစ်စစ်"

"အဟင်း...ဟင်း ရတနာရေ၊ အခု ညှပ်ထားတဲ့ ဝတ်စုံတွေကို ရတနာလက်ညှောင်းခံနဲ့တော့၊ ဝါဆိုမိုးပဲ ချုပ်ပေးလိုက်တော့မယ်"

"ပြီးတော့ ယုန်မွေး အနွေးထည်တစ်ထည်လည်း ရတနာအတွက် လက်ဆောင်ထိုးပေးဦးမယ်"

"ကြည့်...ပြောရင် သူ့အဲဒီလိုချည်းပဲ၊ မယုံရင် လိုက်မေးမယ် ဟာ"

"အဟင်း...ဟင်း..တော်ပါတော့ရှင်"

စကားတွေဆိုရင်း သူငယ်ချင်းနှစ်ယောက် ရယ်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ့်ကို ဝင်းစင်ကာ ပူးအိသော မျက်နှာလေးနှင့် ဝါဆိုမိုး၏ အရယ်မျက်နှာလေးအား ရတနာသည် ခင်မင်စွာ ငေးကြည့်နေမိ၏။ တစ်နေ့တခြားနေ့ ဝါဆိုမိုးသည် မိမိနှင့်ပင် အဖော်ပြုကာ မုန့်တွေလုပ်စား၊ အဝတ်တွေညှပ်၊ ချုပ်၊ သိုးမွေးထိုး၊ ခံပင်ပုံစံသွေးပြင်နှင့် အချိန်တွေ ကုန်ရ၏။

တကယ်တော့ ဝါဆိုမိုးဘဝလေးသည်ကား သနားစရာ၊ မိမိကိုသာဆိုးတူကောင်းဖက် အဖော်အဖြစ်ထားကာ မိုးချုပ်၍ မိမိပြန်လျှင် ဝါဆိုမိုးသည် တစ်ကိုယ်တည်း ထီးထီးကျန်ခဲ့ရရှာသူလေးပါ။ ယခုလည်း မိုးကချုပ်တော့မည်မို့ ရတနာပြန်ရတော့မည်။

"ကဲ…စကားကောင်းနေလိုက်တာ ဟိုမှာ ငါးနာရီထိုးနေပြီ ရတနာသိမ်းဆည်း၊ ရေချိုးပြီး ပြန်မယ်နော်"

"အင်း…"

သူငယ်ချင်းနှစ်ယောက် ထိုင်ရာမှထကာ တစ်နေ့တာနှိုလုပ်ထားကြသော စားစရာများနှင့် အကျီများကို ကောက်ငင်သိမ်းဆည်းလိုက်ကြ၏။ အပြင်ဘက် ပြတင်းတစ်ခုမှ ချောင်းကြည့်နေသောလူသည်လည်း လှစ်ခနဲ ပျောက်ကွယ်သွားချေပြီဖြစ်၏။

ဝါဆိုမိုးနှင့် ရတနာကား လုံးဝမသိလိုက်ကြရှာပါ။ အဝတ်အထည်များနှင့် စားသောက်ထားသော ပန်းကန်များကိုဆေးကြောသိမ်းဆည်းပြီးနောက်…

"ကဲ…ရတနာ ရေချိုးတော့မယ်နော်"

"ကောင်းပြီ"

ရတနာရေချိုးခန်းထဲ ဝင်သွားသည်။

"ကရင်း…ကရင်း…ကရင်း"

ဝါဆိုမိုးသည် ရတနာ ရေချိုးခန်းထဲမှ ထွက်လာလျှင် ရတနာနှင့် အတူသောက်ရန်အတွက် ပျော်ပတ်သီးဖျော်ရည်လေးအား စက်ဖြင့် ဖျော်နေရာမှ တယ်လီဖုန်းသံလေးမြည်လာလေ၍ ဝါဆိုမိုးသည် အနီးမှ ဟန်းဖုန်းလေးအား ဖွင့်၍နားထောင်လိုက်ပြီး…

"ဟဲလို…အမိန့်ရှိပါ ရှင်"

"…."

"ရှင့် ဘယ်သူလဲ"

ထူးဆန်းသလို စဉ်းစားရင်း ဝါဆိုမိုးမေးလိုက်သည်။

"…."

"နေပါဦး ဝါဆိုမိုး ဖုန်းနံပါတ်ကို ရှင်ဘယ်ကရလဲ၊ ရှင်ပြောချင်တာတွေပဲ ပြောပြီး ဝါဆိုမိုးမေးတာတွေကျတော့ မပြောပါလား"

"…."

"အို…ဝါဆိုမိုးရဲ့ အကြောင်းတွေကို ရှင်ဘာမှ စိတ်ဝင်စား







www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုဘူး၊ မေးစရာလည်း မလိုဘူး၊ ရှင်ဟာ မရိုးသားတဲ့သူပဲ၊ ရှင့်အသံဖျက်ပြောနေတာပဲ၊ ရှင့်ကို ဝါဆိုမိုး ဘာမှ မပြောနိုင်ဘူး"

စကားအဆုံး၌ ဝါဆိုမိုးသည် ဖုန်းလေးကို ပိတ်လိုက်လေသည်။ ဝါဆိုမိုးသည် သို့ဖုန်းဆက်သော ကိစ္စအတွက် ဘာမှစိတ်မဝင်စားပါ။ ထောပတ်သီး ဖျော်ရည်ပန်းခွက်ကို နှစ်ခွက်ခဲ့သည့်ပြီး ယူခဲ့သည်။ ရတနာရေချိုးပြီးသည်တွင် ရတနာကို တိုက်သည်။ အပြင်တွင် မှောင်၍ နေပြီး

"မနက်ဖြန် အဝတ်တွေချုပ်ဖို့ စောစောလာနော် သိလား"

"အင်း...လာခဲ့မယ်၊ သော်...လာခဲ့မယ်သာဆိုတယ်၊ ကိုဝင်းကိုနဲ့ကလည်း ချိန်းထားသေးတာ၊ သူနဲ့လည်း မတွေ့တာကြာပြီလေ။ ရတနာကို စိတ်ဆိုးနေဦးမယ်"

"ချစ်သူစိတ်ဆိုးမှာ ကြောက်တယ်ပေါ့"

"ဒါပေါ့၊ ဝါဆိုမိုးကော ကိုအောင်မြင့်မြတ် ကိုခင်မောင်ဦး၊ ကိုမြတ်သူတို့နဲ့ မတွေ့တဲ့အခါ စိုးမရိမ်နေဘူးလား"

"ဟင့်အင်း...မစိုးရိမ်ပါဘူး၊ ဝါဆိုမိုးနဲ့သူတို့နဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးဟုတ်လား"

"ဟုတ်တယ်လေ"





"ဒါဖြင့် ဘာဖြစ်လို့ တွဲနေတာလဲ"

"ဒါက သူတို့ဘာ တွဲတာပဲရတနာရယ်၊ ဝါဆိုမိုးကတော့ သူတို့အပေါ် ရိုးသားစွာ ခင်မင်တာပဲရှိတယ်"

"တကယ်"

"သော်...ဆက်ပြီ၊ ရတနာ့ရှေ့ ဝါဆိုမိုးဘယ်တုန်းကများ သူတို့အကြောင်းတွေ ပြောဖူးလို့လဲ၊ စဉ်းစားပါဦး"

ဝါဆိုမိုးဆိုတော့ ရတနာစဉ်းစားမိသလိုလို ရှိသည်။ ဝါဆိုမိုးပြောသည်မှာ ဟုတ်တော့လည်း ဟုတ်ပါသည်။ ဝါဆိုမိုးသည် အမျိုးသားတွေနှင့် တွဲသွားသည်မှာမှန်သော်လည်း ဝါဆိုမိုးဘက်မှ ဖြူစင်နေသည်၊

တစ်ဖက်မှ အမျိုးသားတွေက ဝါဆိုမိုးအား စိတ်ဝင်စားမှု၊ လိုလားမှုတွေ ရှိသည်ကားအမှန်။ ဝါဆိုမိုးကမူ ယနေ့ထက်တိုင် အေးအေးဆေးဆေးပါပင်။

"ဝါဆိုမိုး"

"ဟင်..."

"ဝါဆိုမိုး ခုထိ ဘယ်သူ့ကိုမှ စိတ်မဝင်စားသေးဘူးလား"

"ဟင့်အင်း"

"အိမ်ထောင်ကော မပြုဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ကတော့ ပြုရမယ်၊ တစ်ယောက်တည်းနေလို့က တော့ ဘယ်ဖြစ်မလဲ"

"ဘယ်သူ့ကိုပြုမလဲ၊ ဘာလဲ ဟို ဦးကျော်ဇောဆိုတဲ့ အဘိုးကြီးကိုလား"

"ဟင်း..."

ရတနာမေးတော့ ဝါဆိုမိုး သက်ပြင်းချသည်။

"ပြောလေ"

"ဆုံးဖြတ်ချက်တော့ မချရသေးပါဘူးသူငယ်ချင်းရယ်"

"ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လို့လဲ၊ ယူဖို့တော့ စိတ်ကူးတယ်ပေါ့"

ရတနာမေးတော့ ဝါဆိုမိုးသည် စဉ်းစားသလို ပြုပြီးမှ...

"အင်း...စိတ်ကူးတော့ ရှိတယ် ရတနာ"

"ဟယ်...အဘိုးကြီးကိုမှ...."

အံ့သြရင်း မျက်နှာလေးမဲ့ကာ ရတနာဆိုတော့...

"ဟုတ်တယ်၊ ကြီးရင်မှီ ဆိုသလို ဦးကျော်ဇောကိုယူရင် ဝါဆိုမိုးဘဝ စိတ်ချရမယ်လို့ ထင်တယ်ရတနာ၊ ဘာလို့လဲဆိုတော့ ဝါဆိုမိုးဘဝအတွက်က ချစ်ကြင်နာပြီး သွန်သင်ဆုံးမဆောင်ရွက်ပေး ခင်ပွန်းကောင်းပဲလိုအပ်တယ်လေ"





"မိဘလိုတစ်ဖုံ၊ ခင်ပွန်းလို တစ်နည်း ဝါဆိုမိုးကို ဆိုဆုံးမကြင်နာဖို့ လိုတယ်ရတနာ"

"ဒါဆို ဝါဆိုမိုးဆုံးဖြတ်ပြီးပြီလား"

"ဆုံးတော့ မဆုံးဖြတ်သေးပါဘူး၊ စဉ်းစားတာပဲရှိသေးတယ်"

"ဦးကျော်ဇောက လက်ထပ်ခွင့်တောင်းလား"

"အင်း..."

"ဒါဆိုတော့ စဉ်းစားပါဦး သူငယ်ချင်းရာ၊ အရွယ်က သိပ်ကွာလွန်းပါတယ်"

"အင်းပါ"

"ဝါဆိုမိုးမှာ တကယ်ချစ်သူမရှိဘူးလား"

"ချစ်သူမရှိတာ မဟုတ်ဘူး၊ မတွေ့သေးတာ"

"ဒါဆို တစ်နေ့တော့ တွေ့လာမှာပေါ့သူငယ်ချင်းရယ်၊ အဘိုးကြီးနဲ့တော့ ဆုံးဖြတ်ချက် အရင်မလိုပါနဲ့နော်"

"အင်းပါကွယ်၊ ကျေးဇူးတင်ပါတယ်"

"ဝါဆိုမိုးအတွက်က ဘဝအဖော် စိတ်ချရဖို့ပဲ လိုတယ် ရတနာ"

"ဟုတ်တော့ဟုတ်ပါတယ်၊ အချိန်တွေ အများကြီး ရှိပါသေးတယ်၊ ရွေးချယ်ပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…ဟုတ်ကဲ့ပါ ကဒီရှင်ကြီးရယ်"

"ဆရာလုပ်တာ မဟုတ်ပါဘူး၊ ရတနာစေတနာနဲ့ပါသူငယ်ချင်းရာ"

"နားလည်ပါတယ် သူငယ်ချင်းရယ်"

"ဟယ်…ကောင်းကောင်းနေလိုက်တာ မိုးတောင် စုံးစုံးချုပ်သွားပြီ၊ မဖြစ်ဘူး ရတနာပြန်တော့မယ်သူငယ်ချင်း"

"ကောင်းပြီ၊ မနက်ဖြန် မလာဘူးပေါ့"

"သိပ်မသေချာဘူး"

"အင်း…အင်း၊ သူနဲ့တွေ့တဲ့အကြောင်းလေးလည်း နောက်တော့ ဝါဆိုမိုးကို ပြန်ပြောပြဦးနော်"

"စိတ်ချ…စိတ်ချ"

"အဟင်း…ဟင်း…ဟင်း"

သူငယ်ချင်းနှစ်ယောက်သား ပြောဆိုရယ်မောကာ ဝါဆိုမိုးသည် ဆင်ဝင်အောက်တွင် ရပ်ထားသော ရတနာကားလေးဆီသို့ လိုက်ပို့ပေး၏။

"သွားပြီသူငယ်ချင်း"

"ကောင်းပြီ"

ရတနာကားလေး ထွက်သွားပြီ၊ တိုက်ကြီးထဲမှ ထိန်းထား





သောအလှတော်ဖြင့် တုထည်ခိုင်ခန့်ကြီးမားသော ခြံတံခါးကြီးသည် ရတနာကားလေး ထွက်သည်နှင့် အလိုအလျောက်ပွင့်ကာ ပြန်ပိတ်၏။

ဝါဆိုမိုးသည် နာရီလေးဆီ တစ်ချက်ကြည့်လိုက်မိသည်။ ရတနာပြန်သောအချိန်သည် ဘာလိုလိုနှင့် ရှစ်နာရီထိုးသွားပါရောလားဟုလည်း တွေးဖြစ်လိုက်၏။

× × ×

ရတနာသည် လမ်းမီးရောင်မှိန်မှိန်အောက်မှ ကားကို မောင်းနှင်လာခဲ့၏။

"ရှူး…"

"ဟယ်…ကားဘီးပေါက်သွားပြီ၊ ဒုက္ခပါပဲ၊ ငါလဲထားတာ ကားတာယာအသစ်ကြီးပါ၊ ဘာမှတောင် မကြာသေးဘူး"

ကားဘီးပေါက်သွားသည့်အသံကို သိ၍ ရတနာသည် နှုတ်မှ ညည်းညူဆိုရင်း ခပ်မှိန်မှိန်ရှိသော ဓာတ်တိုင်တစ်တိုင်အောက်သို့ ကားကို ထိုးရပ်လိုက်ရလေ၏။ ကားရပ်ပြီး ရတနာသည် ကားပေါ်မှ ဆင်းကာ ကားဘီးကို ဆင်းကြည့်မိသည်။

"ဟင်း…ကြည့်စမ်း ငါ့ကားဘီးအသစ်ကို ခွဲထားသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်တာပါလိမ့်"

ကားတီးကိုကြည့်ကာ ရတနာသည် အံ့သြ၍ စိတ်ညစ်မှုတွေနှင့် ရှိနေရချေ၏။ ပတ်ဝန်းကျင်ကို ကြည့်တော့ ပတ်ဝန်းကျင်က လူခြေတိတ်သော အိမ်နေရာတွေနှင့် အေးသောနေရာဖြစ်နေလေ၍ ရတနာတစ်ယောက် စိတ်ခေတ်ကျသွားရသည်။

စိတ်ခေတ်ကျရင်းမှလည်း ရတနာသည် ခြောက်ကပ်နေသော ပတ်ဝန်းကျင်ကိုလည်း ကြောက်ရွံ့လာမိ၏။ ထိုအခိုက် လမ်းကွေ့တစ်နေရာမှ မောင်းနှင်လာသော ကားမီးရောင်ကို မြင်တွေ့လိုက်ရလေ၍ ရတနာအားတတ်သွားသည်။

"ဟိုး...ဟိုး"

ရတနာသည် ကားလာရာ လမ်းဆီ ပြေးရင်းကာ လက်ပြ၍ အကူအညီတောင်းလိုက်သည်၊ အကူအညီတောင်းနေသော ရတနာအား မြင်သွားဟန်ရှိ၏။ ကားသည် ခပ်လှမ်းလှမ်း၌ ရပ်သွားသည်၊ ကားမီးကို မပိတ်ဘဲ ကားပေါ်မှ လူတစ်ယောက်ဆင်း၍လာသည်၊

ရတနာသည် ထိုလူအား အံ့ကြီးတကြီး ကြည့်နေမိ၏၊ ကြည့်ရင်းမှ ရတနာ့မျက်မှောင်လေး ကြုတ်သွားသည်၊ အဘယ်ကြောင့်ဆိုသော် ရတနာတွေ့ရသော လူကား ခေါင်းမှ ခြေအဆုံး တစ်ကိုယ်လုံးထူပူနှင့် အမည်းရောင်ဝတ်စုံကြီးအား ဝတ်ဆင်ထား





သောကြောင့်ပါတည်း။

ရတနာသည် ထိုလူအား စဉ်းစားစွာ၊ တွေဝေငြိမ်သက်စွာ ကြည့်နေဆဲ၊ ထိုလူသည် ရတနာနှင့် ဆယ်ကိုက်ခန့်အကွာတွင် ဓားတစ်လက်ကို ဆွဲထုတ်လိုက်သည်၊ ခပ်မှိန်မှိန်မီးရောင်အောက်မှ ဓားသွားဖွေးဖွေးကို လက်ခနဲ ရတနာတွေ့လိုက်ရသော်မှ...

ရတနာသည် မသမာသော လူဆိုးတစ်ယောက်မှန်းသိလိုက်ရလေ၍...

"အား...အား၊ ကယ်ကြပါဦး"

ရတနာ အော်ဟစ်၍ ပြေးပါလေပြီ၊ အော်၍ ပြေးသော ရတနာနောက်သို့ ထိုလူလည်း အတင်းပင် ပြေး၍ လိုက်သည်။ ..မီ မီအောင်လည်း ရတနာကို လိုက်ဖမ်းသည်။

"အား...အား"

နှစ်ယောက်တည်း ပြေးလွှားသွားသော ခြေသံများသည် ..ိုနေရာလေး၌ အတန်ကျယ်သွားရ၏။

"အား...ကယ်ကြပါဦး"

ရှေ့မှ ရတနာအော်၍ အသက်လုပြေးသည်။ နောက်မှလူ ..ည်းဇောကိုဝင့်၍ ပြေးလိုက်၏။

နောက်ဆုံးမတော့ ရတနာသည် လှည့်တကြည့်ကြည့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြေးရသောကြောင့် တင်းချီ အလုတ်တိုက် ချော်လဲသွားလိုက်လေရာ စားကိုင်ထားသည့် လူမှာ ရတနာအား မီသွားရလေသည်။ ရတနာမှာ လွန်စွာ ကြောက်ရွံ့ထိတ်လန့်သွား၍…

"မလုပ်ပါနဲ့ မလုပ်ပါနဲ့ ရှင် ဘာလိုချင်လို့လဲ၊ ရတနာမှာ ပါတာအကုန်ပေးပါ့မယ်ရှင်၊ ယူပါ၊ အင်း…"

ရတနာက သနားဖွယ် တောင်းပန်ဆိုသော်လည်း ထိုလူသည် သနားကြင်နာခြင်းကင်းစွာဖြင့် ရတနာအား နှလုံးအိမ်ဆီသို့ ဓားဖြင့် ဆင့်ထိုးချလိုက်ပါတော့သတည်း၊ ရတနာသည် ထိုလူ့အကျီ ရင်ဘတ်ကို ဆုပ်ဆွဲထားရာမှ မြေပေါ်သို့ ပုံလဲသွားရတော့၏။

ထိုလူက မည်သည့်အချိန်မှန်းမသိ၊ မည်မျှအထိ အချိန်ကြာနေမှန်းမသိအောင်ပါ။ မြေပေါ်တွင် အသက်ပျောက်နေပြီဖြစ်သော ရတနာကိုယ်ပေါ်သို့ ဓာတ်ဆီများလောင်းချပြီး မီးရှို့လိုက်သည်။ ခြေရာလက်ရာ ပျောက်ဖျက်ဟန်တူ၏။ ရတနာကား မီးတို့နှင့်ပြီ တောက်လောင်နေပေပြီ။ မီးစွဲလောင်နေသော ရတနာအား ထိုလူသည် တစ်အောင့်ခန့် ကြည့်ပြီးနောက် လှည့်ထွက်သွား၏။ ကားဆီသို့ ထိုလူလှမ်းခဲ့သည်။ အေးဆေးစွာပင် ကားကိုနေရာမှ မောင်းထွက်သွားလိုက်၏။ ရတနာ အလောင်းကား မီးတို့ဖြင့်လောင်၍ ကျန်ရစ်ခဲ့ပါသော သတည်း။

❀ ❀ ❀



## သုံး

သခြေမြင်ရပ်ကွက်တစ်နေရာ၏ လူပြတ်သော နေရာတွင် ရဲများအားလုံး အလုပ်ရှုပ်နေကြရပါလေ၏။

မှန်သည်။

ညက ထိုနေရာတွင် လူသတ်မှု ဖြစ်ပွားလေ၍ ဒီနေ့မနက်တွင် တာဝန်သိလူတစ်ယောက်၏ သတင်းပေးချက်အရ ရဲများရောက်ရှိလာပြီး စစ်ဆေးကြည့်ရှုနေကြရသည်ပါ။ မှုခင်းသတင်းထောက်တွေက ကားရပ်ထားသော နေရာနှင့်အလောင်းရှိသော နေရာကို ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်သည်။ အလောင်းအနေအထားနှင့် ကားအနေအထားတို့ကို မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်သည်။

"ကဲ…ဒေါက်တာ အလောင်းကိုတော့ ခွဲခြားလို့ မရတော့ဘူး။ ဒေါက်တာ့ဆေးစစ်ချက်အရ ပြောပါဦး"

"ဟုတ်ကဲ့ဆရာ၊ ကြည့်ပြာလည်း ကြည့်နေပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မှုန်းတစ်ခုဖြစ်လျှင် မှုန်းဆရာဝန်သည်လည်း တွဲလျက်ပါဝင်ရသည်မို့ ဒေါက်တာကြည်ပြာသည် ရုပ်ဆင်းမရှိတော့သောအလောင်းကို အဘန်ကြီး စစ်ဆေးကြည့်ရှုနေရပါလေ၏။

"ကျွန်မခန့်မှန်းရသလောက်ဆိုရင်တော့ ဒီအလောင်းဟာမီးလောင်လို့ သေတာ မဟုတ်ပါဘူး၊ သူ့ရဲ့နှလုံးနေရာမှာ ဒဏ်ရာတွေ့တယ်"

"ဘာဒဏ်ရာမျိုးလဲဒေါက်တာ"

"အချွန်တစ်ခုနဲ့ ထိုးထားတဲ့ ဒဏ်ရာပါပဲ၊ ဥပမာ–ဓားမြှောင်လို့လည်း ပြောနိုင်ပါတယ်"

"ဪ...ဒါဆို ဓားနဲ့ထိုးပြီးမှ မီးရှို့တာပေါ့"

"ဟုတ်ကဲ့ တစ်ချက်တည်းနဲ့ကို သေနိုင်ပါတယ်ဆရာ၊ဒါပေမယ့်အခုတွေ့ရတာက နှစ်ချက်၊ သုံးချက်ကို တွေ့နေရတယ်"

"အင်း...တော်တော်အငြိုးကြီးပုံပဲ"

ရဲအရာရှိတစ်ဦးက မှုန်းဆရာဝန်ဒေါက်တာ ကြည်ပြာစကားအရ မတ်ချက်ချ၏။

"ဟော့...ခိုင်မင်းဆက်ကော မတွေ့ပါလား၊ မရောက်သေးဘူးလား"

"မရောက်သေးဘူးဆရာ"





ရဲအရာရှိတစ်ဦးကဆို၏။

"သူ့ကလေးကို ကျောင်းပို့နေသေးတယ်ဆရာ၊ သူရောက်လာတော့မှာပါ"

ကြည်ပြာက အိမ်နီးချင်းမို့ သိနေ၍ ဝင်ပြောလိုက်သည်။

မကြာပါ။

ရဲအရာရှိ ခိုင်မင်းဆက်သည် သူ့ဂျစ်ကားလေးနှင့် အခင်းဖြစ်သော နေရာသို့ ရောက်လာခဲ့လေ၏။

"ကဲ...ကိုဆက်ရေ အမှုကတော့ စိတ်ဝင်စားစရာပဲ၊ ကြည့်ပါဦး"

"ဟုတ်ကဲ့ဆရာ"

ခိုင်မင်းဆက် ကားပေါ်မှဆင်းသည်နှင့် အထက်အရာရှိကဆိုသဖြင့် ခိုင်မင်းဆက်သည် တည်ကြည်သော အသွင်၊ ဖြောင့်စင်းသော ကိုယ်နှင့် သူ့ခြေတံမြင့်မြင့်သည် တစ်လှမ်းချင်းလှမ်းကာအသတ်ခံရသော သေသူ၏ ကားကို ဦးစွာသွားရောက်ကြည့်လိုက်သည်။

ကြည်ပြာသည် ယောက်ျားပီသစွာ ချောမွေ့၍ စတိုင်လ်ကျသော သန့်သော ခိုင်မင်းဆက် သဘောကျစွာ လှမ်းကြည့်နေမိသည်။ ခိုင်မင်းဆက်ကာ အလုပ်မှုလွှဲ၍ မည်သူ့ကိုမျှ ဂရုမစိုက်။ ကားတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



လုံးကို လှေလာသည်။ ကားတာယောကို ကြည့်သည်၊ ကားထဲမှ ဒက်(ချ်)ဘုတ်ကို ဖွင့်ကြည့်သည်။

ဒက်ချ်ဘုတ်ထဲမှ လိုင်စင်ကို တွေ့လိုက်ရ၏။ အမျိုးသမီး လိုင်စင်ဖြစ်သည်။ အမည်က မရောနာဖြစ်ကြောင်း သူမှတ်သားလိုက်၏။ ပြီးတော့ စလင်းဘက်တစ်လုံး၊ စလင်းဘက်ခ်အိတ်ထဲမှ အိမ်သော့နှင့် မှတ်ပုံတင်၊ အလှပြင်ပစ္စည်းတွေကို တွေ့သည်။ အိမ်သော့ကို သူယူထားလိုက်၏။

ထို့နောက် အဆောင်းရှိရာသို့ လာခဲ့သည်။ ခိုင်မှင်းဆက်သည် မီးလောင်နေသော အဆောင်းကိုကြည့်လိုက်ပြီ...

"ကဲ...ဒေါက်တာရေ၊ သေဆုံးသူက အမျိုးသမီးလား၊ အမျိုးသားလား ပြောပါဦး"

"အမျိုးသမီးပါ ကိုဆက်"

"အင်း...အမည်က ရောနာတဲ့"

"သူ့လိုင်စင်မှာလား"

"ဟုတ်တယ်၊ ကျွန်တော်ကတော့ ဒီလောက်ပဲကြည့်တတ်တယ်၊ ဆေးစစ်ချက်တင်ခုံကိုတော့ ဒေါက်တာပဲ တင်ပြပါတော့"

"ဟုတ်ကဲ့ပါ ကိုဆက်"

ဆိုပြီး ခိုင်မင်းဆက်သည် အသက်အရာရှိဆီသို့ ရောက်လာ





သည်။

"ကိုဆက် ဘယ်လိုမြင်လဲ"

ကျွန်တော် မမြင်တတ်သေးပါဘူး၊ ကားလိုင်စင်မှာပါတဲ့ ဒီအမျိုးသမီးရဲ့ အိမ်လိပ်စာအတိုင်း သွားတွေ့ရဦးမယ်"

"အင်း...ကိုဆက်လုပ်စရာရှိတာသာ လုပ်ပါ၊ လိုအပ်ရင် တော့ပြောပေါ့၊ အမှုလည်း အမြန်ပေါ်ဖို့လိုတယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ကြိုးစားပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကိုဆက်အခု ဘယ်သွားမလဲ"

"သေဆုံးသွားတဲ့ အမျိုးသမီးအိမ်လေ"

"ကိုဆက်တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ကိုဆက်ကို သတိပေးရဦးမယ်၊ ကိုဆက်အမှုတွေ စုံစမ်းတဲ့ အခါ တစ်ယောက်တည်း သိပ်မလှုပ်ရှားစေချင်ဘူး အဖွဲ့နဲ့ပဲ လှုပ်ရှားစေချင်တယ်၊ ကိုဆက်အတွက်ပဲ ပြောတာပါ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ အခု ကျွန်တော်သွားမယ့် နေရာက အန္တရာယ် မရှိပါဘူး၊ လိုအပ်ရင်တော့ ကျွန်တော့်အဖော် တွေခေါ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ခွင့်ပြုပါဦး ဆရာ"

"ကောင်းပါပြီ"

အရာရှိကို နှုတ်ဆက်ခဲ့ပြီး ခိုင်မင်းဆက်သည် သူ့ကားလေးအား မောင်းထွက်ခဲ့လိုက်လေ၏၊ ခိုင်မင်းဆက် ထွက်သွားရာသို့ ကြည်ပြာငေးကြည့်ကျန်ခဲ့သည်။ ဖြစ်နိုင်လျှင် ခိုင်မင်းဆက်သွားရာနောက် ကြည်ပြာသည် အမြဲလိုက်ပါနေချင်မိပါသည်။ ခုတော့ သူ့တာဝန်၊ ကိုယ့်တာဝန်တွေဖြင့် ကြည်ပြာကား ငေးကြည့်ရင်းဖြင့်သာ ကျန်ရစ်ခဲ့ရပါသည်။

"ဒေါက်တာ"

"ဩော်...ကိုလင်းလင်း"

ခိုင်မင်းဆက်နှင့် ခင်မင်ရင်းနှီးသူလည်းဖြစ်၊ ဒီဆေးရုံ ခန်းတွင် စာရေးကြီးအဆင့်ရှိသော ကိုလင်းလင်းသည် ရည်မွန်သော အပြုံးတို့ဖြင့် ကြည်ပြာအနားရောက်လာ၏၊ ခိုင်မင်းဆက်နှင့် ခင်ခင်ရင်းနှီးသော ကိုလင်းလင်းသည် ကြည်ပြာနှင့်လည်း ခင်မင်ရင်းနှီးသူပါ။

"ကိုဆက်တော့ အလုပ်များတော့မယ်"

"ဟုတ်တယ်၊ အခု ကိုဆက်ဘယ်သွားလဲမသိဘူးနော်"

"မပြောတတ်ဘူး၊ အသက်ခံရတဲ့သူအိမ်ကို သွားချင်သွား





မှာပေါ့၊ ဒီလိုပဲ အမှုပေါ်အောင်တော့ လိုက်စုံစမ်းနေရမှာပဲလေ"

"ဒါပေါ့လေ၊ ကိုဆက်က နာမည်ကြီးတဲ့ ရဲအရာရှိတစ်ယောက်ပဲ"

သူတို့ စကားပြောနေဆဲ တာဝန်ရှိသူတွေက အလောင်းကို ဆေးရုံကားပေါ်သို့ တင်လိုက်ကြသည်။

"အဲ...ကြည်ပြာလည်း ဆေးရုံပြန်ရဦးမယ်၊ သွားမယ် ကိုလင်းလင်း"

"ကောင်းပြီဒေါက်တာ"

အလောင်းသယ်သွားပြီမို့ ကြည်ပြာလည်း ဆေးရုံသို့ ထွက်ခဲ့လိုက်ရပါတော့၏။

× × ×

လွမ်းညသို့ရှိ လူရည်သန့်သော ရပ်ကွက်လေးတစ်ခုဆီသို့ ခိုင်မင်းဆက်ကားလေးသည် တဖြည်းဖြည်း မောင်းနှင်လာခဲ့၏။ ...ပမ်းသိပ်မှာကတည်းက ရတနာနေသော အိမ်ကို စုံစမ်းခဲ့၍ နောက် ...ုံး ခိုင်မင်းဆက်သည် ရတနာနေသော အိမ်ရှေ့သို့ ရောက်လာ၏။

ကားသည် ရပ်လိုက်သည်တွင် ခိုင်မင်းဆက်သည် ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကို အရင် အကဲခတ်လိုက်သည်။ ပြီးတော့ တံခါးပိတ်ထားသော ရတနာ၏ လုံးချင်းပျဉ်ထောင်အိမ်ကလေးကို ခိုင်မင်းဆက်ကြည့်လိုက်သည်။ ထို့နောက် ခိုင်မင်းဆက်သည် ကားပေါ်မှဆင်းလိုက်ပြီး ဘေးမှ အိမ်နီးချင်းဖြစ်သော အိမ်တစ်အိမ်ဆီသို့ လှမ်းသွားလိုက်လေ၏။

ရပ်ကွက်ထဲမှ လမ်းသွားလမ်းလာလူများက ခိုင်မင်းဆက်အားသိဖူးမြင်ဖူးထားသလို မမြင်ဖူးသူတွေလည်း ရှိနေ၍ ယောကျ်ားပီသစွာ ချောမောသော ခိုင်မင်းဆက်အား စိတ်ဝင်စားစွာ ကြည့်ကြ၏။ ရဲယူနီဖောင်း အပြည့်အစုံဝတ်ထားသော ခိုင်မင်းဆက်သည် ပို၍ ကြည့်ကောင်းနေရသည်။

"ဒီမှာခင်ဗျာ၊ ကျွန်တော် နည်းနည်းမေးပါရစေ"

အိမ်နီးချင်းတစ်ယောက်မှာ ခိုင်မင်းဆက်ကို ကြည့်နေလေ၍ မေးစမ်းရန်အတွက် ခိုင်မင်းဆက်သည် စကားစလိုက်သည်။

"ဟုတ်ကဲ့မေးပါရှင်"

"ဒီအိမ်က မရတနာနေတဲ့အိမ်နော်"

"ဟုတ်ပါတယ်"

"သူ...အခု ဘယ်မှာလဲ"

"သူ ညကတည်းက ပြန်မလာပါဘူး"





"ဗြော်...ဘယ်ကို သွားတတ်လဲ"

"သူက သပြေမြိုင်ရပ်ကွက်မှာနေတဲ့ သူဌေးမလေးဆီ အမြဲ သွားတတ်တယ်လေ"

"သပြေမြိုင်ရပ်ကွက်"

စဉ်းစားသလို ခိုင်မင်းဆက် ထပ်မေးတော့....

"ဟုတ်တယ်လေ၊ သပြေမြိုင်ရပ်ကွက်မှာနေတဲ့ သူဌေးမလေးဟာ ရတနာနဲ့ သူငယ်ချင်းပဲလေ"

"နာမည်က ဘယ်လိုခေါ်လဲ"

"ဝါဆိုမိုးတဲ့"

"ဪ...အဲဒီကို မရတနာ အမြဲသွားတတ်သလား"

"ဟုတ်တယ်၊ သွားတယ်၊ တစ်ခါတလေတော့ သူ့ရည်းစား ပျောရင် မသွားဘူး၊ မနေ့ကတော့ သူသွားတယ်"

"သူ ဟိုမှာ မအိပ်ဘူးလား"

"အိပ်တော့ မအိပ်တတ်ဘူး၊ သူ့ရည်းစားက ညဘက်လည်း လာတတ်တယ်လေ"

"မရတနာမှာ မိဘတွေ မရှိတော့ဘူးလား"

"ရတနာ အစကတည်းက မိဘမရှိပါဘူး၊ အဘွားကလည်း ပိုးသွားပြီ၊ တစ်နှစ်လောက်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်...သူ့ရည်းစားက ဘယ်သူလဲ"

"ကိုသက်အောင်ပေါ့"

"ဘာလုပ်လဲ"

"ဒီလူ့အကြောင်းတော့ မပြောချင်ပါဘူး ဒီလူက တော်တော်ဆိုးတယ်၊ ရတနာကလည်း ဒီလူ့အပေါ်မှာ ကြိုက်တတ်တယ်လို့"

အိမ်နီးနားချင်း အမျိုးသမီးမှာ ရတနာ့ချစ်သူကို သဘောမကျပုံ ပေါ်လွင်နေသည်။

"ပြောပါဦး၊ မရတနာ့ရည်းစားက ဘာလုပ်လဲ"

"ရှေးဟောင်းပစ္စည်းတွေ လုပ်တာလေ၊ သိပ်ဆိုးတာ၊ ရတနာ့ဆီ လာတဲ့အခါ သူ့စိတ်မတွေ့ရင် အရှုးလိုပဲ ရတနာ့ကို အော်ဟစ်မာန်မဲ ပြောဆိုနေတာပဲ"

"ရတနာကတော့ တော်တော်သည်းခံတယ်၊ ဒီကောင်ကတော့ ရတနာ့ကို တော်တော်နိုင်ပုံရတယ်"

"မရတနာကရော ဘာလုပ်လဲ"

"ရတနာကတော့ စက်ပဲချုပ်တယ် အပ်ထည်တွေလက်ခံပြီး သပြေမြိုင့်ရပ်ကွက်မှာ သွားချုပ်တာများတယ်"

"ဝါဆိုမိုးအိမ်မှာသော့ပါတာလား"

"ဟုတ်တယ်၊ ဝါဆိုမိုးရဲ့အဝတ်တွေကိုလည်း သူပဲချုပ်ပေးတာလေ"

"ဝါဆိုမိုးနဲ့ မရတနာက ငယ်ပေါင်း သူငယ်ချင်းတွေလား"

"ငယ်ပေါင်းတွေ မဟုတ်ဘူး"

"ဒါဆို သူတို့ ဘယ်လိုနည်းအာ ရင်းနှီးလဲ"

"သိသလောက်တော့ အကျီချုပ်ရင်း သိသွားကြတာပဲ"

နိုင်မင်းဆက် ခေါင်းညိတ်ပြီး နားထောင်သည်။

"မရတနာ့ ရည်းစားက ဘယ်မှာနေလဲ"

"ကန်သာယာ(၈)လမ်းမှာနေတယ်"

"သြော်...အင်း"

နိုင်မင်းဆက်သိလိုက်သလို ခေါင်းညိတ်လိုက်သည်။ မှန်သည်။

တကယ်တော့ ရတနာ့ချစ်သူ ကိုသက်အောင်ဆိုသူသည် ...ခန်းတွင် မှတ်တမ်းရှိနေသူမဟုတ်ပါတကား။

"ဒါနဲ့ ဒီလူ ဒီကိုလာသေးလား၊ အခု တစ်ရက်နှစ်ရက် ...ပျောင်းခဲ့ပါတော့"

"ဒီလူမလာတာ နှစ်ရက်တော့ ရှိပြီ၊ ညကလည်း မလာဘူး။ ...ရင်လည်း တော်တော်ဆိုးတယ်၊ သိပ်သောင်းကျန်တာ"

"ကျေးဇူးတင်ပါတယ်ဗျာ၊ မရတနာ့အိမ်ထဲ ကျွန်တော်ဝင်



www.burmeseclassic.com

လိုက်ပါဦးမယ်"

"ရှင်...ရတနာ မရှိဘူးလေ၊ ညက ပြန်မလာဘူး"

"ဟုတ်တယ်၊ ညကပဲ မရတနာ အသတ်ခံလိုက်ရတာ"

"အို...မြတ်စွာဘုရား"

ဘုရားတရင်း အမျိုးသမီးမှာ ထိတ်လန့်မှင်တက်သွား၏။ ခိုင်မင်းဆက်သည် ရတနာအိမ်လေးဆီသို့ လှမ်းခဲ့ပြီး ဘောင်းဘီအိတ်ထဲမှ သော့ကိုထုတ်ကာ အိမ်တံခါးကို ဖွင့်လိုက်၏။ အိမ်ထဲရောက်သည်နှင့် မီးခလုတ်တွေကို ဖွင့်ကြည့်လိုက်သည်။ မရတနာနေသော ပျဉ်ထောင်အိမ် ခပ်နိမ့်နိမ့်ကလေးကား အဖိုးတန်ပစ္စည်းတွေနှင့် ပြည့်နက်နေ၏။

မရတနာတွင် ကားလည်းရှိသည်၊ တယ်လီဖုန်း၊ တီဗွီ အောက်စက်၊ ရေခဲသေတ္တာစသည်ဖြင့် အစုံရှိသည်။ ထိုပစ္စည်းများ၏ တန်ဖိုးနှင့် ရှိုးသားစွာ စက်ချုပ်နေပါသည်ဆိုသော မရတနာအကြောင်း ခိုင်မင်းဆက်သည် စဉ်းစားမိသည်။ ထိုသို့စဉ်းစားမိသည့်အခိုက်၌ ခိုင်မင်းဆက် ခေါင်းထဲသို့ ပထမဦးစွာ မရတနာရည်းစားဖြစ်သူ သက်အောင်အကြောင်း ဝင်လာသည်၊

ဒုတိယအကြိမ် သပြေမြိုင်ရပ်ကွက်တွင် နေထိုင်သော မရတနာ သူငယ်ချင်းဖြစ်သူ သူဌေးမလေး ငါးဆိုမိုးအကြောင်းသည်





ဝင်လာ၏။ စဉ်းစားရင်း အိမ်ထဲလျှောက်ကြည့်ရင်းဖြင့် မရတနာအိပ်ခန်း ရှိ စားပွဲတစ်ခုပေါ်တွင် ဓာတ်ပုံတစ်ပုံကို တွေ့လိုက်ရ၏။ တွေ့သည်နှင့် ခိုင်မင်းဆက် သိလိုက်ပါသည်၊ ရုပ်ရှင်ရှင်နှင့်တွင် မှတ်တမ်းရှိသော သက်အောင် ဓာတ်ပုံ၊ မရတနာက အမြတ်တနိုး ခေါင်းရင်းတွင် ထား၏။ အချစ်တွင် မျက်စိမရှိဟူသော စကားသည် မရတနာအတွက် မှန်နေရသည်။

"ဟင်း..."

ခိုင်မင်းဆက်သည် ခေါင်းကိုခါယမ်းကာ မီးကိုပိတ်၍ မရတနာ နေသော အိမ်ထဲမှ ပြန်ထွက်ခဲ့လိုက်လေ၏။ ခိုင်မင်းဆက်သည် ကားကို မရတနာအိမ်ရှေ့မှ မောင်းထွက်ခဲ့လိုက်သည်။ ရဲစခန်းသို့ ပြန်လမ်းတစ်လျှောက်တွင်မတော့ ခိုင်မင်းဆက်၏ ခေါင်းထဲ၌ အမှုအတွက် မည်သို့ စုံစမ်းရန်နှင့် လုပ်ဆောင်ချက်များအား တန်းစီ အသင့်ရှိနေရပါလေသတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## လေး

ကန်သာယာရပ်ကွက် (၈)လမ်းတွင် နေထိုင်သော ရေတာနှာ ရည်းစားရှိသည့် ဘန်ထရိုက်တိုက်တစ်တိုက်အရှေ့ ခိုင်မင်းဆက်ခေါင်းဆောင်သော ရဲအဖွဲ့သည် ကားနှစ်စီးဖြင့် ရောက်လာကြ၏။ ကားရပ်သည်နှင့် ခိုင်မင်းဆက်သည် အဖွဲ့ဝင်များအား ခေါင်းတစ်ချက်ဆတ်ပြကာ အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

သက်အောင်နေသည်က ငါးလွှာ အပေါ်ဆုံးထပ်တွင်ဖြစ်၏။ ခိုင်မင်းဆက်တို့အဖွဲ့သည် ခြေသံလုံလုံဖြင့် အပေါ်ထပ်သို့ လှမ်းတက်လာသည့်အချိန်၌ သက်အောင်နေထိုင်သော အခန်းတွင်ကား...

"ကဲ...ဟောကောင်တွေ အခု ပစ္စည်းက ရှားနေတယ်၊ အရင်ဈေးတော့ မရတော့ဘူးနော်"

"ဟာဗျာ၊ ကိုသက်အောင်က လုပ်ပြီဗျာ"

"မလုပ်နဲ့လေ၊ ကျုပ်ကကယ်ပြောတာ၊ အခု အဖမ်းအဆီး





တွေကသိပ်များနေတာ ခင်ဗျားတို့လည်း သိသားပဲ မဟုတ်လား အရင်ဈေးနဲ့တော့မပေးနိုင်ဘူး၊ ခင်ဗျားတို့ယူနိုင်မှယူ ဒါပဲ"

"ကဲ..မထူးပါဘူးကွာ၊ ယူရတော့မှာပေါ့၊ ဟိုမှာကလဲပြတ်နေပြီဗျာ"

ဝယ်သူနှစ်ဦးကား အချင်းချင်း သဘောတူစကားများဆိုသည်။ သက်အောင်ကား သူနေထိုင်သော ငါးလွှာအပေါ်ဆုံးထပ်၌ ရှုးဟောင်းပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအား အပိုလုပ်ကိုင်နေသူပါတည်း။ ဆူးပြောင့်ကန်သင်းနှင့် ပြည့်နေသောဒုစရိုက်လုပ်ငန်းသည် သက်အောင်အဖို့ မထူးဆန်းတော့။ ထိုလမ်းအား သက်အောင်သည် လျှောက်နေရ၏။ ထိုအတွက် သက်အောင်အဖို့ အချုပ်နှင့် ရင်းနှီးပြီးသားရယ်ပါ။

ထိုလောကတွင် အရေထူ၍ ဝင်ဆံ့နေပြီဖြစ်သော သက်အောင်အကြောက ခံနေချေပြီ။ ဘယ်နေရာမဆို သက်အောင် တို့က ရှုံးတာစ်များသာပြီး နေတတ်သူ၊ ဝယ်သူနှစ်ယောက်မှ တစ်ယောက်နှင့်တစ်ယောက် သဘောတူပြီးပစ္စည်းများလှမ်းယူမည်ပြင်ခိုက်..

"ဟော့...ဟော့ ခွေးမသားတွေ မင်းတို့က ပိုက်ဆံတော့အရင်ပေးပေါ့ပဲနဲ့၊ ပိုက်ဆံပေးပြီးမှ ငါ့ပစ္စည်းကို ထိကွ"

လှမ်းယူလာသည့် လက်တွေဆီ သက်အောင်က ပုတ်ဖယ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ထုတ်ပစ်လိုက်ပြီး ခပ်ကြမ်းကြမ်းဆိုသည်၊

"အေးပါကွာ၊ ရော့…ရော့"

သက်အောင်ပြောသည့် ဈေးအတိုင်းပဲဝယ်သူကလည်း ခဝယ်မဖြစ်၍ဝယ်ရပြီး ငွေကိုဦးစွာ သက်အောင်ရှေ့ ချပေးလိုက်သည်။ သက်အောင်သဘောကျသွား၏ ၊ သူ့ရှေ့ချပေးလာသော ငွေအထပ်လိုက်တွေကို သက်အောင်သဘောကျစွာကြည့်နေသည်။ လက်ဖျားနှင့်တော့မထိ။ မိမိပိုင်နက်ထဲမို့ သက်အောင်အဖို့ စိုးရိမ်စရာမရှိဟူသော သဘောရယ်ပါ။

"မှန်မှန်ကန်ကန် မင်းတို့ငါ့ပစ္စည်းကို သုံးကြည့်ပါ၊ ငါ့ပစ္စည်းက တိုးလည်းမတိုးဘူး၊ လျော့လည်းမလျော့ဘူး၊ ဒါတော့မင်းတို့စိတ်ချ ကဲ…မင်းတို့လည်း ပစ္စည်းယူပြီးပြန်"

"နောက်ကော ဘယ်တော့ရဦးမလဲ ကိုသက်အောင်၊ ကျွန်တော်တို့က အလုပ်လုပ်ရင်မြန်တယ်ဗျ"

"ဟာ…ဒါတော့၊ ငါသည်းငါ့လက်ထဲပစ္စည်းရှိမှပဲပေါ့၊ အတိအကျတော့ ဘယ်ပြောနိုင်မလဲ၊ ဆေးကားတာတွေကလည်း ရှိသေးတယ် ကဲ…ကိစ္စပြီးရင်လည်းပြန်ကွာ။ ငါလည်း င ရည်းစားဆီသွားဦးမယ်ချိန်းထားတယ်"

ကိုသက်အောင်မှာ ထွင်ကျယ်သောဟန်ဖြင့် စကားတွေဆို





၏။ ပစ္စည်းဝယ်သူတွေကလည်း ရေးဟောင်းပစ္စည်းထုပ်များကို အိတ်ထဲ ထည့်၍သူမယ် ပြင်ဆဲ…

"ခေါက်…ခေါက်"

"ကိုသက်အောင် တံခါးဖွင့်ပါ၊ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေပါ။ ခင်ဗျားတို့ ပြေးမယ်မကြံနဲ့၊ အောက်မှာလည်း ခင်ဗျားတို့ကို အသင့်စောင့်နေကြတယ်၊ အထဲမှာ ခင်ဗျားတို့ အလုပ်လုပ်နေတယ်ဆိုတာ ကျုပ်တို့အပြင်ကနေ အားလုံးကြားပြီးပြီ"

တံခါးကို ခပ်ကြမ်းကြမ်းခေါက်ပြီး ခိုင်မင်းဆက်ဆိုလိုက်သည်။

"ဟာ…ကိုသက်အောင်၊ ဘယ်လိုလုပ်မလဲ"

အထဲတွင် ကိုသက်အောင်တို့ သုံးယောက်မှာ ပျာ၍နေပြီ။ သက်အောင်မှာ အိမ်ရှေ့၊ အိမ်နောက် အိမ်ဘေးပြတင်းပေါက်တွေဆီ ပြေး၍ ကြည့်သည့်၊ အိမ်ရှေ့နှင့် အိမ်ဘေးပြတင်းပေါက်မှ လှမ်းကြည့်သည်တွင်အောက်တွင် စောင့်နေသောရဲများကို ကိုသက်အောင် တွေ့လိုက်ရ၏။ နောက်ဖေးပြတင်းဆီ သက်အောင်ပြေးကြည့်တော့ စောင့်မရှိသည်မို့။

"ဟာ…ကျုပ်တော့ နောက်ဖေးပိုက်လုံးကနေ ပြေးတော့မယ်"

"ဟာ…ကိုသက်အောင် မလုပ်ပါနဲ့ တံခါးပဲဖွင့်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်..ဒေါက်"

"ကိုသက်အောင် တံခါးဖွင့်ပါ"

အပြင်မှ ခိုင်မင်းဆက်အသံက ထပ်မံ၍ ပေါ်လာသည်။

"ကိုသက်အောင်"

ပစ္စည်းဝယ်သူက ကယောင်ချောက်ချားဖြစ်ကာ ကိုသက်အောင်ကို ခေါ်လိုက်သည်၊

"ခင်ဗျားတို့ဘာသာခင်ဗျားတို့ ဖွင့်ပြီး အဖမ်းခံချင်ခံ၊ ကျုပ်ကတော့ပြေးပြီ"

သက်အောင်ဆိုရင်း နောက်ဖေးမှ မန်ကျည်းခွကာ ပိုက်လုံးမှ တွယ်၍ဆင်းဆဲ၊ ပစ္စည်းဝယ်သူတစ်ဦးက ပြေးမလွတ်တော့၍ အခန်းတံခါးကို ဖွင့်ပေး ရဲများဝင်ရောက်လာပြီး အားလုံးကို လက်ထိတ်ခတ် ဖမ်းဆီးလိုက်၏။ ခိုင်မင်းဆက်သည် သက်အောင်ကို မသိခင် သက်အောင်အကြောင်းကိုသိ၍ နောက်ဖေးဘက်သို့သွားရောက်ငုံ့ကြည့်လိုက်သည်တွင် ပိုက်လုံးမှ သက်အောင် တွယ်ဆင်းနေသည်ကို တွေ့လိုက်ရ၏။

ခိုင်မင်းဆက်သည် တစ်ချက်ပြုံးလိုက်ပြီး သက်အောင်အခန်းထဲမှ ပြေးထွက်ခဲ့လိုက်၏၊ တတိယထပ်သို့ ခိုင်မင်းဆက်သည် အမြန်ဆုံး ပြေးဆင်းခဲ့သည်။ အသင့်ပင် အိမ်တံခါးသည် ဖွင့်နေ





သည်မို့ ခိုင်မင်းဆက်သည် ခွင့်လည်းတောင်းရင်း၊ အိမ်ထဲလည်း ပြေးဝင်ခဲ့ပြီး တတိယထပ်ရေအိမ်ပြတင်းတွင် အသင့်စောင့်နေလိုက်၏။

အပေါ်ထပ်မှ ကိုသက်အောင်သည် ပိုက်လုံးကို တွယ်ကာ ခဲရာခဲဆစ် ဆင်းလာခဲ့၏။ တတိယထပ်ရှိ ရေအိမ်ခန်းကိုဖြတ်ခိုက်မှာတော့...

"ချွမ်း..."

"အား..."

ရေအိမ်မှန်သည် ကွဲထွက်သွားပြီး လက်ထိတ်က သက်အောင်၏ ရင်ဘတ်မှ အင်္ကျီစအား ဆောင့်ဆွဲယူလိုက်လေရာ၊ သက်အောင်ကားလန့်ဖျပ်ကာ ခိုင်မင်းဆက် ဆွဲသွင်းရာရေအိမ်သို့ ရောက်ရှိလာရပါတော့သတည်း။

"ဘယ်လိုလဲကိုသက်အောင်"

ကိုသက်အောင်အင်္ကျီရင်ဘတ်မှ ဆွဲကာ ခိုင်မင်းဆက်ဆိုတော့ သက်အောင်သည် ရုန်းကန်၍ ပြေးမည်ပြုသေး၏။

"မရဘူး ကိုသက်အောင်"

"ခွပ်"

"ချောက်"

စကားနှင့်အတူ ခိုင်မင်းဆက်၏ လက်သီးနှင့် လက်ထိ



www.burmeseclassic.com

www.burmeseclassic.com



တွေက ကိုသက်အောင်မျက်နှာနှင့် လက်တွေဆီသို့ လျှပ်ပြက်သလို ရောက်သွားရပြီးသား ဖြစ်နေတော့၏။ စောစောက မှန်ဧအားသော ဒဏ်ရာတွေနှင့် ခိုင်မင်းဆက် လက်သီးကြောင့် သက်အောင်နှာခေါင်းမှ သွေးတို့က ဖြာဆင်း၍လာသည်။ ငြိမ်ငြိမ်ခံနေတတ်သော တရားခံများအတွက် ခိုင်မင်းဆက်၏ အေးအေးဆေးဆေး တုံ့ပြန်မှုလေးသာပါ။ ခိုင်မင်းဆက်သည် သက်အောင်ကုပ်ပိုးမှ အင်္ကျီကိုဆွဲ၍ ထုတ်ခဲ့သည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ နောက်ဖေးက မှန်အတွက်လည်း ဒီနေ့ပဲ ကျွန်တော် လူလွှတ်ပြီး လာပြင်ခိုင်းလိုက်ပါ့မယ်"

"ရပါတယ်ရှင်"

အိမ်ရှင်ကို ကျေးဇူးတင်စကားပြောပြီး သက်အောင်ကို ဖမ်းဆီးကာ ခိုင်မင်းဆက်သည် အောက်သို့ဆင်းခဲ့လေ၏။ ထို့နောက် တရားခံများအား သက်သေခံပစ္စည်းများနှင့်တကွ ဖမ်းဆီးကာ ရဲစခန်းသို့ခေါ်ခဲ့၏။ တစ်အောင့်ခန့်ကြာသည်တွင် ရဲစခန်းသို့ရောက်လာခဲ့သည်။ ရဲစခန်းသို့ရောက်သည်တွင် ခိုင်မင်းဆက်သည် သက်အောင်အား အခြားရဲ အရာရှိလက်သို့ လွှဲပြောင်းပေးလိုက်သည်။

သက်အောင်ကား သွေးတို့ဖြင့် ချင်းချင်းရဲကာ အဆောင်ကြီး အီဆိမ့်သွား၍ ဝပ်ဆင်းနေ၏။





"ဒီတရားခံကို ဆေးရုံပို့လိုက်မှ"

"ဘယ်လိုဖြစ်တာလဲ"

"ကောင်းကောင်းမှ အဖမ်းမခံတာ ထိတာပေါ့"

"ကောင်းတယ်"

"ချောင်း"

ရဲတွေအချင်းချင်းဆိုကာ ရဲတစ်ယောက်က အုပ်ထည့်သွားပြန်၍ သက်အောင် ခေါင်းစိုက်သွားရ၏။

"ကိုဆက်ရေ"

ခိုင်မင်းဆက်သည် မိမိရုံးခန်းထဲသို့ဝင်ကာ ဆက်လုပ်ရမည့် အချက်များအား စဉ်းစားမည်ပြင်ဆဲ အထက်အရာရှိ ဦးလှမြိုင်၏ အေါ်သံကြောင့်...

"ဗျာ...ဆရာ"

"ဒီလာပါဦးကွာ ဆရာ ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ဆရာ"

ခိုင်မင်းဆက်သည် အရာရှိရုံးခန်းဆီသို့ နေရာမှ ထကာသွားလိုက်၏။ အရာရှိရုံးခန်းထဲသို့ ရောက်သည်တွင် လုပ်ဖော်ကိုင်ဖက် အရာရှိတစ်ယောက်ကိုပါ ခိုင်မင်းဆက် တွေ့လိုက်ရသည်။

"ကိုဆက်တို့ကို ပြောမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

"ဒီအမှုကို အမြန်ဆုံးဖော်ထုတ်ရမယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ ဆရာတို့နှစ်ယောက် ပူးတွဲလုပ်ကြဖို့ကို မှာချင်တယ်"

"ဟုတ်ကဲ့ ဆရာ"

အရာရှိစကားအတွက် နှစ်ယောက်လုံးက ခေါင်းညိတ်ဆိုသည်။

"လိုအပ်လို့ အင်အားသုံးရမယ့်နေရာကျတော့လည်း ကျန်တဲ့သူတွေကို ပြောပေါ့ကွာ"

"ဟုတ်ကဲ့ ဆရာ"

"အေး...ဆရာ အဲဒါ မှာချင်တာပဲ၊ ဆရာတို့ ဆက်လုပ်ကြပါ"

"ဟုတ်ကဲ့ ဆရာ၊ လေးစားပါတယ်၊ ခွင့်ပြုပါဦး"

အရာရှိကို နှုတ်ဆက်ခဲ့ကြပြီး ရုံးခန်းထဲမှ ပြန်ထွက်ခဲ့ကြသည်။

"ကိုဆက်ရေ အမှုတစ်ခုဖြစ်လို့ကတော့ ထုံးစံအတိုင်း ကျုပ်တို့အေးဆေးနေကြလို့ မဖြစ်တော့ဘူး၊ လှုပ်ရှားကြရတော့မယ်"





"ဒါပေါ့ဗျာ"

လုပ်ဖော်ကိုင်ဖက် အရာရှိကဆိုနေ၍ ခိုင်မင်းဆက်သည် အပြုံးချောချောဖြင့်ဆိုကာ သူ့ရုံးခန်းထဲသို့ ဝင်ရောက်သွားပါတော့၏။

♤ ♤ ♤



www.burmeseclassic.com

www.burmeseclassic.com



## ငါး

သည်ညနေတော့ နိုင်မင်းဆက်သည် သမီးလိုကြိုရန် စောစော ရောက်လာခဲ့၏။ မူကြိုကျောင်းမှ ဆရာမများအားလုံးသည် သမီးနှင့် သူ့အကြောင်းတွေကို သိထားကြ၍ တစ်ခါတစ်ရံ သမီးကိုကြိုရန် နောက်ကြနေလျှင် အိမ်နှင့်တွဲလျက် ကျောင်းဖွင့်ထားသော ဆရာမက သမီးကို ခေါ်ထား၏။ သူလာခေါ်မှ သမီးကို ပြန်ထည့်လိုက်၏။ တူအရီးနှစ်ယောက်တည်းသာရှိတော့ သူတို့အခက်အခဲကို ဆရာမများကလည်း အများကြီး ကူညီကြပါ၏။

ခြံဝင်းထဲသို့ သူ့ကားမောင်းဝင်လာသည်အထိ သမီးလေး ပိုးပိုးသည် သူ့ကိုမမြင်ပါ။ သမီးကို မူကြိုကျောင်းတွင် နေရသည်ကို ပျော်သွားပုံရသည်၊ စိတ်ဝင်စားပုံရသည်။ မူကြိုတွင် ကစားဖော် အဖော်တွေရှိနေတော့လည်း သမီးလေး ပျော်နေသည်ကိုပင် နိုင်မင်းဆက်အဖို့ စိတ်သက်သာရာ ရနေရပါသေး၏။

အိမ်တွင်မှာတော့ တူအရီးနှစ်ယောက်သာ တစ်ယောက်ကို တစ်ယောက် အဖော်လုပ်နေကြရသည်။

နိုင်မင်းဆက်သည် ချမ်းမြေ့စွာ သမီးလေးဆီကြည့်ရင်း ပြုံးနေမိ၏၊ သမီးသည် သူ့ကိုမမြင်နိုင်အောင် ခေါင်းလေးငုံ့ပြီး ပုံဆွဲနေဟန်ရှိသည်။ သမီး ပုံဆွဲဝါသနာပါသည်ကိုတော့ သူသိ၏။

"ဦးဦး"

"ခြော်...သမီး၊ သမီးက ဦးဦးကို သိနေလားကွယ့်"

"သိတာပေါ့၊ ဦးဦးက ပိုးပိုးဒယ်ဒီမဟုတ်လား"

"အဟွန်း...သိပ်ဟုတ်တာပေါ့ သမီးရာ"

"ဟိုမှာ ပိုးပိုးပုံဆွဲနေတာ ဦးဦး၊ သမီးသွားပြောလိုက်မယ် နော်"

ကလေးကဆိုရင်း ထွက်သွားသဖြင့် သူခေါင်းညိတ်ပြလိုက်သည်။ သူလှမ်းကြည့်နေဆဲ သူငယ်ချင်းကလာပြော၍ သမီးသည် ခေါင်းလေးမော့ကာ ရွှန်းရွှန်းစေသောအပြုံးနှင့် ကြည့်လာပါ၏။ လဲ့အမှဲ့တူမလေးသည် သူ့ကိုသာ အားကိုးနေပြီး နေတတ်သည့်အတွက် ပုခလေးကို သနားပိုကာ သူချစ်ရပါ၏။

"ဒယ်ဒီ"

သမီးက အော်ခေါ်ရင်း သူ့ကိုလက်ပြသည်။ သူလည်း ဖက်တစ်ဖက် ပြန်မြှောက်ပြ၏။ သမီးခေါ်သံကြောင့် ဆရာမတွေ





www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့ကိုမြင်တွေ့သွားကြ၏။

ဆရာမကြီးသည် သူ့ထံသို့ဆင်းလာခဲ့ပြီး...

"ဦးခိုင်မင်းဆက် ရောက်နေတာကြာပြီလား"

"သိပ်မကြာသေးပါဘူး ဆရာမ၊ ကျွန်တော် သမီးကို ခေါ်သွားလို့ရပြီလား"

သူဆိုတော့ ဆရာမသည် ပြုံးလာ၏။ပြီးက ကလေးတွေဆီ တစ်ချက်ကြည့်ရင်း...

"ဒီည ကျွန်မတို့မှာ အစီအစဉ်တစ်ခုရှိတယ် ဦးခိုင်မင်းဆက်ရဲ့၊ ကလေးတစ်ယောက်ရဲ့ မွေးနေ့လေး...ဒီမှာပဲလာပြီး ကျင်းပမယ်၊ သိပ်မိုးချုပ်မှာဆိုတော့ အိမ်ဝေးတဲ့သူတွေနဲ့ ပိုးပိုးလေးကို ကျွန်မတို့ ဒီမှာပဲ ခေါ်ထားလိုက်ဖို့ စိတ်ကူးတယ်၊ အဲဒါ ဦးခိုင်မင်းဆက်သဘောက"

"သြော်...ရပါတယ်ဆရာမ ဆရာမတို့လက်ထဲမှာ ကျွန်တော့်သမီးထားရတာပဲ စိတ်မချစရာအကြောင်းမရှိပါဘူးခင်ဗျာ၊ သမီးလေးပျော်နေရင်သာ ပြီးတာပါပဲ"

"ဒယ်ဒီ"

"သမီး"

သူနှင့်ဆရာမတို့ စကားပြောနေကြဆဲ ပိုးပိုးပြေးလာ၍ ခိုင်မင်း





ဆက်သည် ပွေ့ဖက်ချီထားလိုက်ပြီး...

"သမီး...ဒီည၊ ဒီမှာ မွေးနေ့ရှိတယ်ဆို"

"ဟုတ်တယ် ဒယ်ဒီ၊ သမီး ဒီမှာ သူငယ်ချင်းတွေနဲ့အိပ်မယ်နော်"

"အိပ်ပါဗျာ"

"ဒယ်ဒီ"

"ပြော သမီး"

"သမီးကိုလည်း မွေးနေ့ ဒီမှာပဲ လုပ်ပေးနော်"

"ကောင်းပါပြီဗျာ၊ သမီး မွေးနေ့ကျရင် ဒယ်ဒီလုပ်ပေးမယ်ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဒယ်ဒီ"

"ဒါဆို သမီးနေခဲ့တော့၊ ဒယ်ဒီပြန်မယ်"

"ဟုတ်ကဲ့ ဒယ်ဒီ"

သမီးကို အောက်ချပေးလိုက်သည်တွင် သမီးသည် သူ့သူငယ်ချင်းတွေထံ ပြေးသွားလိုက်၏။

"ဆရာမ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

သမီးကိုထားခဲ့ပြီး ဆရာမကို နှုတ်ဆက်ကာ ခိုင်မင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



သည့် ကားကို အေးအေးဆေးဆေးမောင်း၍ အိမ်သို့ပြန်ခဲ့လိုက်လေ၏။

ညရှစ်နာရီ၌ အိမ်တွင် ခိုင်မင်းဆက်သည် တစ်ယောက်တည်းရှိနေသည်မို့ တစ်ကိုယ်တည်း အရက်သောက်ရင်း အမှတ်တွေများအကြောင်း စဉ်းစားနေပါ၏။ အရက်သောက်၍ ရီဝေနေသည့်တိုင် ခိုင်မင်းဆက်အသွင်သည် အေးဆေး၍ တည်ငြိမ်မှုရှိနေ၏။ ခိုင်မင်းဆက်သည် အိမ်ထဲတွင် တစ်ကိုယ်တည်း အရက်ကို အေးဆေးစွာသောက်နေစဉ် အိမ်ရှေ့မှ ကားရပ်သံနှင့် ကားမီးရောင်ကိုတွေ့လိုက်ရ၍ ကြည်ပြာရောက်လာသည်ကို သိလိုက်ရ၏။

သူ နောင်တရသွားသည်။ အိမ်ရှေ့တံခါးအား သေးရုံပိတ်ထားပြီး အိမ်တံခါးကိုပိတ်မထားမိခြင်းအတွက်ပါ။ သည်လိုအချိန်မျိုး ကြည်ပြာသည် သူ့ထံရောက်လာခဲ့ဖူးမထင်ထားသောကြောင့်လည်း ပါ၏။

"ကိုဆက် ဘာလုပ်"

ခေါ်သံနှင့်အတူ အိမ်ရှေ့တံခါးကို ဖွင့်ပြီး ဒေါက်တာကြည်ပြာ ဝင်ရောက်လာသည်။ ခိုင်မင်းဆက်သည် လှမ်းမကြည့်ဘဲ နှုတ်ဆက်လိုက်ရင်းမှ လက်ကျန်အရက်ကို မော့သောက်လိုက်၏။ ပြီးတော့ ခွက်ထဲအရက် နည်းနည်းထပ်ထည့်သည်။





"ဟယ်...ကိုဆက် အရက်တွေသောက်နေတာကိုး"

"အင်း..."

သူ ကြည်ပြာဘက် တစ်ချက်သာကြည့်ပြီး ဆို၏။ ဒေါက်တာကြည်ပြာသည် သူ့အနီးတွင်ထိုင်လာရင်း ဟိုဒီကြည့်ရင်းက..

"ကိုဆက် သမီးရော အိပ်ပြီလား"

"သမီးမရှိဘူး၊ သူ့ကျောင်းမှာ မွေးနေ့ပွဲရှိလို့ ဆရာမတွေက ဟိုမှာပဲ ခေါ်အိပ်ထားကြတယ်"

"သြော်...ဒါကြောင့် ကိုဆက်က တစ်ယောက်တည်းလွတ်နေတာကိုး၊ အဟင်း...ဟင်း"

"နေပါဦး အခု ဒေါက်တာက ဘာကိစ္စ"

ခိုင်မင်းဆက်မေးလိုက်သည်။

"ကြည်ပြာက လာလည်တာလေ၊ ပိုးပိုးလေးလည်း ရှိတယ်ထင်လို့"

"သမီး မရှိဘူး၊ ဒေါက်တာပြန်တော့"

"ကိုဆက်ကလည်း သမီးမရှိလည်း ဘာဖြစ်လဲ၊ ကိုဆက်နဲ့ ကြည်ပြာက.. သူစိမ်းတွေမှ မဟုတ်တာ"

ကြည်ပြာဆိုသော့ ခိုင်မင်းဆက်သည် ကြည်ပြာမျက်နှာလေးကို ငေးပိတည့်တည့်တစ်ချက် စိုက်ကြည့်လိုက်သည်။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ ကျွန်တော် အိမ်နီးချင်းအသိတွေကလွဲရင် သူစိမ်းပဲဗျာ၊ ပြီတော့ အခု ကျွန်တော်အရက်သောက်နေတာနော်၊ အရက်သောက်တဲ့သူဟာ မိုက်ရိုင်းချင်ရင်လည်း ရိုင်းသိမ့်မယ်"

"အမလေးကိုဆက်ရယ်၊ ဖြဲခြောက်မနေစမ်းပါနဲ့၊ ကိုဆက်ဟာ ဒီလိုလူစားမျိုးမဟုတ်ဘူးဆိုတာ ကြည်ပြာသိပြီးသား"

ခိုင်မင်းဆက်သည် စိတ်ထဲ စိတ်ပျက်သွားပြီး သက်မအောင့်ချသည်။ စောစောက ထည့်ထားသော အရက်ကိုလည်း တစ်ချိုက်တည်းနှင့် မော့သောက်လိုက်၏။ အရက်ပုလင်းထဲက အရက်တစ်ဝက်ကျော်နေပြီကို ကြည်ပြာကြည့်လိုက်သည်။ ခိုင်မင်းဆက်တစ်ယောက် အရက်မူးနေပြီကိုလည်း ကြည်ပြာသဘောပေါက်နေ၏။ ခိုင်မင်းဆက်သည် ပုလင်းထဲမှ အရက်ကို ထပ်ထည့်ရန် ပြင်သည်။

"အို..တော်တော့ကွယ်"

"ကိုဆက် မူးနေပြီ၊ ဆက်မသောက်နဲ့တော့၊ အိပ်တော့"

အရက်ပုလင်းဆီ လှမ်းကိုင်နေသော ခိုင်မင်းဆက်လက်ကို လှမ်းဆွဲထားရင် ကြည်ပြာဆိုသည်။

"ရပါတယ်"

"တော်တော့ကွာ၊ ကိုဆက်အိပ်တော့"

"ဒါဖြင့် ကိုယ်အိပ်မယ်၊ ခင်ဗျားပြန်တော့"





"အင်းပါ"

သူ့မျက်လုံးကို မှိတ်ထားလိုက်သည်။ အရက်မူး၍ တစ်ကိုယ်လုံးသည်း မလှုပ်ချင်၊ မသယ်ချင်တော့။ အိပ်ပဲ အိပ်ချင်နေသည့် အသိသာ ရှိတော့၏။

"ကိုဆက်"

မျက်လုံးမှိတ်၍ မှိန်းနေသည်တွင် ကြည်ပြာခေါ်သံကို သူကြားလိုက်ရသည်။

"ဟင်..."

"အလောင်းကို ကြည်ပြာ သေချာစစ်တော့လည်း တခြားဘာမှတော့ ထူးခြားတာ မရှိပါဘူး။ အလောင်းဟာ မီးလောင်ပြီးသေတာ မဟုတ်ဘူး။ နှလုံးနေရာမှာ ဓားမြှောင်လို ယူဆရတဲ့ ပစ္စည်းနဲ့ သုံးလေးချက်ထိုးထားတဲ့ ဒဏ်ရာမျိုးကို တွေ့ရတယ်။ အဲဒီဒဏ်ရာမျိုးကို တွေ့ရတာပဲ၊ အဲဒီဒဏ်ရာနဲ့သေတာ"

ကြည်ပြာ စကားတွေဆိုသည်။

"အင်း..[illegible]ပါကွာ၊ ဒီကိစ္စတွေ နောက်မှပဲ ပြောပါကွာ၊ မနက်ကျရင် ကျွန်တော် သပြေမြိုင်ရပ်ကွက်က ဝါဆိုမိုးဆိုတဲ့ အမျိုးသမီးကို သွားတွေ့ရဦးမယ်"

"ဟင်...ဟုတ်လား၊ ဘာကိစ္စနဲ့လဲကိုဆက်"



www.burmeseclassic.com

www.burmeseclassic.com



"အမှုနဲ့ ပတ်သက်လို့ပါဗျာ"

"ဒါဆို ကြည်ပြာလည်း လိုက်ချင်တယ်ကိုဆက်ရယ်၊ အဲဒီဝါဆိုမိုးဆိုတဲ့ အမျိုးသမီးက အချမ်းချမ်းသာကြွယ်ပြီး...

နတ်သမီးလေးလိုသိပ်လည်းလှတယ်ဆိုတော့ သတင်းကြားနေတယ်လေ ကြည်ပြာ ကြည့်ချင်တယ်၊ တွေ့ဖူးချင်တယ်၊ တစ်မြို့တည်းနေပေမယ့် တစ်ခါမှ သူ့ကို မမြင်ဖူးဘူး ကိုဆက်ကော မြင်ဖူးလားဟင်"

"ဟင့်အင်း... မမြင်ဖူးပါဘူး၊ မမြင်ဖူးလည်း သူ့အိမ်ကိုသွားတွေ့ရဦးမှာပဲ"

"ကြည်ပြာလည်း လိုက်မယ်နော်"

"လိုက်၊ လိုက် ကွန်တော်အိပ်တော့မယ်၊ ခင်ဗျားလည်းပြန်တော့"

"ကိုဆက်"

ကြည်ပြာခေါ်သည်၊

ခိုင်မင်းဆက် မထူးတော့။ နောက်ဆုံးမှာတော့ ကြည်ပြာသည်ရှက်ခြင်း၊ ထိခိုက်ခြင်းတို့ဖြင့် သူမအိမ်သို့ ပြန်သွားခဲ့ရပါလေသတည်း၊

❀ ❀ ❀



ခြောက်

ခိုင်မင်းဆက်မောင်းလာသော ကားလေးသည် သပြေမြိုင်ရပ်ကွက်သို့ မှန်မှန်ပင် မောင်းနှင်လာ၏။ သူ့အနီးတွင်မတော့ ဒေါက်တာကြည်ပြာသည် သူ့ကို အကဲခတ်ကာ လိုက်ပါ၍လာသည်။

"ကိုဆက်"

"ဟင်"

ကြည်ပြာခေါ်တော့ သူထူးသည်။

"ညက ကိုဆက်သိလား"

"ဘာလဲ.."

"ညက ကိုဆက်အရက်မူးတယ် မဟုတ်လား"

"အင်း...ဟုတ်တယ်၊ ညက ကျွန်တော်အရက်သောက်တယ်"

"ကြည်ပြာလာတာ သိတယ်မဟုတ်လား"

"သိပါတယ်"

"ကြည်ပြာပြန်တာကော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မသိတော့ဘူး"

"ကိုဆက် ညက အရက်သောက်တော်မူးလား"

"အင်း..."

"ကိုဆက်ညက ဘာတွေသိသေးလဲ"

"ဘာမှ မသိဘူး"

ကြည်ပြာစကားတွေကို ခိုင်မင်းဆက် သဘောပေါက်မှ သည်။ ညက သူမ၏ လပ်ရပ်အတွက်လည်း သူမအနေခက်‌ ဟန်ရှိမည်။ ထို့အတွက် သူ့အနေနှင့်လည်း အလိုက်သိစွာဖြ အရက်မူးကြောင်းသာ တခင်ခြောဖြင့်လိုက်ပါ၏။ သူမအသွင်အ သူ့အနေနှင့် အကဲခတ်လိုပါ၏။

ကားကိုပင် ထူရှဲ့ ကြည့်ကာ ခိုင်မင်းဆက် ဆက်ခေ ခဲ့သည်။ ကြည်ပြာသည်အား-သူ့အားကြည့်ကောင်း ကြည့်နေလိ မည်ဟု ခိုင်မင်းဆက်သိ၏။အမှန်လည်း ကြည်ပြာသည် ခိုင်မင်းဆ အား မသိမသာကြည့်နေသည်ပါ။ ညက အရက်မူး၍ ဘာမှမ ဟုဆိုသဖြင့် ကြည်ပြာ အနေသက်သာရ၏။

"ကိုဆက်"

"ဟင်..."

"အခု ဝါဆိုမိုးဆိုတဲ့ အမျိုးသမီးဆီကို သွားမှာ အမှုကိစ္စ





ဆိုင်လို့ပေါ့နော်"

"ဟုတ်တယ်၊ အသတ်ခံရတဲ့ မရတနာဆိုတာ ဝါဆိုမိုးဆီ အမြဲ သွားလာနေတတ်တယ် ဒါကြောင့် ဝါဆိုမိုးကိုလည်း နည်းနည်း ပါးပါးမေးဖို့ လိုတယ်လေ၊ နောက်တော့ အခု ဆေးရုံတင်ထားတဲ့ မရတနာရဲ့ ရည်းစားကိုလည်း စစ်ဆေးကြည့်ရဦးမယ်"

"ဪ...ကိုဆက်တို့ ရဲတွေရဲ့ အလုပ်ကလည်း တော်တော် ရှုပ်တယ်နော်"

"ရှုပ်တယ်တော့ ဘယ်ဟုတ်မလဲ၊ ဒီလိုပဲပေါ့"

"ကိုဆက်"

"ဟင်..."

"အခု သွားတွေ့မယ် ဝါဆိုမိုးဆိုတဲ့ အမျိုးသမီးဟာ သိပ်ချော တာတဲ့၊ ယောကျ်ားတွေဟာ သူ့ကို တွေ့တာနဲ့ ကြိုက်တာပဲ"

"အဲဒါ...ဘာဖြစ်လဲ"

"ကိုဆက်လည်း သူ့ကိုတွေ့ရင် သဘောကျမှာ သေချာ တယ်"

ကြည်ပြာစကားအတွက် ခိုင်မင်းဆက် မဆို။

"အဲဒါဝါဆိုမိုးဟာ အမျိုးသားတွေနဲ့လည်း တော်တော်တွဲ တယ်လို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပဲ ကြည်ပြာပြောပြော ခိုင်မင်းဆက်ကာ နှုတ်ဆက်၍သာနေ၏။ခိုင်မင်းဆက် မောင်းလာသော ကားသည်လည်း ဝါဆိုမိုး နေသော ခြံကြီးထဲသို့ ရောက်ရှိလာပြီဖြစ်၏။ ခိုင်မင်းဆက်သည် ဆင်ဝင်အောက်၌ ကားကို ရပ်ပြီး ကားပေါ်မှ ကြည်ပြာနှင့်အတူ ဆင်းလိုက်သည်နှင့်...

ခမ်းနားသော တံခါးမကြီးသည် ပွင့်လာ၏။ တံခါးမကြီး ပွင့်လာသည်နှင့် ဖိတ်ဖိတ်တောက်သော အလင်းတန်းတစ်ခုအား တွေ့လိုက်သလို၊ ခိုင်မင်းဆက်၏ မျက်ဝန်းမှတစ်ဆင့် ရင်ထဲသို့တိုင် ဝါဆိုမိုး၏ အလှသည် ဝင်းဆိမ့်တောက်ပစွာ ထိုးဖောက်ဝင်ရောက်သွားသည်ကဖြင့် အမှန်ပါတည်း။

တစ်သက်နှင့်တစ်ကိုယ်၌ ထိုသို့သော အလှပိုင်ရှင်မျိုးအား ခိုင်မင်းဆက် မတွေ့မမြင်ခဲ့ဖူးသည်က အမှန်၊ ကြည်ပြာသည် ခိုင်မင်းဆက်ဘက် တစ်ချက်ကြည့်သည်။ ဝါဆိုမိုးသည် ခိုင်မင်းဆက်နှင့် ကြည်ပြာတို့ထံ ကြည့်ရင်းမှ နှုတ်ခမ်းလှလှသေးတို့ ဆေကာ ပြုံးလာပြီး...

"ဘာကိစ္စများ ရှိပါသလဲရှင်"

ဝါဆိုမိုးမေးသည်၊ ဝါဆိုမိုး၏ အသံလေးသည် စမ်းချောင်းစီးသံလေးနှယ် တည်ငြိမ်၍ ညင်သာသိမ်မွေ့သာယာနေပါလေ၏၊





ဝါဆိုမိုး၏ သံစဉ်မွှေးတွင်မလည်း ခိုင်မင်းဆက်သည် ဒုတိယမွဲ ကြည်မောသွားရသလိုရှိပါ။

"ကိုဆက် မေးနေတာသလေ"

ကြည်ပြာက ဆိုလေမှ၊ ခိုင်မင်းဆက်သည် မပြုံးမရယ် ဟု၏ မျက်နှာချောချောက ထုံးစံအတိုင်း တည်တည်ငြိမ်ငြိမ်ရှိကာ ဝါဆိုမိုး၏ ငင်းထိန်နေသော ထူးခြားသည့် အလှဆီကြည့်ဆဲမှ...

"ကျွန်တော် ရဲအရာရှိ ခိုင်မင်းဆက်ပါ၊ ခင်ဗျားက"

"ဟုတ်ကဲ့၊ ကျွန်မက ဝါဆိုမိုးပါရှင့်၊ ကိစ္စများ ရှိသလား သိဘူး"

"ဟုတ်ကဲ့ ကိစ္စရှိလို့ ခင်ဗျားနဲ့ ကျွန်တော် စကားနည်းနည်းပြောခွင့်ပြုပါ"

"ဟုတ်ကဲ့ ရပါတယ်ရှင်၊ အထဲဝင်ပါ"

ခိုင်မင်းဆက်နှင့် ကြည်ပြာသည် ဝါဆိုမိုး၏ ဖိတ်ဖိတ်တောက်ပည်းများနှင့် တန်ဆာဆင်ထားသည့် တိုက်ကြီး၏ ဧည့်ခန်း အလှကြသရေအား ကြည့်မြစ်၏။

"ထိုင်ပါရှင်"

ဧည့်ခန်းသို့ ရောက်သည်တွင် လုပ်အိစက်သော ဆိုဖာကြီးပေါက် ဧည့်ဝတ်ပြုကာ ထိုင်စေ၍ အားလုံးထိုင်လိုက်ကြသည်။ မင်းဆက်နှင့် ကြည်ပြာက ယှဉ်လျက်ထိုင်ပြီး၊ ဝါဆိုမိုးသည်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့၌ ပုံပုံအိအိလေး ထိုင်လာ၏။ ခိုင်မင်းဆက်သည် ဝါဆိုမိုး၏ ခမ်းနားလှန်းသော တိုက်ကြီးဆီ ကြည့်ပြီး ဝါဆိုမိုး အလှဆီ ပြန်ကြည့်ရင်းမှ...

"ဒီတိုက်ကြီးမှာ ခင်ဗျားတစ်ယောက်တည်း နေလား"

"ဟုတ်ပါတယ်"

"အိမ်ဖော်တွေကော မရှိဘူးလား"

"အိမ်ဖော်တွေကို တစ်ပတ်မှ တစ်ခါပဲ ခေါ်ပါတယ်၊ အလုပ်လုပ်ခိုင်းပြီး ပြန်ခိုင်းပါတယ်"

"အမြဲတမ်းနေတဲ့သ မရှိဘူးလား"

"မရှိပါဘူး"

"ဒါဆို-ခင်ဗျားတစ်ယောက်တည်းပေါ့"

"နေတာကတော့ တစ်ယောက်တည်းပါပဲ။ ဒါပေမယ့် ဝါဆိုမိုးရဲ့ သူငယ်ချင်းတစ်ယောက်ကတော့ ဝါဆိုမိုးနဲ့ အဖော်လာနေပေးတတ်ပါတယ် ညအိပ်တော့ မဟုတ်ပါဘူး"

"သူ့နာမည်က ဘယ်သိုခေါ်လဲ"

"ရတနာပါရှင့်"

"အခုကော သူလာသေးလား"

"လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက သူမလာဘူး၊ သူ့မှာ ကိစ္စတွေ ရှိနေမယ် ထင်ပါတယ်"

"ဝါဆိုမိုးနဲ့ ရေတနာပာ ရင်းနှီးတာ ကြာပြီလား"

"အကျိချုပ်ရင်းနဲ့ သိကြတာဆိုတော့ တစ်နှစ်လောက်တော့ ။"

"ဝါဆိုမိုး"

ဝါဆိုမိုး၏ အမည်လေးအား လွှတ်ခနဲ ခိုင်မင်းဆက် ပြီသည်။

"ရှင်..."

သာယာနွဲ့အပင် ဝါဆိုမိုး ထူး၏၊ ခိုင်မင်းဆက်သည် ဝါဆိုမိုး လူးခြားမှုစကနေသောအလှအား ငေးထဲ၌ လှုပ်ရှားစွာ ကြည့်ဖြစ် ၏...

"ဝါဆိုမိုးရဲ့ သူငယ်ချင်း မရတနာပာ ဘယ်တော့မှ ဝါဆိုမိုး ဟာတော့မှ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ၊ သူ သူ့ချစ်သူနဲ့ ခိုးရာလိုက်ပြေးသွားပြီ ။"

ပြုံးယောင်နှုတ်ခမ်းလေးဖြင့် ဝါဆိုမိုးဆိုတော့၊ ခိုင်မင်းဆက် ဝါဆိုမိုး၏ လှသော နှုတ်ခမ်းနှင့် အပြုံးသန်းသန်းလေးဆီ ငြင်း...

"မဟုတ်ဘူး၊ သူသေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ဘယ်လို"

"မရတနာ အသတ်ခံရလို့ သေပြီ"

"ဘာ..."

ဝါဆိုမိုးသည် တုန်လှုပ်စွာပင် ထိုင်ရာမှပင် ထရပ်လိုက်မိ၏။ ခုမှလည်း ဝါဆိုမိုးသည် သဘောပေါက်မိရသည်။ မရတနာကိစ္စဖြင့် မိမိအား လာရောက်ကာ စစ်ဆေးနေကြောင်းပင်။ ဝါဆိုမိုးသည် နှုတ်ခမ်းလေးစေ့ကာ တောက်ပသော မျက်ဝန်းလေးတွေနှင့် ခိုင်မင်းဆက်နှင့် ကြည်ပြာအား ကြည့်နေလိုက်မိတော့သည်။

ဝါဆိုမိုး ရင်ထဲမသော့ သူငယ်ချင်း ရတနာအတွက် လွန်စွာထိခိုက်နေမိရှာပါ၏။

"ရတနာသေတာ ဝါဆိုမိုး လုံးဝမသိဘူး၊ ရတနာ အသတ်ခံရတဲ့အတွက် ဝါဆိုမိုး သိပ်စိတ်ထိခိုက်ပါတယ်။ ဒါပေမယ့် ရတနာအသတ်ခံရတာနဲ့ ဝါဆိုမိုးနဲ့ ဘာဆိုင်လဲ အို...တော်ပြီ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီထက် ဝါဆိုမိုးဘာမှ မပြောနိုင်တော့ဘူး၊ ရှင်တို့ပြန်ပါတော့"

"ကောင်းပါပြီ"

ခိုင်မင်းဆက်ဆိုရင်း ထိုင်ရာမှ ထရပ်လိုက်သည်။ ကြည်ပြာလည်း လှပလွန်းသော ဝါဆိုမိုးကို ကြည့်ရင်း ထရပ်ဖြစ်၏။





"အခုလို အနှောင့်အယှက်ပေးသလို ဖြစ်ရတာ စိတ်မကောင်းပါဘူးဗျာ၊ ဒါ ကျွန်တော်ရဲ့ လိပ်စာနဲ့ ဖုန်းကဒ်ပါ၊ တကယ်လို့များ ကျွန်တော့်ကို တစ်စုံတစ်ရာ ပြောချင်တယ်ဆိုရင်တော့ ကျွန်တော့်ကို ဆက်သွယ်ပါ"

ခိုင်မင်းဆက်ပေးလာသော လိပ်စာကတ်လေးအား ဝါဆိုမိုးသည် ခိုင်မင်းဆက်၏ မျက်နှာချောချောဆီကြည့်ကာ ယူဖြစ်၏။ သူတို့ အကြည့်ချင်း ဆုံစည်းနေမိကြသည်။ လောလောဆယ်၌ သူတို့အကြည့်တွေကာ ဝေခွဲ၍မရနိုင်နေရ၏။ ဝါဆိုမိုးရှေ့မှ ခိုင်မင်းဆက် ထွက်ခဲ့လိုက်သည်။

မျက်ဝန်းထဲ၌ ဝါဆိုမိုး၏ အရိပ်သည် တစ်ပါတည်း ကပ်ပါသွား၏။ ဝါဆိုမိုးခြံထဲမှ ခိုင်မင်းဆက်ကားလေး မောင်းထွက်ခဲ့သည်တွင် ကြည်ပြာက...

"ကိုဆက်"

"ဟင်"

စိတ်တွေ လွင့်ပျံ့နေဟန်ဖြင့် ခိုင်မင်းဆက် ထူးဖြစ်သည်။

"ဝါဆိုမိုးဟာ တော်တော်လှတာပဲနော်၊ အနီးကပ်ကြည့်လေ၊ လှလေပဲ၊ လူတွေ ပြောနေကြတာထက်တောင် ပိုလှနေသေးတယ်၊ ကြောင့်လည်း တွေ့တဲ့လူတိုင်းက သူ့အလှကို ချီးမွမ်းပြီး အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သွားတိုင်းက ငမ်းငမ်းတက် အရှာအဖွေခံသွားကြတာကိုး ကိုဆက်ကော စွဲသွားပြီထင်တယ်"

"တော်စမ်းပါဗျာ"

ကြည်ပြာစကားအဆုံး ခိုင်မင်းဆက် အေးခက်စက်ဆိသည်။ ကားမောင်းရင်း လမ်းတစ်လျှောက်မဆော့ ခိုင်ခင်းဆက် မျက်ဝန်းထဲဝယ် ဝါဆိုမိုးအလှများအား နေရာပြည့် ယူထားပါပေကော၊ ထို့ပြင် ခိုင်မင်းဆက်၏ မျက်သန့်ညိုထဲများသာမက ခိုင်မင်းဆက်ဖ ရင်ထဲအသည်းစိုင်းများတိုင် ဝါဆိုမိုး၏ ဝင်းမှန့်ဖုံးနေသော အလှသည် တည်ရှိနေရပါလေသည်တကား၊

⁂



ခုနစ်

"အင်း..."

ဘာတွေပဲလုပ်လုပ်၊ ဘယ်လိုပဲနေနေ မျက်ဝန်းထဲမှာ ဝါဆိုမိုး၏ ပုံရိပ်သည်သာ စွဲထင်၍ နေတော့၏။ ခိုင်မင်းဆက်သည် ယက်မှမောများအားလည်း အလိုလိုချ၍နေတတ်ချေပြီ။ သမီးကို ကျောင်းတွင်ကြိုရန် ကားကို ဖြည်းဖြည်းမောင်းနှင်လာရင်း သူ့အတွေးများသည် ဝါဆိုမိုးထံ ရောက်နေရ၏။

•မျက်ဝန်းထဲတွင်မလည်း ဝါဆိုမိုး၏ လှသောနုသော အသွင်သည်သာ ပေါ်လွင်နေ၏။

"ဘာကြောင့်များ ဒီလောက် လှနေပါလိမ့်၊ ရွှေမှုံစားပြီး မွေးထားတဲ့ သူဆိုတာ သူ့ကိုပဲပြောရမယ် ငါ့ဘဝမှာ မိန်းမတစ်ယောက်ကို ခုလိုတစ်ခါမှ မကြည့်ဖူးဘူး၊ မိန်းမတစ်ယောက်ရဲ့အကြောင်းတောင်မှ ငါ့ဘဝမှာ မရှိဖူးခဲ့ဘူး"

"ခုတော့၊ သူ့အသွင်တွေနဲ့ သူ့အကြောင်းတွေဟာ ငါ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးမှာ လျှံနေပြီ သူလည်းပဲ ငါ့ကိုကြည့်တယ်"

"အဟွန်း..."

အကြည့်ချင်း ဆုံခဲ့သော အချက်ကို ပြန်အမှတ်ရ၍ နိုင်မင်း ဆက်သည့် ရင်ထဲ သဘောကျ လှုပ်ရှားစွာ ပြုံးမိရ၏။ ပြုံးနေရာမှ သူ့အပြုံးသည် ပျောက်ကွယ်သွားရပြီး...

"မရိုတနာအသတ်ခံမှုနဲ့ သူဟာလွတ်လွတ်ကင်းကင်းမှ ရှိပါ့မလား၊ သူပဲ ရတနာကို သတ်သလား၊ သူသတ်တယ်ဆိုရင် ဘာ အကြောင်းနဲ့ ပြည့်ဝနေတာပဲ၊ အင်း...လူမှုရေးဘိုင်ကွေတွေနဲ့များ၊ ပတ် သက်မှုရှိနေမလား၊ အထူးသဖြင့် နှလုံးသားရေးကိစ္စတွေ..."

"အို...တွေးရလည်း ခက်တယ်၊ လူတွေဟာ မထင်မှတ်တာ တွေလည်း ဖြစ်တတ်တယ်"

အတွေးနှင့် သက်မဆောအား သူချမိပြန်ပါ၏။ သူမောင်း လာသော ကားလေးသည်လည်း သမီးကို ကြိုရန်မူကြိုကျောင်းဝင်း ထဲသို့ ရောက်လာပါပြီ။ သူရောက်သွားသောအချိန်သည် နောက် ကျနေ၏။ ကျောင်းတွင် ကလေးများပင် မရှိပါတော့။ သူ့ကားကို မြင်သည်တွင် ဆရာမတစ်ဦးနှင့် လက်တွဲကာ သမီးလေးပိုးမီး ထွက် လာသည်။

"ဒယ်ဒီ"





"သမီး"

"အလုပ်များနေလားဟင်"

"အဟွန်း..."

လိမ္မာသော သမီးလေးစကားအတွက် သူပြုံးလိုက်သည်။

"ဦးခိုင်မင်းဆက်ရဲ့ သမီးကတော့ တကယ်ပဲပါပဲရှင်၊ ဖအေကို သိပ်သိတတ်တယ်"

ရင်းနှီးစွာ ဆရာမက ဆိုသည်။

"အဟွန်း...ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့် သမီးလေး လိမ္မာ နေလို့လည်း ကျွန်တော် သက်သာနေတာပေါ့ခင်ဗျာ"

"ပြီးတော့ ဆရာမတို့ကိုလည်း ကျွန်တော် သိပ်ကျေးဇူး တင်ပါတယ်"

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မတို့ကလည်း ဒီလိုပဲ ကလေးတွေ နဲ့ပျော်နေရတာပါ ဒီကျောင်းကို ဖွင့်ထားတဲ့ ရည်ရွယ်ချက်ကလည်း ...လို့အခက်အခဲ ရှိတဲ့ မိဘတွေအတွက်နဲ့ ကလေးတွေရဲ့ အခြေခံ ပညာရေးကောင်းမွန်မှု၊ စည်းကမ်းရှိမှုတွေအတွက်ပါရှင်"

"ဟုတ်ပါတယ်ဆရာမ၊ ဒါကြောင့်လည်း ကျွန်တော့်အတွက် ...ပိုအဆင်ပြေပါတယ်ခင်ဗျာ၊ ဆရာမတို့ကို ကျေးဇူးလည်း အထူး ...င်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ရှင်၊ ဦးခိုင်မင်းဆက်မှာ တခြားအရေးပေါ် အလုပ်ကိစ္စတွေ ရှိတဲ့အခါ ကလေးကို ကျွန်မတို့ဆီမှာ ညအိပ်ညနေ လာအပ်ထားလည်း ရပါတယ်"

"ဟုတ်ကဲ့ဆရာမ၊ ခုလိုကူညီတာ ကျေးဇူးတင်ပါတယ်။ ခုလောလောဆယ်တော့ အရေးပေါ်ကိစ္စတွေ မရှိသေးပါဘူး အရေးပေါ်လာတဲ့အခါကျတော့ ကျွန်တော် ဆရာမတို့ဆီကို ဖုန်းဆက်လိုက်ပါမယ်"

"ဟုတ်ကဲ့ စိတ်ချပါ"

"ကဲ…ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ"

"ဟုတ်ကဲ့၊ ဦးခိုင်မင်းဆက်"

"ဆရာမ၊ သမီးပြန်မယ်နော် တာ့တာ"

"တာ့တာ သမီးရေ…"

ဆရာမကို နှုတ်ဆက်ခဲ့ပြီးသည်တွင် ခိုင်မင်းဆက်သည် သမီးကိုကားပေါ် ပွေ့ချီတင်ကာ အိမ်သို့ ကားမောင်းပြန်ခဲ့လိုက်ပါတော့၏။

"ဒယ်ဒီ"

"ဗျာ"

"သမီးဆီကို အန်တီကြည်ပြာလာသေးတယ်"





"ဟုတ်လား"

"ဟုတ်တယ်၊ သမီးအတွက် အန်တီကြည်ပြာက မုန့်တွေ ဝယ်လာပေးသေးတယ်"

"အြော်…ကောင်းတာပေါ့သမီးရယ်၊ သမီးမုန့်များများ စားရတာပေါ့"

"သမီးက သမီးသူငယ်ချင်းတွေလည်း ကျွေးတယ်ဒယ်ဒီရဲ့"

"ကောင်းတာပေါ့သမီးရဲ့"

"ဒယ်ဒီ…အန်တီကြည်ပြာက ချောတယ်နော်၊ သမီးတော့ အန်တီကြည်ပြာကို ချစ်တယ်၊ ဒယ်ဒီကောဟင်"

"အို…သမီးကလည်းကွယ်၊ ဒယ်ဒီကို ဒီလိုမမေးရဘူးလေ၊ ကြီးတတ်တယ်"

"ဟုတ်လား"

"အင်း…အဟုတ်"

မျက်လုံးလေးပြူးကာဆိုသော သမီးလေး၏ ချစ်စရာမျက်နှာလေးကို ကြည့်ပြီး သူသဘောကျစွာ ပြုံးမိရ၏။ သူ့ဘဝသည် သမီးလေးနှင့် နေရသော အချိန်လေးများသည်လည်း သာယာပျော်ရွှင်စရာကောင်း နေလည်းပါ၏။ သမီး၏ ချစ်စရာကောင်းသော မျက်နှာလေးဆီကြည့်ခင်း သူ့စိတ်အစဉ်သည် ပွဲလွင့်သွားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှသော၊ စွဲလမ်းရသော၊ မြတ်နိုးရသော ဝါဆိုမိုးဆီသို့ပါ၊ လောက ကြီးမှာ သူရယ်၊ သမီးရယ်၊ ဝါဆိုမိုးရယ်ဆိုလျှင်...

"အပျှန်း..."

စိတ်ကူးယဉ်ကြောဝယ် လမ်းဘစ်လျှောက်၍ ခိုင်မင်းဆက် ကား ကြည်မွေ့သာယာခဲ့ရပါလေသတည်း။

၃ ၃ ၃



# ရှစ်

သည်နေ့ ရုံးခန်းမှ ခွင့်ပြုချက်အရ ရတနာအလောင်းအား စစ်ဆေးပြီး၍ အသုဘချသောနေ့ဖြစ်၏။ ရတနာ၏ အသုဘစရိတ် များအား ဝါဆိုမိုးက တာဝန်ယူသည့်အကြောင်းအား ခိုင်မင်းဆက် ကြားသိထားရလေ၏။ ထို့အတွက် ခိုင်မင်းဆက်သည် အသုဘချ သည့်နေရာသို့ ဝါဆိုမိုးလည်း လာကောင်းလာမည်ဟု ယူဆကာ တစ်ချက်ခုတ် နှစ်ချက်ပြတ်အဖြစ် ရောက်လာခဲ့လေ၏။

အသုဘချရာသို့ ခိုင်မင်းဆက်ရောက်လာချိန်တွင် အသုဘ အစီအစဉ်သည်ပင် ပြီးဆုံးလုနေပြီဖြစ်၏။ ခိုင်မင်းဆက်သည် အဝေးမှ လှမ်းလာရင်းနှင့်ပင် အသုဘချနေသော လူများဆီ ဝေ့ဝဲကြည့်လိုက်၏။ အသုဘ လာပို့သော လူများထဲ၌ မိမိ၏ အထက်အရာကြီးဖြစ်သော ဦးလှမြင့်နှင့်တကွ ရဲအချို့နှင့် ဝါဆိုမိုး မိန်းမချောအား သူတွေ့လိုက် ရလေ၏။

သူသည် ဝါဆိုမိုးဆီ ကြည့်လိုက်သည်။ ဝါဆိုမိုးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံကြည့်နေ၏။ သူ့အကြည့်တွေနှင့် အတန်ကြာဆုံတော့ ဝါဆိုမိုးသည် မျက်လွှာတို့ သိမ်းသွား၏။ အနီးသို့ သူရောက်သွားသည်တွင် အသုဘချသော အစီအစဉ်သည်လည်း ပြီးဆုံးသွားလေပြီ ဖြစ်၏။

"ကိုဆက်"

"ခင်ဗျာ"

ဆရာဦးလှမြိုင်က ခေါ်သဖြင့် သူ ထူးရင်း အနီးကပ်သွားရသည်။

"ကိုဆက် နောက်ကျနေပလား"

"ဟုတ်ကဲ့ဆရာ၊ကျွန်တော် နောက်ကျသွားတယ်"

"ကိုဆက်ကို ပြောရဦးမယ်"

"ဟုတ်ကဲ့ ပြောပါဆရာ"

"ဆရာ စိတ်မကောင်းဘူးကွာ ဒီအမှုကို လူတွေက သိပ်စိတ်ဝင်စားနေကြတယ်၊ ဒီတော့ ဒီအမှုကို အမြန်ဆုံး ဖော်ထုတ်နိုင်ဖို့ ကိုဆက်ကြိုးစားကွာ"

"ဟုတ်ကဲ့ပါဆရာ"

"ကိုဆက်နည်း ကိုဆက်ဟန်နဲ့ ကြိုးစားနိုင်တယ်၊ လူတွေကတော့ ထင်ကြေးတွေ ပေးနေတယ်"

"ဘာတွေလဲဆရာ"

"ဝါဆိုမိုးဆိုတဲ့ အမျိုးသမီးနဲ့ ဒီအခုနဲ့ ပတ်သက်နေလို့မို့





မယ်တဲ့၊ ဟင်း...ဘာချို့ကဆိုရင် ဝါဆိုမိုးကိုတောင် တော်တော်သံသယဖြစ်နေကြပုံရတယ်"

ဆရာဦးလှမြိုင် စကားများကို နားထောင်ရင်း ခိုင်မင်းဆက် အကြည့်များသည် ဝါဆိုမိုးထံသို့ ရောက်သွား၏။ ဝါဆိုမိုးသည် အသုဘအခမ်းအနား ပြီးစီးပြီမို့ ထွက်သွားလေပြီ။ သို့သော်လည်း ဝါဆိုမိုးသည် အိမ်ပြန်ခြင်းတော့မဟုတ်။ အုတ်ဂူများကြားထဲမှ တစ်လှမ်းချင်း လှမ်းသွားနေခြင်းသာဖြစ်၏။

ဝါဆိုမိုး၏ ခြေလှမ်းလေးများသည် တကယ့်ကို ဆင်မယဉ်သာလေနွဲ့ယဉ်ပါ။

"အခု ဒီ အသုဘစရိတ်ကို ဝါဆိုမိုးက တာဝန်ယူတယ်လို့ ပြောတယ်"

ဆရာလှမြိုင် စကားများအတွက် ခိုင်မင်းဆက်သည် ဝါဆိုမိုးထံမှ အကြည့်ကို လွှဲပြီး...

"အဲဒီလို ကျွန်တော်လည်း ကြားပါတယ်ဆရာ"

"ဒီကိုလည်း သူလာတယ်ကိုဆက်"

"ဟုတ်ကဲ့ သူဟိုဘက် လျှောက်သွားတယ်၊ မပြန်သေးဘူး"

"အင်း...ကိုဆက် သူ့ကိုလည်း လေ့လာလိုက်ပါ၊ ကဲ ပြီးဘက်သွားတော့ အမှုအမြန်ပေါ်ဖို့က အရေးအကြီးဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်ကြီးအားခဲ့ပါမယ်၊ ခွင့်ပြုပါဦး"

"ကောင်းပြီ"

ဆရာဦးလှမြင့်ကို နှုတ်ဆက်ခဲ့ပြီး ခိုင်မင်းဆက်သည် ဝါဆိုမိုး နောက်သို့ လိုက်ခဲ့လေ၏။ ဝါဆိုမိုး၏ အရိပ်အား ခိုင်မင်းဆက် သည် မြင့်သော အုတ်ဂူကြီးများကြား၌ တစ်ချက်တစ်ချက် သွက် သွက်လှမ်းလိုက်၏။ ဝါဆိုမိုးသည် တစ်လှမ်းချင်းလှမ်းနေရာမှ နောက် ဘက်မှ ခြေသံလိုလို ကြား၍ ခြေစုံရပ်လိုက်သည်။

ပြီးတော့ နောက်သို့ညင်သာစွာ လှည့်ကြည့်လိုက်၏။ ခိုင်မင်း ဆက်ကို မြင်သည်တွင် ဝါဆိုမိုးသည် အံ့သြခြင်း မဖြစ်သော အကြည့်မျိုးနှင့်သာ ရှိနေ၏၊ တည်ငြိမ်လွန်းသော ဝါဆိုမိုး၏ မျက်နှာ လှလှလေးကိုလည်း ခိုင်မင်းဆက်သည် တည်ကြည်လေးနက်စွာပင် ကြည့်နေလေ၏။

အကြည့်တွေ အတန်ကြာတော့ ဝါဆိုမိုးသည် လှသော နှုတ်ခမ်းဖူးဖူးလေးအား စေ့ကာ ညင်သာခြင်းဖြင့် လှပစွာ ပြုံးပြ လာရင်းမှ..

"ရှင်၊ ရဲအရာရှိ ဦးခိုင်မင်းဆက်နော်"

"ခင်ဗျား မှတ်မိသားပဲ"

"မမှတ်မိရအောင် ရှင်နဲ့ ကျွန်မဟာ နှစ်ပေါင်းများစွာ





ကြားမှပြန်တွေ့ကြတာမှ မဟုတ်တာ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကပဲ၊ ရှင် ကျွန်မ အိမ်ကို လာသွားသေးတဲ့ လူပဲလေ"

"အဟွန်း...ဟုတ်ပါတယ်"

"ရှင် ဘာဖြစ်လို့ ဒီဘက်ကို ထွက်လာတာလဲ"

"ခင်ဗျားကရော"

"ဝါဆိုမိုးကတော့ ဒီမြေကို နင်းတဲ့အခါတိုင်း ဒီနေရာလေး ကို လာစမြဲမို့ပါ။ ရှင်ကရော ဒီကိုဘာလာလုပ်တာလဲ"

"အသုဘ လာပို့တာလေ"

"ဝါဆိုမိုးပြောတာ အဲဒါမဟုတ်ဘူး၊ ဝါဆိုမိုးရှိတဲ့နေရာ၊ ဝါဆိုမိုးနောက်ကို ရှင်ဘာလို့ လိုက်လာတာလဲလို့"

"ဒါကတော့ ကျွန်တော့်အလုပ်မို့လို့ပါ"

"သြော်...အဟောင်း"

ခိုင်မင်းဆက်စကားအတွက် ဝါဆိုမိုး ပြုံးသည်။ ပြုံးရင်း မှ ခိုင်မင်းဆက်ရှေ့ အနီးဆုံးတွင် သွားရောက်ရပ်လိုက်ပြီး...

"ကိုခိုင်မင်းဆက်၊ ရှင့်အလုပ်ဆိုတာကို ဝါဆိုမိုး သဘော ပေါက်ပါတယ် ဒီလိုမျိုးက ဝါဆိုမိုးအတွက် မထူးဆန်းတော့ပါဘူး၊ ရှင့်အလုပ်ဆိုတာသာ ရှင် ဆက်လုပ်ပါ"

စကားကို တစ်ခွန်းချင်း အပြုံးလှလှလေးနှင့် ဝါဆိုမိုးဆို



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ စကားအဆုံး၌လည်း ဝါဆိုမိုးသည် သူ့ရှေ့မှာလှည့်ထွက်သွားလိုက်ပါတော့သတည်း။

ခိုင်မင်းဆက်ကား ဝါဆိုမိုးပြောသော စကားများအတွက် ဇဝေဇဝါအတွေးများနှင့် ကျန်ရစ်ခဲ့၊ ခိုင်မင်းဆက်၏ စိတ်အသိတစ်နေရာတွင်မတော့ မိမိနှင့် အနီးဆုံး နေရာ၌ ရပ်လာသော ဝါဆိုမိုး၏ အလှဖူးတွန့်တွန့်ကို မြင်ယောင်၏။ ပြီးတော့ ဝါဆိုမိုး၏ လွန်စွာစွဲမက်စရာကောင်းသော ပြုံးမျက်နှာလေးနှင့် ကိုယ်သင်းနံ့ရှင်းရှင်းလေးတို့သည် သူ့ရင်ဝယ် စွဲငြိစေပတ်နှောင်ဖွဲ့ ကျန်ခဲ့ပါလေသတည်း။

"ဟင်း..."

နောက်ဆုံးသော ခိုင်မင်းဆက်ကား သက်မမောကို ချကာ နေရာမှ တစ်လှမ်းချင်း လှမ်းထွက်ခဲ့ရပါတော့၏။

❀ ❀ ❀



## ကိုး

မနက်ကတည်းက သမီးလေးကို ဆရာမများထံတွင်သာ အပ်နှံခဲ့ပြီး၊ ညနေရုံးဆင်းချိန်တွင် ခိုင်မင်းဆက်သည် အိမ်ပြန်ကာ ရေမိုးချိုးအဝတ်လဲလိုက်လေ၏။

အဝတ်လဲပြီးသည်နှင့် ခိုင်မင်းဆက်သည် ရတနာချစ်သူဖြစ်သော ကိုသက်အောင်ရှိသည့် ဆေးရုံသို့ သွားရောက် စစ်ဆေးမေးမြန်းမှုနိုင်ရန်စိတ်ကူးဖြင့် အိမ်မှထွက်မည်အပြု...

"ဟင်..ကိုဆက်၊ အခု ဘယ်သွားမလို့လဲ"

ဒေါက်တာကြည်ပြာသည် ရောက်လာပြီး စပ်စုမေးလာလေ၍ ခိုင်မင်းဆက်သည် စိတ်ထဲအနှောင့်အယှက်ဖြစ်သွားရသော်လည်း...

"ဆေးရုံဘက်သွားတဲ့ မရတနာရဲ့ချစ်သူ ကိုသက်အောင်ဆီ သွားမလို့"

"ဒါဆို ကြည်ပြာလည်း အားနေတယ်၊ ပျင်းတယ် ကိုဆက် လိုက်ခဲ့မယ်၊ ရဲနဲ့ တရားခံတစ်ယောက်ရဲ့ စစ်မေးတာတွေကို ကြည်း ကြားသိရတော့ ဗဟုသုတရတာပေါ့နော် ကိုဆက်"



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာဆိုတော့ သူဘာမှ မဆိုတော့။ ကြည်ပြာလိုက်ခဲ့မည်ကို သူမလိုလားသော်လည်း အမျိုးသမီးတစ်ယောက်ကို အားနာစိတ်ဖြင့် ဆိတ်ဆိတ်သာ နေလိုက်ရခြင်းပါတည်း။ သူ ကားပေါ်တက်လိုက်သည်တွင် ကြည်ပြာလည်း တက်ပြီးသား ဖြစ်နေ၏။ သူ ကားကို မောင်းထွက်ခဲ့သည်။

ကြည်ပြာသည် သူ့ကို အပြုံးနှင့်ကြည့်ရင်း ကျေနပ်နေမိ၏။ အစဉ်လို တည်ငြိမ်ရင့်ကျက်စွာ နေတတ်သော သူ့အသွင်ကိုလည်း ကြည်ပြာက နားလည်နေပြီးသားရယ်ပါ။ ဆိတ်ဆိတ်စွာ ခိုင်မင်းဆက် မောင်းနှင်လာသော ကားလေးသည် တစ်အောင့်ခန့်ကြာသည်တွင် ဆေးရုံသို့ ရောက်လာ၏။

ကားရပ်သည်နှင့် ကားပေါ်မှဆင်းကြပြီး သက်အောင်ရှိသော အခန်းဆီသို့ တက်ခဲ့ကြသည်။ ခိုင်မင်းဆက်သည် သူ့စတိုင်လ် အတိုင်း ကြည်ပြာအား စကားအပိုအလိုတွေ မပြောခဲ့၊ သက်အောင် အခန်းထဲသို့ ရောက်သည်တွင် ခိုင်မင်းဆက်သည် သက်အောင်ကို ကြည့်လိုက်သည်။

သက်အောင်သည် ပိုက်လုံးမှ တွယ်ဆင်းထားသဖြင့် ရသော ခြေထောက်မှ ဒဏ်ရာနှင့် မှန်ကွဲစများ စူးထားသော နဖူးမှ ဒဏ်ရာ များအား ပတ်တီးနှင့် စည်းထားရသည်။ သွေးဆုံးခဲ့ကာ ဘာမှမဖြစ်





သော်လည်း သွေးအေးတော့ သက်အောင်လမ်းမလျှောက်နိုင်တော့။

"ခင်ဗျား သက်သာရဲ့လားကိုသက်အောင်"

"ဒီလိုပဲ"

သက်အောင်က တကယ့် ဂျစ်ကန်ကန်ဖြေသည်။ သက် အောင်ပုံစံက တကယ့် ရိုက်ပေါက်။ ပါးသိုင်းမွေးက ကျိုးတိုးကျဲတဲ နှင့် ပုံစံက စုတ်ချွန်းချွန်း၊ ကြည့်ရလည်း သူ့ရုပ်က ဒေါသထွက် ချင်စရာ၊ စကားပြောတော့လည်း သတ်ပစ်ချင်စရာ။ သည်လို လူမျိုး ကို မရတနာချစ်နိုင်သည်ဆိုသဖြင့် ဆွဲဆောင်မှုရှိသော နေရာကို ရှာတော့လည်း တစ်ကွက်မှ မတွေ့။ထားတော့၊ သည်ကိစ္စတွေက မှုနှင့်မဆိုင်။

"ခင်ဗျားအကောင်းကောင်းဖြေ။ ခင်ဗျားကို ကျွန်တော် မေးစရာ ကျွရှိတယ်"

"ဒီမှာ ဘာမှ မေးမနေနဲ့၊ ကျုပ်ကြားပြီးပြီ၊ ကျုပ်ချစ်သူ မှာနာအသတ်ခံရတာယ်မဟုတ်လား။ အဲဒါနဲ့ ကျုပ်နဲ့ ဘာဆိုင်လဲ၊ ကျုပ်နဲ့ ရတနာက ချစ်သူက ချစ်သူပဲ၊ တခြားဘာမှ မဖြစ်ကြဘူး၊ ကျုပ်ဟာ ကျုပ်ချစ်သူအပေါ်ဆိုးချင်ဆိုးမယ်၊ အော်ချင် အော်မယ်၊ ချင်နိုင်မယ်၊ သတ်စရာအကြောင်းက ဘာမှ မရှိဘူး"

သက်အောင်စကားများအတွက် ဒေါက်တာကြည်ပြာမှာ သက်အောင်၏ ပြောပုံဆိုပုံကြီးများအား ကြည့်နေမိ၏။ သက်အောင်



www.burmeseclassic.com

www.burmeseclassic.com



က ဒေါသဖြင့် စကားဆက်သည်။

"ကျုပ်က ရှေးဟောင်းပစ္စည်းအရောင်းအဝယ်ရေးပဲ လုပ်တယ်၊ လူသတ်သမားရှာရမှာက ခင်ဗျားတို့ ရဲတွေရဲ့အလုပ်ပဲ"

"ဟုတ်ပါပြီလေ၊ ကျွန်တော်တို့ရဲတွေအလုပ်ကတော့ အစစ်ရှိ သမားတိုင်းကို ဖော်ထုတ်အရေးယူဖို့ပဲ- ဒီတော့ အခု ခင်ဗျားကလည်း လူပေါင်းမြောက်များစွာကို သတ်နေတဲ့ လူတစ်ယောက်ပဲဆိုတာ သိ တယ်မဟုတ်လား။"

"ခင်ဗျားလုပ်တဲ့အလုပ် ခင်ဗျားသိတယ်မဟုတ်လား၊ သူသတ်သမားက တစ်ခါသတ်ရင် တစ်ယောက်ပဲ၊ ခင်ဗျားက တစ်ခါ တည်းနဲ့ ထောင်နဲ့ သောင်းနဲ့ ချီသတ်တဲ့ လူဗျ၊ ဒီတော့ ခင်ဗျား ဘာမှ ပြောမနေနဲ့တော့၊ ခင်ဗျားကို တာဝန်ရှိတဲ့ လူတွေက ဆက်ပြီး ဆောင်ရွက်သွားကြလိမ့်မယ်"

စကားအဆုံး၌ ခိုင်မင်းဆက်သည် သက်အောင်အခန်းထဲမှ ထွက်ခဲ့လိုက်ပါတော့၏။ ကြည်ပြာသည်လည်း ခိုင်မင်းဆက်နောက်မှ ပြေးထွက်လိုက်ရင်းမှ…

"ကိုဆက်"

"ဟင်…"

"တရားခံကိုလည်း ဘာမှ မမေးခဲ့ပါလား"

"မလိုတော့ပါဘူး"





"ဒီလူကလည်း စကားပြောတာက တစ်မျိုးပဲနော် ရိုင်းတယ်"

"ဒါ အသေးအမွှားပါပဲ။ တချို့တရားခံတွေဆို ဒီ့ထက်ဆိုး သေးတယ်"

"ဟုတ်လား၊ အင်း…ကိုဆက်တို့ အလုပ်တွေကလည်း မ လွယ်ဘူးနော်"

"ကဲ…မိုးလည်းချုပ်ပြီ၊ ခင်ဗျားကို အိမ်ပြန်ပို့မယ်၊ ကျွန်တော် က ဆက်ပြီး စုံစမ်းဖို့ ရှိသေးတယ်"

ကားဆီရောက်သည်တွင် ခိုင်မင်းဆက်ဆိုသဖြင့်…

"ကိုဆက်က ဘယ်သွားဦးမှာလဲ"

"ကျွန်တော်က အလကားနေနေရတဲ့သူ မဟုတ်ဘူး၊ အလုပ် တွေက ရှိသေးတယ်၊ ခင်ဗျားက ကျွန်တော့်အရာရှိ မဟုတ်ဘူး၊ ပေါ်စပ်စုစု မေးမနေနဲ့"

ခိုင်မင်းဆက်ဒေါကန်ဆိုရင်း ကားပေါ်တက် မောင်းထွက် တော့ ကြည်ပြာ ငြိမ်သွား၏။ လမ်းတစ်လျှောက်လုံး စကားမဆို။ ကြည်ပြာတစ်ယောက် ဘာတွေ တွေးနေမည်မသိသော်လည်း ခိုင်မင်း ဆက်ကား ယခုည သွားတွေ့ရဦးမည့် ဝါဆိုမိုး၏ အသွင်နှင့် အ ကြောင်းများအား ခုနှင့်သဲခေါင်းထဲ၌ လှုပ်ခတ်နွေးထွေးစွာ တွေးနေ မိ၏ သတည်း။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်းဆက်မောင်းလာသော ကားလေးသည် ကြည်ပြာအိမ်ရှေ့သို့ ရောက်လာပြီ။ ကြည်ပြာသည် ကားပေါ်မှ ဆင်းလိုက်ပြီး...

"ကိုဆက် ဝါဆိုမိုးဆီကို ထပ်သွားဖြစ်သေးလားဟင်"

"မသွားဖြစ်ဘူး၊ သွားဖို့လည်း ကိစ္စမရှိသေးဘူး"

"တကယ်လို့ သွားဖြစ်ရင် ကြည်ပြာကို ခေါ်ဦးနော်၊ ကြည်ပြာ သူ့အလှကို သိပ်သဘောကျလွန်းလို့ပါနော် ကိုဆက်"

"အင်း..."

ခပ်တည်တည် စိတ်မရှည်တော့သလို ခိုင်မင်းဆက်သည် ကြည်ပြာရှေ့မှကားကို အမြန်ဆုံး မောင်းထွက်သွားလိုက်ပါတော့၏၊

× × ×

ဂိတ်တံခါး ရောက်သည်နှင့် တံခါးမကြီးသည် အလိုအလျောက်ပွင့်၍သွား၏။ ခေတ်မီ၍ အဆင့်အတန်းမြင့်လွန်းသော ခြံနှင့်တိုက်ကြီး၏ တည်ဆောက်ထားမှုများကို သတိထားမိရင်း ခိုင်မင်းဆက်၏ ကားလေးသည် ဆင်ဝင်အောက်၌ ရပ်သွားရလေ၏၊ ခိုင်မင်းဆက်သည် ကားပေါ်မှဆင်းပြီး ဘဲလ်လေးကို နှိပ်လိုက်သည်။

"တီး..."





ဘဲလ်မြည်သံလေး ကြားလိုက်ရလေ၍ အကျီဒီဇိုင်းတွေ ကြည့်နေသော ဝါဆိုမိုးသည် အလန့်တကြားလေးလို ဖြစ်သွားရရင်း...

"ဟယ် ဟယ်...မေ့နေလိုက်တာ၊ ငါ ခြံဂိတ်တံခါးခလုတ်ကိုပိတ်မှမထားမိသေးပဲကိုး၊ ခုတော့ မိုးချုပ်မှ ဧည့်သည်ရောက်လာဖြန့်ပြီ။ ဘယ်သူလဲ မသိဘူး၊ စိတ်ရှုပ်ပါတယ်"

ဝါဆိုမိုးသည် မိမိသတိမေ့လျော့မှုအတွက် မိမိကိုယ်မိမိ ...ကော့မနှပ်ဖြစ်ရင်းမှ စားပွဲထက်မှ လိုင်စင်နှင့်ကိုင်သော ပစ္စတိုလေးကို ...ယူကာ အိမ်တံခါးကို သွားရောက်ဖွင့်ပေးလိုက်၏။

"ဟောဗ်..."

ခိုင်မင်းဆက်ကို မြင်သည်တွင် "ဟောဗ်"ဟု တစ်လုံးတည်း ...ဟ ဝါဆိုမိုးဆိုဖြစ်သည်။ ခိုင်မင်းဆက်သည် အသည်းကွဲရောင် ...သားမေ့မျောအကျီလက်ပြတ်ဝတ်စုံလေးနှင့် ဝါဆိုမိုးအလှကို ကြည့်...ည်တွင် အသက်ရှူပင် မှားသွားမတတ်ရှိရချေ၏။

"ကျွန်တော် ခင်ဗျားနဲ့ စကားပြောစရာရှိသေးလို့ပါ"

"ဟုတ်ကဲ့...အထဲဝင်ပါ"

ခိုင်မင်းဆက် အထဲဝင်လိုက်သည်။ အိမ်တံခါးကို ဝါဆိုမိုး ...ပ်နေခဲ ခိုင်မင်းဆက် တစ်ချက်ငဲ့ကြည့်တော့ ဝါဆိုမိုးလက်ထဲ ...ပစ္စတိုသေနတ်ကလေးကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်းနေနေရသော မိန်းမချောတစ်ယောက်အတွက် ဆောင်ထားသင့်သည်ကိုတော့ သူသဘောပေါက်မိ၏။

"ညှော်ခန်းကို ကြွပါရှင်"

ရှေ့မှ ဦးဆောင်ကာ ဝါဆိုမိုးသည် သူ့ကိုဖိတ်ခေါ်သည်၊ နောက်ဘက်မှ ဝါဆိုမိုး၏ ကြော့ရှင်းသော ကိုယ်ဟန်သွယ်သွယ် ပြည့်ပြည့်အိအိလေးကို ငေးရင်း ရင်လှိုင်းတို့ထန်စွာဖြင့် သူပါလာ၏။

"ထိုင်ပါ"

"ဟုတ်ကဲ့"

"လုပ်ပေးမယ့်လူမရှိတော့ ဝါဆိုမိုးကိုယ်တိုင်ပဲ ရှင့်ကိုအအေးတစ်ခုခု တိုက်ပါမယ်၊ ရှင်ဘာသောက်မလဲ"

"ကိစ္စမရှိပါဘူး"

"တစ်ခုခုတော့ ပြောပါ"

နွဲ့လှပစွာ ရပ်နေရင်းမှ ဝါဆိုမိုးဆိုသဖြင့်၊ ခိုင်မင်းဆက်သည် ဝင်းမွတ်ဖွေးအိနေသော ဝါဆိုမိုး၏ တစ်ကိုယ်လုံးအား စူးနစ်စွာစိုက်ကြည့်လိုက်ပြီးမှ...

"ခင်ဗျား ကြိုက်တာသာ တိုက်တော့"

ဝါဆိုမိုးသည် အပြုံးနုနုလေးတစ်ပွင့်ကို ပြုံးလိုက်၏။ ပြီး၊ သူ့ရှေ့မှဖယ်ခွာကာ အချိုရည်မျိုးစုံထားသော ဘားဆီသို့လှမ်းသွားလိုက်လေ၏။ ခိုင်မင်းဆက်သည် မဖြစ်စဖူး အဖြစ်ထူးစွာဖြင့် နှလုံး





ခုန်သံသည်ယိမ်းနွဲ့၍လာ၏။ လှသော ဝါဆိုမိုးထံ သူလှမ်းကြည့်လိုက်သည်။ ဝါဆိုမိုးသည်လည်း ရေခဲနှင့် အအေးကို ထည့်ဆဲ သူ့ထံတစ်ချက်လှမ်းကြည့်လာရင်းက သူ့အကြည့်များနှင့် ဆုံသည်တွင်...

"ခဏနော်"

ဆိုရင်း ဝါဆိုမိုးသည် လင်ပန်းလှလှလေးတစ်ခုကို လှမ်းယူသည်။ ခိုင်မင်းဆက်သည် ချစ်စိတ်တို့ လှုံ့တတ်လာသော သူ့အခြေအနေအား ထိမ်းသိမ်းခြင်းငှာ မစွမ်းသာတော့၍ ထိုင်ရာမှထကာ ဝါဆိုမိုးထံသို့ လှမ်းသွားလိုက်မိပါတော့၏။ ခိုင်မင်းဆက်သည် ဝါဆိုမိုးနောက်တွင် ရပ်နေလိုက်သည်။

ဝါဆိုမိုးသည် မိမိနောက်နား ရောက်လာသော ခိုင်မင်းဆက်အား သတိမထားဖြစ်။

"တော်သေးတာပေါ့ ဦးခိုင်မင်းဆက်၊ ဝါဆိုမိုး ခြံတံခါးခလုတ်ကို သတိလစ်သွားလို့ ရှင်ဝင်လာလို့ရတာ၊ နို့ဖြစ်ဆိုရင်တော့ ပြန်ပြန်ပဲ ရှင် အို..."

စကားမဆုံးမီရင်း အချိုလင်ပန်းလေးအား မယူကာ ဝါဆိုမိုးသည် ကိုယ်လှလေးကို အလှည့်၊ သူမနောက်မှ အနီးကပ်ဆုံးတွင် ရှိနေသော ခိုင်မင်းဆက်ကိုတွေ့လိုက်ရလေ၍ ဝါဆိုမိုးသည် မျက်ဝန်းလေးပြူးကာ လန့်သွားရချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ရှင် ဧည့်ခန်းသွားခယ်လေ"

အသံလှိုင်းကလေးတွေ ဖြစ်ထွန်းကာ ဝါဆိုမိုးဆိုရင်း သူ့ရှေ့မှ ဧည့်ခန်းဆီသို့ ဖြတ်ထွက်လာခဲ့၏။ ခိုင်မင်းဆက်သည် ဝါဆိုမိုးအလှအား တစ်စိုက်မတ်မတ်ကြည့်နေရာမှ...

"ဝါဆိုမိုး"

"ချွမ်း..."

ဝါဆိုမိုး၏ ကိုယ်လုံးလေးအား ခါးလေးဆီမှ သိုင်းဖက်ကာ ကြော့ရှင်းသော လည်တိုင်နုနုလေးဆီ သူနမ်းရှိုက်လာခိုက် ဝါဆိုမိုးလက်ထဲမှ အချိုရည် လင်ပန်းလုလုလေးသည် လွတ်ကျကာ ကွဲရှကုန်ပါတော့၏။ ခိုင်မင်းဆက်သည် ဝါဆိုမိုး၏ ကိုယ်လုံးလေးအားဆွဲလှည့်ကာ မျက်နှာချင်းကပ်၍ နမ်းရှိုက်ပင်လိုက်၏။

"အို...ရှင် ဒီလို မလုပ်နဲ့လေ"

ဝါဆိုမိုးဆိုကာ သူ့ရင်ခွင်ထဲမှ ရုန်းထွက်မည်ပြုသော့ ခိုင်မင်းဆက်သည် ဝါဆိုမိုးတစ်ကိုယ်လုံးအား တိုး၍ဖက်ကာ ဝါဆိုမိုးနှုတ်ခမ်းလေးထက် သူ့ပါးပြင်ချောချောကို ဖိကပ်ကာပိတ်ထားလိုက်၏။

"ဝါဆိုမိုးရယ် မင်းကို မောင် မြင်မြင်ခြင်း ချစ်မိပြီအသည်းရယ်"





သူဆိုသည့် သူ့စကားများသည်လည်း ဝါဆိုမိုး၏ ရှွောဝင်အား ပြင်းထန်စွာ လှုပ်ခတ်စေပါတော့၏။ ဝါဆိုမိုးကိုယ်လေးကိုပွေ့ချီကာ ဆိုဖာထက်သို့ သူခေါ်ခဲ့သည်။ ဆိုဖာထက်တွင် နှစ်ကိုယ်နီးကပ်စွာထိုင်ရင်း...

"ဝါဆိုမိုး"

သူခေါ်တော့ ဝါဆိုမိုးသူ့ကို ကြည့်သည်။

"သိပ်ချစ်တာပဲဗျာ"

"အို...ဝါဆိုမိုးတော့ ကိုယ့်ကိုယ်ကို ဘာဖြစ်နေမှန်းတောင်မသိတော့ဘူး"

"သိအောင် တစ်ခုလုပ်ပြမယ်"

ဝါဆိုမိုး မျက်နှာလေးအနံ့ တစ်ချက်မွှေးနမ်းကာ သူဆိုတော့ဝါဆိုမိုးသည် ရှက်လန့်တကြားလေး ဖြစ်သွားရရင်းက...

"ဟင် အင်း"

"မောင့်ကို မချစ်ဘူးလား"

"ဝါဆိုမိုး သိပ်အံ့ဩနေတယ်"

"ဘာကိုလဲ"

"ရှင့်ကိုပေါ့"

"ဘာဖြစ်လို့"

"ကြည့်တော့ တည်တည်ကြီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း…မောင်က ဒီလိုပဲ နေတတ်လို့ပါ၊ ကဲ…ပြောပါဦး ကွယ်၊ မောင့်ကို ချစ်နိုင်မလား"

"ရှင့်ကို မေးရမှာ"

"မောင်ကတော့ ခင်းတစ်ယောက်တည်းပဲ ရှိတယ်၊ မင်းကို သာ ချစ်ဖို့သိတော့တယ်၊ မင်းကကော ပြောပါဦး"

"ရှင်ဘယ်လိုထင်သလဲ"

"အဟွန်း၊ မင်းအနေနဲ့ အချစ်တွေ မျှဝေပေးရမှာလား၊ အဲဒီလိုဆိုရင်တော့ မလိုချင်ဘူး၊ မောင့်မှာပိုင်ပဲလိုချင်တယ်"

"ရှင် ဝါဆိုမိုးကို စောင့်ကာနေပြီ"

"ဟာ…ဘာမှ မစောင့်ကာနေရသေးပါလား"

"အို…အချစ်တွေ မျှဝေတယ်ဆိုတာ ရှင် ကျွန်မကို စော်ကား တာပဲပေါ့"

"ဒါကတော့ကွာ၊ မင်းက လှလွန်းတော့ သူများတွေကလည်း စိတ်ဝင်စားလွန်းနေတော့ ပြောရတာပါ"

"ကဲ..ဒါဖြင့် ပြော၊ မောင့်မှုပိုင်လား"

"အဟင်း…ကျွန်မကိုယ် ကျွန်မလည်း သိပ်အံ့သြနေတယ်၊ ပြီးတော့ ဒီညဟာလည်း ထူးဆန်းတယ်"

"ဘာလဲ…အချစ်က ခြတ်ခါ့မပိတ်မိတဲ့အချိန် မောင်ရောက် လာလို့လား"





"ဟုတ်တယ်"

"ဒါကတော့ ဖူးစာရေးနတ်မင်းကြီးက အချိန်အခါပေးလိုက် တာပဲလေ"

သူ့စကားကို လက်ခံရမလို ဝါဆိုမိုး လှလှလေးပြုံးမိသည်။ ဝါဆိုမိုးဘဝတွင်လည်း ခြင်မြင်ချင်း ထိုလူကိုမှ ရင်ထဲလှုပ်ရှားကာ နှိုးနိုးနေမိသည်မဟုတ်ပါလား…

"ဒါနဲ့ ကိုခိုင်မင်းဆက်"

"မောင်လို့ ခေါ်ပါကွာ"

"မောင်…"

"ဗျာ…"

သူ့အကြိုက်လိုက်ခေါ်တော့ ခိုင်မင်းဆက် တကယ်ပဲကြည်နူး သွားသည်။ ကျေနပ်သွားသည်။

"မောင်လာတဲ့ကိစ္စတွေကိုလည်း ပြောဦးလေ"

"မရတနာကိစ္စပါ"

"ဘာသိချင်လို့လဲ"

"မရတနာမှာ ချစ်သူရှိတာ သိလား"

"သိတယ်၊ မြင်တော့ မမြင်ဖူးဘူး၊ ရတနာပြောပြတယ်"

"သူတို့ချင်းကော အဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတယ်၊ ဝါဆိုမိုးဆီက နောက်ဆုံးပြန်တဲ့နေ့ကတောင် ရတနာက သူ့ချစ်သူနဲ့ အိမ်မှာ ချိန်းထားကြောင်း ပြောပြသေးတယ်"

ဝါဆိုမိုးစကားများကို နားထောင်ပြီး ခိုင်မင်းဆက် ခေါင်းညိတ်လိုက်သည်။

"ကဲ မေးဦးလေ၊ နောက် ဘာသိချင်သေးလဲ"

"ဟင့်အင်း...ဘာမှ မမေးချင်တော့ဘူး။ အချစ်နဲ့ပဲ ချစ်ချင်တော့တယ်"

"အို..."

ခိုင်မင်းဆက်ကား ဘာဘာယ်ပင် စကားမဆိုပါတော့။ ဝါဆိုမိုးကိုယ်လုံးမွှေးအိအိလေးသာ သူ့ရင်ခွင်ထဲ၌ မလွှတ်တမ်းထွေးဖက်ထားလိုက်ပါတော့သတည်း။

❀ ❀ ❀



## တစ်ဆယ်

သည်နေ့ တနင်္ဂနွေနေ့မို့ အားလပ်ရက်ဖြစ်သည်။ သမီးလေးသည်အားသည်။ သူလည်းအားသည်။ ထို့အတွက် သမီးလေးနှင့်လျှောက်လည်ရန် ခိုင်မင်းဆက်သည် ကားမောင်းထွက်ခဲ့၏။

"ဒယ်ဒီ"

"ဟင်..."

"အန်တီကြည်ပြာကိုရော မခေါ်ဘူးလား"

"အန်တီကြည်ပြာက မအားဘူးသမီးရဲ့"

"သမီးကို ပြောတော့ အားတယ်တဲ့"

"မအားပါဘူး သမီးရယ်"

တီတီတာတာပြောဆိုသော ကလေးစကားအတွက် ကားမောင်းနေရင်းမှ ခိုင်မင်းဆက်သည် အေးအေးဆေးဆေးပင် ဆိုသည်။ နှုတ်ချင်းလည်းဖြစ်၊ သမီးလေးကလည်း တစ်ယောက်တည်း၊ ဒေါက်တာကြည်ပြာကလည်း သမီးကို အရေးပေးအလိုလိုက်ခင်မင်တွယ်



www.burmeseclassic.com

www.burmeseclassic.com



တာနေသည်ကတော့ အပြစ်ရယ်မဟုတ်ပါ။

ကလေးတို့သဘာဝ အဖော်လိုလားပြီး အရေးအေးအလိုလိုက်သူကို ခင်တွယ်ပြီး သွားလေရာ ပါနေချင်သည်ပဲလေ၊ သို့သော်လည်း သူလိုအရာရှိတစ်ယောက်၊ လူရည်တစ်ယောက်၊ လူလွတ်တစ်ယောက် အနေနှင့်ကတော့ လွတ်လပ်သော အမျိုးသမီးတစ်ယောက်နှင့် အနှောင့်အသွားမလွတ်တတ်ပါ။

သူ့ကိုယ်၌လည်း ရှက်တတ်သည်၊ တစ်ဖက်သားကိုလည်း မိမိနှင့် မဟုတ်ဘဲ ပြောဆိုကြမည်ကို မလိုလားဆုံးပါ။ လွတ်လပ်သူများကို အသွားအလာအနေအထိုင် ဆင်ခြင်တတ်ဖို့ လိုသည်။ မချစ်မနှစ်သက်ပါဘဲနှင့် နီးစပ်မှုကြောင့် သွေးသားဖောက်ပြန်မှုများသည် သူ့ခန့်တီး စက်ဆုပ်ရွံရှာဆုံး အရာပါပင်။

ပြီးတော့ ကြည်ပြာကိုလည်း သူနားလည်သည်၊ ကြည်ပြာသည် သူ့ကို ရက်ရော်စွာ စိတ်ဝင်စားနေရှာသည်မှာအမှန်ရယ်။ နှလုံးသားဆိုသည်ကလည်း ခက်သားကလား၊ ကြည်ပြာကို သူ့အနေနှင့်တော့ ယနေ့ထက်တိုင် နည်းနည်းလေးမှ စိတ်ဝင်စားခြင်းမရှိသည်က အမှန်ပါ။

ကြည်ပြာကို သူမုန်းလည်းမုန်း၊ ချစ်လည်းမချစ်၊ သာမန်မျှသားစွာပင် ခင်မင်ပါ၏။ ကြည်ပြာကတော့ သူ့ကို ရေလာမြောင်း





ပေးစကားများဆိုသည်။

ကြည်ပြာက မိမိကို တစ်ဖက်သတ်ချစ်သည်။ တစ်ဖက်သတ်အချစ်အတွက် မိမိသည် မည်သို့မျှ မတုံ့ပြန်နိုင်ပါ။ မိမိကလည်း မည်သူ့ကိုမျှ တစ်ဖက်သတ် မချစ်ခဲ့ဖူး၍ ကိုယ်ချင်းမစာတတ်။ ကြည်ပြာကိုတော့ အားနာပါ၏။ ရက်စက်ရာလည်း ကျလေမလား၊ မည်သို့ဖြစ်စေ၊ ကြည်ပြာအတွက် သူ့နှလုံးသားက သန့်စွမ်းခြင်း မရှိပါလေ။

ကြည်ပြာသည် မတုံ့ပြန်နိုင်၍လည်း သိလျက်နှင့်ပင် သူ့အနေနှင့် ရှက်မိသည်၊ အနေခက်မိသည်။ သို့သော်လည်း မသိလိုက်ဘာသာပင်၊ ကိုယ့်ဣန္ဒြေနှင့် ကိုယ်နေနေရ၏။ တစ်ဖက်သတ်အချစ်မျိုးကိုလည်း သူမခံစားတတ်။ ဝါဆိုမိုးအား သူချစ်ရသော အချစ်များမှ တစ်ကိုယ်လုံးရှိသော အသွေးအသားများသည် လန်းဆန်း၍နေ၏။ ကျေနပ်မှုများလည်း အပြည့်အဝရှိ၏။

"ဒယ်ဒီ"

သူ့အတွေးများထဲ၌ ပျော်လွင့်ဆဲ သမီးလေးခေါ်သံကြောင့် ပျက်တန့်သွားရ၏။

"ဘာလဲသမီး"

"အန်တီကြည်ပြာက လှတယ်နော်၊ သဘောလည်း ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟုတ်တာပေါ့ကွယ်"

သမီးလေး သဘောကျပြင် ဆိုသည်။

"အခု အန်တီကြည်ပြာ သမီးတို့နဲ့ အတူပါလာရင် သိပ်ပျော်စရာကောင်းမှာပဲ ဒယ်ဒီ"

"အခု သမီးက ဒယ်ဒီနဲ့ သွားနေတော့၊ မပျော်လို့လားဟင်"

"မဟုတ်ပါဘူး ဒယ်ဒီရဲ့၊ အန်တီကြည်ပြာပါရင် ပိုပြီးပျော်စရာကောင်းမယ်လို့ ပြောတာပါ"

"ကဲပါ သမီးရယ်၊ နောက်တစ်ခါကျရင် သမီးနဲ့အန်တီကြည်ပြာနဲ့ပဲ လျှောက်လည်းတော့ပေါ့"

"ဒယ်ဒီကရော..."

"ဒယ်ဒီက အလုပ်အားရင်လည်း လိုက်မယ်၊ မအားရင်လည်းမလိုက်ဘူး"

"အခု သမီးတို့ ဘယ်သွားမှာလဲ ဒယ်ဒီ"

"သမီး ဘယ်သွားချင်လဲ ပြော"

"သမီးကမှ မသိတာ"

"အဟွန်း...ဟွန်း"

သမီးလေးအကားအတွက် သမီးလေး ခေါင်းကို ပွတ်လိုက်ပြီး





သူရယ်မိသည်။ သူမောင်းလာသော ကားသည် လွမ်းညမြို့၏ ဈေးကြီးရှိရာဘက်သို့ ဦးတည်နေ၏။ ဈေးထဲတွင် သမီးလေး ဝယ်ချင်တာကိုဝယ်စေရန် စိတ်ကူးနှင့်ပါ။ လမ်းကြေးတစ်လျှောက် ကားကိုသူမောင်းနှင်လာခဲ့ ဘာခ်နေရာအရောက်မတော့...

"ဟင်..."

"ဘာလဲဒယ်ဒီ"

သမီးက မေးသည်ကို သူမဖြေအား၊ သူ့အကြည့်များသည် လမ်းချိုတစ်ခုထဲသို့ ဝင်သွားသော နောက်ဆုံးပေါ် ကားလှလှလေးဆီသို့ အားရှိုက်ရောက်ရှိနေရလေ၏။

မှန်သည်။ ကားလှလှလေးသည် ဝါဆိုမိုးကား၊ မောင်းသွားသူမှာလည်း ဝါဆိုမိုးကိုယ်တိုင်ပင်ဖြစ်သည်။ ဝါဆိုမိုးသည် သူ့ကိုမမြင်၊ ကားထဲ၌ ဝါဆိုမိုးသည် နုဖတ်ပန်းချီဆေးရေးသည့်ပမာ..မှုန်စက်စွာပြုံးလွှန်းနေ၏။

ဝါဆိုမိုး ကားလေးမောင်းဝင်သွားသော လမ်းမှာလည်း လူပိုင်ခဲ့မှားနေတိုင်းသော ရပ်ကွက်ကြီးတစ်ခုဖြစ်ကြောင်း သူသိပါ၏။ မလိုင်ခဲ့များနေသော ရပ်ကွက်သည် ခြံကြီးဝင်ကြီးတွေနှင့်သာမို့ ယ်သူ့ ဘယ်သူကိုမှလည်း ဂရုမစိုက်၊ ဂရုမပြု၊ ဘယ်သူတွေက တွေလုပ်နေဖြစ်နေကြမန်းကိုလည်း တစ်ခြံနှင့်တစ်ခြံမသိနိုင် မမြင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြပါလေ။

အတွေးနှင့် ခိုင်မင်းဆက်သည် ဝါဆိုမိုးမောင်းဝင်သွားသော လမ်းထဲသို့ ကားကို မောင်းဝင်လာခဲ့၏။ ရှေ့မှ ဝါဆိုမိုးကားကိုလည်း မျက်ခြည်မပြတ် သူကြည့်နေမိသည်။ သူကြည့်နေဆဲပင် ဝါဆိုမိုး ကားလေးသည် ခြံကြီးတစ်ခြံထဲသို့ မောင်းဝင်သွားလိုက်သည်ကို သူတွေ့လိုက်ရပါ၏။ ခိုင်မင်းဆက်သည်လည်း ထိုခြံကြီး၏ ဘေး လမ်းကြားထဲသို့ ကားကို မောင်းဝင်လိုက်ပြီး ကားဆေါ်မှ ဆင်းလိုက် သည်။

"ဒယ်ဒီ၊ ဘယ်လဲ"

"နေဦး သမီး ကားထဲမှာ ခဏနေနော် ဒယ်ဒီ နည်းနည်း ကြည့်လိုက်ဦးမယ်"

သူဆိုရင်း ဘာထားသော အုတ်တံတိုင်း၏ အပေါ်မှ ကြ ခြေခတ်အပေါက်လေးများမှ ခြံထဲသို့ ချောင်းကြည့်လိုက်လေသော်...

"ဟာ"

ခိုင်မင်းဆက်သည် တွေ့လိုက်ရသောမြင်ကွင်းအတွက် ဈ ဝန်းအစုံမိုတ်ကာ ရင်ထဲဟာ၍၊ ကျဉ်၍ ဆူးရှနာကျင်မှုပေါင်းစုံ ဖြစ်ထွန်းရကာ တံတွေးတစ်ချက်ကို မျိုချဖြစ်၏။ သို့တိုင် သူ့ဝေ ကို ဘေးချိတ်ကာ မြင်ကွင်းကို သူပြန်ဆက်ကြည့်သည်။





ကြည့်ဆဲ လက်သီးတို့ကို သူကျစ်ကျစ်ဆုပ်ထားမိ၏။ စကားသံတွေကိုမူ သူမကြားသော်လည်း မြင်ကွင်းကမူ သူ့ရင်တစ် ခုလုံးအား ကြေမွဲခံနေပေါ၏။

မန်သည်။ ခြံထဲတွင်ကား နုနယ်လှပကြော့ရှင်းလွန်းသော ဝါဆိုမိုးနှင့် ရုပ်ရည်ဖြောင့်သော လူကြီးတစ်ယောက်မှာ ရွှေလက်တွဲ ကာ ပြုံးပြုံးရယ်ရယ်ဖြင့် စကားတွေ ဆိုနေလေသည်မဟုတ်ပါလား။ တစ်ချိတစ်ချိမှလည်း ထိုလူကြီးသည် ဝါဆိုမိုး၏ ပခုံးလေးမှသိုင်း ဖက်ကာ စကားတွေဆိုသည်။

ဝါဆိုမိုးသည် လက်ကလေးပိုက်၍ နွဲ့နွဲ့ပြုံးပြုံးလေး ရယ် ၏။ ခိုင်မင်းဆက်သည် ထိုမြင်ကွင်းလောက်ကိုပင် သွားတို့စေကာ ကျင်စူးရှလွန်းသောရင်ဖြင့် ကြည့်နေဆဲ၊ ထိုလူကြီးနှင့် ဝါဆိုမိုးတို့ ည် ကားတစ်စီးပေါ်သို့တက်ကာ ခြံထဲမှ မောင်းထွက်ပါလေ တော့၏။

မောင်းထွက်သွားသောကားမှာ ဝါဆိုမိုးကား မဟုတ်။ ါဆိုမိုးကားသည် ခြံထဲတွင်ပင် ထားရစ်ခဲ့၏။ ဝါဆိုမိုးနှင့် လူခန့် ကြီး ကားမောင်းထွက်သွားလေမှ ခိုင်မင်းဆက်သည် ကားနံပါတ် ခြံနံပါတ်တို့ကို အသေအချာမှတ်သား ကြည့်ခဲ့ပြီး ထိုလမ်းထဲမှ မောင်းထွက်ခဲ့လိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်သို့ ပြန်ရောက်သည်တွင် ဖုန်းရှိသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့၌ ခိုင်မင်းဆက်၊ ကားထိုးရပ်လိုက်သည်။

"သမီး ကားထဲနေဦးနော်.ဒယ်ဒီ အလုပ်ပေါ်လာလို့ ဆိုင်ထဲဝင်ပြီး ဖုန်းတစ်ချက် ဆက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒယ်ဒီ"

သမီးကို မှာခဲ့ပြီး သူဆိုင်ထဲ အပြေးဝင်ခဲ့သည်။ ပိုက်ဆံပေး၍ ဆယ်လူလာဖုန်းတွင် ရှင်းနေ၍ သူဖုန်းကောက်ဆက်လိုက်၏။ သူဖုန်းဆက်လိုက်သောနေရာတွင် မြင်းသာရုံသို့ ဖြစ်၏၊

"ဟဲလို…အမိန့်ရှိပါခင်ဗျား"

တစ်ဖက်မှ ပြောသံကြားသည်တွင်

"ဟုတ်ကဲ့၊ မြင်းသာရုံကပါလား"

"ဟုတ်ပါတယ်"

"ကျွန်တော် ရဲအရာရှိ ခိုင်မင်းဆက်ပါ"

"ဪ…ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဘာကူညီရပါမလဲ ခင်ဗျား"

"ကျွန်တော် နောက်ဆုံးပေါ် မာစီဒီးကားနံပါတ်( )ရဲ့ပိုင်ရှင်ကို သိချင်ပါတယ်ခင်ဗျာ"

"ဪ…သိပြီဆရာ ဒီမြို့မှာ မာစီဒီးကားစီးတဲ့ သူ





ရှားပါတယ်၊ တစ်မြို့လုံးမှ ဆယ်စီးတောင်မပြည့်ပါဘူးဆရာ၊ အခုဆရာပြောတဲ့ ကားနံပါတ်ကိုလည်း ကျွန်တော် သိပါတယ်၊ အဲဒီနံပါတ်နဲ့ကားကို ပိုင်တဲ့သူက ဦးကျော်ဇောပါပဲဆရာ"

"ဦးကျော်ဇော"

"ဟုတ်ပါတယ်ဆရာ၊ ဆရာမသိဘူးလား၊ ဒီမြို့မှာတော့ ထိပ်တန်းက လူတစ်ယောက်ပဲလေ၊ တကယ့်ချက်ကျတဲ့ "…" လမ်းက အလှကုန်မျိုးစုံထုတ်လုပ်တဲ့ စက်ရုံကြီး ဦးကျော်ဇောရဲ့ စက်ရုံကြီးပဲပေါ့ ဆရာရယ်"

"ဪ…ဟုတ်ကဲ့ ကျွန်တော် ခုလောက်သိရရင်ပဲ ကျေးဇူးတင်ပါပြီခင်ဗျာ"

"ဟုတ်ကဲ့ ဆရာ၊ နောက်ကို လိုအပ်လည်း ပြောပါခင်ဗျာ"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဟင်း…"

ကျေးဇူးတင်စကားပြောပြီး သက်ပြင်းကိုချကာ ခိုင်မင်းဆက်သည် တစ်ချက်ငေးငိုင်သွားရ၏။ ငေးငိုင်သွားသည်က ထိုလူခန့်ကြီးနှင့် ချစ်မြတ်နိုးရသော ဝါဆိုမိုးတို့၏ ဆက်စပ်နေပုံအား ရင်ထဲ မရှုမလှခံစားနေရသောကြောင့်ပါ။

"ဟူး"

ခိုင်မင်းဆက်သည် အတန်ကြာ ငေးငိုင်နေမိပြီးမှ လေးပြင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကို မှတ်ထုတ်ပြီး ခေါင်းကို ရမ်းပစ်လိုက်သည်။ ထို့နောက် ထိုလူကြီးနှင့် ဝါဆိုမိုးတို့ မည်သို့ပတ်သက်နေပုံနှင့် ထိုလူကြီး၏ အကြောင်းများအား နေ့ချင်းပင် အသေးစိတ်နှံစမ်းရန် ခိုင်မင်းဆက် သည် ဆုံးဖြတ်ချက်ချလိုက်မိပါတော့သတည်း၊

❖ ❖ ❖



BURMESE CLASSIC .com

## တစ်ဆယ့်တစ်

ညနေ ငါးနာရီ အလုပ်သမားများပြန်ချိန်တွင် ခိုင်မင်းဆက် သည် ဦးကျော်ဇောပိုင်သော ကမ္ဘာကျော် အလှကုန်လုပ်ငန်းစက်ရုံ ကြီးသို့ ရောက်လာခဲ့လေ၏။ ထိုနေ့ တစ်နေ့လုံးပင်လည်း ခိုင်မင်း တက်သည် ရုံးသို့ မရောက်ဖြစ်ဘဲ အပြင်မှသာ ရုံးသို့ဆက်သွယ် ကာနေ၏။

မနေ့ကတည်းက သည်နေ့အထိ ဦးကျော်ဇော၏အကြောင်း တွေကို သူလေ့လာ စုံစမ်းခဲ့သည်။ ဦးကျော်ဇောသည် မုဆိုးဖိုတစ် ယောက်ဖြစ်ကြောင်းနှင့် လွန်စွာကြွယ်ဝကြောင်း ရန်ကုန်တွင်လည်း ဦးကျော်ဇောနှင့်ပတ်သက်သော လုပ်ငန်းများ ရှိကြောင်း။

သပြေမြိုင်ရပ်ကွက်မှ အလှနတ်သမီးလေး ဝါဆိုမိုးနှင့်လည်း လိုလို သတင်းများ ကြားရကြောင်း၊ စသည်ဖြင့် မချမ်းမြေ့ဖွယ်ရာ ကြောင်းများအား ခိုင်မင်းဆက် သိခဲ့ရ၏။ ထိုသတင်းအတွက် ခိုင်မင်းဆက်သည် ဖြစ်နိုင်သည်ဟုလည်း သံသယဖြစ်မိသည်။

အဘယ်ကြောင့်ဆိုသော် မနေ့ကပင် ဦးကျော်ဇောနှင့် ဝါဆိုမိုး



www.burmeseclassic.com

www.burmeseclassic.com



တို့အား ပြုံးပျော်ကာ တုယှဉ်ဘွဲ့လျက်ကိုယ်တိုင်ပင် တွေ့ခဲ့ရသည် မဟုတ်ပါလား။ ဝါဆိုမိုးအံ့အား မရတနာအသတ်ခံရမှုနှင့် ပတ်သက်၍လည်း အချို့လူတွေက သံသယဖြစ်နေကြသည်။

မရတနာအမှုအတွက် ဝါဆိုမိုးကိုလည်း သူစစ်ဆေးခဲ့သည်။ ယခု ဝါဆိုမိုးနှင့် ဦးကျော်ဇောသည် ဆက်နွယ်နေပြန်၏။ သည်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ဝါဆိုမိုးနှင့် ဦးကျော်ဇောတို့ အခြေအနေမှန်အား အတိအလင်း သိရအောင်နှင့် မရတနာအမှုနှင့် ပတ်သက်၍လည်း ဦးကျော်ဇောအား သွယ်ဝိုက်ဘာမေးမြန်းစုံစမ်းရန်အတွက်...

ခိုင်မင်းဆက်သည် နေ့လယ်ကတည်းက ဦးကျော်ဇောနှင့် တွေ့ဆုံရန် ရှာဖွေကြိုးစားခဲ့သော်လည်း ဦးကျော်ဇောနှင့်မတွေ့သော ရှိနေ၏။ ဦးကျော်ဇောအိမ်တွင်လည်း သွားရောက်စုံစမ်းသည်။ အလုပ်သမားတစ်ဦးက ဦးကျော်ဇော စက်ရုံသွားကြောင်းပြော၍...

နေ့လယ်က တစ်ခေါက် စက်ရုံသို့လာရောက်ကာ စုံစမ်းတော့လည်း ဦးကျော်ဇော စက်ရုံသို့ မရောက်သေးဟုဆို၏။ ထို့အတွက် ဦးကျော်ဇောတစ်ယောက် အပြင်တစ်နေရာရာမှာများ ရှိသလားဟူသော အတွေးနှင့် အပြင်နေရာများတွင်လည်း ဦးကျော်ဇောကို သူရှာဖွေခဲ့သည် မတွေ့။





နောက်ဆုံး ဝါဆိုမိုးဆီများ ရောက်နေလေမလားဟူသော အတွေးနှင့် ဝါဆိုမိုးနေထိုင်သော နေအိမ်သို့လည်း တိတ်တဆိတ် သွားရောက်ခဲ့၏။ ဦးကျော်ဇောမရှိ၊ ဦးကျော်ဇောအား ရှာ၍မတွေ့လေမှ ဦးကျော်ဇောနှင့်တွေ့ချင်လွန်းသောဆန္ဒသည် ပို၍ပြင်းပြနေရလေ၏။

ဦးကျော်ဇောနေအိမ်နှင့် စက်ရုံဆီသို့လည်း ဖုန်းခဏခဏ ဆက်ပြီး သူမေးသည်။ စက်ရုံမှာရော အိမ်မှာရော ဦးကျော်ဇောမရှိကြောင်းသတင်းသာ သူကြားရ၏။ တစ်နေကုန်သည်အထိ ဦးကျော်ဇောကို သူဆက်ရှာသည်။ စုံစမ်းသည်။ ဦးကျော်ဇောသွားတတ်သော နေရာများလည်း သူရှာခဲ့သည်မှာ နေရာစုံပြီ။

နောက်ဆုံးမှာတော့ သူသည် ဦးကျော်ဇော၏ စက်ရုံကြီးဆီသို့ ရောက်လာခဲ့ပါသတည်း။ ခိုင်မင်းဆက်သည် စက်ရုံမှန်ပြတင်းတစ်ခုမှန်ခွဲကာ စက်ရုံကြီးထဲသို့ ဝင်ခဲ့လိုက်သည်။ စက်ရုံထဲတွင်ကား ညစောင့်အလုပ်သမားသည်လည်း ရောက်မလာသေး၍ လူတစ်ယောက်မှမရှိ တိတ်ဆိတ်၍နေ၏။

အထဲရောက်မှ စက်ရုံကြီးသည် လွန်စွာကြီးကျယ်ကြောင်း ခိုင်မင်းဆက်တွေ့ရသည်။ စက်ရုံတည်ဆောက်ထားပုံသည် သုံးထပ်ဖြစ်သည်။ အောက်ထပ်တွင် စက်ပစ္စည်းများနှင့် ကုန်ကြမ်းများကို တွေ့ရသည်။ ခိုင်မင်းဆက်သည် ကုန်ကြမ်းပစ္စည်းကို လေ့လာကြည့်မိ၏။ အောက်ထပ်တွင် လေ့လာကြည့်ပြီးနောက် ဒုတိယထပ်သို့တက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ဒုတိယထပ် တစ်ထပ်လုံးတွင်မူကား ရေမွှေး၊ နှုတ်ခမ်းနီ၊ ပေါင်ဒါ၊ မိတ်ကပ်၊ ဆပ်ပြာများထုပ်ထားသော ပါကင်ဘူးနှင့် ပါကင်မထုပ်ရသေးသောပစ္စည်းများကိုလည်း တွေ့ရ၏။ ခိုင်မင်းဆက်သည် ပါကင်မပိတ်ရသေးသော အလှကုန်ပစ္စည်းများအချို့ကို လေ့လာဖွင့်ကြည့်သည်။

ပစ္စည်းမှန် ဈေးမှန်နှင့် ပြုလုပ်ထားသော အမျိုးကောင်း အလှကုန်များကိုသာ ခိုင်မင်းဆက် တွေ့ရ၏။ ဒုတိယထပ်မှ တတိယထပ်သို့ ခိုင်မင်းဆက် တက်ခဲ့သည်။ တတိယထပ်ရောက်မှ တတိယထပ်တွင် အထပ်ခိုးဟုဆိုလေမလား၊ သုံးထပ်ခွဲတိုက် အဆောက်အဦးကြီးဟု ဆိုလေမလား၊ စတုတ္ထ အထပ်တစ်ထပ်ကိုပါ ခိုင်မင်းဆက် တွေ့လိုက်ရလေ၏။

ခိုင်မင်းဆက်သည် စတုတ္ထထပ်ပေါ်သို့ တက်သောလှေကားဆီသို့ တစ်ချက်ကြည့်ပြီး တတိယထပ်သို့ လှည့်လာလိုက်သည်။ တတိယထပ်တွင်လည်း ခန်းလုံးပြည့်ခမန်း ပါကင်ပိတ် အလှကုန်ပစ္စည်းများနှင့် ပြည့်နေ၏။ ခိုင်မင်းဆက်သည် ပါကင်ပိတ် စက္ကူဘူးကြီးများကို လိုက်၍တစ်ခုချင်းကြည့်နေဆဲ တစ်နေရာတွင်မူကား...

"တောက်"

စက္ကူဘူးပေါ်သို့ တစ်ခုခုကျသံ သို့မဟုတ် ရေစက်ရေပေါက်





မျိုးကဲ့သို့ပင် ခိုင်မင်းဆက် ကြားလိုက်ရသည်။ ခိုင်မင်းဆက် ရှာဖွေကြည့်သည်။ အဆောက်အဦကား ကြီးလွန်း၍ ရုတ်တရက် ရှာ၍ ကားမတွေ့။

"တောက်"

အသံက ပို၍ပီပြင်လာသည်။ ကျသံသည် အဆက်မပြတ် ကျသော အသံမျိုးလည်းမဟုတ်၊ တစ်စက်ချင်း စိမ့်၍ကျနေသော အသံမျိုးသာဖြစ်၏။ တစ်ချက်နှင့်တစ်ချက်က အဆက်ပြတ်၍နေသည်။ ခိုင်မင်းဆက်သည် အသံကြားရာဆီသို့ မှန်း၍ ရှာဖွေကြည့်သည်။

"တောက်"

"ဟင်..."

တွေ့ပါပြီ။ နောက်ထပ် တစ်ချက်ကျသံနှင့် ခိုင်မင်းဆက် ကြည့်သည့်တန်းသွား၍ တွေ့မြင်သွားရ၏။ ခိုင်မင်းဆက်သည် ဗိုက်ထဲ မသိုးမသန့် ဖြစ်ပေါ်ရင်း မျက်မှောင်တွန့်ရင်းမှ အစက်ကျလာနေရာသို့ တိုး၍ကြည့်လိုက်လေသော်...

"ဟာ...သွေးတွေပါလား၊ အပေါ်ကကျလာတာပဲ"

အတွေးနှင့် ခိုင်မင်းဆက်သည် အပေါ်သို့ မော်အကြည့် ကျွန်းထိုးကြမ်းကြားထဲမှပင် နောက်ထပ် သွေးစက်တစ်စက်သည်



www.burmeseclassic.com

www.burmeseclassic.com



ကျရန်အသင့်ရှိနေသည်ကို တွေ့လိုက်ရလေ၏။ ခိုင်မင်းဆက်သည် ခါးကြားထဲမှ သေနတ်ကို ဖတ်ခနဲဆွဲထုတ်ကာ စတုဏ္ဏထပ်သို့ ပြေးတက်ခဲ့သည်။

စတုဏ္ဏထပ်သည်ကား ကျယ်ဝန်းလှခြင်းမရှိပါ။ ဦးကျော်ဇော အနားယူခန်းလောက်သာဖြစ်၏။

"ဟာ ဦးကျော်ဇော"

အပေါ်ထပ်သို့ရောက်သည်နှင့် ဆိုဖာကုလားထိုင်များအား ကြမ်းပြင်ထက်၌ ဦးကျော်ဇောသား မှောက်လျက်လဲကာ အသက်ပျောက်နေရှာပါပြီကော။ ခိုင်မင်းဆက်သည် လူသတ်သမားအား တွေ့လိုတွေ့ငြားအဆောက်အဦးကြီးအနှံ့၌ ပြေးလွှားရှာဖွေကြည့်ပါသော်လည်း မည်သူ့ကိုမျှမတွေ့။ နောက်ဆုံး ခိုင်မင်းဆက်သည် အလောင်းနား ပြန်ရောက်လာပြီး ကြည့်နေသည်။

ခိုင်မင်းဆက်သည် လွန်စွာအံ့သြထိတ်လန့်သွား၏။ မျက်ဝန်းထဲတွင်မူလည်း ဝါဆိုမိုးနှင့်တွဲလျက် မနေ့က ဦးကျော်ဇောကိုမြင်ယောင်နေမိသေးသည်။ သည်နေ့ ဦးကျော်ဇောကား သေဆုံးနေချေပြီ။ ဦးကျော်ဇောသည် သေဆုံးနေခြင်းမျိုးမဟုတ်။ တစ်ဦးတစ်ယောက် လုပ်ကြံသတ်ဖြတ်ခံရ၍ သေဆုံးရခြင်းပင်တည်း။

ဦးကျော်ဇောရင်ဘတ်မှ သွေးတို့ကိုကြည့်ပြီး ခိုင်မင်းဆက်





မျက်ဝန်းထဲ၌ လှပသော ဝါဆိုမိုးကိုသာ မြင်ယောင်နေမိ၏။ ခိုင်မင်းဆက်သည် တယ်လီဖုန်းကို မျှော်ချလိုက်မိသည်။ ထို့နောက် ရဲစခန်းသို့ ဖုန်းဆက်ခေါ်လိုက်ရပါတော့သတည်း။

× × ×

ခိုင်မင်းဆက်၏ ဖုန်းဆက်အကြောင်းကြားလိုက်မှုကြောင့် အသေးရုံကား၊ ရဲကားများနှင့် မှုခင်းဆရာဝန် ဒေါက်တာ ကြည်ပြာပါ တစ်ပါတည်း ပါလာခဲ့သည်။ ဦးကျော်ဇောအလောင်းအား မှုခင်းဓာတ်ပုံတွေကို ဘဖျောက်မှတ်ရိုက်သည်။ စစ်ဆေးတွေ့ရှိချက်အရ မှတ်တမ်းများအား စာရေးကြီးလင်းလင်းက လိုက်၍ ရေးမှတ်၏။

မည်သူကမျှ အလောင်းကို မထိကြသေးဘဲ အသေးစိတ် ကြည့်ရှုကြည့်၍ မဘ်သားကြသည်။ အလောင်း၏ အနေအထား အား ဒေါက်တာကြည်ပြာကပါ ကြည့်ရှုသည်။

"အံ့သြစရာတော့ ကောင်းနေပြီ၊ ဦးကျော်ဇော ဘယ်လိုဖြစ်ပုံကလဲမသိဘူး"

အရာရှိကြီး ဦးလှမြိုင်က ဆိုသဖြင့် အားလုံးမှာ ဦးလှမြိုင် အားတွင် စိတ်ဝင်စားနေမိကြ၏။ စာရေးလင်းလင်း တစ်ယောက် ... ဦးကျော်ဇော အလောင်းအနီး၌ ကြည့်နေမိဆဲ...



www.burmeseclassic.com

www.burmeseclassic.com



မှောက်လျက်ရှိနေသော ဦးကျော်အောင်၏ လည်ပင်းအောက်မှ ဝဲဘက်လက်သီးဆုပ်၏ လက်ချောင်းများကြားမှ တစ်စုံတစ်ရာကို တွေ့လိုက်ရလေ၍ စာရေးကြီးလင်းလင်းသည် အားသဲဟုသော သိလိုစိတ်ဖြင့် စိတ်ဝင်စားသွားပြီး လက်သဲရှိသော ဘောလ်ပင်တံဖြင့် ဦးကျော်အောင်၏ လက်ချောင်းများအား ထိုးဖြေလိုက်ခြင်းကြောင့် ထွက်ကျလာသည့် ပစ္စည်းလေးကို ကောက်ယူကြည့်လိုက်သည်။

"ရွှေရည်စိတ်ခေတ်ပေါ်ပုံဆန်း ကြယ်သီးတစ်လုံးပဲ ဒီကြယ်သီးတွေဟာ သိပ်လည်းဈေးကြီးတယ် အင်း...ဒီကြယ်သီးတွေကို ဝယ်ပြီး တတ်နိုင်တဲ့သူက..."

စာရေးကြီးလင်းလင်းသည် နှင်းဆီပွင့်ပုံ ရွှေကြယ်သီးလေးကိုကြည့်ပြီး အတွေးတစ်ပိုင်းတစ်စနှင့်ပင် ကြယ်သီးလေးကို လူတွေ မမြင်ခင် ဝှက်သိမ်းထားလိုက်လေ၏။ ရဲအရာရှိကြီး ဦးလှမြိုင်သည်း စဉ်းစား အမှတ်ရဟန်ဖြင့် မျက်မှောင်ကိုကြုတ်ရင်းမှ...

"မနေ့ကပဲ ဦးကျော်အောင်ကို ဝါဆိုမိုးနဲ့တောင် အတူတွေ့ပါသေးတယ်"

"ဟုတ်တယ် ဆရာ ကျွန်တော်လည်း တွေ့မိတယ်"

ရဲတစ်ယောက်ကပါ ဝင်ဆိုသည်၊ ခိုင်မင်းဆက်ကမူ သူ့အကြောင်း ဖွင့်၍မဆို၊ နှုတ်ဆိတ်၍ပင် ပြောလာသည့်စကားများအား နားစွင့်၍နေ၏။





"ဦးကျော်အောင်နဲ့ ဝါဆိုမိုး ဘာလို့လိုတော့ သတင်းထွက်နေတယ် သဘောင်းအငတ်အကျအတော့ သေသိပါဘူး"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ဆရာ၊ သူတို့ချင်းလည်း အသွားအလာ အပြောအဆိုတွေရှိနေသော လူတွေတချို့သိကြတာပဲလေ၊ ဒီတော့ ဝါဆိုမိုးကို ဦးကျော်အောင်နဲ့ ပတ်သက်ပြီး ခေါ်စစ်ဆေးသင့်တယ်"

စာရေးကြီးလင်းလင်းက ဝင်ရောက်လာ ဆိုလာလေ၍...

"ဟုတ်တယ်ဆရာ ပတ်သက်ရာ ပတ်သက်ကြောင်းတော့ မေးခွန်းရမှာပဲ"

"ဒါပေါ့ကွာ"

နောက်ဆုံး ရဲအရာရှိစကားအတွက် ဦးလှမြိုင်ကဆိုသည်။ ခိုင်မင်းဆက်ကား ကန့်ကွက်ခြင်းလည်းမရှိ တွေဝေကာ စဉ်းစားနေမိ၏၊ မည်သို့ပင်ဖြစ်စေ ဝါဆိုမိုးအား စစ်ဆေးသင့်ကြောင်းကိုတော့ ပုကိုယ်တိုင်လည်း သဘောပေါက်ထားသည်ပင်၊

"ဟင်း..."

ရင်ထဲတွင် တင်းကိုယ်တည်း သူ့သက်မအောကို ကျိတ်ချလိုက်သည်။ ခေါက်တာကြည်ပြာသည်က ရဲတွေပြောသောစကားများကို ... စိတ်ဝင်စားစွာ နားထောင်နေမိပြီး ရှုပ်ပတ်သက်သောအလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ နားမလည်စွာဖြင့် ကြည့်နေမိ၏။

"မနက်ဖြန်ကျရင် ငါဆိုမိုးကို ချုံးခေါ် စစ်မယ်ဆရာ"

ရဲအရာရှိတစ်ယောက်က ဆိုသဖြင့်...

"တာဝန်ရှိတာ လုပ်ကြပါ။ ဥပဒေကတော့ ဘယ်သူ့ကိုမှ ဘက်လိုက်မှာမဟုတ်ဘူး"

အရာရှိကြီး ဦးလှမြိုင်ဆို၏။

"ကိုဆက်"

တစ်ဆက်တည်း ခိုင်မင်းဆက်ကိုပါ ခေါ်လိုက်သဖြင့်...

"ဗျာ...ဆရာ"

"အမှုတွေက ဆက်တိုက်ဖြစ်နေပြီကွာ။ ကိုဆက် ကြိုးစားပါဦး"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော် အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံး အမှုပေါ်အောင် ကြိုးစားပါမယ်"

"မနက်ဖြန်ဆို ငါဆိုမိုးဆိုတဲ့ အမျိုးသမီးကို ကျွန်တော်လည်းပဲ စစ်ဆေးပါဦးမယ်"

"အင်း...ဒီအမှုနဲ့ပတ်သက်ပြီး ကိုဆက်ကိုတော့ တာဝန်အပ်လိုက်ပြီ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် ကြိုးစားပါ့မယ်"





"ကဲ...ဒေါက်တာလည်း လူသတ်မှုတစ်ခုဖြစ်တိုင်း စိတ်မသာယာစရာတွေနဲ့ ကြုံရပြီ၊ ကျွန်တော်တို့ကို ဆေးစစ်ချက်တွေ လုပ်ပေးရဦးတော့မယ်"

"ကျွန်မအတွက် ကိစ္စမရှိပါဘူး ဆရာ၊ ကျွန်မအလုပ်ကိုကလည်း ဒါပဲမဟုတ်လား။ တာဝန်နဲ့ဝတ္တရားကိုတော့ မလွဲမသွေလုပ်ရမှာပါပဲရှင်၊ ကျွန်မလည်း အတတ်နိုင်ဆုံးနဲ့ အမှန်ကန်ဆုံး ဆေးစစ်ချက်ကို ထုတ်ပေးပါ့မယ်ဆရာ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်"

"ကဲ...ဆရာတို့ရဲ့ လုပ်စရာရှိတာ ဆက်လုပ်ကြပါတော့ဗျာ"

ဦးလှမြိုင်ထံမှ အမိန့်ရသည်တွင် ဦးကျော်ဇောအလောင်းကား တာဝန်ရှိသူများက သယ်ထုတ်သွားကြလေပြီ ဖြစ်သည်။

"ဆရာ...ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦး"

"ကောင်းပြီ ကိုဆက်"

ခိုင်မင်းဆက်သည် ဆရာသမားကိုနှုတ်ဆက်ခဲ့ပြီး သူ့ကားရပ်ထားရာဆီသို့ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းထွက်ခဲ့၏။

"ဆရာ...ဆရာ...ဆရာကိုဆက်"

ကားဆီသို့အရောက် နောက်မှ ပြေးလိုက်ခေါ်လာသော ...ပည့်ဖြစ်သူ စာရေးကြီး ကိုလင်းလင်းခေါ်သံကြောင့် သူလှည့် ...ည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ပြော ကိုလင်းလင်း၊ ဘာကိစ္စလဲ"

စိတ်ပျက်နေဟန်နှင့် ခိုင်မင်းဆက် မေးတော့၊ စာရေးကြီး ကိုလင်းလင်းမှာ စောစောက ကိစ္စကို အားပါးတရပြောမည် ဆုံးဖြတ်ထားပြီးမှ မည်သို့စိတ်ကူးပေါက်သွားသည်မသိ ကိုလင်းလင်းသည် ခိုင်မင်းဆက်အား ရွှေကြယ်သီးအကြောင်း ဖွင့်ပြောပြခြင်းမပြုတော့ပဲ...

"ဆရာ အခု ဘယ်သွားမလို့လဲလို့ ကျွန်တော် လာမေးတာပါ"

"ဘာလဲ ခင်ဗျားက လမ်းကြုံလိုက်မလို့ ဆိုပါတော့၊ ကျွန်တော်နဲ့တော့ လမ်းမကြုံဘူး၊ ဟိုမှာ ဒေါက်တာကြည်ပြာရှိတယ် သူနဲ့ပဲခင်ဗျား လိုက်သွားပေါ့"

ဒေါက်တာကြည်ပြာဘက် တစ်ချက် မေးဆတ်ပြပြီးဆိုကာ ခိုင်မင်းဆက်သည် ကားမောင်း၍ ထွက်သွားပါတော့၏။ စာရေးကြီး လင်းလင်းမှာ ဆရာသမားကို ပြုံး၍ကြည့်ကာ ကျန်ရစ်ခဲ့ရင်းမှ...

"ဆရာ့စိတ်ရှုပ်နေတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ တစ်နေ့ကျရင် ဆရာ့ကို ကျွန်တော်က ကူညီနိုင်မှာပါ"

"ခုတော့ ဆရာကို ကျွန်တော် မပြောသေးဘူး။ ဆရာ့ကို အံ့သြသွားအောင် ကျွန်တော်လုပ်မယ်"

ကျေနပ်သောအတွေးများနှင့် လင်းလင်းရှိနေစဉ်။ ဒေါက်တာ





ကြည်ပြာမှာ ငေးနေသော စာရေးကြီးလင်းလင်းထံဘာရယ်မဟုတ် တစ်ချက်ကြည့်နေပြီးကာမှ ကားကို မောင်းထွက်သွားလိုက်ပါတော့၏။ ဆေးရုံကားနှင့် ရဲကားများ အသီးသီး မောင်းထွက်သွားချိန်မှ စာရေးကြီးကိုလင်းလင်းသည် သူ့စက်ဘီလေးနှင့် ထွက်ခဲ့ပါလေ၏။

စာရေးကြီးလင်းလင်း ရင်ထဲမှာတော့ ဆရာသမားအတွက် တစ်ဖက်တစ်လမ်းမှ သူလည်း ကြိုးစားပေးရန်စိတ်ကူးနှင့်၊ ကိုယ်တိုင်လည်း အမှုအခင်းများအား စုံစမ်းရန် ဝါသနာပါသူမို့ လင်းလင်းသည် ဦးကျော်အောလက်ထဲမှ ရရှိထားသော နှင်းဆီပုံစံရွှေကြယ်သီးလေးနှင့်ပတ်သက်၍ စုံစမ်းရန် ဆုံးဖြတ်ချက်ရှိထားလိုက်ရပါပြီတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်နှစ်

ဝါဆိုမိုးသည် ရဲစခန်းသို့ ရောက်ခဲ့လေ၏။ ဝါဆိုမိုး၏ အသွင်သည် ငြိမ်းချမ်းခြင်းလော၊ တည်ငြိမ်အေးစက်ခြင်းလော မပေခွဲနိုင်။ ဝါဆိုမိုးသည် နူးညံ့သိမ်မွေ့၍ အေးချမ်းစွာရှိနေသည်ကတော့ အမှန်ပါ။

ရဲဌာနတွင်းသို့ ဝါဆိုမိုးဝင်အလာ၌ အားလုံးမှာ ဝါဆိုမိုး၏ ထူးခြားသော အလှတွင် မိန်းမောသလို ဖြေးသွားကြရလေ၏၊ ဝါဆိုမိုးအလှအား ငေးမောကြည့်မိကြပြီးမှ ရဲအရာရှိ အမျိုးသမီးတစ်ဦးသည် ဝါဆိုမိုးကို ဦးဆောင်ခေါ်ကာ သီးသန့်ခန်းတစ်ခုထဲသို့ ခေါ်ခဲ့လေ၏။

အခန်းထဲသို့ ဝါဆိုမိုးဝင်လိုက်သည်နှင့် ခိုင်မင်းဆက်နှင့်တကွ ရဲအရာရှိအတော်များများကို ဝါဆိုမိုးတွေ့လိုက်ရလေသည်၊ ပထမသော် ဝါဆိုမိုးသည် မျက်မှောင်လေးသာသာ တွန့်သွားပြီးကြည့်မိသည်။ ခိုင်မင်းဆက်သည် ဝါဆိုမိုး အသွင်နှုန်းကို စိုက်ကြည့်နေမိ၏။





"ထိုင်ပါခင်ဗျာ"

ရဲအရာရှိတစ်ဦးက ဝါဆိုမိုးကို ထိုင်ရန် နေရာပေးသည်။ ဝါဆိုမိုး ဝင်ထိုင်လိုက်၏။ ဝါဆိုမိုးအသွင်သည် နုလှလွန်းသည် နှင့်သော်လည်း လွန်စွာ တည်ငြိမ်ရင့်ကျက်လွန်းနေပါ၏။ အားလုံး၏ အကြည့်များသည် ဖူးအိနေသော ဝါဆိုမိုးတစ်ကိုယ်လုံးဆီ၌သာ စူးစိုက်ကျရောက်နေကြချေ၏။

ဝါဆိုမိုးသည်ကား အားလုံးကို ဝေ့ခနဲ တစ်ချက်ကြည့်ပြီး အေးဆေးစွာ ဖနေလိုက်သည်။

"ကဲ...ဒေါ်ဝါဆိုမိုးနဲ့ ကျွန်တော်တို့ အားလုံးနဲ့ အရင်ဆုံး မိတ်ဆက်ပါရစေ"

"ကျွန်တော်က ဦးမောင်စိုးပါ၊ ဒီက ဦးခိုင်မင်းဆက်၊ ဟိုက ဒေါ်မြမြ၊ ဟိုဘက်ကတော့ မှုခင်းဆရာဝန် ဒေါက်တာကြည်ပြာပါ၊ ဟိုဘက်ကတော့ ဦးတိုးအောင်နဲ့ ဦးဝင်းကိုတို့ပဲ ဖြစ်ပါတယ်၊ အားလုံးကတော့ အရာရှိတွေပါပဲခင်ဗျာ"

"ဟုတ်ကဲ့"

ထိုမျှသာ ဝါဆိုမိုးဆိုသည်။

"အခု ဒေါ်ဝါဆိုမိုးကို ကျွန်တော်တို့ ခေါ်တွေ့ရတဲ့အကြောင်း ကိုသိလား"

"မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော်ဆက်ပြောပါ့မယ်၊ ဦးကျော်ဇောမနေ့က အသတ်ခံလိုက်ရတဲ့အကြောင်း ဒေါ်ဝါဆိုမိုး သိလား"

"သိပါတယ်"

"ဘယ်လိုသိလဲ၊ ဘယ်တုန်းက သိလဲ"

"မနေ့တုန်းကပဲ ကျွန်မအပြင်ထွက်တော့၊ ဒီလိုပဲလူတွေ ပြောသံကြားတာပဲ၊ သူ့အိမ်ကိုတော့ ကျွန်မမှန်းဆက်ကြည့်သေးတယ်၊ ဟုတ်တယ်လို့ အလုပ်သမားက ပြောတယ်"

"ဒေါ်ဝါဆိုမိုး မနေ့က ဘယ်အချိန် အပြင်ထွက်လဲ၊ ဘယ်နှစ်ခေါက်ထွက်လဲ"

နောက်တစ်ဦးက မေးသည်။ ခိုင်မင်းဆက်သည် ဝါဆိုမိုးကိုသာ ကြည့်ရင်းနားထောင်နေမိ၏။

"တစ်ခေါက်ပဲ၊ ညနေပိုင်းထွက်တယ်၊ အချိန်အတိအကျတော့ ကျွန်မ မပြောတတ်ဘူး၊ ကျွန်မအိမ်ပြန်ရောက်တဲ့အချိန်ကတော့ ည ခြောက်နာရီပဲ"

"ဦးကျော်ဇောနဲ့ ဒေါ်ဝါဆိုမိုးနဲ့က ရင်းနှီးပြီးသားလား"

"ဟုတ်ပါတယ်"

တစ်နေ့က ဦးကျော်ဇောကားပေါ်မှာ ဒေါ်ဝါဆိုမိုးကိုတွေ့မိကြတယ်လို့ ပြောတယ်"

"ဟုတ်ပါတယ်"





"ဘာကိစ္စနဲ့ များပါလဲ"

"ကျွန်မနဲ့ ဦးကျော်ဇောတို့ လက်ထပ်ဖို့ကိစ္စပါ"

အေးအေးဆေးဆေးပင် ပြောလိုက်သော ဝါဆိုမိုးစကား ကြောင့် ခိုင်မင်းဆက်သည် မျက်နှာအကြီးအကျယ် ပျက်သွားရ၏။ ခိုင်မင်းဆက်အား မည်သူကမျှမသိလိုက်သော်လည်း ဝါဆိုမိုးက ..လိုက်မြင်လိုက်ပါလေ၏။ သူတို့နှစ်ယောက်အကြည့်သံည်လည်း ..ဆုံချက်ဆုံသည်။ ဝါဆိုမိုး နှုတ်ခမ်းလှလှလေးသည် လွန့်လွန့်ပြုံး ..နေရှိ၏။

ဝါဆိုမိုး၏ မျက်ဝန်းပြာအစုံတို့က ရွှဲစက်တောက်ပကာ ..ပြင်နေဟန်ရပ်။ ဒေါက်တာကြည်ပြာနှင့် ရဲအရာရှိအမျိုးသမီးတို့ ..ည် ဝါဆိုမိုး၏ အလှအား ငေးမောကြည့်နေမိ၏။ ခိုင်မင်းဆက် ..ား တံတွေးတစ်ချက်ကို မျိုချကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိ ..၏။ ခုထိ ခိုင်မင်းဆက်သည် စကားတစ်ခွန်းမျှဝင်မဆိုပါ။

"ခင်ဗျားနဲ့ ဦးကျော်ဇောက သမီးနဲ့အဖေလောက်ရှိတာ ..က်ထပ်မယ်"

ရဲအရာရှိတစ်ဦးက အံ့သြစွာ ဝင်ဆိုနေ၍...

"အဟင်း...ကျွန်မအတွက် ဖခင်နဲ့တူတဲ့ ခင်ပွန်းသာ လိုအပ် ..ယ်လို့ ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုမိုးသည် နူးညံ့သော ရယ်သံလေးတစ်ခုကိုပွင့်ကာသင် အေးဆေးစွာဆိုသည်။

"အခု သူသေသွားတော့ကော"

"သူသေတာ ကျွန်မနဲ့ ဘာဆိုင်လဲ"

"ခင်ဗျား ဘယ်လိုခံစားရလဲ"

"မိတ်ဆွေတစ်ယောက် ဆုံးရှုံးတဲ့အတွက် စိတ်မကောင်းဘဲ ဖြစ်မိတယ်"

"ခင်ဗျားရဲ့ ခင်ပွန်းလောင်းမဟုတ်ဘူးလား"

"ဒါတွေက ကျွန်မရဲ့ အရေးမကြီးဘူးလို့ ထင်တဲ့ ဆုံးဖြတ်ချက်တစ်ခုနဲ့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာပါ ဒီထက် ကျွန်မပိုပြီး မပြောနိုင်ဘူး မေးစရာရှိရင် တခြားမေးပါ၊ မရှိရင် ကျွန်မပြန်မယ်"

ဝါဆိုမိုးဆိုသည်၊ ဝါဆိုမိုးစကားသံလေးက အေးအေးဆေးဆေးပင်၊ စကားအဆုံး ဝါဆိုမိုးသည် ထိုင်ရာမှ ထ,ရပ်လိုက်လေ၍…

"ကျွန်တော်မေးချင်တယ်"

ကိုခိုင်မင်းဆက် ဝင်ဆိုသည်။ သူတို့အကြည့်ချင်းဆုံ၏။

"ဟုတ်ကဲ့၊ မေးပါ"

"ဦးကျော်ဇောနဲ့ အပြင်ထွက်တဲ့နေ့က ဘယ်ဆီသွားခဲ့လဲ၊ ဘယ်အချိန် ဦးကျော်ဇောနဲ့ လမ်းခွဲခဲ့လဲ"





"ကျွန်မတို့ ကမ်းခြေကိုပဲသွားပြီး စကားပြောတာပါပဲ၊ အဲဒီနေ့က သူနဲ့ ကျွန်မလမ်းခွဲတာကတော့ အစောကြီးပါ၊ ဆယ်နာရီလောက်ပဲရှိမယ်"

"တခြားနေရာတွေ သွားသေးလား"

"မသွားဘူး၊ သူ့အိမ်ပြန်တယ်၊ ဒါပဲ"

စကားတွေဆိုဆဲ၊ သူတို့တစ်ယောက်ထံမှ တစ်ယောက် အကြည့်တွေကို မခွာဖြစ်၊ သူတို့မျက်ဝန်းချင်းကမူ အခြေအနေတွေကို စကားပြောနေဟန်ရှိ၏။

"အခုဒီက ဒေါက်တာကြည်ပြာက ဦးကျော်ဇောအသတ်ခံရမှုနဲ့ ပတ်သက်ပြီး တွေ့ရှိတဲ့ ဆေးစစ်ချက်တွေကို ကျွန်တော်တို့ကို လာတင်ပြတာယ်"

"ဪ…ဟုတ်ကဲ့၊ ဦးကျော်ဇော ဘယ်လိုအသတ်ခံရလဲဆိုတာ၊ ကျွန်မလည်း စိတ်ဝင်စားပါတယ်"

"ဦးကျော်ဇောလည်း ချွန်တဲ့အရာတစ်ခုနဲ့ ရင်ဝကို ထိုးသတ်ခံရတာပါပဲ၊ ဥပမာ…ဓားမြှောင်လို လက်နက်မျိုးနဲ့ပဲဆိုပါတော့"

ဒေါက်တာကြည်ပြာက ဆိုသည်။

"စိတ်မကောင်းစရာပဲ၊ မလိုသူတွေများ ရှိမယ်ထင်ပါရဲ့"

တစ်ခွန်းချင်း ဝါဆိုမိုးဆိုတော့ တည်ငြိမ်အေးစက်လှသော ဝါဆိုမိုးအသွင်လှလှလေးကိုကြည့်သလို အကဲခတ်သလိုနှင့် ကိုဆက်



www.burmeseclassic.com

မေးရန် မေးခွန်းတွေမှာ ခေါင်းခြုသေသောက်ဖြစ်နေရ၏။

"ကဲ...ရှင်တို့မေးစရာ မရှိရင် ကျွန်မပြန်မယ်၊ အချိန်မရွေး လည်း ကျွန်မကို ခေါ်စစ်နိုင်တယ်။ ကျွန်မသိလည်း လာပြီး မေးနိုင် ပါတယ်"

စကားအဆုံး ဝါဆိုမိုးကား ကြော့ရှင်းသောကိုယ်ဟန်လှလှဖြင့် နနရွရွ တစ်လှမ်းချင်းလှမ်းကာ ထွက်သွားလိုက်ပါပြီတည်း။

❀ ❀ ❀



## တစ်ဆယ့်သုံး

တကယ်ဆို မနေ့ကတည်းကပင် ကိစ္စကို ရှင်းချင်နေသည်။ မနေ့က တစ်နေ့လုံး ရင်ထဲမရှုနိုင်၊ မကယ်နိုင်ဖြင့် ရင်ထဲကျစ်ကျစ် သု ပူလောင်နေရချေ၏။ သည်နေ့တော့ အလုပ်အား၍ ရုံးဆင်းသည် နှင့် ခိုင်မင်းဆက်သည် သမီးရှိရာကျောင်းသို့ ဖုန်းဆက်လိုက်သည်။

သည်နေ့နောက်ကျမည်မို့ သမီးကို ခေါ်ထားပေးရန် အိမ် ရှင်ဆရာမတို့ ဖုန်းဆက်ပြီးနောက်၊ သပြေမြိုင်ရပ်ကွက်ရှိ ဝါဆိုမိုး နေထိုင်ရာ တိုက်ကြီးဆီသို့ ကားကို ဝှန်းဒိုင်းကြဲကာ မောင်းနှင်လာ ခဲ့ပါတော့၏။

ရင်ထဲဗြုဗလောင်ဆူပွက်ကာ လှုပ်ရှားမှုကြောင့် ခိုင်မင်းဆက် မတွေးတွေ့ပင် နေရာမှုမရှိ။ ချစ်ရသော ဝါဆိုမိုးအပေါ်၌ ဝန်တိုမ နာကျမနပ် ဖြစ်နေမိသည်ကတော့ အမှန်။ သည်အတွက် သူညက တစ်ညလုံး ခံစားရသည်။ ချက်ချင်းကောက်ကာငင်ကာ ဝါဆိုမိုးဆီ မည်း ဝူ,လာခဲ့လိုက်ချင်သည်။

နုလည်းပဲ သူ့စိတ်များသည် ဝါဆိုမိုးအပေါ်၌ မချင့်မရဲ

www.burmeseclassic.com



ဆွေးစိတ်ဖြင့် စိတ်တွေ တိုနေမိ၏၊ လမ်းတစ်လျှောက်လုံး စိတ်တွေတိုကာ လှုပ်ရှားလာရင်းမှ ခိုင်မင်းဆက်မောင်းလာသောကားလေးသည် ဝါဆိုမိုးနေထိုင်ရာသို့ ရောက်လာခဲ့လေ၏။ ဆင်ဝင်အောက်၌ ကားရပ်သည်နှင့် ကားပေါ်မှ သုဆင်းကာတဲလ်ကို နှိပ်လိုက်သည်၊

သုတဲလ်ကိုနှိပ်၍မှ မပြီးခင် တံခါးသည်ပွင့်လာပြီး ဝါဆိုမိုး၏ ဝါရွှေဝင်းသော အလှကို သုတွေ့၏။

"မောင်"

ဝါဆိုမိုးခေါ်သည်။ ခိုင်မင်းဆက်သည် လှုပ်ရှားမှုကင်းသော ဝါဆိုမိုး၏ခေါ်သံလေးအတွက် နားမလည်စွာ စိုက်ကြည့်နေလိုက်ပြီးမှ ရုတ်တရက်မပြောမဆိုဖြင့် ခိုင်မင်းဆက်သည် အိမ်ထဲဝင်ကာ ဝါဆိုမိုးတစ်ကိုယ်လုံးအား ဖျစ်ညစ်ထွေးပွေ့ပစ်လိုက်ပါတော့၏။

"အို..."

ဝါဆိုမိုးထံမှ အိုကလေးတစ်လုံးသာ ထွက်ပေါ်လာနိုင်သည်မှအပ ခိုင်မင်းဆက်သည် စကားပြောခွင့်မပြု၊ ဝါဆိုမိုး၏ မျက်နှာလေးအနှံ့သို့ ခိုင်မင်းဆက်သည် အနမ်းမုန်တိုင်း ထန်ပစ်လိုက်သည်၊ သူ့အနမ်းများကြားမှ ဝါဆိုမိုးသည် မျက်နှာလေးကိုရှောင်ဖယ်လိုက်ရင်း...

"မောင်၊ တော်...ဝါဆိုမိုး နေရခက်နေပြီ၊ လွှတ်"





"ဟင်...နေရခက်တယ်ဆိုတာဘာလဲ မင်းကြောင့် မနေ့က တစ်နေ့လုံး ကိုယ်လဲနေရခက်ခဲ့တာကို မင်းစဉ်းစားမိရဲ့လား"

"မောင်ဘာတွေ ပြောနေတာလဲ"

"မင်းမသိတော့ဘူးလား"

သုဆိုတော့ ဝါဆိုမိုးသည် ဖြစ်နိုင်ရာရာကို စဉ်းစားရင်းနှုတ်ဆိတ်နေမိဆဲ...။

"ဒီမှာ ဝါဆိုမိုး၊ မင်းမနေ့က ပြောသွားတာလေ၊ မင်းနဲ့ ဦးကျော်အောင်ဆိုတဲ့ လူက ယူကြမယ့်သူတွေဆို"

"ဟုတ်တယ်လေ"

"ဘာ...မင်းဘာပြောတယ်"

ဒေါသဖြင့် ဝါဆိုမိုး လက်မောင်းများဆီ ပြုတ်တူနှင့် ညှပ်ယလို သု့လက်များနှင့် ဖျစ်ညှစ်ဆောင့်ပစ်ကာ ဆိုလိုက်သဖြင့်...

"အို...မောင်"

ဝါဆိုမိုးသည် ထိတ်လန့်နာကျင်သွားရရှာ၏။

"ဒီမှာ...မင်းငါ့ကို အရူးလုပ်နေတာလား ဝါဆိုမိုး မင်းက ယောကျ်ားတွေကို ဒီလိုပဲလား မင်းရုပ်နဲ့ဗန်းပြပြီး ယောကျ်ားတကာရဲ့ ပေါ်ခွင်မှာ သာယာ..."

"ရှင် တော်..."

ဝါဆိုမိုးသည် နှုတ်ခမ်းကို ကိုက်ကာ မျက်ရည်တို့ဝဲလျက်မှ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကြည့်နေမိသည်။ သူသည်လည်း တံတွေးတစ်ချက်ကို မျိုချပြီး ထိုင်ရာမှ ထ,ရပ်ကာ ဝါဆိုမိုးဆီ ခါးထောက်လျက် ငုံ့ကြည့်လိုက်ရင်းမှ...

"မင်းကို ငါဘာမှ နားမလည်တော့ဘူး၊ မင်းကို ငါက ငါ့နှလုံးသားတစ်ခုလုံး၊ ငါ့နှလုံးသားအစစ်အမှန်ကို ပေးအပ်ထားတာကွ"

"ခုတော့ မင်းကို ငါပေးရျာ ဘာလဲ ငါ့နှလုံးသားလား၊ ငါ့အသွေးအသားလား"

သူ့စကားများအတွက် ဝါဆိုမိုးသည် ဘာကိုယ်လုံး ဆတ်ဆတ်ခါတုန်ယင်စွာဖြင့် သူ့ကို မျက်ရည်တွေနှင့် ဒေါ်လေးတွေ့ မော်ကြည့်နေမိ၏။

"ပြော...ပြောစမ်းပါကွာ၊ မင်းလိုချင်တာဘာလဲ"

"ရှင်...ရှင်ထွက်သွားပါတော့ ဦးခိုင်မင်းဆက်၊ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်တော့ဘူး၊ အဟင့်...ဟင့်၊ ဟင့်"

ကတုန်ကယင်စကားများအဆုံး၌ ဝါဆိုမိုးသည် မျက်နှာလေးကို လက်ဖဝါးလေးတွေနှင့်အုပ်ကာ ရှက်လန့်ကြေကွဲခြင်းတို့ဖြင့် ငိုကြွေးလိုက်မိပါတော့၏။

ဝါဆိုမိုးငိုနေသည်ကို ခိုင်မင်းဆက်သည်လည်း နာကျင်မှုတို့ဖြင့်စိုက်ကြည့်နေပြီးမှ ဝါဆိုမိုး၏ ကိုယ်လုံးလေးအား ဆိုဖာ





ပေါ်မှ ထွေးထွေ့ မ,ယူကာ တင်းကျပ်စွာ ရင်ချင်းအပ်၍ သိုင်းဖက်ထားလိုက်ပြန်ပါ၏။

"အို...ရှင်လွှတ်တော့၊ ကျွန်မကို မထိနဲ့"

"ငါနားလည်အောင် မင်းကလည်း ပြောစမ်းပါဦး"

"တောစေဘ၊ ရှင်ကျွန်မကို ခုလိုနားလည်အောင် ပြောစမ်းပါဦးလို့ ပြောခဲ့လို့လား၊ ရှင်စောစောက ကျွန်မကို ဘာစကားတွေ ပြောခဲ့သလဲ..."

"ကျွန်မကို ရှင်ဒီလောက်ထိ ရက်ရက်စက်စက် ပြောရက်မှတော့၊ ကျွန်မဟာ ရှင့်အတွက် ဘယ်လိုတန်ဖိုးရှိဦးမှာလဲ ရှင်"

"မောင်မှားသွားပါတယ်၊ မောင်သိပ်ချစ်ရလွန်းလို့ မှားသွားရတာပါဗျာ၊ မင်းကို မောင်သိပ်ချစ်တယ်"

စကားတွေ ဗလုံးဗထွေးဆိုရင်း ဝါဆိုမိုးမျက်နှာနှင့် သူ့မျက်နှာကို ပူးယှက်ထားလိုက်သည်။ ဝါဆိုမိုးကိုလည်း ရှေ့ဆက်၍ စကားပြောခွင့်မပြု၊ ဝါဆိုမိုးမျက်ရည်တွေက သူ့မျက်နှာတွင် ရွှဲရွဲစိုနေ၏၊ ဝါဆိုမိုးကိုယ်ပေါ်၌ ခိုင်မင်းဆက်၏ အနမ်းများသည် ဖရောပရောက်နေ၏။ တစ်စတစ်စဖြင့် သူ့အနမ်းပွင့်သည် တစ်ပွင့်ပြီးတစ်ပွင့် ကျရောက်ကာ နူးညံ့ညင်သာလာ၏။

"ဟိုနေ့က မောင်ဖြင့်ရှူးမတတ်ပါပဲ၊ ပြီးတော့ ဦးကျော်အေး



www.burmeseclassic.com

www.burmeseclassic.com



အသတ်ခံရစဉ်က အချစ်နဲ့ ဦးကျော်ခေါတို့ကို မောင် အတူတွေ့ခဲ့သေးတယ် ပြောပါဦး အချစ်ရယ်၊ အချစ်နဲ့ ဦးကျော်ခေါတို့ကိစ္စ မောင့်ကို ပြောပြပါဦး"

"အဟင့်..အဟင့်"

"မောင်မှားသွားတယ်၊ မောင့်ကိုခွင့်လွှတ်ပါ"

ဝါဆိုမိုး ရှိုက်သံလေးတွေအတွက် သူတောင်းပန်လိုက်သည်။ ဝါဆိုမိုးသည် မျက်ရည်တို့ သုတ်ရင်းမှ သူနှင့် အကြည့်ကို လွှဲထားလိုက်ပြီ။

"ဦးကျော်ခေါကို ဝါဆိုမိုးအနေနဲ့ လက်ထပ်ဖို့ စိတ်ကူးရှိထားတာတော့ အမှန်ပဲ ရှင်၊ ကျွန်မစကားကို ဆက်ပြီးနားထောင်ဦး၊ ရှင်ထင်ရာတွေတွေးမနေနဲ့"

"ပြောပါလေ"

စိတ်ထဲဝန်တိုမှုကြောင့် မကြည်တကြည်နှင့်ပင် ခိုင်မင်းဆက် ဆိုသည်။ ဝါဆိုမိုးသည် ခိုင်မင်းဆက်၏ မကြည်မလင်မျက်နှာကြောင့် မျက်စောင်းနနလေးထိုးပြီး တစ်ချက်ကြည့်ရင်းက စကားဆက်သည်။

"ဦးကျော်ခေါကို ကျွန်မအနေနဲ့ ဘာကြောင့် လက်ထပ်မလဲဆိုရင် ကျွန်မအတွက် ဖခင်လို ခင်ပွန်းလို စောင့်ရှောက်အုပ်ထိန်းမှုမျိုး လိုအပ်လို့ပါ"





"မောင်ကတော့ မင်းကို မစောင့်ရှောက်နိုင်လို့လား"

"ရှင်နဲ့ ကျွန်မ သိတာက မနေ့တစ်နေ့ကပဲရှင့်၊ ကျွန်မနဲ့ ဦးကျော်ခေါ လက်ထပ်ဖို့ဆိုတာ ဦးကျော်ခေါကို ကျွန်မ ပွင့်ပွင့်လင်းလင်းပြောထားတာလဲ မရှိသေးပါဘူး"

"ကျွန်မအနေနဲ့ သင့်တော်မယ်ထင်လို့ ဆုံးဖြတ်ထားရုံရှိသေးတာ"

"ဟိုနေ့က ဦးကျော်ခေါနဲ့သွားတော့ အဲဒီကိစ္စတွေ မပြောဘူးလား"

"ပြောတယ်လေ၊ ဦးကျော်ခေါ လက်ထပ်ခွင့်တောင်းတာ မဖြစ်နိုင်တော့ဘူးလို့ ငြင်းလိုက်တယ်"

"အဟွန်း"

သူပြုံးတော့ ဝါဆိုမိုး မျက်စောင်းလေးနှင့် ကြည့်သည်။ သူ အသည်းယားသွား၏၊ ဝါဆိုမိုးတစ်ကိုယ်လုံးကို ထွေးညှစ်ပစ်လိုက်၏၊

"အမေ့..လွှတ်ပါ"

"လွှတ်ပါ ဘယ်ဖြစ်မလဲ၊ ရင်ခုန်သံတောင် ထည့်ထားချင်တာ၊ ကဲ..ပြောပါဦး၊ ဦးကျော်ခေါကိစ္စ"

"ဘာပြောစရာရှိသေးတော့လို့လဲ၊ သူ့ကို ငြင်းလိုက်ပြီပဲ ကိစ္စပြီးသွားပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ အချစ်က ဒီလူကြီးကိုမှ ဘာကြောင့် လက်ထပ်ဖို့ ဆုံးဖြတ်ရတာလဲ"

"ဝါဆိုမိုးမှာ ချစ်သူမှ မရှိတော့ ဒီတော့ ဦးနေဒက်နဲ့ပဲ ရွေးချယ်ရတာပေါ့"

"တကယ်"

"ရှင်ယုံဖို့ပြောတာမဟုတ်ဘူး"

"မောင်ကြားမိသလောက်တော့"

"ဘာလဲ...ပြော"

မာန်တာလေးဝင့်ကာ ကြည့်ပြီး ဝါဆိုမိုးအေးဆက်စက် နေသည်။

"အချစ်ကို အမျိုးသားတွေက စိတ်ဝင်စားနေတာတွေ အများကြီးပဲတဲ့"

"ဟုတ်တယ်လေ၊အဲဒါဘာဖြစ်လဲ၊ ရှင်လည်း ကျွန်မကို စိတ်ဝင်စားနေတာပဲ မဟုတ်လား"

"မောင့်ကို ဒီလူတွေနဲ့ တစ်တန်းတည်း ထားလား"

သူကျွဲမြီးတိုးသွားပြန်သည်။

"ရှင့်ဘက်ကျတော့ ရှင်သိပ်နာတတ်ပါလား"

"အဲဒါ မင်းကို ချစ်လွန်းလို့ကွ"

"ကျွန်မလည်း ရှင့်ကို အထင်ကြီးပြီး ပြန်ချစ်မိပြီပဲ"





"တခြားလူတွေနဲ့ကော"

"ဆက်ပြီ၊ ရှင့်ကို ဘာမှ မပြောချင်တော့ဘူး"

"ပြောစမ်းပါ၊ မင်းချစ်ခဲ့သေးလား"

"ဒီမှာ ဦးခိုင်မင်းဆက် တခြားယောကျ်ားတစ်ယောက်ယောက်နဲ့ ကျွန်မချစ်ခဲ့မယ်ဆိုရင် ဦးနေဒက်ကိုလည်း လက်ထပ်ဖို့ စိတ်မကူးသလို၊ ရှင်နဲ့လည်း ဒီအခြေအနေအထိ ရောက်မလာနိုင်တော့ဘူးဆိုတာ ရှင်မြဲမြဲမှတ်ထားပါ"

စကားအဆုံး၌ ဝါဆိုမိုးသည် နှုတ်ခမ်းလေးကိုက်ကာ မျက်မှုန်ကုတ်ကာ ကြည့်ပစ်လိုက်သည်။ ခိုင်မင်းဆက်မျက်နှာမှာ တည်သလို တွေးသလိုရှိရင်းမှ ဝါဆိုမိုး၏ ခါးကျဉ်ကျဉ်လေးဆီသိုင်းဖက်ကာ သွယ်ပျောင်းသော လက်ချောင်း ဝင်းမွတ်မွတ်လေးတွေဆီ သူနမ်းနေပါ၏။

"ရှင်ပြန်တော့ မိုးချုပ်ပြီ"

"ပြန်တာ မပြန်တာ၊ မောင့်သဘောပါ"

"ရှင် ကျွန်မကိုယယုံသက်ာနဲ့ ဆက်ပြီးမညဉ်းဆဲနေနဲ့၊ ကျွန်မ ရှင့်ကို မုန်းမိလိမ့်မယ်"

"မင်း မုန်းရဲမုန်းကြည့်ပေါ့"

"ရှင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမုန်းတယ်ဆိုတဲ့ စကားပြောကြည့်၊ မောင့်အခုစိတ်ဒီထက် ပိုဆိုးသွားမယ်မှတ် သိပ်ချစ်တယ်အချစ်ရယ်၊ ဝါဆိုမိုး မောင်နဲ့လက်တွဲရအောင်နော်"

သူ တစ်နင့်တစ်ခဲကြီးကို ဆိုတော့ ဝါဆိုမိုးသည် အရည်ကြည်ဝဲသော မျက်ဝန်းပြာ ဝိုင်းဝိုင်းကြီးတွေနှင့် ကြည့်လာကာ ခေါင်းလေးညိတ်ပြရှာ၏။

"မောင်ညက တစ်ညလုံး အိပ်မပျော်ဘူးကွယ်"

"မောင်ပဲ မောင့်ဒုက္ခ မောင်ရှာတာကိုး"

"မင်းပြောသွားတာလည်း ကြည့်ဦးလေ"

"ဒါကတော့ ရှိတွေ့စဉ်တော့ ဝါဆိုမိုးက အမှန်အတိုင်းပြောခဲ့တာပဲ"

"မောင်ခံစားရတာကို ထည့်မတွက်ဖူးလား"

"အို...ဒါတော့ မောင်က သဘောထားသေးလွန်းတယ်"

"သဘောထားသေးတာ ချစ်လို့ကွ၊ မင်းက မောင့်လောက် အလေးအနက်မရှိဘူး မဟုတ်လား"

"ဝါဆိုမိုးက မိန်းကလေးပါမောင်"

"ဘာမှမဆိုင်ဘူး၊ ချစ်တတ်တဲ့သူက ပိုပြီး ခံစားရတာ"

"ဒီမှာမောင်၊ မနေ့က တစ်နေ့လုံးလည်း မောင်လာမလား





လို့ ဝါဆိုမိုး တစ်နေ့လုံးစောင့်ပါသေးတယ်၊ စောင့်တာက ဦးကျော်အေနဲ့ကိစ္စတွေ ပြောပြချင်လို့ပါ၊ မောင်မှ မလာတာ၊ လူတွေသူတွေ ရှေ့မှာ မောင့်ကို ငဲ့ပြီး ဝါဆိုမိုး ဖြေစရာ ဘာမှမရှိသေးဘူး"

"မောင်နဲ့ ဝါဆိုမိုးအကြောင်းတွေလည်း ဘယ်သူမှ သိကြသေးတာမဟုတ်ဘူး မနေ့တစ်နေ့ကမှ ခင်တဲ့လူချင်း၊ ဒီအခြေအနေထိ ဖြစ်ကုန်တာ မြန်လွန်းလှည်လားလို့ ဝေဖန်ရင် မရှက်ဘူးလား"

"ချစ်ကြတာ ရှက်စရာလား"

"မောင့်သိက္ခာကို မောင်ထည့်တွက်ဦး"

"အချစ်မှာ သိက္ခာလည်း မထားနိုင်ဘူး"

မချင်ဖူးသေးသော ခိုင်မင်းဆက် ပြတ်ပြတ်ဆိုသည်။

"ကဲ...မောင်ပဲအနိုင်ယူတော့"

"တကယ်လား"

"မောင်နော်"

"အဟွန်း၊ ကဲ...ပြောပါဦး၊ မောင့်ကို ချစ်ရဲ့လားလို့"

"မချစ်ဘဲနဲ့ မောင့်ကို ဒီလိုလက်ခံပြီး နေမလားလို့၊ ပြောပါ ်း ဆရာကြီးရဲ့"

"ဒါဆို မောင်တို့ လက်ထပ်မယ်ကွာ၊ အတူနေချင်ပြီ"

"အို...ဘုရားသခင်ရေ၊ မနေ့ကသိတယ်၊ ဒီနေ့ လက်ထပ် ...ာက်နေ့ ကွဲကြမယ် ဒီလိုသဘောမျိုးတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါကွာ၊ မင်းကို လက်ထပ်မှာ ကွဲကွာဖို့ မဟုတ်ဘူးကွ"

"ဝါဆိုမိုးပြောတာ မောင်စိတ်မဆိုးပါနဲ့၊ ခုကိစ္စက သိပ်မြန်လွန်းတယ်၊ မသကာ သုံးလေးငါးလလောက်ကြာမှဆိုရင် ဆော်သေးတာပေါ့၊ လူကြားလို့လည်း ကောင်းသေးတာပေါ့"

"ကဲ...ကောင်းပြီ၊ မောင့်ကို လက်ထပ်မယ်လို့ ကတိပေးထား"

"ဝါဆိုမိုး ချစ်သူနဲ့၊ ဝါဆိုမိုးလက်ထပ်သူဟာ တစ်ယောက်တည်းဖြစ်စေရမယ်"

"ကြိုက်ပြီ၊ နောက်မတော့နော်၊ ဟွန်း...ခောင့်ကိုတော့ ခုစိတ်နေရာမှာ လျှော့မတွက်နဲ့ဗျ၊ ဒါပဲ"

"မောင်ရယ်၊ ကြိမ်းဝါးခြိမ်းခြောက်မနေစမ်းပါနဲ့၊ ဝါဆိုမိုးက မိန်းကလေးရှင်ပါ ဆန့်ကြမ်းကချည်း ခေးနေတော့ တုန်လှုပ်နေပြီ"

"အဟွန်း...ဟွန်း အချစ်ရေ၊ အဲဒါ မင်းကို ရင်ထဲခွဲပြီး ထည့်ထားချင်တာ ချစ်လို့ဗျ သိပြီလား၊ ကဲ..."

❀ ❀ ❀

# တစ်ဆယ့်လေး

ညက သခင်းကို ဆရာမအိမ်မှာပင်အိပ်စေထားသည်မို့ မနက်ခပ်စောစောပင်ထ၍ကာ ခိုင်မင်းဆက်သည် အိမ်မှ ထွက်ခဲ့၏။ သူထွက်လာသောအချိန်မှာ နံနက်ခြောက်နာရီပင် ရှိသေး၏။ ခိုင်မင်းဆက်ခမို့ ချင်ပြီးသော်လျှင်လည်း အရှုံးအမှုကြီးဖြစ်နေပြီမို့ ချစ်သူဝါဆိုမိုးအား မတွေ့ရလျှင် မနေနိုင်အောင် ရသမျှအချိန်ကို လု၍ ချစ်သူနှင့်မတွေ့နေရန် ချစ်သူထံသို့ ခိုင်မင်းဆက်ထွက်လာခဲ့ခြင်းပါ။

ညက ချစ်သူထံမှ သူမပြန်ချင်လည်း ပြန်ခဲ့ရသည်။ တစ်ညလုံးသူအိပ်၍ မပျော်။ ချစ်သူမျက်နှာလှလှလေးနှင့် နူးညံ့သောချစ်သူမသားလေးတွေကိုသာ သူသတိရနေမိလေ၏။

မချမ်းဖူး၍တော့မဟုတ်၊ ချစ်သူရယ်တော့လည်းမရှိခဲ့ဖူး၊ အချစ်





www.burmeseclassic.com

www.burmeseclassic.com



စစ်အချစ်မှန်နှင့် မီမီက ခင်ခဲ့ရသူ၊ ချစ်ချင်သူမှသာ ချစ်တယ်ဆိုးဖြစ်ချက်ရှိထားလေသူတစ်ဦး။ ယခု မီမီက ချစ်ခင်မြတ်နိုးစွဲလမ်းရသောခုစ်သူဝါဆိုမိုးအား ခိုင်မင်းဆက်သည်မတွေ့ရလျှင်မနေနိုင်အောင် ချက်စီအောက်ကာပင် အပေါက်ခံနိုင်အောင် ငင်ထဲခဲ့ပြီးထည့်ထားရှင်အောင် သူ့ချစ်သွေးတို့ လျှံနေရတော့သည်မို့ သူသည်မိုးလင်းသည်နှင့် ချစ်သူနှင့် တွေ့ရန် ထွက်ခဲ့ခြင်းဖြစ်ပါသည်။

ခိုင်မင်းဆက်သည် ချစ်သူနှင့်အတူနေရလျှင်ဟူသောအတွေးနှင့် ခုစ်သူအကြောင်းကိုတွေးရင်း ချစ်သွေးများသည် ဆူပွက်ရင်းမှကားကိုချိန်နှုန်းမဟုတ် မောင်းနှင်လာခဲ့၏။

"ဟာင်..."

ခိုင်မင်းဆက်သည် တွေ့လိုက်ရသော ကားတစ်စီးကြောင့်မျက်မှောင်လေးတွန့်ကာ ကားရှိန်းကိုပါ အနည်းငယ်လျှော့ပြီး ကြည့်ဖြစ်လိုက်၏၊ နောက်ဆုံး သပြေမြိုင်ရပ်ကွက်ဘိပ်တွင် သူ့ကားကိုရပ်လိုက်ပြီး ဘစ်ဖက်လမ်းခွဲရှိ မြို့ပြင်သို့ မောင်းသွားသော ကားလေးဆီသို့ သူ လှမ်းကြည့်နေလိုက်၏။

ဝါဆိုမိုးကားပဲ။ ဒီအချိန်အစောကြီးရှိသေးတာ သူဘယ်ကိုသွားမှာလဲ။ ခိုင်မင်းဆက်သည် အတွေးနှင့် နာရီဆီတစ်ချက် ငုံ့ကြည့်လိုက်သည်။ ယခုမှ ခြောက်နာရီထွန်းပင်ရှိသေး၏။ ခိုင်မင်းဆက်





သည် နက်ရှိုင်းသော အကြည့်အတွေးတို့ဖြင့် ဝါဆိုမိုး မောင်းသွားသော ကားလေးဆီ လှမ်းကြည့်ဆဲမှ ရုတ်ချည်း ကားပေါ်သို့ ပြန်တက်ကာ ဝါဆိုမိုးကားလေးနောက်သို့ ကားကို ကွေ့၍ မောင်းလိုက်ခဲ့ပါတော့သတည်း။

ခိုင်မင်းဆက်သည် ကားလီဗာကို ပို၍ ထိန်းထားမိသည်။ ဝါဆိုမိုးကားနောက်မှ လိုက်ရင်း လေးနက်သော အတွေးများဖြင့်ရင်များခုန်လျက်ရှိနေရချေ၏။

မကြာလိုက်ပါ။ ရှေ့မှ ဝါဆိုမိုးကားလေးသည် ဆွံ့အနားမကြားနှင့် မစွမ်းသေန်စေဒနာများ ကုသရာ ဆေးရုံကြီးထဲသို့ မောင်းနှင်သွားပါတော့သည်၊ ခိုင်မင်းဆက်ကားလေးသည်လည်း နောက်မှလိုက်၍ မောင်းနှင်ခဲ့သည်။

ခိုင်မင်းဆက်သည် ရှေ့မှ ဝါဆိုမိုးကားလေးကို ကြည့်ပြီးကားကို ခပ်ကွယ်ကွယ်တစ်နေရာတွင် ရပ်ထားခဲ့လိုက်သည်။ ထို့နောက်ခိုင်မင်းဆက်သည် ကားပေါ်မှ လျှင်မြန်စွာ ဆင်းကာ ဝါဆိုမိုးမောင်းသွားသော နေရာဆီသို့ သစ်ပင်ကြီးများကို ကွယ်လျက်ပြေးလိုက်ကာ ချောင်း၍ စောင့်ကြည့်နေလိုက်၏။

ဝါဆိုမိုးမောင်းသော ကားလေးသည် ဆေးရုံကြီး၏ တစ်ဖက်ခြမ်းတွင်ရှိသော ခပ်နိမ့်နိမ့်အဆောင်တစ်ဆောင်ရှေ့တွင် ကားကိုဖြင်သာစွာရပ်လိုက်သည်။ ကားလေးရပ်သွားသည်နှင့် ကားထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုမိုးသည် ရွှေအိုရောင်အသားဖျော့ဖျော့တက်ခုံလေးနှင့် သော့ချိုင်း လှပလွန်းစွာဖြင့် ဆင်းလိုက်သည်ကို ခိုင်မင်းဆက်တွေ့လိုက်ရ၏။

ခိုင်မင်းဆက်သည် ဝါဆိုမိုး လှုပ်ရှားမှုလေးများအား စူးစိုက်ကြည့်နေမိသည်။ ဝါဆိုမိုးသည် ခပ်နိမ့်နိမ့် အဆောင်ဆီသို့ တက်သွားပြီး ဝရန်တာအပြင်ဘက်တွင် ဘီးတပ်ကုလားထိုင်တစ်လုံးတွင် ထိုင်နေသော လူတစ်ယောက်နှင့် စကားပြောနေသည်ကို ခိုင်မင်းဆက်တွေ့ရ၏။

ဝါဆိုမိုးစကားပြောနေသောလူမှာ ကောင်းစွာမမြင်ရ၍ ယောက်ျားလား၊ မိန်းမလားဆိုသည်ကို ခိုင်မင်းဆက် မသိ။ ဝါဆိုမိုးသည် ထိုလူနှင့်စကားပြောရင်းမှ စိတ်လေးတိုလာပုံနှင့် စကားပြောဟန်တွေကို ခိုင်မင်းဆက်တွေ့ရသည်။

ထို့နောက် ဝါဆိုမိုးသည် ထိုလူအား အသံနက်ကြီး ဒေါသထွက်ဟန်ဖြင့် စကားတွေ ပြောဆိုခဲ့ပြီး ကားရပ်ထားရာဆီသို့ ပြေးထွက်လာခဲ့လိုက်ပါတော့၏။ ဝါဆိုမိုးသည် ကားပေါ်သို့ တက်မည်ပြုပြီးမှ ထိုသူ့ထံတစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ မလုံမလဲဖြစ်ဟန်နှင့် ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ဝဲကြည့်လိုက်ပြီး ကားပေါ်သို့ တက်ကာ ပြန်၍ မောင်းထွက်သွားတော့သတည်း၊

ဝါဆိုမိုးကားလေး မောင်းထွက်သွားသည်နှင့် ခိုင်မင်းဆက်သည် စောစောက ဝါဆိုမိုးနှင့် စကားပြောနေသော လူနှင့် တွေ့





ရန် ပြေးလာခဲ့သည်။ ထိုလူသည် နေရာ၌ပင် ရှိဆဲ၊ ကျောပေးထားသည်မို့ ခိုင်မင်းဆက်က မမြင်ရသေး။

"ဒီမှာခင်ဗျာ..."

ခိုင်မင်းဆက်အသံပြုလိုက်၍ ထိုအမျိုးသမီးကြီး လှည့်ကြည့်သည်။ ထိုအမျိုးသမီးကြီးမျက်နှာကို မြင်သည်တွင် ခိုင်မင်းဆက်သည် ပြောမည့်စကားတွေပင် ပျောက်ကာ ကြက်သေ သေသွားရ၏။

ခိုင်မင်းဆက်မြင်တွေ့လိုက်ရသော အမျိုးသမီးကြီး မျက်နှာတား သုံးပုံနှစ်ပုံခန့်သည် ဖြူညည့်နေရာ ဖြူ၊ မည်းသည့်နေရာမည်းနှင့် အသားများသည် တွန့်ရှုံ့နေလေသည် မဟုတ်ပါတကား။ တော်ဘာန်ရဲ့ အသည်းငယ်သူအဖို့ ထွက်ပြေးမည့်မျက်နှာမျိုးရယ်ပါ။ မိမိကိုယ်တိုင်ပင် ရုတ်တရက်တွေ့ရခိုက် ရင်ထဲ လန့်သလိုနှင့် အီလည်လည်ကြီး ခံစားသွားလိုက်ရ၏။

"ဟော့...ဘာလဲ၊ ဘာလဲကွယ့်၊ နင်က ဘယ်သူလဲ၊ ငါ့ကိုလာခေါ်တာလား၊ ငါ့ကို ဘာတွေပြောမလို့လဲ သွားသွား၊ ငါမလိုက်ဘူး၊ ဟား...ဟား အလကားနေရင်း အပူတွေ လာမရှာကြနဲ့ဟော့၊ ဟီး...ဟီး...ဟင်၊"

အမျိုးသမီးကြီး၏ စကားကြောင့် ခိုင်မင်းဆက်သည် ဘာပြောရမှန်းပင်မသိ ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သြော်...လာ လာ၊ ဘာလို့အပြင်မှာ နေနေရတာလဲ၊ အေး နေမှာပေါ့၊ ကဲ...ကော်ဖီသောက်မယ်နော်"

ဆရာမတစ်ယောက်က အမျိုးသမီးကြီးအား ချော့မော့ကာ လာရောက်ခေါ်သည်။

"နေဦး၊ နေဦး၊ ညှိသည်လာနေသေးတယ်၊ စကားပြော ရဦးမယ်"

"ရတယ်၊ ရတယ် ညှိသည်ကို ကျွန်မပြောထားလိုက်ပါ မယ်နော်"

နောက်ထပ်ဆရာမလေးတစ်ယောက် ထပ်ရောက်လာပြီး ဆို၏။ ဆရာမတစ်ယောက်က အမျိုးသမီးကြီးအား ခေါ်သွားလေသည်။ ခိုင်မင်းဆက်သည် အမျိုးသမီးကြီး၏ စိတ်ဝင်စားဖွယ်ဖြင့် ငေးကြည့် နေမိဆဲ။

"ဘာကိစ္စများ ရှိပါသလဲရှင်"

ဆရာမလေး၏ မေးလာသံကြောင့် ခိုင်မင်းဆက်သည် ဆရာမလေးထံကြည့်လာပြီး...

"သြော်...ဟို၊ ကျွန်တော်က ခဲ့အရာရှိတစ်ယောက်ပါ ခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်မဘာအကူအညီပေးရမလဲရှင်"

"ကျွန်တော်...ဟို၊ ဒေါ်ဒေါ်က အမျိုးသမီးကြီးရဲ့ အကြောင်း





နည်းနည်း သိပါရစေ"

"သြော်...ဒေါ်ခိုင်မွန်အကြောင်းလား"

"ဒေါ်ခိုင်မွန်တဲ့လား"

"ဟုတ်ကဲ့၊ ဒေါ်ခိုင်မွန်က ဒီမှာနေတာ ကျွန်မသိသလောက်တော့ သုံးနှစ်နဲ့ ငါးနှစ်လောက် ရှိပါပြီ၊ ဒေါ်ခိုင်မွန်ဟာ အသိတော့ ရှိတယ်၊ ဒါပေမယ့် နည်းနည်းတော့ ချို့ယွင်းနေတယ်"

"သြော်...ဟုတ်ကဲ့၊ ဒါနဲ့ သူ့မျက်နှာက ဘာဖြစ်တာလဲ"

"မီးလောင်ထားတာပါ၊ သူတို့ဟာ သိပ်ချမ်းသာတယ်၊ ဟိုတယ်ပိုင်ရှင်ကြီးတွေလည်း ဖြစ်တယ်၊ သူတို့ဟိုတယ်ကြီးကို မီးလောင်တော့ သူ့ယောကျ်ားက သေသွားတယ်တဲ့၊ သူကတော့ မြင်တဲ့အတိုင်းပါပဲ၊ ဦးနှောက်သည်း ထိခိုက်သွားတယ်"

"ဒါပေမယ့် အခုလည်း ဒေါ်ခိုင်မွန်က မဆင်းရဲပါဘူး၊မိုး ဘခံတွေ ထားတော့ မဆုံးရှုံးဘူးပေါ့"

"သားသမီးမရှိဘူးလား"

"ရှိပါတယ်၊ သမီးနှစ်ယောက်လို့ပြောတယ်၊ဒါပေမယ့် တစ်ယောက်ကတော့ မီးလောင်တုန်းကပဲ သေသွားသလား၊ ဘာလားတော့ မသိဘူး၊ တစ်ယောက်တော့ မရှိတော့ဘူး"

"တစ်ယောက်ကတော"

"တစ်ယောက်ကတော့ ခုန ဒီမှာပဲရှိပါတယ်၊ သိပ်လှတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒီမြို့မှာ နာမည်ကြီးပဲ၊ ခုဆို တစ်ယောက်မှမရှိတော့ ကျန်တဲ့ ပစ္စည်းတွေ အားလုံးရပြီး သူဌေးမလေးဖြစ်နေတာပေါ့"

"ဟိုတစ်ယောက် ဘယ်ရောက်သွားလဲ"

"အဲဒါကို အယ်သူကမှ အတိအကျမသိဘူး၊ တခြားပဲ ထွက်သွားတာလား၊ သေသလား၊ ရှင်လား မသိကြဘူး၊ အဲဒီတစ်ယောက်က ခုတိတော့ ပျောက်နေတာပဲ"

"ဒီကိစ္စတွေကို သက်ဆိုင်ရာက မသိဘူးလား"

"သိတယ်၊ ဒါပေမယ့် နှစ်တွေလည်းကြာတော့ မေ့သလောက်တောင် ဖြစ်နေပါပြီ"

"မီးလောင်သွားတဲ့ ဟိုတယ်က ဘယ်မှာရှိတာလဲ"

"လွမ်းညမြို့ရဲ့ အရှေ့ဘက်မှာပါ၊ ဒီအဖြစ်အပျက်တွေဟာ တကယ်တော့ သိပ်ပြီး ဆန်းကြယ်ခဲ့ပါတယ်၊ ခုတော့လည်း မေးမှိန်ပျောက်ကွယ်နေပါပြီလေ"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ကို သွားခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့"

ဆရာမကို နှုတ်ဆက်ပြီး ခိုင်မင်းဆက်သည် ကားရပ်ထားရာဆီသို့ လှမ်းခဲ့လိုက်သည်။ ဆေးရုံကြီးဘဲမှ ကားကို သူမောင်းထွက်လာသည်တွင် လမ်းတစ်လျှောက်၌ ခိုင်မင်းဆက်၏အတွေးများသည် ချစ်သူသက်ထား ဝါခိုမိုးအား မြင်ယောင်လျက်မှ အတွေးတို့နှက်





ရှင်ခုန် လှုပ်ရှားနေရပါသတည်း၊

ခိုင်မင်းဆက်သည် အတွေးတစ်ချက်ကို ပင်ပန်းစွာ မျိုချမိသည်။ ရင်ပြင်တစ်ခုလုံးသည် လှိုင်းထ၍ နေသလို ချစ်စိတ်တို့ဖြင့်လည်း စိတ်သည် ဝေဟုန်လျက် ဘဝင်မကျ မပြတ်မသားရယ် ရှိနေရလေသည်တကား။

⁂



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်ငါး

နံနက်ရှစ်နာရီ ထိုးပြီး။

ခိုင်မင်းဆက်သည် အလုပ်သွားရန် ပြင်ဆင်သေးဘဲ ရှေ့တွင်ရှိသော သတင်းစာထဲမှအကြောင်းအရာများနှင့် ဖော်ပြထားသောဓာတ်ပုံများကို လေ့လာစစ်ဆေးဖတ်ရှုကြည့်နေမိ၏။ ထိုသတင်းစာနှင့်ဓာတ်ပုံတွေကို သူကိုယ်တိုင် သိုသိုသိပ်သိပ်နှင့် ကျစ်ကျစ်လျစ်လျစ်ဖြင့် စုစမ်းရှာဖွေစုဆောင်းထားရသည်ပါ။ သတင်းစာထဲတွင် လွမ်းညှပ်ဟိုတယ်ကြီး မီးလောင်သွားရပုံ အကြောင်းများနှင့်...

ပိုင်ရှင်ဖြစ်သူဇနီးမောင်နှံမှာ မီးလောင်ကြရကြောင်း၊ ခင်ပွန်းမှာ ပွဲချင်းပြီး သေဆုံးကြောင်းနှင့် ဇနီးမှာ ပြင်းထန်စွာ အထိခိုက်ကြောင်း၊ သမီးတစ်ယောက်သာ မီးဘေးမှ လွတ်၍ အသက်ရှင်ကြောင်းနှင့် ကျန်သမီးတစ်ယောက်မှာ မီးထဲလည်း ရှာမတွေ့ပျောက်ဆုံးနေကြောင်း...

ဟိုတယ်ကြီး မီးစ,လောင်သည်မှာ ဝါယာကြိုးတွေ ...





ဖြစ်ရာမှ မီးလောင်ကြောင်း စံသည်ဖြင့် သတင်းစာထဲ၌ ရေးသားဖော်ပြထား၏။

နောက်သတင်းစာတစ်စောင်နှင့် သပြေမြိုင်ရပ်ကွက်မှ ကျန်ရစ်သောတိုက်၊ ခြံ၊ ပစ္စည်းများနှင့် မီးအာမခံငွေများအား ကျန်ရစ်သော သမီးဖြစ်သူ ဝါဆိုမိုးတစ်ဦးတည်းသာ ပိုင်ဆိုင်ရရှိကြောင်း သတင်းတွင်ဖော်ပြထား၏။ ခိုင်မင်းဆက်သည် သတင်းစာထဲမှ အကြောင်းအရာများအား အခါခါ ဖတ်ပြီး လွမ်းညှပ်ဟိုတယ်ကြီး၏ ဓာတ်ပုံများအား အထပ်ထပ် ကြည့်ရှုနေမိပါတော့၏။

မီးမလောင်ခင်က ရိုက်ထားသော ပုံများနှင့် မီးစွဲလောင်ဆဲရိုက်ထားသောပုံ၊ မီးလောင်ပြာကျပြီး၍ ရိုက်ထားသောပုံများအား ခိုင်မင်းဆက် စစ်ဆေးသုံးသပ်ကြည့်ဆဲ။ ခိုင်မင်းဆက်သည် ကောက်ကောင်ကာ ဖုန်းလေးကို အနီးဆွဲယူကာ နံပါတ်နှိပ်၍ ဖုန်းဆက်လိုက်၏။

"ဟဲလို...အမိန့်ရှိပါရှင်"

တစ်ဖက်မှ အေးမြသာယာညင်းပျောင်းသော ဝါဆိုမိုး၏ အသံလေးများကို ကြားသည်တွင် ခိုင်မင်းဆက်သည် စိတ်ကို ထိန်းကာ တံတွေးတစ်ချက်မျိုချလိုက်ပြီး...

"မောင်ပါ၊ ဝါဆိုမိုး"

"အို..မောင်၊ မောင့်အသံကြားရလို့ ဝါဆိုမိုး ပျော်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘာလို့ မလာတာလဲ"

"ဗင်း...မောင့်ကို စောင့်နေသလား"

"မေးရက်တယ် မောင်ရယ်"

တစ်ဖက်မှ ဝါဆိုမိုး၏ နုနည်းသောအသံလေးတွေကြော နိုင်မင်းဆက်သည် သက်မမောကို ချကာ တွေတွေဝေဝေဖြစ်ရ၏။

"မောင်"

သူ့အတွေးတို့ ပျံ့လွင့်ရှာ ခံစားရဆဲ ဝါဆိုမိုး ခေါ်သံကြ တော့မှ...

"အချစ်ရယ် မောင်လည်း သိပ်လာချင်တာပေါ့ကွယ်၊ မေ မှာ တာဝန်တွေက ပိနေတယ်၊ အမှုတွေအတွက် နေ့ရော၊ ညပ စုံစမ်းနေရတယ်၊ မနက်ဖြန်ဆိုလည်း သွားစရာရှိသေးတယ်၊ အဲ ပြီးမှ အချစ်ဆီ မောင်လာခဲ့မယ်နော်"

"မောင့်တာဝန်ကို ဝါဆိုမိုးနားလည်ပါတယ်၊ မောင်ရ ဝါဆိုမိုးကို မောင်မမေ့ဘူးဆိုရင်ပဲ ဝါဆိုမိုးဝမ်းသာနေရပါတယ်"

"ဝါဆိုမိုး"

"ရှင်..မောင်"

"မောင့်ကို ချစ်ရဲ့လားဟင်"

"ဝါဆိုမိုးက မေးမှာပါ"

"မောင်ရယ်၊ မောင့်ကို ချစ်လို့သာ ဝါဆိုမိုးလေ မောင့်





"ဘာဖြစ်လဲ"

"နေ့ရော၊ ညပါ မောင်လာမယ့်အချိန်တွေကို စောင့်မျှော်နေ တာပေါ့ရှင်ရယ်"

ဝါဆိုမိုးစကားတွင် သူ့ရင်ခုန်နှုန်းတို့ မြန်သွားရသည်။

"တကယ်လားအချစ်ရယ်"

"မောင့်စကားတွေဟာ တစ်မျိုးကြီးပဲကွယ်"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေ၊ ဝါဆိုမိုးအပေါ် မောင်မယုံကြည်သလိုနဲ့ သံ သယဖြစ်နေသလိုပဲ"

"မောင်ရယ်၊ ဝါဆိုမိုးကို ယုံကြည်မှု မရှိဘူးဆိုရင်တော့ ဆက်ပြီး ဒုက္ခမပေးပါနဲ့တော့ရှင်၊ ဝါဆိုမိုးနှလုံးသားဝေဒနာကို မခံ စားချင်ဘူး၊ အေးအေးဆေးဆေးပဲ နေချင်တယ်"

"တကယ်တော့ ဝါဆိုမိုးဘဝဟာ လူတွေအမြင်မှာ ပြီးပြည့် စုံနေတယ်လို့ ထင်ကြမြင်ကြပေမယ့်၊ ဝါဆိုမိုးမှာတော့ လိုအပ်ချက် တွေ အများကြီးရှိနေပါသေးတယ်"

"မောင့်ကိုလား"

"ဝါဆိုမိုးအပေါ်မှာ ချစ်သူလို၊ ဖခင်လို၊ ခင်ပွန်းလို၊ မိတ် ဆွေကို ထာဝရလက်တွဲခေါင်းသင်းသွားရမယ့် အဖော်မျိုး ဝါဆိုမိုး



www.burmeseclassic.com

www.burmeseclassic.com



အားကိုးထိုက်တဲ့ အဖော်မျိုး"

"မောင်က မဖြစ်နိုင်ဘူးလား"

"ဒါတော့ မောင့်ကိုမောင်ပဲ သိမယ်လေ၊ မောင့်အရည်အချင်း မောင်ပဲ သိမှာပေါ့"

"ဟုတ်တယ်၊ ဝါခိုမိုးပြောတာမှန်တယ် မောင့်အရည်အချင်းကို မောင်ပဲသိနိုင်ရမယ်၊ မောင့်ကိုမောင် သိတယ်"

"ဒီမှာ အချစ်၊ မင်းကို မောင်သိမ်ချစ်တယ်၊ ဒါပေမယ့် မောင့်မှာ တာဝန်ရှိနေသေးတယ်၊ ဒါကိုတော့ မောင့်ဘက်က မင်းနား လည်ပေးနိုင်မလား"

ထိုစကားများအား သူသည် အလေးအနက်ဆိုမေးဖြစ်လိုက် ၏။

"ဝါခိုမိုးက အများကြီး နားလည်သဘောပေါက်ပါတယ်"

"ကောင်းပြီလေ၊ မောင်ဝမ်းသာရမှာပေါ့၊ မနက်ဖြန် မောင်တာ နေရာကို သွားပြီးရင် အချစ်နဲ့ လာတွေ့မယ်၊ မောင့်ကို စောင့်နေနော်"

"နေ့တိုင်း မောင့်ကို စောင့်နေတယ်"

"ဟော့ ဆရာကြီး အလုပ်မသွားသေးဘူးလားရှင့်"

ရုတ်တရက် နောက်မှပေါ်လာသော ဒေါက်တာကြည်ပြ စကားသံကြောင့် ခိုင်မင်းဆက်သည် ဖုန်းစကားပြောခွက်လေးအ





လက်နှင့် ကဗျာကယာပိတ်ပစ်လိုက်ပြီး...

"ဟဲ... စောင့်နေနော်၊ မနက်ဖြန်တော့ လာခဲ့မယ်"

စကားကိုဖြတ်ကာ ခိုင်မင်းဆက်သည် ဖုန်းလေးကို ချပစ် လိုက်ရပါတော့သည်။ တစ်ဆက်တည်းလည်း ခိုင်မင်းဆက်သည်ရှေ့ မှ သတင်းစာနှင့် ဓာတ်ပုံတွေကို ကဗျာကယာ ခပ်သွက်သွက်သိမ်း ဆည်းလိုက်ရလေသည်။

တစ်ဖက်မှ ချစ်သူဝါခိုမိုးသည် သူ့အပေါ်မည်သို့ ရှိမည် ကို မသိသော်လည်း ရောက်လာသော ဒေါက်တာကြည်ပြာနှင့်သူ ကတော့ စိတ်အနေကျဉ်းကျပ်စွာဖြင့် ရင်ဆိုင်ကာ စကားများပြော ဆိုနေရပါ၏။

"ကိုဆက်၊ ဘယ်ကို ဖုန်းဆက်တာလဲဟင်"

"အလုပ်ကိစ္စစုံစမ်းတာပါ"

"ဒါနဲ့ ကိုဆက်၊ ကိုဆက်သမီးရော"

"အလုပ်တွေ သိပ်များလို့၊ သမီးကို ဆရာမအိမ်မှာပဲ အပ် ထားသေးတယ်"

"ဘာအလုပ်တွေများ၊ များနေရလဲ ကိုဆက်ရယ်"

"မေးတတ်တယ်နော် ကျွန်တော့်အလုပ်ကို ဒေါက်တာလည်း သိသားနဲ့"

ဆိုရင်း ခိုင်မင်းဆက်သည် အဝတ်တွေလဲကာ ရုံးသွားရန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်လိုက်ရလေ၏။ ဒေါက်တာကြည်ပြာသည် ယောကျ်ားပီသစွာ ချောမွေ့သောရုပ်သွင်နှင့် ရုံးသွားရန်အသင့်ဖြစ်နေသော အသွင်ကို ကြည့်ပြီး နားလည်လိုက်စွာဖြင့်...

"ကဲ...ကိုဆက် ရုံးသွားတော့မယ်၊ မဟုတ်လား"

"ဟုတ်တယ်"

ခိုင်မင်းဆက်ဆိုတော့ ဒေါက်တာကြည်ပြာသည် အိမ်ထဲမှ ထွက်ခဲ့သည်။ အိမ်တံခါးကို ခိုင်မင်းဆက် ပိတ်လိုက်သည်။

"ကဲ...ကျွန်တော်ရုံးသွားတော့မယ်"

"ကြည့်ပြာလည်း ဆေးရုံးသွားတော့မလို့ပါ၊ ကိုဆက်ကား ကိုမြင်လို့၊ ကိုဆက်အလုပ်မသွားသေးဘူးလားဆိုပြီး ဝင်ကြည့်တာ"

ခိုင်မင်းဆက်သည် ကားပေါ်သို့ တက်ကာ ကားလေးကို အိမ်ရှေ့မှ မောင်းထွက်ခဲ့လိုက်လေ၏၊ ဒေါက်တာကြည်ပြာကား နောက်မှ ကားလေးကို မောင်းလိုက်လာရင်း ခိုင်မင်းဆက်၏ အေးစက်တည်ငြိမ်လွန်းသော အသွင်ကြောင့် မြင်းကာ မလှုပ်၊ ခုံကလှုပ်ရသော မိမိအဖြစ်၊ ယုန်ကမတိုး ပိုက်ကတိုးရသော မိမိအဖြစ်အတွက် တွေးကြည့်လျှင် ရက်စိတ် ဝမ်းနည်းစိတ်ကလေးများ ဖြစ်ပေါ်လာရ၏။ လမ်းတစ်လျှောက်လုံး၌ တစ်ကိုယ်တည်း မျက်ရည်များ ဝဲကာ စိတ်မချမ်းမြေ့စွာ ရှိခဲ့ရပါသတည်း။

၆ ၆ ၆



## တစ်ဆယ့်ခြောက်

လွှမ်းညမြို့၊ ရှေ့ဘက်ရှိ ရွှေပုလဲဟိုတယ်ကြီး ရှိရာဆီသို့ ခိုင်မင်းဆက် ရောက်လာခဲ့လေ၏။ ခိုင်မင်းဆက်သည် ကားပေါ်မှ ဆင်းလိုက်ပြီး တစ်ခါက ဟိုတယ်နေရာကြီး၌ ယခုလက်ရှိ ပြောင်းလဲနေသော လုပ်ငန်းကြီးကို တွေ့မြင်နေရ၏။

ယခင်က ထိုနေရာ၌ လွန်စွာခမ်းနားထည်ဝါသော ဟိုတယ်ကြီးရှိခဲ့သော်ငြား ယခုမူ ထိုနေရာ၌ နို့စားနွားမများနှင့် အကြီးကျယ်ဆုံး လုပ်ငန်းကြီးအား လုပ်ကိုင်နေသည်မဟုတ်ပါလား။ ပိုရှင်သစ်၊ လုပ်ငန်းတစ်ခုနှင့် ရှိနေချေပြီ။

ခိုင်မင်းဆက်သည် မွေးမြူရေးခြံကြီးအနီးသို့ လှမ်းလာခဲ့ရင်း ခပ်လှမ်းလှမ်းမှ လူကြီးတစ်ယောက်ကို တွေ့လိုက်ရလေ၍ ခိုင်မင်းဆက်ကြည့်လိုက်သည်။ ထိုလူကြီးမှာလည်း ခိုင်မင်းဆက်ကို တွေ့လိုက်ရ၍ ခိုင်မင်းဆက်ထံသို့ ရေပုံးကြီးတစ်လုံးဆွဲကာ လှမ်းလာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စများရှိလဲကွယ်"

လူကြီး မေးလာ၍....

"ကျွန်တော် နိုင်မင်းဆက်ပါ၊ ရဲအရာရှိပါခင်ဗျာ"

"သြော်..အေး၊ ဦးဘာကူရမလဲကွယ်"

"တခြားမဟုတ်ပါဘူး၊ ကျွန်တော်သိချင်တာလေးရှိလို့ လာမေးတာပါ ခင်ဗျာ"

"မေး..မေး၊ ဦးလည်း သိသလောက်တော့ ပြောပါ့မယ်"

"ဒီနေရာဟာ အစက ဟိုတယ်ရှိတယ်နော်"

"ဟုတ်တယ်၊ ရွှေပုလဲဟိုတယ်ကြီးရှိတယ်၊ နောက်တော့ မီးလောင်သွားတယ်လေ၊ အဲဒီနောက်တော့ ဦးပဲဝယ်ပြီး မွေးမြူရေး လုပ်တယ်လေ"

"ဒီလောက်ကျယ်တဲ့ ခြံက တော်တော်တော့ ပေးရမယ်နော်"

"ဒါပေါ့ကွယ်"

"ဦးနဲ့က ဘယ်လိုအဆက်အသွယ်ရလဲ"

"အစကတည်းက ရင်းနှီးတယ်လေ"

"သြော်...ဒါဆို ဒီပိုင်ရှင်တွေရဲ့ မိသားစုအကြောင်းကို သိမှာပေါ့"

"သိတာပေါ့ကွယ်"





"ဦးသိသလောက် ကျွန်တော့်ကို ပြောပြပါလား"

"သိချင်ရင်တော့ ပြောမယ်လေ၊ ကိုမင်းပိုင်ဦးနဲ့ မခိုင်မွန်တို့မှာ အမြွှာသမီးလေးနှစ်ယောက် ရှိတယ်ကွဲ့၊ သူတို့မိသားစုလေးယောက်ပေါ့ကွယ်၊ သမီးလေးတွေကလည်း တော်တော်လှတာ၊ တော်ရုံလူဆိုရင် ခွဲခြားလို့မရဘူး၊ ဦးကတော့ ခွဲလို့ရတယ်"

"ဟုတ်ကဲ့၊ ဆက်ပြောပါဦး ဦး"

"သူတို့က အခုရမ်းကို ချမ်းသာတာပဲကွယ်၊ ဟိုတယ်မီးလောင်ပေမယ့်လည်း တော်တော်ကြီးကို ချမ်းသာသေးတာပဲ၊ ခုတော့ တစ်ယောက်ပဲစိတ်ထိုက်တာပေါ့ကွယ်"

"အခုရှိနေတာက ဘယ်သူလဲဦး"

"ဝါဆိုမိုးလေ၊ သူ့အမေကတော့ ဆေးရုံပေါ်မှာပဲ နေတာ အိမ်မှာနေဆို ခေါ်ပေမယ့်ဘယ်လိုမှ မရဘူး"

"အခုကျန်နေတဲ့ ဝါဆိုမိုး ဆိုတာက အကြီးလား၊ အငယ်လား ဦး"

"အကြီးကွဲ့"

"အငယ်ကရော"

"အေး အဲဒီအငယ်မလေးကတော့ အလောင်းလည်း ရှာမတွေ့ဘူး၊ ခုထိ ဘယ်ရောက်နေမှန်းလဲ မသိဘူး"

"အငယ်က နာမည် ဘယ်လိုခေါ်လဲဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဝါဆိုဖြိုးတဲ့"

"ပျောက်နေတဲ့သဘော်လား"

"ဆိုပါတော့ကွယ်၊ အစကတော့ သင်္ဘောဆိုင်ရာက စုံစမ်းပါတယ်၊ စုံစမ်းလို့မရဘူး၊ ခုတော့လည်း အမှုက မှေးမှိန်နေပါပြီလေ"

"နှစ်တွေလည်း ကြာပြီမဟုတ်လား"

"ဘယ်လောက်ရှိပြီလဲ ဦး"

"မီးလောင်တာကတော့ ဆယ်နှစ်လောက်ရှိပြီ၊ အစက ဒေါ်ခိုင်မွန်က သူ့အိမ်မှာပဲ သူ့သမီးနဲ့နေတာ၊ ဒေါ်ခိုင်မွန်ဟာ အိမ်မှာ မနေချင်ဘူး၊ ဆေးရုံးမှာပဲနေချင်တယ်ဆိုလို့ မင်္ဂလာမသန်ဆေးရုံးကို ပို့လိုက်၊ အိမ်ပြန်ခေါ်လိုက်နဲ့ လုပ်ရာက နောက်ပိုင်းတော့ ဟိုမှာပဲ သူနေတော့တယ်"

"ဝါဆိုမိုးလေး သွားခေါ်လည်း မရတော့ဘူး၊ ဝါဆိုမိုးကတော့ သူ့အမေကို အမြဲသွားကြည့်ပါတယ်၊ ဒေါ်ခိုင်မွန်က မီးလောင်တော့ မျက်နှာလည်းပျက်သွားတယ်"

"လက်တစ်ဖက်လည်း မသန်တော့သလို လမ်းလည်းလျှောက်နိုင်တော့ဘူးလေ၊ ခုဆို ဒေါ်ခိုင်မွန်ဆေးရုံမှာနေတာ သုံးနှစ်နဲ့ငါးနှစ်လောက်ရှိပြီထင်တာပဲ ပိုက်ဆံရှိပြီး မိသားစုလေးက သနားစရာပါကွယ်၊ သေကွဲရှင်ကွဲတွေဖြစ်လို့"

မွေးမြူရေးခြံပိုင်ရှင်ကြီးက စိတ်ရှည်လက်ရှည် ပြောပြသည်။





ခိုင်မင်းဆက်သည် သတင်းစာထဲ ရေးသားဖော်ပြထားသောအကြောင်းအရာများနှင့် ထိုလူကြီးပြောသောစကားများအား ညှိနှိုင်းကာ နား ထောင်နေပြီးမှ...

"ဟုတ်ကဲ့ဦး၊ ခုလိုကျွန်တော့်ကို စိတ်ရှည်လက်ရှည်နဲ့ ပြောပြတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"နေပါဦးလား ငါ့တူ၊ ဦးညှော်ခံပါရစေဦးလား"

"ကျေးဇူးပါပဲ ဦး၊ ကျွန်တော်သွားစရာလေး ရှိနေသေးလို့ပါ၊ နောက်မှပဲ ကျွန်တော်လာခဲ့ပါဦးမယ်"

"ကောင်းပြီကွယ်"

ခြံပိုင်ရှင်ကို နှုတ်ဆက်ခဲ့ပြီး ခိုင်မင်းဆက် ပြန်လာခဲ့သည်။ လမ်းတစ်လျှောက်မှာတော့ ခိုင်မင်းဆက်သည် မြတ်နိုးရပါသော ဝါဆိုမိုးကို မြင်ယောင်ရင်း၊ ဝါဆိုဖြိုး တစ်ယောက် ဘယ်ရောက်နေလဲ ဟူသော အကြောင်းများအား သိချင်နေရလေ၏။ ထို့အတူ ဝါဆိုဖြိုး ပျောက်ဆုံးနေမှုနှင့်..

မရှားနှာ၊ ဦးကျော်ဇောတို့ အသတ်ခံရမှုများသည်လည်း ဆက်စပ်မှုရှိနေမည်လားဟူသော အတွေးများသည် ရင်ထဲခေါင်းထဲ၌ ပျံ့ပျက်ကွာ ဖြစ်ထွန်းနေ၏။ စဉ်းစားကြည့်မည်ဆိုလျှင် ဝါဆိုဖြိုးသည် ဝါဆိုမိုး၏ အမြွှာသိမရင်း တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇောနှင့် မရတနာတို့သည်လည်း ဝါဆိုမိုးနှင့်ပတ်သက်ဆက်စပ်နေသူတွေ။ ထိုသူတွေ အားလုံးသည် ပျောက်ဆုံး၍ အသတ်ခံကြရသည်ဆိုတော့။

"ဟင်း...."

ခိုင်မင်းဆက်သည် သက်မမောကို ချကာ မျက်နှာချောချောသည် ခံစားမှုတို့ဖြင့် မှိုင်းဝေနေရပါသတည်း။

❀ ❀ ❀



## တစ်ဆယ့်ခုနစ်

ချစ်သူရဲ့အရာရှိကားလေး ခြံထဲသို့ မောင်းဝင်လာသည်နှင့် ဝါဆိုမိုးသည် လှပစွာ တစ်ချက်ပြုံးဖြစ်လိုက်၏။ချစ်သူမောင့်ကို ဝါဆိုမိုးစောင့်မျှော်နေခြင်းမို့ပါ။

မှန်သည်။

ရဲအရာရှိ ခိုင်မင်းဆက်ကားလေးသည် လှပသောဆင်ဝင်အောက်၌ ထိုးရပ်သွားသည်နှင့်၊ ဝါဆိုမိုးသည်လည်း ပန်းကနုတ်များဖော်ထားသော လှပလွန်းသည့်အိမ်ရှေ့ ကျွန်းတံခါးကြီးကိုဖွင့်ကာ အသင့် စောင့်ကြိုနေလိုက်၏။

ခိုင်မင်းဆက်သည် တံခါးဝ၌ မိမိအား အပြုံးလှလှဖြင့် စောင့်ကြိုနေပါသော ဝါဆိုမိုး၏ ဝင်းထိန်နေသောအလှကို စိုက်ခနဲကြည့်ပြီး ရင်ထဲ၌ တိတ်တခိုး သက်မမောကို ချပြီးမှ၊ ကားပေါ်မှ ဖြည်းဖြည်းချင်း ဆင်းလိုက်၏။

ဝါဆိုမိုးအလှကိုကြည့်ကာ အနီးသို့ သူလှမ်းခဲ့တော့ ဝါဆိုမိုး



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း လှပသောမျက်ခုံးလေးနှစ်ဖက် ပေါင်းသောင်လေးတွန့်ကာ နားမလည်ဟန်ဖြင့် ချစ်သူမောင့်ကို ကြည့်နေလေ၏။

"ဝါဆိုမိုး"

မျက်နှာချင်းဆိုင်၌ အနီးကပ်ဆုံးရပ်ကာ ဝါဆိုမိုးကို ကြည့်ပြီး သူခေါ်သည်။ သူ့ခေါ်သံသည် ခပ်သွေ့သွေ့ ရယ်လို့ရှိနေလေ၏၊ ဝါဆိုမိုးသည် ရုတ်တရက် မထူးဖြစ်ဘဲ သူ့ကိုသာ ဇက္ကန့်လေးကြ အောင်ကြည့်နေပြီးမှ...။

"ရှင်...မောင်"

"ဟင်း..."

သူသက်မမောကို ချသည်။ ဝါဆိုမိုး၏ ဝင်းမွတ်သွယ်ဝ အိစက်နေသောလက်မောင်းသားလေးတစ်ချောင်း သူခပ်ဖွဖွလေး ဆုပ်ကိုင်ရာမှ၊ ဝါဆိုမိုး ခါးကျဉ်ကျဉ်လေးဆီသို့ သူ့လက်နှစ်ဖက်မှ ဆွဲဖက်ကာ မျက်နှာချင်းအပ်လိုက်ပြီး...။

"မောင်မောလာတယ်ကွယ်၊ အချစ်ရဲ့ရင်ခွင်မှာ အနားယူ ချင်တယ်"

သူဆိုရင်း တိုက်ကြီးထဲသို့ ဝင်ခဲ့ကြသည်။ဧည့်ခန်းလယ်ပို့ သို့ ရောက်သည်တွင် ဝါဆိုမိုးသည် တောက်ပရွှန်းစက်သော မျက်ဝန်း အစုံဖြင့်ပြုံးကာ ကြည့်လာလေ၏။ ချစ်ရလွန်းသော ချစ်သူဝါဆိုမိုး ၏ အကြည့်တွင် ခိုင်မင်းဆက်သည် တံတွေးတစ်ချက် မျိုချလိုက်၏။





ထို့နောက် ဝါဆိုမိုး၏ ကိုယ်လုံးလေးအား ဖျတ်ခနဲ ဆွဲ ကာ သူ့ရင်ခွင်ထဲ တင်းကျပ်စွာထွေးဖက်ထားလိုက်ရင်းက...

"မင်းကိုသိပ်ချစ်တယ် ဝါဆိုမိုး၊ မောင်မင်းကို ဘယ်အထိ ချစ်ရတယ်ဆိုတာ မင်းသိစေချင်တယ်၊ မင်းကို သိပ်ချစ်တယ် အချစ် ရယ်၊ မောင်မင်းကို နားလည်ပါရစေ"

ရင်ထဲမှာ ခံစားမှုတွေနှင့် မရှင်းလင်းကား၊ မချင့်မရဲဖြစ်ရလွန်း သော စိတ်တွေနှင့် သူ့နှုတ်မှ စကားတွေ ဆိုဖြစ်နေ၏။

"မောင် ဘာတွေပြောနေတာလဲကွယ်"

"ဟင်း..."

ဝါဆိုမိုး၏ သာယာညင်းပျောင်းသော စကားသံတွင် သူ သက်မမောကို ချဖြစ်သည်။ မျက်နှာချင်းခွာကာ၊ သူဝါဆိုမိုးကို တစ်ချက်ကြည့်သည်။စေ့စေ့စူးစူးကြည့်သည်။

"ဝါဆိုမိုး မင်းမောင့်ကို ချစ်ရဲ့လား၊ မင်းတကယ် ချစ်ရဲ့လား၊ မင်းအချစ်တွေဟာ မောင့်အပေါ်မှာ အမှန်တကယ်ပဲ ရှိရဲ့လားကွယ်"

သူဆိုတော့ ဝါဆိုမိုးမျက်နှာလှလှလေးသည် တစ်ချက်မျှ ပျက်သွား၏။ သူ့ရင်ခွင်မှလည်း ဝါဆိုမိုး ရုန်းထွက်လိုက်ပြီး...

"ရှင်ပြန်ပါတော့၊ ဦးခိုင်မင်းဆက်"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြန်တော့လို့ ပြောနေတာ"

စကားအဆုံး၌ ဝါဆိုမိုးသည် ခံပြင်းမှုဒေါသခြေလှမ်းလေးများနှင့် အပေါ်ထပ်သို့ ပြေးတက်သွားလေ၏...

"ဟေ့...နေဦး"

ခိုင်မင်းဆက်သည် နေရာမှ ပြေးလိုက်ခေါ်သော်လည်း ဝါဆိုမိုးသည် လှည့်မကြည့်။

"ဒုန်း...ဒုန်း...ဒုန်း"

"ကျွတ်၊ ဝါဆိုမိုး"

စိတ်ပျက်စိတ်ရှုပ်ထွေးစွာဖြင့် လှေကားထစ်များကို ပြေးတက်ရင်း ဝါဆိုမိုး၏ လက်ကလေးတစ်ဖက်ကို သူဆောင့်ဆွဲ လိုက်သော့သည်။

"အို...လွှတ်"

"မလွှတ်ဘူး"

"ဖြန်း..."

နလုံးသားမှ စွဲလမ်းမြတ်နိုးရပါသော ခံစိသုံ တစ်ကိုယ်လုံးအား ရင်ခွင်ထဲမြုပ်ဝင်သွားမတတ် ဆွဲဖက်ထားပစ်လိုက်သည်။ ဝါဆိုမိုးက ရုန်းသည်။ သူက မလွှတ်၊ ပို၍ တင်းကျပ်အောင် ဖက်ဆွဲထား၏။

"အို...လွှတ်၊ ရှင့်ကို ကျွန်မ မုန်းတယ်ရှင့်ဟာ ကျွန်မငို





ဒုက္ခပေးမယ့်သူပဲ"

"ပြောပါဦး၊ မောင်က မင်းကို ဘာဒုက္ခပေးမှာလဲ"

"ရှင့်စကားတွေက၊ ကျွန်မအချစ်ကို မသက်သဘူးမဟုတ်လား ဒီတော့ ရှင်နဲ့ကျွန်မအရှုမဆက်ဘဲ လမ်းခွဲရမှာပဲ"

"လမ်းခွဲရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်" "

"ခြသော်...ဟော်...လမ်းခွဲမယ့်စကားကို လွယ်လွယ်နဲ့ မင်းပြောထွက်ရက်သလား ဝါဆိုမိုး"

"ရှင် ကျွန်မကို စကားနိုင်လာလုမနေနဲ့၊ ရှင်ထွက်သွား"

"မသွားဘူး"

"သွား ရှင့်ကိုမုန်းတယ်"

"မင်းကို ချစ်တယ်၊ သိပ်ချစ်တယ်"

လှေကားတစ်ဆစ်ချိုးနေရာလေးတွင် ဝါဆိုမိုးက မျက်နှာလေးကို ဆွဲဖယ်ရုန်းသလို၊ ခိုင်မင်းဆက်က မျက်နှာချင်း အငမ်းမရ ပူးကပ်ကာ စကားတွေကို အချေအတင် ဆိုကြသည်။ တစ်ဦးနှင့်တစ်ဦး ရန်းရင်းဆန်ခတ်ဖြစ်ရင်းမှ တစ်ချိတွင်မတော့...။

"အို...အမေ့"

ဝါဆိုမိုးခြေလေးတစ်ဖက်ချော်သွားသည်တွင် အသည်းထဲ ထားအနှဲ့ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်

သတိရှိသော ခိုင်မင်းဆက်သည် ဝါဆိုမိုးကိုယ်လေးအား မနာမကျင်သွားစေရန် ကိုယ်ချင်းလှည့်၍ ထိန်းလိုက်၏။

သို့တိုင်…

"ဒုန်…ဒုန်း…ဒုန်း…ဒုန်း"

"အို…အို"

လှေကားထစ်များပေါ်မှ နှစ်ဦးသားသည် ကိုယ်ချင်းပူးကာ လျက်ထွေးဖက်ကာ တစ်လှိမ့်ချင်း လိမ့်ကျသွားရပါတော့၏။ ခိုင်မင်း ဆက်၏ ထိန်းသိမ်းမှုကြောင့် အရှိန်ကတော့ပြင်း မပြင်း၊ တလိမ့် ချင်း အကျ၌ ချစ်သူကို ထိခိုက်မှုမရှိစေရန်ပင် ခိုင်မင်းဆက်ကာကွယ် ပေးဖြစ်သည်။

မိမိသာ အနာခံသည်။ သို့သော်လည်း အခြေအနေအရ ခိုင်မင်းဆက်အတွက် နာကျင်မှုက ဘယ်ဆီနေမှန်းပင်မသိလိုက်ပါ။

"အင့်…"

မနာမကျင်သော်လည်း ဝါဆိုမိုးသည် တစ်လိမ့်ချင်း ကျ၍ ခေါင်းတွေမှာ မူးနောက်သွားရသလိုရှိ၏။ ဝါဆိုမိုးသည် ချစ်သူ၏ ခွင်ထက် မျက်ဝန်းလေးတစ်စုံမှေးစင်းကာရှိပြီးမှ မျက်ဝန်းလေးများ သာသာဖွင့်ကြည့်လာတော့…

"အဟွန်း…"





ချော့မွှေ့သော အပြုံးတွေဖြင့် ကြည့်နေသော မောင့်အကြည့် တွေနှင့် တန်းဆုံလိုက်ရလေ၍…

"ခုန်းတယ်"

"ချစ်တယ်"

ဆိုရင်း ဝါဆိုမိုးတစ်ကိုယ်လုံးအား တင်းကျပ်စွာ ထွေးပွေ့ ဖက်လိုက်သည်။ ဝါဆိုမိုးသည် မျက်လုံးလေးအစုံ မှေးမှိတ်ထားလိုက် ၏။

"မူးသွားလား အချစ်"

"အဟင်း…"

မျက်လုံးလေး မှိတ်ကာ ဝါဆိုမိုးသဲ့သဲ့လေး ပြုံးသည်။

"မောင့်တို့ လက်ထပ်ကြရအောင်နော်"

"ရှင်က ကျွန်မအပေါ် အခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့"

"အဲဒါ သိပ်ချစ်လို့ကွ"

"သိပ်ချစ်လို့"

မျက်လုံးလေး ဖျတ်ခနဲဖွင့်ကာ အသည်းယားဟန်လေးဖြင့် ဝါဆိုမိုး ဆိုတော့…

"ဟုတ်တယ် သိပ်ချစ်လို့"

"ဪ…ရှင်ချစ်ပုံက တစ်မျိုးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲ ပြောပြောကွာ၊ လက်ထပ်မယ်"

"ကျွန်မတော့ ဘာမှ မပြောချင်တော့ဘူး၊ ရှင့်သဘော"

"သဘောဆိုရင်တော့"

"ဟိုး…ဆရာ"

"အဟွန်း…ဟွန်း"

ဝါဆိုမိုး၏ အလန့်တကြားဟန်ရှေ့အတွက် ခိုင်မင်းဆ ရယ်လိုက်မိသည်။ ခုတော့လည်း မြူဘို့စင်လျှက် ချမ်းသုနှစ်ဦးသ သာယာကြည်မော်ဖွယ်ရာရှိကြ၏။

မှန်သည်။

ဝါဆိုမိုးအတွက် မည်သို့ရှိမည်မှန်းမသိသော်လည်း ရုံ ရှိ ခိုင်မင်းဆက်အတွက် ရင်မောရမှုအပေါင်းသည် ဇောသလောဆ ပျောက်ကွယ်လျှက် သူ့တစ်ကိုယ်လုံးသည် ချစ်သွေးနှိန့်နှန်းတို့သ ပတ်မှုဖြင့်သာအတိရှိနေရတော့သည်။

✤ ✤ ✤



## တစ်ဆယ့်ရှစ်

ညကိုးနာရီ။

ညအချိန်သည် ဝါဆိုမိုးအတွက် ပို၍ တစ်ကိုယ်တည်းအထီး ကျန်ဆန်လှသည်ကဖြင့် အမှန်ပါ။ သို့သော်လည်း ထိုသို့သော ပေါင်းများစွာကို ဝါဆိုမိုးဖြတ်ကျော်ခဲ့သည်မှာ နှစ်နှင့်ချီ၍ ချီခဲ့ချေ ပြီပဲ။

သို့ဖြစ်၍ ဝါဆိုမိုးအတွက် တစ်ကိုယ်တည်း နေရသော တိတ်ဆိတ်သော၊ အထီးကျန်သော ညများသည် မထူးခြားတော့။ လုပ်သားများအား နေ့ရက်အချိန်နှင့် သာခေါ်ထားပြီး ညဘက်ဆို င် လုံခြုံစိတ်ချရသော တိုက်ကြီးထဲ၌ ဝါဆိုမိုး တစ်ကိုယ်တည်း ရှိ၏။ ညဘက်ဖိတ်ကြားထားသော ညစ်ခံပွဲများရှိလျှင်လည်း ဆိုမိုး စောစောသွားပြီး စောစောပြန်လာတတ်သည်။

အရေးအကြောင်းကြီးငယ်မရှိဘဲနှင့် ဝါဆိုမိုး အိမ်ပြင်သို့ ထွက်တတ်ပါ။ အိမ်ထဲခြံထဲတွင် ရေကူး၊ လမ်းလျှောက်ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါသော စာထိုးပန်းထိုး၊ ဆံပင်အလှပြင်သောအလုပ်တွေကို တစ်ကိုယ်တည်း လုပ်နေတတ်သူဖြစ်၏။ ထိုအလုပ်များ လုပ်ချင်စိတ်မရှိလျှင်လည်း ဝါဆိုမိုးသည် တစ်ချိန်က ငြိမ်းချမ်းသာယာမှုအတိနှင့် ရှိခဲ့ကြသော မိသားစု ဓာတ်ပုံများအား အလွမ်းပြေ ကြည့်နေပါသည်။

မှန်သည်။ ယခုညတွင်လည်း ဝါဆိုမိုးသည် မိသားစုဓာတ်ပုံများအား အလွမ်းပြေကြည့်နေဖြစ်၏။ အပေါ်ထပ်ရှိ စာကြည့်ခန်းတွင် ဝါဆိုမိုးသည် မိသားစု ရိုက်ထားသော ဓာတ်ပုံစာအုပ်များအား တစ်အုပ်ပြီး တစ်အုပ်စိတ်ဝင်စားစွာ တခဲတစ်ခွာကြည့်နေဆဲ....

အောက်ထပ်ရှိ တိုက်ကြီး၏ တစ်နေရာတွင်သော့ လူတစ်ယောက်။

မှန်ပါ၏။

လူတစ်ယောက်သည် သော့တုတ်ဖြင့် တံခါးများကို ဖွင့်ကာ ဝါဆိုမိုး၏ တိုက်ကြီးထဲသို့ ရောက်နေပါပြီကော။ ထိုလူသည် အောက်ထပ်၌ ချွတ်နင်းသံဖြင့် လှေကားထစ်များဆီသို့ တစ်လှမ်းချင်း တစ်လှမ်းချင်း လှမ်းခဲ့၏။

လှေကားရင်းရောက်သည်တွင် ထိုလူသည် ဟိုဟိုဒီဒီကြည့်ပြီး အပေါ်ထပ်သို့ တစ်ချက်လှမ်းကြည့်ကာ လှေကားထစ်များအား နင်းတက်၍ သွား၏။ လှေကားထစ်တွင် စဉ်းစားသလို တစ်ချက်ရပ်





ရပ်ပြီး ထိုလူသည် အခန်းတစ်ခုဆီသို့ ဦးတည်လှမ်းခဲ့လိုက်၏။

"ဟင်း...."

စာကြည့်ခန်းထဲတွင်ကား ဝါဆိုမိုးသည် သက်မမောလေးကို ချကာ မိသားစုဓာတ်ပုံထဲတွင် နစ်မျောလျက်ရှိနေရှာပါ၏။ ဝါဆိုမိုးသည် မိဘနှစ်ပါးဓာတ်ပုံနှင့် တစ်ယောက်တည်းရိုက်ထားသော အမြှာညီမဖြစ်သူ ဝါဆိုဖြိုး၏ ဓာတ်ပုံလေးကို ငေးစိုက်၍ ကြည့်နေမိသည်။

ထိုအခိုက်...။

"ကျွီး..."

"ဟင်..."

ရင်ထဲ ဒိန်းခနဲဖြစ်ကာ တံခါးဖွင့်သံတစ်ခုလို ကြား၍ ဝါဆိုမိုးသည် ခေါင်းလေး ဆတ်ခနဲ ထောင်ကာ နားစွင့်နေမိလိုက်သည်။ အသံသည် ပျောက်သွား၏။

"ဟင်း..."

ဝါဆိုမိုးသည် စိတ်ကို ဖြေကာ ဓာတ်ပုံများဆီပြန်ကြည့်မည်ပြင်ဆဲ၊ ဝါဆိုမိုးခေါင်းလေး ပြန်မတ်သွားရပြန်သည်။

မှန်သည်။ နားထဲတွင် ခြေသံဖွဖွကို ကြားနေရသည် မဟုတ်ပါလား။ ဘဝသက်နှင့် တစ်ကိုယ် မကြုံတွေ့ဖူးသေးသော အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝါဆိုမိုးသည် ချွေးစေးကလေးများ ထွက်ကာ တစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်နေရှာ၏။

ဝါဆိုမိုးသည် ကတုန်ကယင်စိတ်ဖြင့် တစ်ချက်မျှ ငြိမ်သက်နေပြီးကာမှ နှုတ်ခမ်းလေးစေ့ကာ အတွင်း နှုတ်ခမ်းသားလေးအား ခပ်ဖွဖွ ဖိကိုက်ပြီးစိတ်ကို တင်းလိုက်သည်။ ဒီတသည် အခြေအတွက် စဉ်းစားတွက်ချက်လိုက်သလို မျက်ဝန်းလေးသည်လည်း အဓိဋ္ဌာန်တစ်ခုကို ဝေ့ဝဲကြည့်လိုက်၏။

မိဘများ လိုင်စင်နှင့်ကိုင်သော သေနတ်သည် ဝါဆိုမိုးအိပ်ခန်းထဲမှ ခေါင်းအုံးအောက်တွင် ရှိနေ၏။ သွားရောက်ယူ၍က မဖြစ်။ ခြေသံဖွဖွသည် ဝါဆိုမိုးနားထဲတွင် ကြားနေဆဲရှိပါ၏။ ဝါဆိုမိုးသည် စားပွဲပေါ်မှ စက္ကူဖြတ်သော ကတ်ကြေးလေးတစ်လက်ကို ဖျတ်ခနဲယူလိုက်သည်။

ကတ်ကြေးလေးကို ဆုပ်ကိုင်ထားဆဲ ဝါဆိုမိုးသည် ခြေသံဖွဖွအား နားစွင့်လိုက်၏။ ခြေသံသည် ဝါဆိုမိုး၏ အိပ်ခန်းနှင့် တွဲလျက်ရှိသော ဝါဆိုမိုးအလှပြင်ခန်းနှင့် အဝတ်လဲခန်းထဲမှ ထွက်ပေါ်နေသည်ဟု ဝါဆိုမိုးတွက်ချက်မိ၏။

ဝါဆိုမိုးသည် နှုတ်ခမ်းလေးကို ဖိကိုက်ကာ ကတ်ကြေးလေးကို ကျစ်ကျစ်လျစ်လျစ်ဆုပ်ကိုင်၍ ထိုင်ရာမှ ဖြည်းညင်းစွာ ထ,ရပ်





လိုက်၏။ ဝါဆိုမိုး နားစွင့်၍ တွက်ချက်သည်က မမှားပါ။

ဝါဆိုမိုး၏ အဝတ်ဗီရိုကြီးများရှိသော အခန်းထဲတွင်ကား အမှောင်ထဲ၌ လက်နှိပ်ဓာတ်မီးလေးအလင်းရောင်ဖြင့် လှုပ်ရှား နေသော လူတစ်ယောက်သည် ဝါဆိုမိုး၏ အဝတ်ဗီရိုကြီးတစ်ခုအား အသာဖွင့်ကာ တန်းစီချိတ်ထားသောအင်္ကျီများဆီ လက်နှိပ်ဓာတ်မီးဖြင့် တစ်ချက်ထိုးကြည့်လိုက်သည်။

ပြီးမှ ထိုလူသည် မီးအိတ်ထဲမှ တစ်စုံတစ်ရာကို နှိုက်ယူလိုက်ပြီး လက်နှိပ်ဓာတ်မီး အလင်းရောင်ဖြင့် ဝါဆိုမိုးအင်္ကျီများမှ ကြယ်သီးတွေဆီ တစ်ထည်ချင်း ရှာဖွေကာ ကြည့်လိုက်၏။

မှန်သည်။

ရဲစခန်းမှ ခိုင်မင်းဆက်၏ တပည့်ဖြစ်သူစာရေးကြီးလင်းလင်းရယ်ပါတည်း။ လင်းလင်းသည် ဦးကျော်ဇောအသတ်ခံရစဉ်က ဦးကျော်ဇောအလောင်း လက်ထဲမှ ရရှိထားသော နှင်းဆီသဏ္ဌာန်ပုံပါသည့်ရွှေရောင် ကြယ်သီးလေးနှင့် ကြယ်သီးအလှများတပ်ထားသော ဝါဆိုမိုး၏ အင်္ကျီများအား တစ်ထည်ချင်းတိုက်ကာ အသေအချာရှာဖွေကြည့်ရှုစစ်ဆေးနေဆဲ…

အပြင်ဘက်မှ ခြေသံဖွဖွကြား၍ လင်းလင်းသည် ကြယ်သီးချင်းတိုက်ကာ ကြည့်ရှုနေဆဲ ကြိုရာမရဖြစ်ကာ နောက်ဆုံးတော့ ဗီရိုထဲသို့ ဝင်၍ ဗီရိုတံခါး ပိတ်ကာ ကပျာကယာ ဝင်ပုန်းနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့၏။

"ထောက်..."

သီသီလေးပင်။

အခန်းမီးပွင့်၍ လင်းထိန်းသွားသည်ကို ဗီရိုဘီခါးဟာဟာလေးမှ လင်းလင်းရင်တုန်စွာ တွေ့မြင်လိုက်ရလေ၏။ ထို့နောက် ကတ်ကြေးလေး ဆုပ်ကိုင်ပြီး ဗီရိုရှေ့ရပ်လာသော ဝါဆိုမိုး၏ ဝင်းထိန်နေသောအလှကိုပါ လင်းလင်း တွေ့မြင်နေရလေသည်။

ဝါဆိုမိုးသည် ခပ်ဟာဟာရှိနေသော ဗီဘီရိုတံခါးကို ကြည့်ကာ မျက်မှောင်လှုလှုလေး တစ်ချက် ကြုတ်လိုက်ပြီး ဆတ်ခနဲ ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။ လူတစ်ရပ်ကျော်မြင့်သော ဗီရိုကြီးအတွင်းရှိ အင်္ကျီများ နောက်ကွယ်မှ လင်းလင်းသည် အသက်ရှူမိရန် အောင့်ထားမိ၏။

ဝါဆိုမိုးကိုကား အင်္ကျီများကြားမှ သူအထင်းသား တွေ့မြင်နေရချေပြီ။ ဝါဆိုမိုးကား လှုပ်ရှားဆောင်ယောင်ရှိနေသော အင်္ကျီများကို မသက်ာ၍ လက်ကလေးနှစ်ဖက်နှင့် အင်္ကျီများကို ဆွဲဖယ်အကြည့်မှာတော့...

"ဟင်...အား"

ဝါဆိုမိုးသည် ဗီရိုထဲမှ လင်းလင်း၏ ခြေအစုံကို တွေ့မြင်လိုက်ရလေ၍ သွေးရူးသွေးတန်းအော်ဟစ်ကာ အခန်းထဲမှ ပြေး





ထွက်ခဲ့လိုက်ပါတော့၏။ ဝါဆိုမိုးခမျာ အထိတ်တလန့်ကြီးဖြင့် ပြေးထွက်လာခဲ့သည်မှာ ဆင်ဝင်အောက်သို့ပင် ရောက်၍ လာရှာ၏။ ဆင်ဝင်အောက်တွင် တွန်းထားသော မီးရောင်လေးအောက်၌ ဝါဆိုမိုးသည် ကတ်ကြေးလေး ဆုပ်ကိုင်က ကတုန်ကယင်ဖြင့် အကူအညီမဲ့ကာ ရှာနေခဲ...

"ဝါဆိုမိုး"

"အမေ့...ဟင်၊ မောင်"

ဘွားခနဲ နောက်ဘက်မှပေါ်လာသလို ချစ်သူကို တွေ့လိုက်ရသည်တွင် ဝါဆိုမိုးသည် အားကိုးတကြီးဖြင့် ချစ်သူရင်ခွင်ထဲပြေးဝင်မိရှာ၏။ခိုင်မင်းဆက်သည်လည်း ဝါဆိုမိုးအား နာမလည်စွာ ထွေးဖက်ထားခဲမှ...

"အချစ်ရယ် မင်းအိမ်က ဒီလောက်လုံခြုံနေတာပဲ"

"လုံခြုံပေမယ့် အကြံသမားတွေက စိစဉ်ပြီး ဝင်လာနိုင်တယ်လေ၊ ဒီမှာမောင် ဗီရိုတံခါးဟာ စောစောက ဝါဆိုမိုး ဖွင့်ကြည့်လို့ ပွင့်နေတယ်၊ အခုမှ ပိတ်နေတာ"

"ဟင်..."

ခိုင်မင်းဆက်သည် သက်မချပြီး အခန်းထဲမှ ထွက်ခဲ့သည်။ ဝါဆိုမိုးသည် ခိုင်ခင်းဆက်နောက်မှ အပြေးလေး လိုက်ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံင်ဝင်အောက်သို့ သူတို့ပြန်ရောက်လာသည်။

"မောင်ဘယ်သွားမှာလဲဟာင်၊ ဝါဆိုမိုးဆီ မောင်လာတာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ဒါ့ပေမယ့် အခုအပြင်ပြန်သွားဦးမယ့် ကိစ္စရှိတယ်"

"အို..မောင်ရယ်၊ မသွားပါနဲ့တော့၊ ဝါဆိုမိုးတစ်ယောက်တည်း မနေရဲဘူး"

"မသွားလို့ မဖြစ်ဘူး၊ အရေးကြီးတယ်"

သူဆိုတော့ ဝါဆိုမိုးသည် နှုတ်ခမ်းလေးစူကာ သူ့ကို မော်ကြည့်ရင်း မျက်ရည်လေးများ စီးကျလျက် ရှိချေ၏။

"မောင့်မှာ အရေးတကြီးကိစ္စရှိနေသေးတယ်ကွယ်၊ မောင့်ကို နားလည်ပါနော်"

ခိုင်မင်းဆက်သည် ဝါဆိုမိုးကိုယ်လုံးလေးအား ထွေးဖက်ကာ နမ်းရှိုက်နှစ်သိမ့်လိုက်သည်၊

"ဟာ...ဆရာနဲ့"

တိုက်ဘေးတစ်နေရာ မှောင်ရိပ်ထဲမှ ချောင်းကြည့်နေသော စာရေးလင်းလင်းသည် မျက်လုံးပြူးကာ အံ့ဩသွားလေ၏။

"ဟာ...ငါ့ဆရာတောင် ဒီမိန်းမလှ ဘူတာကွင်းထဲ ရောက်နေ





ပါရောလား။"

"ဟူး...ငါရှာတဲ့ ဗီရိုထဲမှာတော့ ငါရထားတဲ့ ကြယ်သီးနဲ့တူတာမတွေ့သေးဘူး၊ တခြား ဗီရိုထဲမှာတော့ ရှိကောင်း ရှိနိုင်မှာပဲ"

"နောက်မှပဲဆက်ရှာဖို့ ကြိုးစားရဦးမယ်၊ ဒီညတော့ မဖြစ်တော့ဘူး"

လင်းလင်းသည် ဆရာသမားနှင့် မိန်းမလှလေး ဝါဆိုမိုးတို့ တစ်ဦးနှင့်တစ်ဦး ထွေးဖက်ထားကြသည်ကို ကြည့်ရင်း စိတ်မသက်သာစွာဖြင့် တွေးမိနေမိဆဲ။ ဝါဆိုမိုးသည် ချစ်သူမျက်နှာချောချောဆီ မျက်ရည်တို့ဖြင့်...

"အခု မောင်က ဘာဖြစ်လို့ ဝါဆိုမိုးဆီလာတာလဲ"

"အချစ်နဲ့ လာတွေ့တာလေ"

"ဒါဖြင့် အခုဘာဖြစ်လို့ ကိစ္စရှိတယ်ဆိုပြီး ပြန်မှာလဲ"

"ပြော်...စောစောကပဲ အချစ်အိမ်ထဲ လူဝင်တယ်ဆို ဒီကိစ္စအတွက် မောင်က စုံစမ်းရမှာပေါ့"

"မောင်တို့မှာ အကြောင်းအရာ တစ်ရပ်ပေါ်ရင် စဉ်းစားစရာနဲ့အလုပ်တွေက အများကြီးဖြစ်ပေါ်သွားတယ်၊ ဒီတော့ မောင့်ကို အချစ်နားလည်ပါကွယ်နော် မောင်သွားမယ်"

ထွေးပိုက်နမ်းရှိုက်နှစ်သိမ့်ကာဆိုရင်း ခိုင်မင်းဆက်သည်



www.burmeseclassic.com

www.burmeseclassic.com



ခြံ့ထဲ ခပ်လှမ်းလှမ်းမှ ရပ်ထားသော ကားဆီသို့ လှမ်းကာ အောင်းထွက်သွားပါလေသတည်း။ ကျန်ရစ်ခဲ့သော မိန်းမသားဖြစ်သည့် ဝါဆိုမိုး တော့မသိ။ အလုပ်ရှိသည်ဟု အကြောင်းပြ၍ အိမ်သို့ပြန်ရောက်လာသော ခိုင်မင်းဆက်သည် အိပ်ရာထဲတွင် အိပ်၍လည်း မရနိုင်ပါ။

မည်သို့ နားလည်ရမှန်းမသိဖြစ်သော ချစ်သူဝါဆိုမိုးအကြောင်းနှင့်ပတ်သက်၍ တွေးတောကာ သူအိပ်၍ မပျော်ခြင်းပါ။ တကယ်တော့ စောစောက သူသည် ချစ်သူဝါဆိုမိုးမသိအောင် တိတ်တဆိတ်သွားရောက်ခဲ့ခြင်းပါ။ သူ တိတ်တဆိတ်သွားရခြင်း အကြောင်းကလည်း ချစ်သူ ဝါဆိုမိုးအား တိတ်တဆိတ်သွားရောက်လေ့လာ စုံစမ်းရှာဖွေရန်အတွက်ဖြစ်သည်။

ဆိုရသော် ချစ်သူဝါဆိုမိုးအပေါ်၌ သူ့ရင်ထဲမသိုးသေ်န့ဖြစ်မိသည်ကား အမှန်ပင်မဟုတ်ပါလား။ ချစ်သူအပေါ် မသင်္ကာဖြစ်နေမိသည်မှာ အမှန်။ အမှုအခင်းတွေက ဆက်စပ်နေသည်၊ လက်ဆုပ်လက်ကိုင်ကလည်း ပြစရာမရှိ။ သည့်အတွက် သူသည် ချစ်သူက အချိန်မရွေးဝင်စေ၊ ထွက်စေပေးထားသော သော့တွေနှင့် တိတ်တိတ်ကလေးသွားရောက်ခဲ့ပါမှ ချစ်သူအိမ်ထဲသို့ လူစိမ်းတစ်ဦး ဝင်လာကြောင်းသိခဲ့ရ၍ သူနားမလည်နိုင်အောင် ဖြစ်ခဲ့၏။

ချစ်သူစကားအား လက်ခံရမလို၊ လက်မခံရမလိုဖြင့် တစ်





ကြေးလေးဆုပ်ကိုင်ကာ အိမ်ထဲမှ ပြေးထွက်ခဲ့ရှာသော ချစ်သူ၏ ကာတုန်းကယင် အသွင်လေးကိုတော့ သူမြင်ယောင်နေမိရပါလေ၏။

"ဟင်း...."

သူသက်မ,ခဲကာကို ချဖြစ်လိုက်သည်။အတွေးတို့သည် ထွေပြား၍ လာ၏၊ ခေါင်းထဲနောက်ကျိ၍လာ၏။ အားငယ်နေမည့် ချစ်သူကိုလည်း သူမြင်ယောင်သည်။ သနားနေမိသည်။ သို့သော် တတင်နက်ိုယ်သော ဦးစားပေးသော ရုံးအရာရှိကောင်းတစ်ဦးပီသရေးအတွက် နှလုံးသားရေးအား လျစ်လျူရှု၍...

သိသာယရှိသော ချစ်သူအကြောင်းနှင့် မှုခင်းများအကြောင်းအား အဖြစ်နိုင်ဆုံး ဆက်စပ်တွေးတောကာ နည်းလမ်းများရှာဖွေကြံဆနေမိရပါလေသတည်း။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်ကိုး

ညက အတွေးများကြောင့် တော်ရုံနှင့် အိပ်မပျော်ခဲ့။ အိပ်ပျော်ပြန်တော့လည်း အိမ်မက်ဆိုးများက နှောင့်ယှက်၍ သည်နေ့မနက် အိပ်ရာမှ နိုးသည်တွင် ခိုင်မင်းဆက်သည် ကိုယ်ရောစိတ်ပါ လန်း ဆန်းခြင်းမရှိ ဖြစ်နေရပါလေ၏။

ကိုယ်စိတ်နှစ်ပါး မအီမသာနှင့် လန်းဆန်းခြင်းမရှိပါဘဲနှင့် ခိုင်မင်းဆက်သည် အိပ်ရာမှ ထ,ကာသွားတိုက်၊ မျက်နှာသစ်ရေချိုး ပြီး ရုံးသွားရန် အဝတ်များ လဲထားလိုက်၏။သူ့ လှုပ်ရှားမှုတွေ။ တစ်ခုချင်း တုံ့နှေး၍ နေသည်။ အဝတ်လဲပြီးနောက် အခန်းသဲမှ ထွက်ခဲ့ပြီး ထမင်းစားခန်းတွင် နံနက်စာအတွက် ကော်ဖီနှင့် မုန့်ကို စီစဉ်လိုက်၏။

နံနက်စာကော်ဖီနှင့် မုန့်တို့ကို စားပွဲတွင် တစ်ကိုယ်တည်း ထိုင်သောက်ဆဲ၊ စိတ်က သမီးလေးထံ ရောက်သွားရ၏။ နေ့...





အချိန်မရွေးကိစ္စများနှင့် သူအပြင်ထွက်နေရ၍ သမီးလေးအား ဆရာမကြီးအိမ်၌ သူအပ်နှံထားရ၏။ သမီးလေးကို သူ သွားရောက်မကြည့်ဖြစ်သည်မှာ နှစ်ရက်၊ သုံးရက်ခန့် ရှိပြီဖြစ်သည်။ သည်နေ့တော့ သမီးလေးကျောင်းကိုတစ်ချက်သွားကြည့်ပြီး မှ ရုံးသို့ သွားရန် သူဆုံးဖြတ်၏။ အတွေးနှင့် ပေါင်မုန့်မီးကင်ထောပတ်သုတ်တစ်ချပ်စားပြီး ကော်ဖီကို သူ တစ်ကျိုက် သောက်လိုက်သည်။

အကြည့်သည် ကော်ဖီမတ်ခွက်ဆီ၌ ဘာရယ်မဟုတ် ရောက်ရှိနေ၏။ သူ့အသွင်သည် နွမ်းချည့်နွမ်းနယ်၍ ကိုယ်နှင့် စိတ်သည် တခြားစီလိုရှိနေ၏။

မှန်သည်၊

သူ့စိတ်အစဉ်သည် မတ်ခွက်ထဲ၌ ကြည့်နေဆဲ သူလွန်စွာမြတ်နိုးခဲ့လမ်းသော ဝါဆိုမိုး၏ ပုံရိပ်ကလေးအား မြင်ယောင်ကာ ညက အိပ်မက်များဆီတလည်လည် ရောက်ရှိနေသည် မဟုတ်ပါလား။ သူ့အတွက် ညက အိပ်မက်သည် မကောင်း။

အယူသည်းသူမဟုတ်သော်လည်း အိပ်မက်ဆိုးအတွက် သူ ပူပင်ထဲနှင့်ဖြစ်ကာ အထင့်ထင့်ရှိဖြစ်၏။ ညက အိပ်မက်ထဲတွင် သူနှင့် ချစ်သူ ဝါဆိုမိုးသည် ကွဲကွာ သွားရသည်မှာ သေကွဲကွဲရခြင်းဖြစ်သည်။

ဝါဆိုမိုးသည် အိပ်မက်ထဲ၌ နတ်သမီးလေးအဆင်းခြုံထား



www.burmeseclassic.com

www.burmeseclassic.com



သော ဘီလူးမလေးအသွင်အား ဘွားခနဲ သူမြင်တွေ့ရ၏။ ချစ်သူသည် သူ့ရင်ခွင်ဝယ် နူးညံ့တွာရှိနေပြီးကာမှ သူ့ခါးကြားမှ သေနတ်အား ဖျတ်ခနဲယူကာ သူ့ရင်တစ်ခုလုံးဆီသို့ ကျည်အိမ်ထဲမှ ကျည်တောင့်များ အကုန်အစင် ပစ်သွင်းခြင်း ခံရ၏။

သွေးအိုင်ထဲ၌ သူလဲကျစဉ် ချစ်သူ ဝါဆိုမိုး၏ အောင်နိုင်စွာရယ်မောသံကိုလည်း သူကြားရ၏။ ထိုအခါမှ သူသည် အိပ်မက်မှ လန့်နိုးကာ မောဟိုက်ခြင်းဖြင့် ကိုယ်စိတ်နှစ်ပါးသည် လေးလံထိုင်းမှိုင်းသွားရပါလေ၏။

ဟင်း...အချစ်ရယ်၊ မင်းတကယ်ပဲလား၊ အို...ငါသံသယကြောင့် အိပ်မက်ဆိုးတွေ မက်တာပဲ ဖြစ်မှာပါ။

"တီး..."

သူအတွေးများအား ခေါင်းထဲမှ ခါထုတ်ပစ်ကာ ကော်ဖီကို မော့အသောက်၌ အိမ်ရှေ့မှ လူခေါ်ဘဲလ်မြည်လာသံကြောင့် မည်သူမှန်း မသိ၍ ထိုင်ရာမှ ထ,ခဲ့လိုက်လေ၏။

ချောင်းကြည့်ပေါက်မှ သူကြည့်လိုက်ရတော့ တပည့်ဖြစ်သူ စာရေးလင်းလင်း တွေ့လိုက်ရလေ၍ သူတံခါးဖွင့်ပေးလိုက်သည်။

"ဆရာဘာလုပ်နေတာလဲ"

လင်းလင်းဆိုရင်း အိမ်ထဲ ဝင်လာခဲ့သည်။

"ကော်ဖီ သောက်နေတာ၊ ကဲ...လာကွာ"





လင်းလင်း၏ မျက်လုံးများဆီသူသတိမထားမိဘဲ ထမင်းစားခန်းထဲသို့ သူဦးဆောင်ကာ ရှေ့မှ လှမ်းထွက်ခဲ့လိုက်လေ၏။လင်းလင်းသည် ဆရာသမား၏ နောက်ကျောလှလှကြီးဆီငေးကြည့်ရင်း နောက်မှ လိုက်ခဲ့လေ၏။

"ကဲ...ထိုင်ကွာ၊ ကော်ဖီသောက်"

"ကျွန်တော် သောက်ခဲ့ပြီးပြီဆရာ"

"ကဲ...ဒါဖြင့် ဆို၊ စောစောစီးစီး ရောက်လာတဲ့ကိစ္စက"

"ဆရာကို ကျွန်တော်ပြောစရာရှိလို့ပါ"

"အင်း...ပြော"

"ပြောစရာ ရှိတယ်ဆိုတာထက် သတိပေးချင်တာဆိုရင်ပိုပြီးမှန်ပါမယ်ဆရာ"

လင်းလင်းစကားကြောင့် ခိုင်မင်းဆက် မျက်မှောင်တွန့်သွားသည်။ ပြီးမှ...

"ပြောပါဦး"

လင်းလင်းကို ကြည့်ပြီး ခိုင်မင်းဆက်ဆိုသည်။

"ကျွန်တော်ပြောမှာ ဆရာအတွက်ပါ ဆရာ၊ ညက ကျွန်တော် ဝါဆိုမိုး မိန်းမချော့ရဲ့ တိုက်ကို ရောက်ခဲ့တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်းဆက် အံ့သြသွားသည်၊ ချစ်သူကြောက်လန့်တကြား နှင့်ပြောသော စကားများသည်လည်း မှန်ကြောင်း သူသဘောပေါက် လိုက်၏။ ခိုင်မင်းဆက်သည် ချစ်သူထံ စဉ်းစားရခက်သောအတွေး များရောက်ရှိခိုက် လင်းလင်းသည်လည်း ဆရာသမား ခိုင်မင်းဆက် မျက်နှာချောချောဆီ အကဲခတ်ကာ ကြည့်နေမိခိုက်...

ဒေါက်တာကြည်ပြာသည်လည်း ခြေသံမှုမှု နင်းကာ ထမင်း စားခန်းဝဆီသို့ လှမ်းလာနေ၏။ ထမင်းစားခန်းအဝသို့ ရောက်ခါနီး အထဲမှ ခိုင်မင်းဆက်နှင့် လင်းလင်းတို့ကို တွေ့လိုက်ရပြီး လင်းလင်း ၏ စကားသံများကိုပါ ကြားလိုက်ရလေ၍ ဒေါက်တာကြည်ပြာသည် အလိုက်သိစွာ အသံမပြု၊ အခန်းထဲသို့မဝင်တော့ဘဲ ထမင်းစားခန်း ဝအကွယ်လေး၌ပင် ကြားနေရသောစကားများကို နားထောင်နေ လိုက်လေ၏။

"ဟုတ်ပါတယ်ဆရာ၊ ဆရာရောက်လာလို့ ကျွန်တော် သွား ပြေးခဲ့ရတာ၊ ပြီးတော့ ဆရာနဲ့ ဝါဆိုမိုးဆိုတဲ့ မိန်းမလှလေးရဲ့အ အနေကိုလည်း ကျွန်တော် တွေ့မြင်ခဲ့ရတယ် ဆရာ ဝါဆိုမိုး ချစ်နေတယ်မဟုတ်လား၊ ညက အခြေအနေတွေကို ကြည့်ခြင်းအား ကျွန်တော် သိပါတယ်ဆရာ"

"ဟင်း..."





ခိုင်မင်းဆက်သည် ခွန်းတုံ့မဆို၊ သက်မမောကိုသာ ချလိုက် ၏။ ဆရာသမားကို ကြည့်ပြီး လင်းလင်းက စကားဆက်သည်။

"ဆရာဟာ အချစ်နဲ့ ပတ်သက်ရင် အင်မတန်မှ ဖြူစင် သိမ်မွေ့တယ်ဆိုတာ ကျွန်တော်သိပါတယ်ဆရာ၊ ဝါဆိုမိုးဟာ အင်မ တန်မှ ချောမောလှပတဲ့ နတ်သမီးလေးတစ်ပါးပါပဲ"

"သူ့ကို ဆရာမြတ်နိုးစွဲလမ်းမယ်ဆိုလည်း စွဲလမ်းစရာပါ ဆရာ၊ သူ့ကိုလူတိုင်းကလည်း မြတ်နိုးစွဲလမ်းကြတာအမှန်ပါပဲ၊ ဒါ ကြောင့် ဆရာကို ကျွန်တော် ဝါဆိုမိုးနဲ့ ပတ်သက်ပြီး သတိပေးပါ ရစေ"

"ဝါဆိုမိုးဟာ ဘယ်တော့မှ ယောကျ်ားတစ်ယောက်တည်းနဲ့ မနေဘူးဘူး၊ သူဟာ မျက်နှာများတယ်ဆရာ၊ သူနဲ့ ပတ်သက် ခဲ့တဲ့ ယောကျ်ားတိုင်းဟာလည်း ကျွန်တော်သိသလောက်တော့ သေ ရင်သေ၊ မသေရင် အစအနပျောက်သွားတာပါပဲ"

"သူ့ချမ်းသာတာဟာလည်း ရိုးမှရိုးရဲ့လားတောင် ကျွန်တော် သံသယဖြစ်နေမိတာကြာပါပြီဆရာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ၊ ကျွန်တော် ဆရာ့ကို သံယောဇဉ်ကြီးလွန်းလို့ ဒီကိစ္စနဲ့ ပတ်သက် ပြီး လာပြောတာပါ၊ ကျွန်တော် ရုံးသွားတော့မယ် ခွင့်ပြုပါဦး ဆရာ"

ခိုင်မင်းဆက်စကားမဆိုမိ။ ရင်ထဲတင်းကျပ်မှုဝေဒနာဖြစ်ရသာ



www.burmeseclassic.com

www.burmeseclassic.com



သူရှိနေ၏။ လင်းလင်းသည် ဆရာသမားကိုကြည့်ကာ စိတ်ကောင်းစွာနှင့်သာ ပြန်၍ ထွက်သွားလိုက်သည်။

လင်းလင်း ထွက်သွားသည်နှင့် ခိုင်မင်းဆက်သည် နေရာ၌ မလှုပ်မယှက်ငေးငိုင်စွာ ထိုင်နေခဲ့ပင်ရှိချေ၏။ ထမင်းစားခန်းတစ်ဖက်ပေါက်မှ စာရေးလင်းလင်း ထွက်သွားသည်နှင့် ချောင်းနားထောင်မိသလိုရှိသော ဒေါက်တာကြည်ပြာသည် ခိုင်မင်းဆက်အနီးသို့ လှမ်းလာခဲ့ရင်းမှ...

"ကိုဆက်"

ခိုင်မင်းဆက်လန့်သွားသည်။ မျက်ခုံးအကြည့်တွင် ကြည်ပြာကို မြင်တော့သူပို၍ စိတ်ရှုပ်ထွေးသွားရပြီး သူထိုင်ရာမ ထ,ကာ၊ တစ်ဝက်ခန့် သောက်ထားသော ကော်ဖီခွက်နှင့် မုန့်ပန်းကန်တွေကို သိမ်းဟန်ပြုလိုက်ရပါတော့သည်။ ကြည်ပြာသည် စားပွဲအနီးတွင် ရပ်ရင်းမှ ခိုင်မင်းဆက်၏ယောက်ျားပီသစွာ ချောမောခံ့ညားသော အသွင်ဆီ လှမ်းကြည့်ရင်း...

"ကိုဆက်"

"ပြော"

"ကြည်ပြာရောက်နေတာကြာပြီ"

"ဟုတ်လား"

အေးစက်စက် ခိုင်မင်းဆက် ဆိုသည်။





"ဟုတ်တယ် ခုနတုန်းက ကိုဆက်ကို စာရေးပြောသွားတဲ့ စကားတွေ ကြည်ပြာအားလုံး ကြားတယ်"

ခိုင်မင်းဆက်၏ နောက်ကျောအား ထိခိုက်ခြင်းဖြင့် ခပ်ငေးငေးကြည့်ကာ ကြည်ပြာဆိုတော့...

"ဟင်း..."

ခိုင်မင်းဆက်သည် သက်မမောကို ကျိတ်ချရင်း ကြည်ပြာ စကားများအတွက် မသိဘာသာပင် နေဖြစ်လိုက်၏။ မတ်ခွက်ဆေးပြီး လက်သုတ်နေသော ခိုင်မင်းဆက်အနီးသို့ ကြည်ပြာရောက်လာသည်။

"ကိုဆက်"

"ပြောပါ"

"ကိုဆက်နဲ့ ဝါဆိုမိုးတကယ်ပဲဖြစ်နေကြပြီလားဟင်"

"ဘာဖြစ်တာလဲ"

"ကိုဆက်နဲ့ ဝါဆိုမိုးတို့ တကယ်ချစ်သူတွေဖြစ်နေကြပြီလားလို့ မေးတာပါ"

တည့်တည့်ပင် ကြည်ပြာမေးတော့ ခိုင်မင်းဆက်သည် တံတွေးတစ်ချက်ကို မျိုချကာ ခပ်တွေတွေ ဖြစ်သွားပြီးကာမှ...

"ကျွန်တော့် စုံစမ်းတာပဲ၊ စုံစမ်းတယ်ဆိုတာ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပဲမဟုတ်လား၊ ဘယ်လိုနည်းနဲ့ပဲစုံစမ်းစုံစမ်း စုံစမ်းရမှာပါပဲ၊ အဲ့ဓိကက ကျွန်တော်တို့ အလုပ်အဆင်ပြေရင်းပြီတာပဲလေ"

"ဟုတ်ပြီလေ၊ ကြည်ပြာကလည်း ကိုဆက်စုံစမ်းတာကို မှပြောလိုပါဘူး၊ ဒါပေမယ့် သတိတော့ပေးချင်တယ်၊ ကိုလင်းလင်း သတိပေးသလို ကြည်ပြာကလည်း ထပ်သတိပေးလိုက်တာပါကိုဆက်ရယ်"

ကြည်ပြာဆိုတော့ ခိုင်မင်းဆက် ကြည်ပြာဘက်ကြည့်လာ၏။ ကြည်ပြာသည်လည်း ထိခိုက်ခြင်းများစွာဖြင့် ခိုင်မင်းဆက်၏ မျက်နှာ ချောချော်ဆီ မော့ကြည့်ရင်းက စကားကို ဆက်သည်။

"ကြည်ပြာက ဝါဆိုမိုးဆိုတဲ့ မိန်းမချောလေးကို တစ်ချက်သာ မြင်ဖူးပေမယ့် အဲဒီမိန်းမနဲ့ ပတ်သက်ပြီး ကြည်ပြာခံစားခဲ့ရပါတယ်ကိုဆက် ဘာကြောင့်လဲဆိုတော့ ဒီမိန်းမဟာ မေအေးဆိုတဲ့ ကြည်ပြာအစ်မရဲ့ချစ်သူနဲ့ ဖြစ်ခဲ့တယ်"

"ဒီမိန်းမကြောင့် ကြည်ပြာရဲ့ အစ်မဟာ အရှက်ရပြီး ရှူ၊ ဘက်မှာ သူ့ကိုယ်သူပြန်သတ်သေသွားတယ်၊ ဝါဆိုမိုးဟာ ရုပ်လှသလောက် သူ့ရုပ်ကို ဗန်းပြပြီး ယောက်ျားတွေကို အသုံးချတယ်"

"မျက်နှာများတယ်၊ ရည်းစားများတယ်၊ ယောက်ျားတွေကို အသုံးချရုံက လွဲရင် ဘယ်သူ့ကိုမှလည်း သူမယူဘူး ယောက်ျား





တွေကတော့ သူ့ကို အထင်ကြီးကြတယ်၊ ကိုးကွယ်ကြတယ်၊ အင်း အထင်ကြီးမှာပေါ့လေ၊ သူက နတ်သမီးရုပ်အောင်လည်း လှတယ်၊ ပစ္စည်းလည်းပြည့်စုံတယ်မဟုတ်လား"

"ပြီးတော့ ကြည်ပြာသိသလောက်ပြောရမယ်ဆိုရင် သူနဲ့ ဖြစ်ခဲ့တဲ့ ကိုမင်းဇော်ဦး၊ စိုးမင်းသန့်၊ ကျော်သက်တို့တွေဟာ ဘယ်ရောက်ကုန်မှန်းတောင် မသိဘူး။ စိုးမင်းသန့် ဆိုတာကတော့ ကြည်ပြာအစ်မရဲ့ ချစ်သူပဲ၊ ဒီမိန်းမကို အရူးအမူးချစ်ကြိုက်သွားတော့တာပဲ"

"နောက်ဆုံး အဲဒီလူတွေဟာ သေလား၊ ရှင်လားတောင် မသိဘူး ပျောက်ကုန်ကြတယ်၊ ဒီမြို့မှာတော့ မရှိကြတော့တာ အမှန်ပဲကိုဆက် ဒါကြောင့် ကိုဆက်လည်း သတိထားဖို့ ကြည်ပြာပြောပါရစေ၊ ကိုဆက်ဟာ ရဲအရာရှိ တစ်ယောက်ဆိုတော့ သူလုပ်တဲ့ ပြစ်မှုတွေမှာ အသုံးချလို့ ကောင်းအောင် သူကလည်း ကိုဆက်ကို သူ့အလှနဲ့ ဖမ်းစားထားမှာပါလေ"

"အိုဗျာ၊ မဟုတ်တာ၊ ကျွန်တော်တို့က ဒီအထိလည်းမဟုတ်သေးပါဘူး၊ ကျွန်တော်စုံစမ်းတဲ့အဆင့်ပဲရှိပါသေးတယ်၊ ဒေါက်တာကြည်ပြာကို ကျွန်တော်ကျေးဇူးတင်ပါတယ် ကဲ..ရုံးချိန်းနီးပြီ၊ ကျွန်တော် ရုံးသွားရတော့မယ်"

ခိုင်မင်းဆက်ဆိုရင်း ထမင်းစားခန်းထဲမှ ထွက်ခဲ့တော့ ကြည်ပြာပါ လိုက်ထွက်ခဲ့ရလေ၏။ ထို့နောက် ခိုင်မင်းဆက်သည် အိမ်



www.burmeseclassic.com

www.burmeseclassic.com



တံခါးတွေ ပိတ်ကာ အိမ်ရှေ့မှ သူ့ကားလေးကို မောင်းထွက်သွားတော့သည်။

ကားမောင်းထွက်သွားသော ခိုင်မင်းဆက်သည်လည်း ရင်တစ်ခုလုံး ဆုပ္ပွတ်ပွင့်ထွက်မတတ်သော အတွေးများနှင့် ရှိသွားရမည်ဖြစ်သလို နောက်တွင် ကျန်ရစ်ခဲ့သော ဒေါက်တာကြည်ပြာသည်လည်း ဆုံးရှုံးရပြန်ဦးမလားဟူသော အသိတရားတို့ဖြင့် ခိုင်မင်းဆက်၏ ကားနောက်မီးဆီသို့ ငေးကြည့်ကျန်ရစ်ခဲ့ရပါလေသတည်း။

✤ ✤ ✤



## နှစ်ဆယ်

ညရှစ်နာရီထိုးပြီ။

ရဲအရာရှိ ခိုင်မင်းဆက်မောင်းလာသော ကားလေးသည် ဝါဆိုမိုးနေထိုင်သော သပြေမြိုင်ရပ်ကွက်သို့ ဦးတည်မောင်းနှင်နေပါသလေ၏။ မလာတော့ဟု စိတ်က ပိုင်းဖြတ်ထားသော်လည်း ခိုင်မင်းဆက်သည် မိမိစိတ်ကို မိမိ မနိုင် ဖြစ်ရ၏။ မချစ်စဖူး ရင်ထဲစွဲအောင် ချစ်ရသော ချစ်သူမို့ ခိုင်မင်းဆက်သည် ရင်၌ ခံစားမှုများ အထွေထွေအထပ်ထပ် ရှိနေရှာပေ၏။

ချစ်သူကို မတွေ့ဘဲမနေနိုင်သည်ကို သူဝန်ခံရပေတော့မည်။ ချစ်သူကို မေ့ရန်အတွက် အရက်ထဲတွင် သူမျောပစ်လိုက်ချင်သော်လည်း စိတ်ကသာရှိသည်၊ လက်တွေ့ကတော့ အချိန်တွေကို သူအဆုံး

www.burmeseclassic.com

www.burmeseclassic.com



အရှုံးမခံနိုင်ပါ။ တပည့်ဖြစ်သူ လင်းလင်းနှင့် ဒေါက်တာကြည်ပြာတို့ စကားများအတွက် ချစ်သူဝါဆိုမိုးအပေါ်၌ သံသယတွေ ပို၍ကြီးထွားလာရသော်ငြား သူ့နှလုံးသားကဖြင့် မပြောင်းလဲနိုင်ပါ။

ချစ်သူကို ရင်နှင့်စွဲအောင် ချစ်သည်ကတော့ ချစ်သည်ပဲ။ ပြင်းပြစွာတောက်လောင်သော ချစ်မီးဟုန်တို့ဖြင့် ခိုင်မင်းဆက်မောင်းလာသော ကားလေးသည် ချစ်သူနေထိုင်ရာဆီသို့ ရောက်လာပါပြီ။

ဆင်ဝင်အောက်၌ ကားကို ရပ်လိုက်သည်နှင့် ကားပေါ်မှ ဆင်းကာ သူတံခါးခေါက်လိုက်သည်။ မရှေးမနှောင်းပင် တံခါးသည် ပွင့်လာ၏။ ညို့မျက်ဝန်းများနှင့်လေလား၊ ရွှေနတ်သမီးလေးကဲ့သို့ လှပလွန်းသော ချစ်သူ့ရုပ်လွှာလေးသည် တံခါးဝ၌ ပေါ်လွင်လာ၏။

"မောင်"

ဝါဆိုမိုးခေါ်သည်။

သူမထူးဘဲ စိုက်ကြည့်နေ၏။ နားထဲတွင် လင်းလင်းနှင့် ဒေါက်တာကြည်ပြာတို့၏ စကားသံများသာ ကြားယောင်နေ၏။

"မောင့်ကို ဝါဆိုမိုးမျှော်နေတာ"

သူ နှုတ်ခမ်းကို စေ့လိုက်သည်။ အကြည့်သည် မလွှဲဖယ်ပါ။

"မောင်မလာတော့ဘူးတောင် ထင်နေတာ"

ဝါဆိုမိုးစကားတွေ ဆိုနေပေမယ့် သူသည် နှုတ်ဆိတ်၍





ရှိနေလေ၏ ဝါဆိုမိုး၏ ပြုံးယောင်သန်းသော နှုတ်ခမ်းနှင့် မျက်ဝန်းလေးအစုံသည် တဖြည်းဖြည်း အပြုံးတို့ လွင့်ပျယ်ရကာ သူ့ကိုနားမလည်စွာ ကြည့်လာရင်းက...

"အထဲဝင်လေ မောင်၊ မောင် ဘာဖြစ်နေတာလဲကွယ်၊ အို...ဘုရားသခင်"

ဝါဆိုမိုးစကားအဆုံး၊ ဘာမပြော ဘာမဆိုနှင့် ခိုင်မင်းဆက်သည် ဝါဆိုမိုး၏ ပန်းလိုနုသောစာစ်ကိုယ်လုံးအား ရင်ခွင်ထဲဖျတ်ခနဲဆွဲသွင်းကာ မျက်နှာလေးအနှံ့ အနမ်းမုန်တိုင်း ထန်ပစ်လိုက်ပါတော့၏။ အနမ်းမုန်တိုင်းထဲ၌ နှစ်ဦးသား ရှိနေကြဆဲအချိန်၌ မှောင်ရိပ်ကျသော ခြံထဲတစ်နေရာတွင်မတော့...

"အို..."

ဒေါက်တာကြည်ပြာမျက်ဝန်းနက်နက်ကလေးများသည် ဝိုင်းစက်ကာအရည်ကြည်များပြည့်အိလာရချေ၏။ အော်ဟစ်ငိုချလိုက်ချင်သော စိတ်ကို ထိန်းချုပ်ကာ လက်ချောင်းလေးတွေနှင့် သူမ ပါးစပ်ကိုပိတ်ထားမိ၏။

"ကိုဆက်ညာတယ်"

စိတ်ထဲမှ ဒေါက်တာကြည်ပြာ ဆိုဖြစ်၏။ ပြင်းထန်သောကြေကွဲမှုဖြင့် ဒေါက်တာကြည်ပြာသည် ချစ်သူနှစ်ဦးထံ ကြည့်နေဆဲ ခိုင်မင်းဆက်သည် ဝါဆိုမိုး၏ တစ်ကိုယ်လုံးအား ပွေ့ချီသိမ်းကျုံးကာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးထဲသို့ ဝင်ရောက်သွားပါတော့၏။

မှောင်ရိပ်မှ ပြေးထွက်ကာ ဒေါက်တာကြည်ပြာသည် တိုက်ကြီး၏ ပြတင်းပေါက်အနီးသို့ ပြေးကပ်ပြီး ချောင်းကြည့်ဖြစ်သည်။

ထိုအခါ ဒေါက်တာကြည်ပြာအတွက် နှုတ်ခမ်းလေးကို ဖိကိုက်ကာ ဆုံးရှုံးခြင်းတွေကို တွေ့မြင်ရပါချေပြီတကား။ ဆက်မကြည့်လိုတော့။ ထိုမျှဆိုလျှင် နားလည်ပါပြီဆက်၍ ကြည့်လျှင် ပေါက်ကွဲမှုဖြစ်ပေါ်လာပေရော့မည်။ သည့်အတွက် ဒေါက်တာကြည်ပြာကား ထိခိုက်ကြေကွဲဆုံးရှုံးမှုနာကြည်းမှုများ ရင်ဝယ်ပိုက်လျက် ခြံကြီးထဲမှ ပြေးထွက်သွားလိုက်ပါတော့သတည်း။

ဝါဆိုမိုး၏ တိုက်ကြီးထဲတွင်ကား လူ လေး၊ငါးယောက် ထိုင်နိုင်သော ဆိုဖာရှည်ကြီးထက်၌ ခိုင်မင်းဆက်သည် ချစ်သူဝါဆိုမိုး၏ ကိုယ်လုံးလေးအား လင်းမြွေကြီးအလား တင်းကျပ်စွာ သိုင်းဖက်ထားဆဲမှ...

"ဝါဆိုမိုး မင်းကို ချစ်တယ်၊ မင်းကို သိပ်ချစ်တယ်၊ မင်းက မင်းက"

သူ အရှုံးအမှူးစကားတွေကို ဆိုရင်း အနမ်းပွင့်တွေကို လှုပ်ခတ်ခြွေသည်။ သူ့ရင်ခွင်၌ ဝါဆိုမိုးသည် မရုန်းသာ၍ မှိန်းကျပ်နေ၏။

"ဝါဆိုမိုး၊ မင်းက မောင့်ကို ချစ်ရဲ့လား၊ မင်း အချစ်တွေ





က စစ်မှန်ရဲ့လား"

"အို...မောင် ဘာတွေပြောနေတာလဲ လွှတ်ဦး"

"မလွှတ်ဘူး၊ မင်းပြောစမ်း၊ မင်းအချစ်တွေဟာ ငါ့အပေါ်မှာ စစ်မှန်ရဲ့လားဆိုတာ"

"မောင်ဘယ်လိုဖြစ်တာလဲကွယ်"

"မင်းပြောမှာသာပြောစမ်းပါကွာ"

"အို..."

ဆိုဖာပေါ်မှ ဝါဆိုမိုးကိုယ်လေးအား ဆွဲခါပစ်ကာ ထူမတ်လိုက်၍ ဝါဆိုမိုးသည် ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားရရှာ၏။

"မင်းအချစ်ဟာ စစ်မှန်ရဲ့လား၊ မင်းကို ယုံရမှာလား"

"အို...မောင်ရယ် မောင်ဒီစကားတွေ ခုထိမေးနေတုန်းပဲလားကွယ်"

"မေးရမယ်၊ မေးရမယ်၊ မင်းရဲ့အချစ်ကို ငါယုံရမှာလား"

"မောင်ရယ်၊ ဝါဆိုမိုးဘယ်လိုပြောရတော့မှာလဲ၊ မောင်တစ်ယောက်သာ ဝါဆိုမိုးအိမ်ကို အချိန်မရွေး ဝင်ထွက်သွားလာနိုင်တဲ့ သူဆိုတာလည်း စဉ်းစားပါဦးလားရှင်၊ မောင့်ကို ဝါဆိုမိုးချစ်တယ်၊ ဝါဆိုမိုးဘဝမှာ မောင့်တစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးတယ်"

"မောင်နဲ့ တွေ့မှပဲ ဝါဆိုမိုး အချစ်ကို နားလည်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ဝါဆိုမိုးချစ်တယ်၊ ဝါဆိုမိုးမောင့်ကို ဘယ်အထိချစ်တယ် ဆိုတာလည်း မောင်သိရဲ့သားနဲ့ကွယ်"

"အဟွန်း...ဟုတ်တယ်၊ မင်းငါ့ကိုချစ်တယ်ဆိုတာ မင်းဇော်ဦးတို့လိုလား"

"အို...မဟုတ်ပါဘူး၊ မောင် ဘာပြောတာလဲ"

"မင်းငါ့ကို ချစ်တာ မြတ်သူတို့လိုလား"

"မဟုတ်ဘူး၊ မောင်မှားနေပြီ"

"ဒီမှာ ဝါဆိုမိုး မင်းငါ့ကို ချစ်တယ်ဆိုတာ စိုးမင်းသန့်တို့လိုလား၊ ဒါမှမဟုတ် ဦးကျော်ဇောတို့လိုလား"

ဝါဆိုမိုးကိုယ်လုံးလေးအား ပေါက်ကွဲမှုတို့ဖြင့် ဆွဲခါပစ်က သိထားသမျှ အမည်များအား တစ်ယောက်ချင်း ပြောကာသူဆိုတော့...

"ရှင် ထွက်သွား"

"ငါထွက်သွားဖို့လာတာ မဟုတ်ဘူးကွ၊ မင်းနဲ့ စာရင်းရှင်း ရအောင်လာတာ"

"အပေါ်...ဒီလိုလား၊ဒီမှာ ဦးခိုင်မင်းဆက် ရှင်ကျွန်မ ဘာစာရင်းတွေ ရှင်းချင်လဲပြောစမ်းပါ"

"ပြောမယ်၊ ပြောရမယ်၊ ငါခံစားရတာတွေကို မင်းကို ရမယ်ကွ"





"အား"

"အပေါ်"

"ရှင် ရှင်ရှေ့မတိုးနဲ့ ကျွန်မကိုလည်းမထိနဲ့ ထိဖို့လည်း မကြိုးစားနဲ့တော့"

ဝါဆိုမိုးလက်မောင်းလေးနှစ်ဖက်မှ စွဲညှစ်ကိုင်ကာ ခိုင်မင်းဆက်ပေါက်ကွဲစွာဆိုခိုက် ဝါဆိုမိုးသည် ခိုင်မင်းဆက်၏ ကြမ်းတမ်းသောအပြုအမူကြောင့် နာကျင်မှုနှင့် ဒေါသလေးဖြစ်သွားရရင်း ကြောက်လန့်တကြားဖြင့် ခိုင်မင်းဆက်ခါးမှ သေနတ်ကို တွေမြင်ကာ ဖျတ်ခနဲ ဆွဲထုတ်ချိန်ထားလိုက်ပါတော့၏။

"အဟွန်း"

ခိုင်မင်းဆက်ရယ်သည်။

"ရှင် ကျွန်မကို မသရော်ပါနဲ့၊ ကျွန်မ မပစ်တတ်ဘူး ထင်သလား"

"မထင်ပါဘူးဗျာ၊ ခင်ဗျားကို ကျွန်တော် လုံးဝအထင်မသေး ပါဘူး"

"ရှင့်ရဲ့ စော်ကားမှုတွေဟာသိပ်တရားလွန်းလာပြီ ဦးခိုင်မင်း ဆက်"

"တရားလွန်တယ်ဟုတ်လား၊ ကဲထားပါတော့ဗျာ၊ ဒါဆို ခင်ဗျာ ပြောစမ်းပါဦး၊ စိုးမင်းသန့်၊ မင်းဇော်ဦး၊ မြတ်သူ၊ ဦးကျော်ဇော



www.burmeseclassic.com

www.burmeseclassic.com



တို့ဆိုတာ ခင်ဗျား ချစ်သူတွေမဟုတ်လား"

"ဒီပြင်လည်း ရှိဦးမယ်မဟုတ်လား"

ဝါဆိုမိုးသည် ခိုင်မင်းဆက်ကို သေနတ်နှင့်ချိန်ကာ စေ့ မော့ကြည့်လာရင်းက တံတွေးတစ်ချက်ကို မျိုချလိုက်ပြီး...

"ရှင်ပြောတဲ့လူတွေကို ကျွန်မသိတာရှိသလို၊ မသိတာလည်း ရှိတယ်၊ ပြောရရင် ကျွန်မသိတာက နည်းနည်းပါပဲ"

"ကျွန်မ မသိတာ တွေတစ်ပုံကြီး ရှိပါဦးမယ်၊ ကိုမြတ် ကိုတော့ ကျွန်မ ကောင်းကောင်း သိလိုက်ပါတယ်"

"ဒါပေမယ့် ကိုမြတ်သူဟာ ကျွန်မနဲ့ ဘာမှ မပတ်သက် ဘူး"

"အခု ကိုမြတ်သူဆိုတာ ဘယ်မှာလဲ"

"ကျွန်မ မသိဘူး၊ သူပြောဖူးတာတော့ ရှိတယ်၊ သူ ရန် သွားမယ်တဲ့..."

ဦးကျော်ဇောဆိုတာတော့ ကျွန်မအတွက် သင့်တော်တဲ့ ပွန်းကောင်းအဖြစ် စိတ်မှာ ရွေးထားမိသူပဲ၊ ဒါပေမယ့် သူအသ သွားရတာ ရှင်သိပါတယ်၊ ရှင်ပြောတဲ့ တခြားလူတွေကို ကျွ မသိဘူး၊ ကိုမြတ်သူဆိုတဲ့သူဟာ ကျွန်မကို လူမှားခဲ့တာ"

"ဘယ်သူနဲ့လဲ"

"ကျွန်မညီမနဲ့"





"ကျွန်မညီမက မိတ်ဆွေအပေါင်းအသင်းတွေ ပေါသ လောက် ကျွန်မတော့ အိမ်တွင်းပုန်းပါ"

"မင်းလိမ်တာ၊ မင်းသူတို့တွေကို သတ်လိုက်တာမဟုတ်လား၊ မင်းရဲ့ ညီမကိုပါ မင်းသတ်တာမဟုတ်လား"

"တော်...ရှင်သိပ်တရားလွန်နေပြီ၊ ကျွန်မ ဘယ်သူ့ကိုမှ မသတ်ဘူး၊ ကျွန်မကို စော်ကားလွန်းတဲ့ ရှင့်ကိုပဲ ကျွန်မ သတ်မိ လိမ့်မယ်၊ ရှင်အခုထွက်သွားပါတော့"

"အဟွန်း...မင်းငါ့ကို သတ်ချင်ရင် သတ်လိုက်စမ်းပါ ဝါဆိုမိုး၊ မင်းကြောင့်ပဲ ငါသေချင်တယ်၊ မင်းကသတ်ရင် ငါကျေနပ် တယ်၊ ကဲ ပစ်ပါ၊ ပစ်ပါ၊ ပစ်လိုက်စမ်းပါ"

ဆိုရင်း ခိုင်မင်းဆက်သည် အင်္ကျီကြယ်သီးမဖြုတ်ဘဲ ဆောင့် ဆွဲပစ်လိုက်သည်။ ကြယ်သီးတွေ ပြုတ်ထွက်ကာ သူ့ရင်ပြင်သည် ဟင်းလင်းပွင့်ထွက်သွား၏။

"ပစ်လေ၊ ပစ်လိုက်စမ်းပါ"

"အဟင့်...အဟင့်...ဟင့်...ဟင့်"

ဝါဆိုမိုးသည် မျက်ရည်တို့ ဝေါခနဲကျလာကာ ရှိုက်သံတို့ ထွက်စေရန် နှုတ်ခမ်းလေးအားဖိကိုက်ထားသော်လည်း ရှိုက်သံတို့ သည် ပွင့်ထွက်လာရချေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပစ်လေ၊ ဝါဆိုမိုး၊ မင်းပစ်လိုက်စမ်းပါ၊ ငါမင်းကို သိပ်ချစ် ပါတယ်၊ ဒါပေမယ့် ငါမင်းကို မယုံဘူး"

"အဟင့်၊ အဟင့် ရှင်မယုံတာ ကျွန်မသိတယ်၊ ရှင်ကျွန်မ ကို သံသယဖြစ်နေတာလည်း ကျွန်မသိတယ်၊ ဒါပေမယ့် ကျွန် ကလည်း ရှင့်ကိုမှ ချစ်မိခဲ့တာ"

"ကျွန်မဘဝကို ရှင်လိုရာသုံးပြီးပြီ၊ ကျွန်မနှလုံးသားကို ပိုင်စိုးနိုင်ခဲ့ပြီဆိုတော့ ရှင်ပြောအား ရှိပြီပေါ့ ရပါတယ် ကိစ္စမရှိပါ ကျွန်မရှင့်ကို ကြိုးစားမေ့လိုက်ပါ့မယ်၊ ကျွန်မဘယ်သူ့ကိုမှ မသ ဘူး၊ သတ်လည်း မသတ်ရဲဘူး၊ ကျွန်မဟာ သူသတ်ရဲအော သတ္တိမရှိပါဘူး"

"ရှင့်ကို ကျွန်မအရှုံးပေးတယ်၊ ရှင်သွားပါတော့၊ ရှင့် ကျွန်မ အခုအချိန်ကစ,ပြီး မေ့ပစ်လိုက်ပါပြီ"

"ဒေါက်"

စကားအဆုံး၌ ဝါဆိုမိုးသည် ခိုင်မင်းဆက်၏ ခြေရင်း သေနတ်ကို ပစ်ချလိုက်ပြီး တစ်ဖက်သို့ လှည့်ထွက်သွားလိုက်ပါ ၏ ။

ခိုင်မင်းဆက်သည် စကားမဆို သေနတ်ကို ကောက်ယူ သည်။ ထို့နောက် ကျောခိုင်းထားသော ဝါဆိုမိုးထံ တစ်ချက်မကြ





နှင့် ဝါဆိုမိုး၏ အိမ်ထဲမှ လှမ်းထွက်သွားပါတော့၏။

ဝါဆိုမိုးသည်လည်း လှည့်မကြည့်ပါ။ ရင်ဝယ်အတိုင်းမသိ စားမှုဖြင့် မျက်ရည်များစီးကျနေမိ သော်လည်း ဝါဆိုမိုးသည် က်ခမ်းတို့ကို ဖိကိုက်ကာ ရှိုက်သံတို့ကို ထိန်းချုပ်ထားလိုက်ပါ လ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ့်တစ်

စိတ်နှင့် ကိုယ်သည် ပူးတုံခွာတုံ ဖြစ်နေ၏။မနေ့ကစ... စိတ်သည် လေလွင့်ပျက်စီးနေပြီဟု မိမိကိုယ်မိမိ သိထားလိုက်သည်။ ရင်ထဲလည်း ဝမ်းနည်းမှုသည် အဆမတန်ဖြစ်ထွန်းနေသည်။ အဘို... မသိ ဝမ်းနည်းခြင်းတို့၏ အထွဋ်အထိပ်ဖြင့် မျက်ရည်တို့ဝဲလျ... နှက်ခမ်းတို့စေ့လျက် တူရူသို့ ကြည့်ကာ ကားကိုမောင်းနှင်နေဖြစ်... 

ဒေါက်တာကြည်ပြာရယ်ပါ။

မှန်သည်။ ဒေါက်တာကြည်ပြာသည် ကားမောင်းရင်း ... ရောင်ဖြင့် တူရူမှ မိမိနေအိမ်ကို မြင်နေရပြီဖြစ်၏။ ဘဝ၌ တစ်... သတ်အချစ်အတွက်ကြောင့်လည်း မိမိကိုယ်မိမိယူကျုံးမရခံစားရသ... တကယ်ဆို မိမိအရွယ်၊ မိမိအလှနှင့် မိမိ၏ ပညာဂုဏ်အရည်အ... သည်လည်း ယောကျ်ားတစ်ယောက်အား လက်ဖျောက်တစ်ချက်... ယူနိုင်ပါ၏။

သို့သော် အရွယ်အလှနှင့် ပညာဂုဏ်တို့ ရှိသော်ငြားလ...





...မိအတွက် အချစ်ကံသည် မွဲရရှာ၏။ မိမိကို ချစ်သူကို မိမိကမ ...ချစ်၊ မိမိကချစ်သူကလည်း မိမိကို မချစ်။ တစ်ဖက်သတ်အချစ်။ ...မိအနေနှင့်လည်း တစ်ဖက်သတ်အချစ်ပါ။

သူ မချစ်မှန်းသိသော်လည်း ချစ်လာနိုးနှင့် တစ်ဖက်သတ် ...ချစ်ဖြင့် မိမိစိတ်ရှည်စွာ၊ မျှော်လင့်စောင့်စားနေမိ၏။ သို့သော် ...လည်းပဲ ခုတော့ မိမိသိပြီ။ မိမိအတွက် ဆုံးရှုံးခြင်းတစ်ရပ်အား ...င်ဆိုင်ရမည့် အဖြစ်ကို ကောင်းမွန်စွာပင် မိမိသိရှိလိုက်ရပြီဖြစ်၏။

ဒေါက်တာကြည်ပြာသည် မျက်ရည်တို့ စီးကျနေရာမှ နှုတ် ...မ်းလေးကို ဖိကိုက်ထားလိုက်မိ၏။ အလိုအလျောက် အိမ်ရှေ့သို့ ...ရောက်လာသော အသိဖြင့် ကားလေးသည်လည်း ရပ်သွား၏။ ...ားပေါ်မှ မဆင်းဖြစ်သေးဘဲ အကြည့်သည် တစ်ဖက်တိုက်ပုလေးဆီ ...ို့ ရောက်သွား၏။

...ရဲအရာရှိ ခိုင်မင်းဆက်နေအိမ်ပါ။ ခိုင်မင်းဆက်၏အိမ်သည် ...မှောင်မည်းမည်းရှိနေ၏။ လူမရှိသေးသည့်ပုံ၊ ခိုင်မင်းဆက်ပြန်မ ...ရောက်လာသေးသည့်ပုံ လက္ခဏာရယ်ပါ၊ ဒေါက်တာကြည်ပြာသည် ...မှောင်မည်းမည်းရှိနေသော ခိုင်မင်းဆက်အိမ်ဘက်ဆီသို့ စက္ကန့် ...လေးကြာကြာ ကြည့်နေပြီးမှ ကားပေါ်က ဆင်းလိုက်သည်။

စလင်းဘက်ထဲမှ အိမ်သော့ကို နှိုက်ကာ အိမ်တံခါးကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com



မည်မြဲဆဲ...

"ဒေါက်တာ"

"အမေ့"

"ဒေါက်..."

"ဟော...ဆောရီး ဒေါက်တာ"

နောက်ဘက်မှ တစ်ဦးတစ်ယောက်၏ ရုတ်တရက်ထွက်ပေါ်လာသောခေါ်သံကြောင့် ဒေါက်တာကြည်ပြာသည် လက်ထဲမှ အိပ်တံခါးသော့လေး လွတ်ကျသွားရကာ လန့်၍သွားရချေ၏။

ခေါ်သံရှင်ကိုလည်း ဖျတ်ခနဲလှည့်ကြည့်ဖြစ်တော့ ရဲဌာနမှ ရဲအရာရှိ ခိုင်မင်းဆက်၏ တပည့်ဖြစ်သူ စာရေးလင်းလင်းရယ်ပါ။ ဒေါက်တာကြည်ပြာသည် အထိတ်တလန့်ဖြင့် ရည်မွန်၍ ကြည့်ကောင်းသော စာရေးကိုလင်းလင်း၏ အသွင်အားခပ်ငေးငေး ကြည့်ပြီး ဆဲစာရေးကိုလင်းလင်းမှာ ဒေါက်တာကြည်ပြာကို တောင်းပန် စကားဆိုကာ လွတ်ကျသွားသော သော့ကိုကောက်ရင်းကြည်ပြာ လက်ထဲ ထည့်ပေးသည်။

"အဟင်း...ကိုလင်းလင်းရယ် လန့်သွားတာပဲ"

"ကျွန်တော် တောင်းပန်ပါတယ်ဒေါက်တာ"

"အခု ကိုလင်းလင်းလာတာ ဘာကိစ္စလဲ"





"မှုခင်းဆေးစစ်ချက်မှတ်တမ်းတွေကို ဆရာကြီးက လာတောင်းခိုင်းလို့ပါ ဒေါက်တာ၊ မနက်လည်း ကျွန်တော် အစောကြီးထ,ရမှာဆိုတော့ ခုညကတည်းကပဲ ကျွန်တော်လာတောင်းထားတာပါ"

"ဟင်း...အဲဒီမှတ်တမ်းတွေကို ကိုဆက်ကို ကြည်ပြာပေးထားပြီးပြီပဲ"

"ဩော်...ဟုတ်လား၊ ဒါဆို ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"နေဦးလေ ကိုလင်းလင်းရယ်၊ အိမ်ရောက်မှတော့ အိမ်ထဲဝင်ပါဦး ကြည်ပြာက ဘာမှ ဧည့်မခံရသေးဘူး၊ ကဲ...လာ"

ကြည်ပြာဆိုရင်း အိမ်တံခါးသော့ကိုပါ ဖွင့်ပြီး၍ ကိုလင်းလင်းကို အိမ်ထဲဖိတ်ခေါ်လိုက်သည်။ စာရေးကြီး ကိုလင်းလင်းမှာလည်း ဒေါက်တာကြည်ပြာအား တစ်ဖက်သတ် စိတ်ဝင်စားနေသူလည်းဖြစ်၊ ယခုည၏ ကြည်ပြာအသွင်လေးတွေကလည်း ထူးခြားစွာ သူ့အပေါ် ရက်ရောနေသည်မို့ ဒေါက်တာကြည်ပြာဖိတ်ခေါ်ချက်အရ အိမ်ထဲသို့ ကိုလင်းလင်းဝင်လိုက်၏။

အိမ်ထဲရောက်သည်တွင် ကြည်ပြာမီးတွေကို ဖွင့်လိုက်သည်။ ကိုက်ပုလေးတစ်ဆောင်လုံးမှာ လင်းထိန်းသွားသည်။

"ကိုလင်းလင်း ထိုင်ဦးနော်၊ ကြည်ပြာအဝတ်လဲလိုက်ဦးမယ်"

"ဟုတ်ကဲ့၊ ရပါတယ်ဒေါက်တာ"

ဧည့်ခန်းတွင် ကိုလင်းလင်းကို ထိုင်စေခဲ့ပြီး အဝတ်လဲရန်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာအခန်းထဲသို့ ဝင်ခဲ့သည်။

မကြာလိုက်။

ကြည်ပြာပြန်ထွက်လာသည်။ ဧည့်ခန်းအလယ် ကိုလင်းလင်းအရှေ့ မီးရောင်အောက်၌ ကြည်ပြာရယ်ကတော့၊ ကိုလင်းလင်းသည် အသက်ရှူများမတတ် ကြည်ပြာကို ငေးကြည့်ပြီးမှ အားနာစွာ အကြည့်ကို လွှဲလိုက်ရချေ၏။

အဘယ်ကြောင့် ဆိုသော် အတွင်းခံတစ်ခုမှမပါဘဲ ကြည်ပြာဝတ်ထားသော ဝတ်စုံက အရှိကို အရှိအတိုင်း ပေါ်လွင်နေ၍ ကိုလင်းလင်းအတွက် သွေးခုန်နှုန်းများပျက်ပြားနေရခြင်းပါတည်း။

"ကိုလင်းလင်း ဒီမှာ စီးကရက်"

ကိုလင်းလင်းရှေ့၌ စီးကရက်နှင့် မီးခြစ်ဘူးလေးကို ကြည်ပြာလာရောက်ပေးသည်။

"ဟုတ်ကဲ့"

စိတ်တည်ငြိမ်မှုအတွက် စီးကရက်ကိုသောက်ရန် ကိုလင်းလင်း ကြိုးစားဆဲ အကြည့်များက ဆုံစည်းနေမိလေ၏။ ဒေါက်တာကြည်ပြာကပင် မြူဆွယ်နေလေရော့သလား။ ကြည်ပြာအလှသည် ကိုလင်းလင်းအတွက် အရူးအမူးဖြစ်စေနေသည်ကား[illegible] အမှန်ပါပင်တည်း။

"ကရင်း...ရင်း...ရင်း"





သူတို့အကြည့်ချင်း ဆုံဆည်းနေကြဆဲ တယ်လီဖုန်းလေးမြည်သံကြောင့် မျက်တောင်ကိုစိုက်ကာ ကြည်ပြာသည် ကိုလင်းလင်းရှေ့မှ မခွာချင့်ခွာချင်ဖြင့် တယ်လီဖုန်းလေးရှိရာဆီသို့ လှမ်းခဲ့လိုက်လေ၏။

"ဟဲလို၊ အမိန့်ရှိပါရှင်"

တယ်လီဖုန်းလေးကို ကိုင်ပြီး ကြည်ပြာအသံပြုလိုက်သည်။

"ဟဲလို၊ ဒေါက်တာလား"

"သြော်...ကိုဆက်၊ ကြည်ပြာပါ ဘာကိစ္စလဲ"

နှုတ်ခမ်းလေးကိုက်ကာ မခံချင်စိတ်ဖြင့် ခပ်ပေါ့ပေါ့အပြောမျိုး ကြည်ပြာဆိုလိုက်သည်။ တစ်ဖက်မှ ခိုင်မင်းဆက်၏ စကားသံကလည်း အလေးအနက်မရှိ၊ အေးစက်စက်ရယ်ပါ။

"ဆောရီးဗျာ၊ မနက်ကတည်းက ဒေါက်တာ စကားပြောစရာရှိတယ်လို့ဆိုပြီး ဖုန်းဆက်ပြီး ကျွန်တော့်ကို ခေါ်ထားတာ၊ ကျွန်တော် မေ့နေတယ်၊ အခုလည်း ကျွန်တော်မအားသေးဘူးဗျာ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကြည်ပြာသိပါတယ်

ကျွန်တော်တို့ အိမ်ချင်းကပ်နေတာပဲလေ၊ နောက်မှပဲ အေးအေးဆေးဆေးစကားပြောတာပေါ့နော်"

"ရပါတယ်၊ အခုကြည်ပြာအိမ်ကို ကြည်ပြာနဲ့စကားပြောဖော်



www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းလင်းရောက်နေတယ်လေ"

"ဩော်...အင်း...အင်း"

"ဂျောက်"

တစ်ဖက်မှ ဘာမှမဖြစ်သလို အေးစက်သည့်စကားသံကြောင့် ကြည်ပြာ ခံရခက်စွာဖြင့် ဖုန်းကို ချပင်လိုက်ပါတော့၏၊ ဖုန်းလေးကိုချပြီး ကိုလင်းလင်းရှိရာဆီသို့ ကြည်ပြာ လမ်းလာခဲ့သည်။ ကိုလင်းလင်းသည် စီးကရက်ကို သောက်ရင်း ရင်ခုန်ရသော ကြည်ပြာအလှကို ငေးကြည့်နေမိ၏။

"ကိုလင်းလင်းရဲ့ဆရာ ကိုခိုင်မင်းဆက်ဆီကလေ"

"ဆရာက ဘာပြောလဲဒေါက်တာ"

"ဘာမှ မပြောပါဘူး၊ သူမအားအားတဲ့ သူမအားတဲ့အကြောင်း ကြည်ပြာသိပါတယ်"

"ဆရာက တကယ် မအားတာပါ၊ အခုပဲဆရာနဲ့ ကျွန်တော် လမ်းခွဲပြီး ဒေါက်တာ့ဆီကျွန်တော်လာခဲ့တာ"

"ကိုလင်းလင်းဆရာက အခုဘယ်မှာလဲ၊ ဘာလုပ်နေလဲ...

လောလောဆယ်တော့ ဆရာအခုအရှက်သောက်နေတာ ဆရာလည်း စိတ်ညစ်နေတယ်ထင်တယ်"

"ဘာဖြစ်လို့လဲ၊ အရက်က ဘယ်မှာသောက်တာလဲ"





"ဆိုင်မှာ စိတ်ညစ်တာကတော့ အမှုကိစ္စတွေအတွက်ပါ၊ ကလေးဆောင် ဆရာမဆီမှာအပ်ထားပြီး နေ့ရော၊ ညပါအမှုအတွက် ဆရာလိုက်စုံစမ်းနေတာ"

"အမှုအခြေအနေက ဘယ်လိုလဲ"

ဆိုရင်း ကိုလင်းလင်းအနီး၌ ကြည်ပြာဝင်ထိုင်လိုက်သည်။ ကိုလင်းလင်း၏အသည်းသဲ၌ အေးခနဲဖြစ်သွား၏။

"အဲဒီကိစ္စတွေ ကျွန်တော်အတိအကျတော့မသိဘူး"

"ဩော်"

ဩော်ဟု ဆိုကာ ကြည်ပြာခေါင်းလေးညိတ်သည်။ ကိုလင်းလင်းအား အသက်ရှူဖို့ မှားနေရှာ၏။ ကတုန်ကယင်ဖြင့် ကိုလင်းလင်းသည် လက်မှ နာရီဆီတစ်ချက်ကြည့်ဖြစ်သည်။ ည ကိုးနာရီထိုးနေပြီဖြစ်၏။

"ဟိ... ကျွန်တော်သွားလိုက်ဦးမယ် ဒေါက်တာ၊ ကျွန်တော်ကိစ္စတစ်ခုအတွက် သွားစရာလေးရှိနေသေးလို့ပါ"

ဆိုရင်း ကိုလင်းလင်းထိုင်ရာမှ ထမယ်ပြင်တော့ ဒေါက်တာကြည်ပြာသည် ကိုလင်းလင်းလက်တစ်ဖက်ကို ဆွဲထားလိုက်ရင်းက...

"ကိုလင်းလင်းကလည်း နေပါဦး၊ ကြည်ပြာကတောင် ဘာမှ ဧည့်ဝတ်မပြုသေးဘူး၊ ပြီးတော့ ကြည်ပြာနဲ့လည်း အဖော်နေပါဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည်ပြာအား ကိုလင်းလင်း ကြည့်နေလိုက်သည်။

ပြီးတော့...

ကြည်ပြာဆွဲထားသော သူ့လက်ကိုလည်း ကိုလင်းလင်းငုံ့ကြည့်လိုက်သည်။ ထို့နောက် ကိုလင်းလင်း လက်အစုံသည် ကြည်ပြာ လက်ကလေးတွေဆီ ဆုပ်ကိုင်၍ လာသည်။ ထိုမှတစ်ဆင့် ကြည်ပြာလက်မောင်းသားလေးတွေ ခပ်ဖွဖွကိုင်လာခိုက် ကြည်ပြာ ကိုယ်လုံးလေးသည် သူ့ရင်ခွင်ထဲသို့ ယိမ်းယိုင်ရောက်ရှိလာလေ၏။

"ကျွန်တော် ဒေါက်တာကို ချစ်တယ်"

"အင်း...ကြည်ပြာသိပါတယ်"

"ဒါဖြင့် ကျွန်တော့်ကို ဒေါက်တာ လက်ထပ်မလား"

"ဒေါက်တာလို့ မခေါ်နဲ့လေ"

"ဒါဆို ချစ်လို့ခေါ်မယ်"

"အဟင်း..."

ကြည်ပြာ၏ခန္ဓာသည် ကိုလင်းလင်းရင်ခွင်၌ ရှိငြား၊ ကြည်ပြာ၏ စိတ်အစဉ်ကား ဝေဟုန်စွာ လွင့်ပျံ၍ နေလေ၏။ ကြည်ပြာ မျက်ဝန်းထဲ၌ ခိုင်မင်းဆက်နှင့် ဝါဆိုမိုးတို့ကို မြင်ယောင်သည်။ မျက်ရည်တို့ဝဲရသည်။

သွားတွေကိုမှ ကြည်ပြာစေ့ထား မိ၏။ တစ်ဖက်သတ်ချစ်...





သော ချစ်သူအပေါ်၌ မကျေနပ်မှု၊ ပေါက်ကွဲမှုတို့ဖြင့် ရွဲ့သည်လား၊ စိတ်အလိုလိုက်မိသည်ပဲလား၊ ဖြစ်ချင်ရာဖြစ်တော့ဟု လေလွင့်စိတ်ပင် ထားမိလိုက်သလား၊ မဆိုနိုင်ပါတော့ ။ လင်းလင်းရင်ခွင်ထဲမတော့ ဒေါက်တာကြည်ပြာကား ကစဉ့်ကလျား စိတ်အစဉ်တို့ဖြင့် မိန်းမောလျက် ရှိနေရပါချေပြီ။

တိတ်ဆိတ်ခြင်းများ အတန်ကြာ၏ နောက်တွင်မတော့ ဒေါက်တာကြည်ပြာသည် လင်းလင်းရင်ခွင်ထဲမှ ညင်သာစွာ လူးလွင့် ခွာလိုက်ရင်းက...

"ကဲ...ကြည်ပြာ၊ ကို့အတွက် ကော်ဖီနဲ့ စားစရာတစ်ခုခု သွားစီစဉ်လာမယ်နော်"

မထင်မှတ်၊ မမျှော်လင့်ရဲသော ဘဝကို ရရှိသွား၍ လင်းလင်းသည် ကြည်နူးချမ်းမြေ့စွာ ခေါင်းညိတ်ပြလိုက်၏။ အခန်းထဲမှ မီးဖိုဆောင်ဘက်သို့ ကြည်ပြာထွက်သွားလိုက်သည်။ ကြည်ပြာ၏ အခန်းထဲတွင် လင်းလင်းသည် ရှေ့ရေးအတွက်ကြည်နူးစွာ စီမံကိန်းများ ချမှတ်ရေးဆွဲရင်း ဒီည မိမိလုပ်ရမည့်အကြောင်းများအား...

ကြည်ပြာကို ဖွင့်ပြောပြီး ခွင့်တောင်းသွားရန်အတွက် အိပ်ရာထက်မှ ထ,ထိုင်ကာ အင်္ကျီကို ကောက်ဝတ်ပြီး အခန်းထဲမှ ထွက်မည်အပြု...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အကျီတန်းတစ်ခု၌ ချိတ်ဖြင့် ချိတ်ထားသော အနက်ရောင် သက္ကလပ်လောင်းကုပ်ကြီးတစ်ထည်ကို မြင်တွေ့လိုက်ရလေသော်...

လင်းလင်းသည် အံ့သြမှင်တက်ကာ မျက်လုံးများပြူးကျယ် ဝိုင်းစက်သွားရလေ၏။ နားမလည်နိုင်သော အံ့သြစိတ်နှင့်ပင် လင်းလင်း၏ခြေလှမ်းများသည် အကျီတန်း၌ ချိန်ထားသော လောင်းကုတ်ကြီးထံ လှမ်းသွားနေဖြစ်၏။

အနီးရောက်သော် လင်းလင်းသည် သက္ကလပ် လောင်းကုတ်ကြီးကို သေချာစွာကြည့်မိသည်။ လောင်းကုတ်ကြီးတွင် ရွှေကြယ်သီးများတပ်ထား၏။ တစ်နေရာတွင်မူကား ရွှေကြယ်သီး တစ်လုံးသည် ပြုတ်နေဟန်ဖြင့် ပျောက်ကွယ်နေသည်ကို လင်းလင်း တွေ့လိုက်ရ၏။

လင်းလင်းသည် အသက်ရှုတို့မြန်လာရင်းမှ မိမိရုပ်အင်္ကျီ အိတ်ထဲ၌ ပါလာသော ရွှေကြယ်သီးလေးကို ထုတ်ယူကာ လောင်းကုတ်မှ ရွှေကြယ်သီးတွေနှင့် တိုက်ကြည့်မိသည်၊ နှင်းဆီပန်းပုံသဏ္ဍာန် ပါသော ရွှေကြယ်သီးလေးသည် လောင်းကုတ်အကျီမှ ကြယ်သီးများ နှင့် ပုံစံအတူအရွယ်တူပါတည်း။

"ဟာ..."





နှုတ်မှပင် ဟာခနဲ ထွက်ကာ လင်းလင်းသည်လွန်စွာမှ တုန်လှုပ်ချောက်ချားသွားရပါတော့၏။ တကယ်တော့ လင်းလင်း အနေနှင့် ထိုညက ဒါဆိုဒီးထဲသွားပြီး ကြယ်သီးရှာရန်အစီအစဉ်နှင့်ပါ။ ခုတော့ ခုတ်ရာတခြား ရှရာတစ်လွဲ ဖြစ်နေရပါပြီကော။

ဆရာဝန်မလေးတစ်ဦးအဖြစ် ဘယ်လိုမှ မထင်အပ်သောသူက အားလုံးက အထင်ကြီးလေးစားသောသူက မိမိကိုယ်၌ နှစ်ခြိုက် မြတ်နိုးနေမိသူက ခုတော့ ရောမလူသတ်တရားခံကြီးဖြစ်နေပါရော လား။

"ဟာ...ဘုရား ဘုရား၊ အားလုံးတွေလွဲကုန်ပြီ၊ ငါ...ငါ အို...မဖြစ်ဘူး၊ ငါဆရာခင်ကို အမြန်သွားရမယ်၊ အကြောင်းကြားရမယ်"

လွန်စွာ အံ့သြလှုပ်ရှားနေသော စိတ်ဆုံးဖြတ်ချက်တို့ဖြင့် ကိုလင်းလင်းသည် အခန်းထဲမှ ထွက်ရန် ကိုယ်ကိုအလှည့်...

"ဟင်...အား...အ...အ"

နှလုံးတည်သောနေရာ ရင်၌ ခေါးစိုက်သွားသည်။ နှစ်မြုပ် ကာ ကိုလင်းလင်းကား နေရာ၌ပင် ဒေါက်တာကြည်ပြာကိုကြည့်လျက် လဲကျသွားလိုက်ရပါတော့သတည်း။

မှန်သည်၊ ဒေါက်တာကြည်ပြာသည် လက်ပိုက်လျက် လင်း လင်းကို အေးအေးဆေးဆေးပင် ငုံ့ကြည့်နေသည်။

"ဒေါက်တာ ခင် ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင်ရှာနေတာ ကျွန်မပဲ၊ ကျွန်မရဲ့ အင်္ကျီက ကြယ်သီးတစ်လုံး မရှိတော့ကတည်းက တစ်ယောက်ယောက်ဆီမှာ ရှိနေပြီဆိုတာ ကျွန်မသိလိုက်တယ်။"

"အထူးသဖြင့် ရှင့်လက်ထဲမှ ရှိနေမယ်ဆိုတာကို ကျွန်မ သိလိုက်တယ်၊ ဘာကြောင့်လဲဆိုတော့ ဟိုနေ့က ရှင့်ဆရာနဲ့ ပြောနေတဲ့ စကားတွေထဲမှာ ရှင် ဝါဆိုမိုးအိမ်ကိုသွားတဲ့အကြောင်းနဲ့ ဦးကျော်ဇော စက်ရုံမှာ အသတ်ခံရတဲ့နေ့က ရှင်တစ်ယောက်တည်း နောက်ဆုံးမှ ဆင်းလာတာကို ကျွန်မသတိထားခဲ့တယ်"

"ဒီကြယ်သီးဟာလည်း ဦးကျော်ဇောကို သတ်တဲ့နေ့က ဆွဲရင်း လွဲရင်းနဲ့ ပြုတ်ခဲ့တယ်ဆိုတာလည်း ကျွန်မသိတယ် ဒါပေမဲ့ ရှင်တို့ရဲ့ မြားဦးက ဝါဆိုမိုးဆီမှာပဲ ရှိနေတာဆိုတော့ ကျွန်မ ခပ်အေးအေးပဲ"

"ခုတော့ ရှင်က ကျွန်မပိုင်နက်ထဲကို အလိုအလျောက် လာတာ၊ ကျွန်မအတွက်ကတော့ အခွင့်အရေးကို အသုံးချရမှာ"

ဒေါက်တာကြည်ပြာဆိုရင်း လင်းလင်း လက်ထဲမှ ကြယ်သီးကို ယူလိုက်သည်။

"ခင်ဗျားလည်း တရားဥပဒေကိုတော့ ရင်ဆိုင်ရမှာပါ"

"အဟင်း...ဆရာဝန်မတစ်ယောက်ဆိုတာ ရှင်သတိရပါ၊ ဒါတော့ ရှင့်အလောင်းကို ကျွန်မ ဘယ်မှာဖျောက်ဖျောက်ရတယ်ဆိုတဲ့





နည်းလမ်းတွေ အများကြီးပါလေ ရှင့်အလောင်းကို ရဲတွေကတောင် တွေ့လိုက်နိုင်မှာမဟုတ်ဘူး"

"ဪ...ကျွန်မဆက်လုပ်စရာကိစ္စရှိသေးတယ်၊ ကျွန်မအသည်းကိုခွဲတဲ့ ဝါဆိုမိုးတဲ့ကောင်မကို ကျွန်မအရှင်မထားဘူး၊ ဒီညပဲ သူ့ညီမနောက်ကို လိုက်သွားခိုင်းလိုက်တော့မယ်"

ဒေါက်တာကြည်ပြာစကားများအတွက် စာရေးလင်းလင်းကား ဝေဒနာတို့ကြားမှ ထပ်ဆင့်အံ့ဩရပါလေ၏။ ဒေါက်တာကြည်ပြာကြည့်ဆဲကိုလင်းလင်း ရုတ်တရက်ပေါ်လာသောအကြံတစ်ခုဖြင့် ခေါင်းကို ငုံ့ကိုက်ချပစ်လိုက်၏။

"အဟင်း...တစ်ယောက်တော့ ရှင်းပြီ၊ နောက်တစ်ယောက်လည်း ဒီညပဲ အပြတ်ရှင်းပစ်ရမယ်"

သွေးစွန်းထားပြီးသော လက်မို့မရှုံ့တော့သောစိတ်ဖြင့် ဒေါက်တာကြည်ပြာသည် ဆုံးဖြတ်ချက်ဖြင့် အဝတ်လဲလိုက်သည်။ ထို့နောက် ဒေါက်တာကြည်ပြာကား ကားမောင်းပြီး အိမ်ကထွက်သွားလိုက်ပါလေတော့သတည်း။

မှန်သည်။ ဒေါက်တာကြည်ပြာ၏ ကားလေးသည် သပြေပြင်ရပ်ကွက်သို့ ဦးတည်၍ မောင်းနှင်နေဆဲ။ နောက်တွင်ကျန်ရစ်သော ဒေါက်တာကြည်ပြာအိမ်တွင်ကား...



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည်ပြာရှေ့၌ သေဟန်ဆောင်လိုက်သော ကို လင်းလင်းသည် အိပ်ရာခေါင်းရင်းရှိ စားပွဲပုလေးပေါ်မှ တယ်လီဖုန်း ဆီသို့ တဖြည်းဖြည်း ရွေးလျားလာ၏။

သည်အချိန်လောက်ဆို ဆရာခိုင်မင်းဆက်သည် ရဲစခန်း၏ ရုံးခန်းထဲတွင် ရှိနေမည်ကို သူသိသည်မို့၊ ရဲစခန်းမှ ဖုန်းနံပါတ်ကို သူတစ်ခုချင်း နှိပ်လိုက်၏။ တစ်ဖက်မှ ဖုန်းကိုင်သူကို စောင့်ရင်း ဒဏ်ရာမှ သွေးတို့ကတစိမ့်စိမ့်ယိုနေ၏။

နာကျင်မှုဝေဒနာ၏ အထွင့်အထိပ်ဖြင့် မျက်နှာမှာ ချွေးစေး တို့သည်လည်း ရွှဲနစ်နေချေ၏။

"ဟဲလို...လွမ်းည ရဲစခန်းကပါ"

တစ်ဖက်မှ ဆရာဖြစ်သူ ခိုင်မင်းဆက်၏အသံကိုကြားရသည့် တွင် လင်းလင်းသည် စိတ်ကိုတင်းကာ အင်အားတစ်ရပ်တိုးသွား၍ ရင်းက...

"ဟဲလို ဆရာ"

"အခုချက်ချင်း ဒေါက်တာကြည်ပြာအိမ်ကို ဆရာလာခဲ့ပါ၊ အရေးကြီးတယ်ဆရာ၊ ကျွန်တော် အဲဒီမှာရှိတယ် ကျွန်တော့်မှာလည်း ဒဏ်ရာနဲ့ ဆရာ၊ တစ်ပါတည်း ဆရာ့အတွက် ဆက်ဆောင်ရွက် ရမယ့် အင်အားလည်း ခေါ်လာခဲ့ပါဆရာ"





"ဂလောက်"

စကားအဆုံး၌ တစ်ဖက်မှ ဖုန်းက ချသွားချေပြီ။ခိုင်မင်းဆက် စဉ်းစားလိုက်သည်။ စာရေးလင်းလင်း၏ စကားအသံသည် ပြင်းထန် သောဝေဒနာတစ်ခုနှင့် မောဟိုက်နေကြောင်းသိလိုက်ရ၏။

ခိုင်မင်းဆက်ကား အချိန်ဆွဲမနေပါတော့။ ရုံးထဲ၌ တာဝန်ကျ လူများနှင့် စီစဉ်စရာရှိသည်တို့ကို စီစဉ်ကာအမြန်ဆုံးပင် ရဲစခန်းမှ ကားသုံးစီးသည် မောင်းထွက်သွားလိုက်ပါတော့လေသတည်း။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ့်နှစ်

သပြေမြိုင်ရပ်ကွက်ရှိ ဝါဆိုမိုး၏ တိုက်ကြီးထဲတွင်ပါ။ ဝါဆိုမိုးသည် ညအိပ်ရာဝင်ခါနီး နွားနို့ပူပူလေးသောက်ရန် မီးဖိုဆောင်တွင် နွေးနေ၏။ ခေတ်မီသော မီးဖိုဆောင်ကြီးမို့ တော်ရုံမီးဖိုဆောင်ကြီးနှင့်မတူ။ သန့်ရှင်းသပ်ရပ်လှပလွန်းနေ၏။

စိတ်ကြိုက်အပူရှိန်လေးရသည်တွင် ဝါဆိုမိုးသည် မီးဖိုမှ မီးကို သတ်လိုက်သည်။

ထို့နောက် ဖန်ခွက်ထဲသို့ နွားနို့နွေးနွေးလေးတွေကို လောင်းထည့်လိုက်၏။ နွားနို့ဖန်ခွက်ကို ပန်းကန်ပြားလေးပေါ်တင်ပြီး မီးဖိုဆောင်မီးကို ငြိမ်းကာ ဝါဆိုမိုးသည် အပေါ်ထပ်သို့ တတ်လှမ်းလိုက်၏။ အပေါ်ထပ်သို့ အရောက် ဝါဆိုမိုးသည် မိမိအိပ်ခန်းလေးဆီသို့ လှမ်း၍ ဝင်လိုက်သည်နှင့်...

"ဟင်...ရှင်"





မိမိအိပ်ခန်းတွင်း၌ လက်နှစ်ဖက်ကို နောက်ပစ်ကာ ခပ်ကြော့ကြော့ ပုံနှင့် ရပ်နေသော ဒေါက်တာကြည်ပြာကို တွေ့လိုက်ရသည်တွင် ဝါဆိုမိုးသည် လွန်စွာ အံ့ဩသွားလိုက်ရလေ၏။ ဒေါက်တာကြည်ပြာသည် ဝါဆိုမိုး၏ ညအိပ်ရာဝင်တော့မည့်တိုင် ရွှေအဆင်းနှင့် ပုလဲလို ရွှဲလိုမှုန်ဆက်နေသော အလှများအား...

အနုလုံပဋိလုံ စိုက်ကြည့်နေသော သူမအကြည့်တွေထဲ၌ လွန်စွာမှ အလိုတမာ ရွံ့ရှာမုန်းတီးရှိသော ရိပ်သွင်တို့မဖုံးနိုင်၊ မကွယ်နိုင်ရှိနေရပါချေ၏။ ဝါဆိုမိုးသည် ဒေါက်တာ ကြည်ပြာ၏ မျက်လုံးများကို နားလည်သလိုရှိလိုက်၍ ထပ်ဆင့်တုန်လှုပ်အံ့ဩသွားရင်းက...

"ရှင် ကျွန်မအခန်းထဲထိတောင် ရောက်နေတယ်"

"တွေ့နေမှတော့ ဒီမေးခွန်းကို မေးဖို့တောင် မလိုတော့ဘူး"

ဒေါက်တာကြည်ပြာအသံက ခက်ထန်မာကျောနေ၏။ အကြည့်တွေလည်း တစ်ခါတစ်ခါစူးရှ၍ လာသယောင်ပါ။

"လိုတာပေါ့ရှင်၊ ကျွန်မရဲ့ အိမ်ထဲတင်မက ကျွန်မရဲ့ အိပ်ခန်းထိအောင် ရှင်ရောက်နေတာဟာ ဘယ်လို သဘောလဲ၊ ဒါဟာဘယ်လိုမှ မရိုးသားဘူး"

ဝါဆိုမိုးဆိုသည်။ ဝါဆိုမိုးအသံလေးက ရှင်ထဲ ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို မျိုသိပ်ထားရသော အသံလေးမျိုးဖြစ်၏။

"အကဲခတ်တတ်သားပဲ"

"ဒါဆို ဟိုတစ်ခါက ကျွန်မအိမ်ထဲသို့ ဝင်လာတာရော ရှင်ပဲလား"

"နင့်အိမ်ကို ငါတစ်ခါထက်မက လာဖူးတယ် ဒါပေမယ့် နင့်အိမ်ထဲကို ဝင်တာကတော့ ဒါပထမဦးဆုံးပဲ၊ နင့်ကို စာရင်းရှင်းစရာရှိလို့"

"ရှင်နဲ့ ကျွန်မက ဘာစာရင်းတွေများ ရှင်းစရာရှိလို့လဲ"

"သိပ်ရှိတာပေါ့၊ နင်တို့အမြွှာညီအစ်မဟာ ငါနဲ့ငါ့အစ်မကို တင်မကဘူး၊ တခြားအမျိုးသမီးတော်တော်များများရဲ့ ရင်ကို ကွဲစေခဲ့တဲ့ ဟာမတွေပဲ"

"အို…ရှင်ဘာတွေ ပြောနေတာလဲ"

"နင် ငါ့ကို မူရာမာယာနဲ့ ဘာမှ ပြန်မမေးနဲ့"

"ကျွန်မ နားမလည်တာတော့ မေးရမှာပေါ့"

နွားဖို့ဖနောက်ခွက်လေးကို လက်တွင်ကိုင်ထားရင်း ဝါဆိုမိုးမေး သည်။

"အဟော်…ကောင်မ၊ အေး ဒါဆိုလည်း ပြောရသေးတာပေါ့ အေ၊ နင့်ညီမကြောင့်လေ၊ ငါ့အစ်မဟာ ရူးပြန်ပြီး အရှက်ဘာကွဲအောင်။





နည်းပြီး သေခဲ့ရတာ…

ငါ့အစ်မနဲ့ချစ်ကြိုက်ပြီး ယူတော့မယ့် ဆဲဆဲ နင့်ညီမက နင့်လို အလှနဲ့ မြူဆွယ်ဖြတ်ခုတ်ပြီး ဖျက်လိုရာဖျက်ဆီးလုပ်သွား တာလေ"

"အို…ဒါတွေ ကျွန်မဘာမှမသိဘူး"

"နင့်ညီမဟာ တခြားအမျိုးသမီးတွေနဲ့ ရည်းစားတွေကိုလည်း ဖျက်လိုရာ ဖျက်ဆီးလုပ်ခဲ့တယ်"

"ရှင်ပြောနေတာတွေ ကျွန်မတစ်ခုမှ မသိဘူး"

"ဘာနင်မသိဘူးလဲ၊ နင်လည်းပဲ နင့်ညီမလို နင့်အလှနဲ့ ယောကျ်ားတကာကို မြူဆွယ်နေတာ ငါသိတယ်"

"ရှင်ဘာရား မစွပ်စွဲပါနဲ့၊ ကျွန်မမိသားစုရှိတဲ့အချိန်က အိမ်ထဲက အိမ်ပြင်တောင် ထွက်တတ်တဲ့သူမဟုတ်ဘူး၊ ကျွန်မရဲ့ မိသားစုတွေမရှိတော့မှ လူမှုရေးအရ ကျွန်မအပြင်ထွက်ပြီး သွား လာရတာ"

"ကျွန်မညီမနဲ့ သိကျွမ်းရင်းနှီးတဲ့သူတွေက ကျွန်မကို လူမှား တာ ကျွန်မက အေးအေးဆေးဆေးရှင်းပြပါတယ်"

"ဒါ…နင်ဘယ်လိုပဲ ပြောပြော၊ နင်နဲ့အကောင်တွေ တွဲနေ တာ ငါလည်း အမြင်ပဲ"

"ဟုတ်တယ်လေ၊ သူတို့ကျွန်မကို လူမှားလို့ တွေ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခေါင်းပုံတွေနဲ့ သေချာရှင်းပြတော့ သူတို့လက်ခံတယ်"

"ကျွန်မညီမဟာလည်း ကျွန်မတို့ ဟိုတယ်မီးလောင်ချိန်ကစပြီး ပျောက်သွားတာ ခုထိဘာသတင်းမှကို မရသေးဘူး"

"ရှင်ပြောပုံအတိုင်းဆိုရင် ရှင့်အစ်မ ရည်းစားနဲ့ လိုက်ပြေးသွားတာလား"

"အဟင်း...ဟင်း...ဟင်း"

ဝါဆိုမိုး၏ ရိုးစင်းသော စကားလေးတွေကို ကြားတော့ ဒေါက်တာကြည်ပြာ သဲဘောကျစွာ ရယ်သည်။ ဝါဆိုမိုးသည် နားမလည်စွာ ကြည့်နေမိ၏။

ဒေါက်တာကြည်ပြာသည် ဝါဆိုမိုး၏ လှပသော တစ်ကိုယ်လုံးအား အငြိုးကြီးစွာ ကြည့်နေရာမှ...

"အေး...ဟုတ်တယ်၊ ငါ့အစ်မရည်းစားနဲ့ နင့်ညီမကို အတူတူနေရအောင် ငါပဲလုပ်ပေးလိုက်တယ်"

"ဟင်...."

ဝါဆိုမိုး နားမလည်လိုက်။ ဒေါက်တာကြည်ပြာကို ငေးကြည့်နေဆဲ ဒေါက်တာကြည်ပြာသည် နောက်တွင်ထားသော လက်နှစ်ဖက်ကို ထုတ်လာသည်တွင် ဒေါက်တာကြည်ပြာ၏ လက်ထဲ၌ ဝါဆိုမိုးခေါင်းအုံး အောက်မှာထားသော သေနတ်ကို တွေ့လိုက်ရလေ၏။ဝါဆိုမိုးသည် မျက်ဝန်းလေးပြူးကာ တုန်လှုပ်သွားရ၏။





"နင့်တို့ ညီအစ်မဟာ သိပ်လှကြပါတယ်၊ အဲဒီအလှကြောင့်လည်း ယောကျ်ားတွေက နင်တို့ ညီအစ်မကို စွဲလမ်းကြတယ်၊ အထင်ကြီးကြတယ်။ မိန်းကလေးအတော်များများရဲ့ ရင်တွေကွဲခဲ့ကြရတယ်။"

"နင့်ညီမကြောင့် ငါ့အစ်မရင်ကွဲပြီး အရှက်တကွဲနဲ့ သေပွဲဝင်ခဲ့ရတယ်။ အဲဒီအတွက် ငါကလည်း သစ္စာမရှိတဲ့ ငါ့အစ်မရည်းစားနဲ့အလှနဲ့ မြူဆွယ်တတ်တဲ့ နင့်ညီမကို ငါ့အစ်မသွားတဲ့လမ်းကိုပဲ ငါပို့လိုက်တယ်"

"နင်တို့ ဟိုတယ်မီးလောင်တဲ့ ညကပဲ စိုးမင်းသန့်ဆိုတဲ့ကောင်နဲ့ နင့်ညီမဟာ ဆုတောင်းပြည့်စေတီတောင်ထပ်ပေါ်မှာ သွားချိန်တာ ငါသိတယ်။ဒါကြောင့် အဲဒီတောင်ပေါ်ကနေ တွန်းချပြီး နှစ်ယောက်လုံးကို သတ်ခဲ့တာ"

"အို...ဘုရားရေ ရှင်ဟာ ရက်စက်လှချည်လား"

"ငါက အညှံခံတတ်တဲ့ လူစားမဟုတ်ဘူး၊ နင့်ညီမကြောင့် ငါ့အစ်မ အသည်းကွဲ အသက်ဆုံးခဲ့ရသလို နင့်ကြောင့်ငါလည်း အသည်းကွဲနေရပြီ နင်သိလား"

"ကျွန်မ မသိဘူး"

"အေး...နင်မသိရင် ငါပြောပြမယ်၊ ပြောပြီးရင် နင့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



နင့်ညီမနောက် ပို့လိုက်မယ်"

ဝံပုလွေကဲ့သို့ စဉ်းလဲသော ပုံရိပ်တို့ ပေါ်လာသည့် ဒေါက်တာကြည်ပြာကိုကြည့်ပြီး၊ ဝါဆိုမိုးသည် တုန်လှုပ်စွာ တံတွေးတစ်ချက်မျိုချလိုက်၏။

"ဒီမှာ ငါချစ်တဲ့ ကိုဆက်ကို နင်က နင့်အလှနဲ့မြူဆွယ်တယ်မဟုတ်လား၊ အခုကိုဆက်နဲ့ နင်နဲ့ ချစ်နေကြပြီမဟုတ်လား"

"ဘယ်က ကိုဆက်လဲ၊ မသိဘူး"

"နင်မညာနဲ့၊ ကိုဆက်ဆိုတာ ရဲအရာရှိ ခိုင်မင်းဆက်ကိုပြောတာ၊ နင်တို့ချစ်နေကြပြီမဟုတ်လား"

"မဟုတ်ဘူး"

"နင်မညာနဲ့"

ဒေါက်တာကြည်ပြာ အော်ပစ်လိုက်ရင်း ဝါဆိုမိုးရှေ့သို့ ခြေနှစ်လှမ်းတိုးလာ၏။ ဝါဆိုမိုးသည်လည်း ဒေါသစိတ်ကလေးများ ဖြစ်ပေါ်လာ၍ နို့ဖန်ခွက်ကိုင်ထားသော လက်ကလေးများသည် တင်းခနဲ တစ်ချက်ဖြစ်သွားရပြီးနောက်...

ဝါဆိုမိုးသည် သတိရကာ လက်ထဲမှ နို့ဖန်ခွက်နှင့်ဒေါက်တာကြည်ပြာအား ပက်ထည့်လိုက်ပြီး အခန်းထဲမှ ပြေးထွက်လာခဲ့၏။ နို့ကမပူ၍ ဒေါက်တာကြည်ပြာမှာ သိပ်မဖြုံ။ ဝါဆိုမိုးနောက်သို့





ဒေါသတွေနှင့် ပြေးထွက်လိုက်ခဲ့သည်။

"အား...အမေ့"

လှေကားထိပ်တွင် ဝါဆိုမိုးကို မီလာပြီး ဝါဆိုမိုး၏ဆံနွယ်များကို ဆောင့်ဆွဲလိုက်လေ၍ ဝါဆိုမိုးသည် နာကျင်စွာ အော်လိုက်မိ၏။

ဒေါက်တာကြည်ပြာသည် ဝါဆိုမိုး၏ ဆံပင်တို့မှ ဆောင့်ဆွဲကာ မျက်နှာချင်းဆိုင်လိုက်ပြီး တစ်ဆက်တည်းပင် သေနတ်ကိုင်ထားသော လက်ဖြင့် ဝါဆိုမိုး၏ မျက်နှာလေးဆီ ဖြတ်ရိုက်ချလိုက်လေ၍...

"အား..."

"ဒုန်း...ဒုန်း...ဒုန်း...ဒုန်း"

ဝါဆိုမိုးကား မျက်လုံးများထဲ ပြာဝေကာ လှေကားပေါ်မှ အောက်ထပ်သို့ ဒလိမ့်ခေါက်ကွေး လဲကျသွားရပါတော့သတည်း။ လှေကားအောက်သို့ ရောက်သည်တွင် ဝါဆိုမိုးကား နှုတ်ခမ်းမှလား၊ နှာခေါင်းမှလားမသိအောင် သွေးတို့ထွက်ရင်း သတိလစ်နေရရှာပါ၏။

ဒေါက်တာကြည်ပြာသည် စိတ်ကြိုက်ဖြစ်သွားပြီး ဝါဆိုမိုး၏ ခြေလက်ကလေးများကို လှေကားရင်းတိုင်တွင် ကြိုးနှင့် မလှုပ်သာအောင် ချည်နှောင်ထားလိုက်လေသည်။ ဝါဆိုမိုးက သတိမရရှာပါ။ ဒေါက်တာကြည်ပြာ ပြုသမျှတွင် နုနေရရှာပါ၏။ ဒေါက်တာကြည်



www.burmeseclassic.com

www.burmeseclassic.com



ပြာကား သွေးစွန်းဖူးသော လက်မို့ ရွှေသွားအေး၍ နေချေပြီ။

ညှော့ခန်းထဲမှ မီးတစ်လုံးကို ဖွင့်လိုက်သည်။ ပြီးတော့ မီးဖိုဆောင်ဘက်သို့ ဝင်ခဲ့ပြီး အသွားမြသော ဓားတစ်လက်ကို ယူလာခဲ့၏။

"ကရင်း..ရင်း..ရင်း..."

ဓားတစ်ချောင်းကို ယူလာပြီး ညှော့ခန်းဆီသို့ ပြန်လာခိုက် ညှော့ခန်းထဲမှ ဖုန်းမြည်သံကြောင့် ဒေါက်တာကြည်ပြာသည် တစ်ချက် တွေဝေတုံ့ဆိုင်းသွားရပြီးမှ ဖုန်းလေးကို သွားရောက်နားထောင်လိုက်၏။

"ဟဲလို"

ဒေါက်တာကြည်ပြာ အသံပြုလိုက်သော်လည်း တစ်ဖက်မှ အသံတိတ်နေ၍....

"ဟဲလို..အခုဆက်တာ ဘယ်သူလဲ"

ဒေါက်တာကြည်ပြာထပ်မေးလိုက်သည်။ တစ်ဖက်မှ ဖုန်းကား ချသွားချေပြီ။ တစ်ဖက်မှ ဖုန်းချသွား၍ ဒေါက်တာကြည်ပြာသည် မည်သူမည်ဝါရယ် မမှန်းဆနိုင်။ ဖုန်းကို ကိုင်ကာ တွေဝေငေး မောနေဆဲအချိန်ကား...

× × ×





ခိုင်မင်းဆက်တစ်ကိုယ်လုံးမှာ စိုးစိတ်ဖြင့် ချွေးစေးတွေပြန် လာကာ ကတုန်ကယင်ရှိနေရချေ၏။ ဖုန်းကို ကပျာကယာ ချပြီး သည်တွင် လုပ်ဖော်ကိုင်ဖက်တွေကို သူမော့ကြည့်လိုက်သည်။

"ကိုဆက် ဘာဖြစ်လဲ"

"ဝါဆိုမိုး အိမ်ကို ကြည်ပြာရောက်နေတယ်၊ ချက်ချင်းသွား မှဖြစ်မယ်"

သူဆိုရင်း နေရာမှရွှေ့လျားကာ ရဲအရာရှိတစ်ဦးလက်ထဲမှ သက်သေခံအကျီနှင့် ဓားကို တစ်ချက်ကြည့်သည်။ ပြီးတော့ ဆေးရုံ ကားထဲသို့ တက်လှမ်းနေသော စာရေးလင်းလင်းဆီ ခြေလှမ်းကျဲ ကြီးနှင့် သွားရောက်ကြည့်၏။

"လင်းလင်း"

"ဆရာ"

"မင်းကံကောင်းပါတယ်ကွာ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ကံကောင်းခြင်းလာ ဒေါက်တာကြည်ပြာရဲ့ အမှောင်ဇာတ်ကြီး ပြီးဆုံးဖို့ ဖြစ်လာတာပါ"

"ဒီလိုပေါ့ကွ၊ အရိုးတောင် တွန်တက်သေးတာပဲ၊ ဘယ်တော့မှ ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူး"

"ဟုတ်ပါတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ပြောနေကြာတယ်၊ မင်းသွားတော့၊ ကိုယ်လည်း အခြန်ဆုံး ဟိုအိမ်ကို သွားရမယ်၊ သူဟိုမှာ ရောက်နေပြီ"

"မြန်မြန်သွားပါဆရာ"

"ကဲ…သူငယ်ချင်းတို့ရေ၊ လုပ်စရာရှိတာ မြန်မြန်လုပ်ကြ"

ပြောပြောဆိုဆိုဖြင့် ခိုင်မင်းဆက်သည် လင်းလင်းကို ခေါ်၍ ကားပေါ်တင်စေကာ ကားမောင်းထွက်သွားစေပြီးနောက်…

ကျန်သောလူစုနှင့် ဝါဆိုမိုးရှိရာ သင်္ချိုင်းရပ်ကွက်သို့ ကားများထွက်လာခဲ့လိုက်ကြပါတော့၏။ ဘယ်ခါ ဘယ်ရဲ့ အဖြစ်အပျက်တို့သည် မယုံနိုင်စရာ ဖြစ်ပေါ်လာတတ်သည်ကို တွေးရင်း ခိုင်ခင်းဆက်သည် ချစ်သူ ဝါဆိုမိုး၏ အခြေအနေအား မှန်းဆကြည့်မိ၏။

ဒေါက်တာကြည်ပြာတစ်ယောက် ဦးကျော်အောကို ဘာလို့ သတ်ရသည်ကိုလည်း ခိုင်မင်းဆက်စဉ်းစား၍ မရ။ လမ်းတစ်လျှောက်၌ နားမလည်နိုင်သော အတွေးတို့နှင့်ပင် ရဲစခန်းမှ ကားများသည် ဝါဆိုမိုးပန်းခြံကြီးရှေ့သို့ ရောက်ရှိလာကြလေ၏။

ခြံတံခါးပိတ်ထားသည်မို့ ခိုင်မင်းဆက်နှင့်အားလုံး ကားပေါ်မှ ဆင်းလိုက်ကြသည်။

"ကဲ ခြံထဲကို ဒီလိုပဲ ကျော်ဝင်ရမယ်"

"ဟုတ်ကဲ့ဆရာ"





ခေါင်းဆောင်၏ အမိန့်သံအဆုံးပင် အားလုံးမှာ တစ်ဦးနှင့်တစ်ဦး အကူအညီဖြင့် ခြံထဲသို့ ဝင်ရောက်ပြီးသားဖြစ်တော့၏။

ခြံထဲ ရောက်သည်တွင် တိုက်ကြီးဆီသို့ အမှောင်ကို ကာဗာယူကာ ကပ်သွားကြသည်။ တစ်နေရာအရောက် လူတစ်ချက်စုလိုက်ပြီး ခိုင်မင်းဆက်က…

"ကဲ…ဆရာတို့ သုံးယောက်က ခေါင်းရင်းဘက်က ပတ်ပြီး စောင့်ကြည့်၊ ဆရာတို့လေးယောက်ကလည်း မြင်သာတဲ့နေရာကနေ နေရာအသီးသီး ယူထားလိုက်ကြပါ။ ကျွန်တော် အိမ်ရှေ့ပေါက်ကပဲ ခြေအနေကြည့်ပြီး ဝင်မယ်"

"ဆရာ ဘယ်လိုဝင်မလဲ"

တစ်ယောက်က မေးလိုက်၍…

"ရပါတယ်"

ထိုမျှသာ သူဆိုလိုက်သည်။ သူ့တွင် ခြံသော့နှင့် အိမ်သော့များရှိကြောင်းကို သေချာစွာ သိ၍ ဖြစ်၏။ သူ့စကားများဆုံးသည်တွင် အားလုံးနေရာယူလိုက်ကြသည်။ ခိုင်မင်းဆက်သည် တိုက်ကြီး၏ ညှော်ခန်းရှိ ပြတင်းတစ်ခုနားသို့ တိုးကပ်သွားလိုက်၏။ ပြတင်းမှ ညှော်ခန်းထဲသို့ ချောင်းကြည့်လိုက်သည်မတော့ ခိုင်မင်းဆက်ကား အသည်းစိုင်အား ဆတ်ဆတ်ခါ နာကြည်းသွားရပါ လေသတည်း။

မှန်သည်၊ အဘယ်ကြောင့်ဆိုသော်…



www.burmeseclassic.com

www.burmeseclassic.com



လှေကားရင်းနားတွင် ကြိုးနှင့် ချည်နှောင်ထားသော ရုစ်သူ ဝါဆိုမိုး၏ မျက်နှာလေးသည် သွေးတို့နှင့် ရဲကာရှိနေသည်မဟုတ်ပါလား။

"ဖြန်း"

"အ..."

ဒေါက်တာကြည်ပြာသည် သတိလစ်နေသော ဝါဆိုမိုးအား ပါးရိုက်ကာ သတိရစေလိုက်သည်။ ဝါဆိုမိုးသည် မှုန်မှိုင်းမိုက်မိုက် ဖြင့် သတိရလာရှာ၏။

"ဒီမှာ...ရှင် ကျွန်မကို သတ်ချင်သတ်လိုက်ပါ"

"မပူပါနဲ့၊ သတ်မှာပါပဲ"

"ရှင်ဟာ အဓိပ္ပာယ်မရှိတာတွေ လုပ်တယ်"

"ငါလုပ်တာတွေ အကုန်လုံး အဓိပ္ပာယ်ရှိတယ်"

"ကျွန်မတော့ ရှင့်ကို ဘယ်လိုမှ နားမလည်ဘူး ရှင် ကျွန်မကို ဘာဖြစ်လို့ ခုလို ရန်သူကြီးတစ်ယောက်လို မြင်နေတာလဲ"

"နင်နဲ့ငါနဲ့ကမှ တကယ့်အကြီးမားဆုံး ရန်သူပေါ့၊ ငါ့အခန်း ဟာ နင့်ညီမကြောင့် အသည်းကွဲရတယ်၊ ငါလည်း နင့်ကြောင့် အသည်းကွဲရတယ်၊ ငါချစ်သူကို နင်လုယူတယ်"

"ကျွန်မ မယူဘူး၊ ကျွန်မနဲ့သူနဲ့လည်း ဘာမှမဆိုင်တော့ဘူး"

"ဖြန်း...ဖြန်း"





"နင်မညာနဲ့၊ ငါက ကိုယ်တိုင်တွေ့ထားပြီးသား"

ဒေါသနှင့် ဝါဆိုမိုး၏ ပါးလေးကို ဖြတ်ရိုက်လိုက်၍ ဝါဆိုမိုး သည် အသံထွက်ပင် မထွက်နိုင်အောင် မျက်နှာလေးချာလည်ထွက် သွား၏။

"ရှင် ကျွန်မကို ရန်သူကြီးလို ဆက်ဆံနေတာဟာ မှားယွင်း နေပြီ"

"မမှားဘူး"

ဒေါက်တာကြည်ပြာ အော်ဟစ်လိုက်သည်။ ပြီးမှ စကားကို ဆက်၏။

"နင်မရှိမှ ငါ့ဘဝဟာ သာယာမှာ၊ ဒီလောက်တောင် ယောကျ်ားအကောင်ကို စွဲမက်စေအောင် လှတဲ့ နင့်အလှကို ဒီဓားနဲ့ ငါဖျက်ဆီးပစ်မယ်။ ပြီးမှ နင့်ကို ငါ သတ်မယ်"

"ပြီးရင် နင့်အလောင်းကို ငါတောင်ပေါက်နေ ပစ်ချဖျောက် ဖျက်လိုက်ရုံပဲ"

"အဲဒီ ဆုတောင်းပြည့်စေတီတောင်အောက်ရဲ့ ချောက်ထဲမှာ နင့်ညီမလည်းရှိတယ် ငါ့အစ်မကို စော်ကားပြီး မယူတဲ့ကောင်ရဲ့ အလောင်းလည်းရှိတယ်၊ နင်လည်း သူတို့နဲ့ပဲ နေရမယ်"

"ဒါဖြင့် ဦးကျော်ခေါင်နဲ့ ရတနာကို သတ်ပစ်တာ ရှင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့၊ ဘာကြောင့် သတ်တယ်ဆိုတာရော နင်သိချင်သေးတယ်မဟုတ်လား"

"မဆန်းပါဘူး၊ သူတို့ကို ငါသတ်တာ နင့်ကို ဒုက္ခပြဿနာ အောင်လုပ်တာပဲ သူတို့ဟာ နင်နဲ့ပတ်သက်တဲ့ သူတွေပဲမဟုတ်လား၊ ဒီတော့ ညဘက် နင့်ဆီက ပြန်လာတဲ့ ရတနာ့ကိုလမ်းမှာ ငါသတ် လိုက်တယ်။ သူမပြန်ခင် နင့်အိမ်ရှေ့မှာ ရပ်ထားတဲ့ ကားဘီးကို ငါ ခွဲထားလိုက်တယ်"

"နင့်နဲ့ တစ်နေကုန် တွဲသွားတာကို လူတွေမြင်ပြီးမှ ဦးကျော်ဇောကို သူ့စက်ရုံအပေါ်ထပ်မှာပဲ ငါသတ်ခဲ့ပြီးပြီ၊ အခု နောက်ဆုံး ကတော့ နင့်အလှည့်ပဲ၊ နင့်ကို သတ်ပြီးရင်ငါ့အတွက် စိတ်အနှောင့် အယှက်တွေကင်းပြီ"

"အဲဒီလိုပဲ ရှင်ထင်သလား"

"ငါ့စိတ်ကို ခံပြင်းလာအောင် နင်စကားတစ်ခွန်းမှ မပြောနဲ့ ကောင်းမယ်၊ ဒီမှာတွေ့လား၊ ငါ့လက်ထဲမှာဓား၊ နင့်ရဲ့အလှတွေကို ငါ တစ်ခုချင်း ဖျက်ဆီးမယ်"

"ဒေါက်တာ ရှင်မှားမယ်၊ ရှင်ပြောသလို ရှင့်ချစ်သူနဲ့ ကျွန်မ နဲ့ ဘာမှ မပတ်သက်တော့တာ အမှန်ပဲ အစကတော့ ကျွန်မသူ့ကို အထင်ကြီးပြီး ချစ်ခဲ့မိတာ အမှန်ပါပဲ။ လက်ထပ်ဖို့လည်း ဆုံးဖြတ်





ခဲ့ပါတယ်"

"ဩော်...ဩော် နင်က ကိုဆက်ကို လက်ထပ်ဖို့တောင် ဆုံးဖြတ်ထားသေးလား၊ ကိုဆက်မှာ သမီးတစ်ယောက်ရှိတယ်ဆိုတာရော နင်သိလား၊ ကိုဆက်က မပြောပြဘူးလား"

"ဟင့်အင်း မသိဘူး၊ ကိုဆက်က ကျွန်မကို မပြောပြဖူးဘူး၊ သူ့အကြောင်းကို ကျွန်မ ဘာမှ မသိဘူး၊ ခုတော့လည်း ဘာမှသိ စရာမလိုတော့ပါဘူးလေ၊ ဒီအချက်ကို ကြည့်ရင် သူကျွန်မကို မချစ် ဘူးဆိုတာ ရှင်းနေတာပဲ"

"လူသတ်မှုတွေ ဖော်ထုတ်ဖို့အတွက် သူဟန်ဆောင်ချစ်တာ၊ သူတကယ်ချစ်တာ ရှင့်ကိုပါ။ ရှင်နဲ့သူ ချစ်နေတယ်ဆိုတာကိုလည်း ကျွန်မ မသိပါဘူး။ သိရင်လည်း ကျွန်မ ချစ်မိမှာ မဟုတ်ပါဘူး"

"အခုလည်း ကျွန်မကို သူသတ်မှုတွေနဲ့ သံသယရှိနေတဲ့ လူတစ်ယောက်ပါ၊ ကျွန်မပြောတာ ယုံပါ"

"တော်...တိတ်စမ်း၊ နင်ဘာမှ သွေးရူးသွေးတန်နဲ့ စကား တွေပြောမနေနဲ့၊ ငါကတော့ နင့်အလှကို ဖျက်ဆီးပြီး နင့်ကို ဒီည အပြတ်ရှင်းရတော့မှာပဲ"

ကြားနေရသော စကားတွေက ခိုင်မင်းဆက်ရင်အား အသွား ထက်သော ဓားသွားနှင့် မွှန်းနေခြင်း ခံရသလိုပါ။ ခိုင်မင်းဆက် သည် ပါလာသော အိမ်သော့ကို ဖြည်းညင်းစွာဖွင့်လိုက်ပြီး အိမ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းချင်း ဝင်ခဲ့သည်။ ဧည့်ခန်းသို့ အဝင်အထွက်လေးမှပင်ကာ လှေကားရင်းဆီသို့ သူချောင်းကြည့်သည်။

"သိပ်လှတဲ့ နင့်လက်မောင်းလေးကို ဦးဆုံး ငါစမ်းသပ်ကြည့်မယ်"

"အား..."

ရှုန်ခနဲ လက်မောင်းသားအား ဓားနှင့်လှီးဖြတ်လိုက်၍ ဝါဆိုမိုးသည် အသည်းခိုက်အောင် နာကျင်ကာ အော်လိုက်ရှာ၏။ ခိုင်မင်းဆက်သည် နှုတ်ခမ်းကို ကိုက်ထားမိသည်။

"ရှင်...ရှင် ဆရာဝန်မ ဖြစ်ပြီး ဒီလောက်တောင်ပဲ ရက်စက်ရလားရှင်"

"အေး...ရက်စက်တယ်၊ ငါရက်စက်ရတာ ငါ့နှလုံးသားကြောင့်၊ ငါ့နှလုံးသားရေးထက် ငါ ဘာကိုမှ ဂရုမစိုက်ဘူး"

"နင်နဲ့ငါဟာ နှလုံးသားရေးနဲ့ပတ်သက်ရင် အစိက အကျဆုံးရန်သူ၊ နင်ဟာ ငါ့ရဲ့ အကြီးမားဆုံး ရန်သူပဲ"

"ဒါကတော့ ရှင့်ရဲ့ တစ်ဖက်သတ်စိတ်ပါလေ"

"တော်..နင့်ညီမကြောင့်ပဲ ငါ့အစ်မ ခံစားခဲ့ရပြီးပြီ၊ ခုလည်း နင့်ကြောင့် ငါ ခံစားနေရတယ်"

"နင့်ကိုငါ သတ်မယ်၊ နင့်ကို ငါသတ်မယ်"

ရူးသွပ်သွားသူတစ်ယောက်လို ဒေါက်တာကြည်ပြာသည်





လက်ထဲမှ ဓားကိုမြှောက်ကာ ဝါဆိုမိုးမျက်နှာလေးဆီ လှီးဖြတ်မည်ပြုဆဲ...

"ဟော့..."

"ဟင်..."

အသံကြားရာဆီသို့ ဒေါက်တာကြည်ပြာ ဖျတ်ခနဲ ကြည့်လိုက်သည်။ ဧည့်ခန်းအဝင်ဝ၌ မားမားကြီးရပ်နေသော ခိုင်မင်းဆက်ကို တွေ့လိုက်ရသည်တွင် ဒေါက်တာကြည်ပြာသည် ရုတ်တရက် မှင်တတ်သွားပြီးမှ...

"သြော်...ကိုဆက်လိုက်လာတယ်လား၊ ဘယ်သူ့အတွက် လိုက်လာတာလဲကိုဆက်"

ခိုင်မင်းဆက်သည် ဒေါက်တာကြည်ပြာ၏ မျက်နှာအား စူးစိုက်၍ ကြည့်နေလိုက်၏။ ကြည်ပြာထပ်မေးတော့ ခိုင်မင်းဆက်သည် ဝါဆိုမိုးထံ အကြည့်လုံးဝ မရောက်မိစေရန် ထားပြီး တံတွေးတစ်ချက်ကို ထိခိုက်ဟန်ဖြင့် မျိုချလိုက်ရင်းက...

"ဒေါက်တာ့ နောက်ကို ကျွန်တော်လိုက်လာတာပါ၊ ဒေါက်တာပြောတဲ့စကားတွေလည်း ကျွန်တော်အားလုံးကြားပါတယ်"

ခိုင်မင်းဆက်သည် စကားကို တစ်ခွန်းချင်းဆိုရင်း ဧည့်ခန်းထဲမှ ဆိုဖာများဆီ လှမ်းသွားလိုက်သည်။ ဝါဆိုမိုးကဖြင့် လုံးဝလှုပ်



www.burmeseclassic.com

www.burmeseclassic.com



၍ မရသည်မှာ အမှန်ပါ။ ဝါဆိုမိုးသည်လည်း ခိုင်မင်းဆက်နှင့် ဒေါက်တာကို လုံးဝမကြည့်မိစေရန် နေသည်။

"ကိုဆက်"

ရှေ့သို့ လေး၊ငါးလှမ်းတိုးလာရင်းက ဒေါက်တာကြည်ပြာခေါ်သည်။ ခိုင်မင်းဆက်က လှည့်ကြည့်လာ၏။ ဗွာကယ်တော့ ဝါဆိုမိုးအနီးမှ ဒေါက်တာကြည်ပြာခွာခဲ့သည့်အဖြစ်ကို ခိုင်မင်းဆက် ဖန်တီးလိုက်ခြင်းပင်။ ခိုင်မင်းဆက်သည် ဒေါက်တာကြည်ပြာအား လေးနက်သော မျက်ဝန်းညိုတွေနှင့် စိုက်ကြည့်နေလိုက်သည်။ မီးဖိုချောင်ထဲမှ ရဲအရာရှိနှစ်ယောက်သည် အိမ်ထဲသို့ ဝင်ရောက်လာချေပြီကို ခိုင်မင်းဆက် တွေ့လိုက်ရသည်။

"ဒီမှာ ဒေါက်တာ၊ ဒေါက်တာ ပြောတဲ့စကားတွေဟာ အမှန်တွေပဲလား၊ ဒေါက်တာဟာ ကျွန်တော့်ကို အမှန်တကယ်ပဲ ချစ်ခဲ့တာလား"

ခိုင်မင်းဆက်သည် စကားဖြင့် ဒေါက်တာကြည်ပြာအား အချိန်ဆွဲထားလိုက်ခြင်းပါ။

"ကိုဆက် မသိချင်ဟန်ဆောင်တယ်၊ ကြည်ပြာခုလိုဖြစ်တာတွေဟာ ကိုဆက်ကြောင့်ချည်းပဲ"

"ဟင်း...ဒါကတော့ဗျာ၊ ခင်ဗျားကို ခင်ဗျားဒုက္ခခင်ဗျားရှာ





တာကိုး၊ ခင်ဗျားဟာခင်ဗျားလုပ်တဲ့ အလုပ်တွေပဲ၊ ခင်ဗျားသေခါက ကို ခင်ဗျားရှာတာ"

"သြော်...ကိုဆက်က ကြည်ပြာကို ဘယ်တော့မှ အသိအမှတ်မပြုဘူးဆိုတဲ့ သဘောပေါ့နော်"

"ဒီမှာ ဒေါက်တာ၊ လူတိုင်းဟာ ကိုယ်ချစ်တဲ့လူကိုပဲ ကိုယ်လိုချင်ကြတာ ဓမ္မတာပါဗျာ"

"ကိုဆက် ချစ်တာက ဝါဆိုမိုးကို မဟုတ်လား"

"ဟုတ်တယ်၊ တစ်သက်မှာ တစ်ယောက်၊ တစ်ဘဝမှာ တစ်ယောက်ပဲ"

"ဒီကောင်မကို သတ်မယ်၊ သတ်မယ်၊ ဟင်...."

အရူးတစ်ယောက်လို အော်ဟစ်ရင်း သေနတ်တစ်ဖက် ဓားတစ်ဖက်ဖြင့် ကိုင်ထားသော ဒေါက်တာကြည်ပြာကား ဝါဆိုမိုးပေါ်သို့ ဒေါသတို့စုပုံကာ ကျရင်း၊ ဝါဆိုမိုးဘက်လှည့်ကာ ဒေါသများအလျောက် သတ်တော့မည်အပြင်၌...

သူမနောက်ဘက်မှ ရဲအရာရှိနှစ်ယောက်သည် သေနတ်နှင့် အသင့်ရှိချိန်ကာ လက်ထိတ်နှင့် အသင့်စောင့်နေပြီကို တွေ့လိုက်ရလေ၍ အံ့သြမှင်တတ်သွားရချေ၏။ အတွေ့အကြုံအရ ဖျတ်လတ်မှုရှိသော ရဲအရာရှိများသည်လည်း ဒေါက်တာကြည်ပြာကို လက်ထိတ်ခတ်လိုက်လေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်..လွှတ်...ငါ့ကိုလွှတ်၊ ဟိုကောင်မကို ငါသတ်ရဦးမယ် သတ်ဖို့ ရှိသေးတယ်ဟဲ့၊ ကောင်မ နင့်ကို ငါသတ်ရဦးမယ်၊ နင့်ကို သတ်ရမှ ကျေနပ်မယ်၊ လောကကြီးမှာ နင်မရှိမှ ငါ့အတွက်ကောင်းမယ်၊ နင့်အလှကို ငါဖျက်ဆီးပစ်မယ်၊ နင့်ကို ငါမုန်းတယ်။ နင့်ကို ငါသတ်ဖြစ်အောင် သတ်မယ်"

"ဟေ့ကောင်မ၊ နင့်ကို ငါသတ်ဖို့ ပြန်လာဦးမယ်၊ ဟား.. ဟား...ဟား"

ဒေါက်တာကြည်ပြာက ရူးသွပ်သွားပြီးလားပင် မဆိုနိုင်တော့ပါ။အော်ဟစ်ရယ်မောသလို ဒေါသတွေနှင့် ရူးရူးသော မျက်လုံးတို့ဖြင့် ဝါဆိုမိုးထံ လှမ်းကြည့်ကာဆို၏။ ရဲတွေက ချုပ်နှောင်ကာ ဒေါက်တာကြည်ပြာကို ခေါ်ထုတ်သွားသည်။

ရဲအရာရှိလက်အတွင်း၌ ဝါဆိုမိုး သည်လည်း စိတ်ထိခိုက်ခြင်း၊ ချောက်ချားနားကြည်းခြင်းတို့ဖြင့် သတိ လစ်ကာ ရှိနေပါချေ၏။

မှန်သည်။ ရှေ့ဆက် ဘာတွေဖြစ်သည်ကို ဝါဆိုမိုးမသိ။

မိမိကိုယ်တိုင်လည်း ဘာဖြစ်၍ ဖြစ်မှန်းပင် မသိတော့အောင် ဝါဆိုမိုးကား သတိလစ်သွားရရှာပါသတည်း။

❖ ❖ ❖



## နှစ်ဆယ့်သုံး

လှမ်းညှမြို့၏ ပြည်သူ့ဆေးရုံကြီးထက်တွင်ပါ။

အရေးပေါ်သီးသန့်ခန်းတစ်ခန်းတွင် ဝါဆိုမိုးသည် နှစ်ခြိုက်စွာ အိပ်မောကျနေသယောင်ရှိပါ၏။ ဝါဆိုမိုးသည် အသက်ကလေး မှန်မှန် ရှူနေကာ မျက်ဝန်းလေးအစုံအား မှေးမှိတ်ထားသည်မှာ အမှန်ဖြစ်၏။

ဝါဆိုမိုး၏ အတွေးမျက်ဝန်းထဲတွင်မတော့ မနေ့ညက မယုံနိုင်စရာ အဖြစ်များအား ပြန်လည်ကာ မြင်ယောင်နေမိ၏။

ဒေါက်တာကြည်ပြာ၏ မိမိအား ရန်သူတစ်ဦးပီသစွာဒေါသတို့ဖြင့် ရဲရဲတောက်သော အကြည့်တို့ဖြင့် မိမိအား အော်ဂလီဆန်အောင် ကြိမ်းဝါးပြောဆိုခဲ့သော စကားသံများအား ပြန်လည်ကာ ကြားယောင်မြင်ယောင်နေမိရပါလေ၏။ မြင်ယောင်တွေးမိခြင်းဖြင့် ဝါဆိုမိုးသည် တစ်ကိုယ်လုံး၌ ကြက်သီးလေးများ ဖြန်းဖြန်းထစေရ



www.burmeseclassic.com

www.burmeseclassic.com



ပါလေ၏။

ဝါဆိုမိုး မျက်ဝန်းလေးအစုံအား မဖွင့်စတမ်း ချောက်ချားစွာ အတွေးများနှင့် တစ်ကိုယ်တည်းရှိနေဆဲအချိန်၌ ဝါဆိုမိုး၏ အတွေးမျှင်များအား ဖြတ်တောက်ကာ အခန်းထဲလှမ်းဝင်လာသော ခြေသံဖွဖွအား ကြားလိုက်ရ၏။

ထိုခြေသံကြောင့် ဝါဆိုမိုး၏ ရင်ခုန်နှုန်းကလေးများပင်မြန်၍လာသည်။ ဒေါက်တာကြည်ပြာ။ ခြေသံဖွဖွကို နားစွင့်ထားရင်း ဝါဆိုမိုးစိတ်ထဲမှ သိနေလိုက်သည်။ ခြေသံသည် တဖြည်းဖြည်းနှင့် ဝါဆိုမိုးအနီးသို့ ရောက်လာချေပြီ။

ဝါဆိုမိုးသည် မျက်ဝန်းလေးအစုံအား ဘာပဲဖြစ်ဖြစ်ဟုဖျတ်ခနဲ ဖွင့်ကြည့်လိုက်သည်တွင်မတော့...

"ဟင်..."

စောစောက ချောက်ချားနေရသော စိတ်ဖြင့် ဘာကိုမှ သတိမထားဖြစ်။ ယခုတော့ဖြင့် အံ့သြခြင်းဖြင့် သင်းပျံ့သော ရနံ့လေးကိုပါ ဝါဆိုမိုး ရှူရှိုက်ရလေ၏။ အပွင့်ပေါင်း နှစ်ဆယ်လောက် ရှိမည်ဖြစ်သော အဖြူရောင်ပန်းစည်းကြီးဖြင့် ချစ်စရာကောင်းလွန်းသော ကလေးမလေး တစ်ယောက်။ ပန်းစည်းလှလှအား ရင်ခွင်ပိုက်ကိုင်ကာ ဝါဆိုမိုးအား အိအိဖောင်းဖောင်း ချစ်စရာကောင်းလွန်းသော





အပြုံးလေးနှင့် ကြည့်နေလေ၏။

"ဟင်...ကလေး၊ ကလေးက ဘယ်သူလဲကွယ်၊ အား...ကျွတ် ကျွတ်"

နူးညံ့သော စကားသံဖြင့် ဝါဆိုမိုးသည် ကလေးအားအနည်းငယ် ခေါင်းကို မတ်ကာ ပြောလိုက်သဖြင့် နာကျင်မှုများ ပေါင်းစုကာ ခံစားလိုက်ရသည်တွင် ညည်းတွားရင်း မျက်လုံးလေးမှိတ်ကာ ညင်သာစွာ ပြန်နေလိုက်ရရှာ၏။

ပြီးမှ ဝါဆိုမိုးသည် မျက်လုံးလေး ဖွင့်ကြည့်သည်။

"အန်တီ၊အန်တီ ဝါဆိုမိုးနော်"

"ဟုတ်ပါတယ်ကလေးရယ်၊ ကလေးက အန်တီကို သိလားဟင်"

"ဟုတ်ကဲ့၊ သိပါတယ်အန်တီ"

"ဘယ်သူ့များ ပြောပါလိမ့်ကွယ်"

"ဒယ်ဒီလေ"

ဒယ်ဒီဟု သံယောင်လိုက်ကာ ဝါဆိုမိုးသည် တစ်ချက်စဉ်းစားရင်း အတွေးတစ်ခုပေါက်သွားရသည်။ ပြီးမှ ဝါဆိုမိုးသည် အေးချမ်းပြည့်ဝလှပစွာ ပြုံးလိုက်ပြီး...

"အန်တီ့ကို သမီးလာကြည့်တာ ကျေးဇူးတင်ပါတယ်ကွယ်"

"ဒယ်ဒီလည်း ပါပါတယ်အန်တီ၊ အပြင်မှာ လူကြီးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေလို့ပါ"

"အန်တီ ဒီပန်းလေးတွေကို အန်တီခေါင်းရင်းနားမှာ သမီး ထားမယ်နော်"

ဝါဆိုမိုးသည် ချစ်စရာကောင်းလွန်းသော ကလေး၏အပြု အမူအတွက် အပြုံးလေးနှင့်သာ ကြည့်နေလိုက်၏။ ပိုးပိုးသည် ပန်း စည်းလေးအား ဝါဆိုမိုးမျက်နှာလှလှလေးနှင့် တစ်တန်းတည်းကျသော ခေါင်းအုံးလေးထက်တွင် တင်ထားပေးလိုက်သည်။ ဝါဆိုမိုးသည် အဖြူရောင်နုနု နှင်းဆီရေမွှေး ပန်ပွင့်များဆီငေးကြည့်နေမိပြီးမှ...

"သမီးနာမည်က ဘယ်လိုခေါ်လဲ"

"ပိုးပိုးပါအန်တီ"

"ပိုးပိုး"

"ဟုတ်ကဲ့...သမီးနာမည်လေးက သမီးနဲ့ သိပ်လိုက်တာပဲ၊ သမီးလေးလည်း ပိုးပိုးအိအိလေးနဲ့ တကယ့်ကို ချစ်စရာကောင်းတာပဲ"

"အန်တီကလည်း အရမ်းကို လှတာပါပဲ၊ အန်တီကြည်ပြာ ထက်တောင် အများကြီးလှတယ်"

ပိုးပိုးထံမှ ဒေါက်တာကြည်ပြာအမည်ကို ကြားရ၍ ဝါဆိုမိုး မှာ ကြက်သီးကလေးများပင် ဖြန်းခနဲထမိ၏။

"တကယ်ပြောတာ၊ အန်တီက သိပ်လှတာပဲ၊ သမီးဖြင့် တစ်ခါမှ မမြင်ဖူးသေးဘူး"





"အဟင်း...ကျေးဇူးတင်ပါတယ် သမီးရယ်၊ ဒါနဲ့သမီးရဲ့ မိဘတွေက ဘယ်သူတွေပါလိမ့် ဘာရယ်မဟုတ်၊ ဝါဆိုမိုးနှုတ်မှ ဆိုမိလိုက်ခြင်းရယ်ပါ"

"သမီးရဲ့မိဘတွေလား"

"အင်း..."

"သမီးမှာ ဖေဖေမေမေတို့ မရှိတော့ပါဘူးအန်တီ၊ ဒယ်ဒီ ပဲရှိပါတော့တယ်"

"ဘယ်လိုကွယ်"

"သမီးရဲ့ ဖေဖေက ဒယ်ဒီ့ကိုကိုလေ၊ သမီးရဲ့ ဖေဖေနဲ့မေမေ တို့က သေသွားပါပြီ အန်တီ"

"သမီး..."

ပိုးပိုး စကားတွေဆိုဆဲ ခိုင်မင်းဆက် အခန်းထဲသို့ဝင်ရောက် လာပြီး ခေါ်သံကြောင့် ပိုးပိုးနှင့်အတူ ဝါဆိုမိုးပါ လှမ်းကြည့်ဖြစ် သည်။

"ဟော...ဒယ်ဒီလာပြီ"

"သမီးကို ဒယ်ဒီဘာပြောထားလဲ၊ သမီးမှာ ဖေဖေမေမေတို့ မရှိတော့ဘူးဆိုတာ ဘယ်တော့မှ မပြောရဘူးလို့ ဒယ်ဒီမှာထား တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မေ့သွားလို့ပါဒယ်ဒီ၊ နောက် မပြောတော့ပါဘူး"

"သမီးဆိုးတယ်ကွာ၊ ဒယ်ဒီ့စကားနားမထောင်ဘူး"

ခိုင်မင်းဆက်သည် ဝါဆိုမိုး၏ ဖိတ်ခေါ်မှုမရှိသေးပါဘဲနှင့် ပင်ခပ်တည်တည်ဖြင့် ဝါဆိုမိုးအနီး ခုတင်ထက်တွင် ဝင်ထိုင်ကာ ပိုးပိုးကို ရင်ခွင်ထဲ တစ်ချက်ထွေးဖက်ရင်း ဆိုလိုက်လေ၏။ ဝါဆိုမိုး ကား အနေခက်၍ ကြောင်းငေးငေးလေးကြည့်နေမိ၏။ ခိုင်မင်းဆက်သည် ဝါဆိုမိုးအား တစ်ချက်မျှပင် မကြည့်သေးပါလေ။

"သမီး"

"ရှင်...ဒယ်ဒီ"

"အပြင်မှာ ဒယ်ဒီ့ဆရာကြီး ဘဘဦးလှမြိုင်က သမီးကို စောင့်နေတယ်၊ သမီးသွားလိုက်နော်"

"ဟုတ်ကဲ့ ဒယ်ဒီ၊ အန်တီ သမီးသွားလိုက်ဦးမယ်နော်"

ပိုးပိုး နှုတ်ဆက်တော့ ဝါဆိုမိုး ယောင်တောင်တောင်ဖြင့် ခေါင်းလေးညိတ်ရသည်။ အခန်းထဲမှ ပိုးပိုးထွက်သွားသည်နှင့် ခိုင်မင်းဆက်အကြည့်များသည် ဝါဆိုမိုးထံသို့ ကျရောက်လာလေ၏။

ခိုင်မင်းဆက်၏ အကြည့်များသည် အညိုအမည်းစွဲနေသော ဝါဆိုမိုးမျက်နှာမှ ဒဏ်ရာများနှင့် လက်မောင်းတွင် ချုပ်ထားသော ဒဏ်ရာဒဏ်ချက်များဆီ ကြည့်နေဆဲ ဝါဆိုမိုးသည် အနေခက်လာဟန်





ဖြင့်...

"ရှင် ဒီကို ဘာလာလုပ်တာလဲ"

"ဒါမေးရမယ့် စကားမဟုတ်ဘူး"

ပိုင်စိုးပိုင်နင်း အခမ့်မှစကားကြီးကြောင့် ဝါဆိုမိုးသည် ဒေါသထွက်ရခက်ခက်ဖြင့် အနေခက်သွားရပါချေ၏။

"ဝါဆိုမိုး"

"ကျွန်မ ရှင်နဲ့ စကားမပြောချင်ဘူး"

"မင်းမပြောချင် မပြောနဲ့ပေါ့၊ မောင်ပြောတာ နားထောင်"

ရန်မတွေ့တတ်၍ ရန်တွေ့ချင်သော မျက်ဝန်းတောက်တောက်ကလေးတွေနှင့် ဝါဆိုမိုး သူ့ကိုကြည့်လိုက်သည်။

"ဒီနေ့ အခုပဲ မင်းနဲ့မောင် လက်ထပ်ဖို့ လူကြီးတွေနဲ့ အပြင်မှာ အသင့်လုပ်ထားပြီးပြီ"

"အိုး...ရှင့်ကို လက်ထပ်မယ်လို့ ဘယ်သူပြောလဲ"

"မင်းနဲ့မောင်ဟာ လက်ထပ်သင့်တာ ကြာပြီမဟုတ်လား"

"ရှင် ဆေးရုံပေါ်မှာ ဘာတွေပြောနေတာလဲ"

"တရှင်ရှင်နဲ့ ပြောမနေစမ်းပါနဲ့ကွာ၊ စိတ်ညစ်လာရင် တစ်ခုခုလုပ်မိလိမ့်မယ်"

ခိုင်မင်းဆက်စကားကြောင့် ဝါဆိုမိုး မျက်ဝန်းလေးဝိုင်းစက်ကာ ရှက်ရွံ့သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် ကျွန်မတစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ နာကျင်နေတာ"

"စိတ်ချပါ မင်းကို မောင်လက်ဖျားနဲ့တောင် မထိပါဘူးတဲ့ ဖျား..."

"ဒါဆို ရှင်ထွက်သွားတော့"

"ထွက်သွားဖို့လာတာမဟုတ်ဘူး၊ လူကြီးတွေခေါ်ပြီး မင်းနဲ့ လက်ထပ်ဖို့လာတာ"

"အို"

"အို...ရမယ် စိတ်ချ"

"ရှင်နော်"

"အဟွန်း...အဟွန်း"

မျက်နှာလေးရဲကာ ဝါဆိုမိုး ငိုမဲ့မဲ့လေးနှင့်ဆိုတော့ ခိုင်မင်းဆက်သည် ချောမွေ့စွာ ရယ်မောမိလေ၏။

"အချစ်ရယ်၊ မောင့်ကို စိတ်ဆိုးနေတုန်းလားကွာ"

ဝါဆိုမိုး နှုတ်ဆိတ်၍နေသည်။

"ပြောပါဦး၊ မောင့်ကဖြင့် အချစ်အတွက် ခံစားလိုက်ရတာ"

"ရှင်..ခံစားရတယ်ဆိုတာ ဘာလဲ၊ကျွန်မကို သံသယဖြစ်...တဲ့ ခံစားမှုမဟုတ်လား"

"ရှင်းပြမနေတော့ပါဘူး၊ ရှင်ပြနေရင် လက်ပါလာမယ်။"





မှာအသည်း၊ မင်းကို ချစ်ရတဲ့အချစ်ဟာ မောင့်ဘဝမှာ ပထမဦးဆုံးပွင့်တဲ့ အသည်းပန်းပဲ၊ မင်းကို သံသယဖြစ်ဖြစ် မဖြစ်ဖြစ်၊ ချစ်တာပဲ"

"ရှင်ဟာ သိပ်တော်တဲ့ ရဲအရာရှိပါဆို"

"မောင့်ကိုမောင် တစ်ခါမှ အဲဒီလို မင်းကို မပြောဘူးပါလား"

"လူတွေ ပြောကြတာပဲလေ"

"ပြောကွာ၊ လူတွေကတော့ ပြောချင်လည်း ပြောမှာပေါ့ အဟင်း...ခုတော့ ရှင်လိုက်တဲ့ အမှုနဲ့ ရှင့်ရဲ့ စုံစမ်းမှုတွေကခုတ်ရာတခြား ရှရာတစ်လွဲတွေပါလား"

"ဒီမှာ အချစ်၊ ဒါတွေဟာ ဖြစ်တတ်တဲ့ အရာပါ၊ အရေးကြီးတာက အမှုမှန်ပေါ်ဖို့နဲ့ အချိန်မီ ရန်သူလက်ထဲရောက်နေတဲ့ သူတွေကိုကယ်တယ်နိုင်ဖို့ပဲ၊ ဒီကိစ္စမျိုးဆိုတာ အချစ်နဲ့မှ မဟုတ်ဘူး၊ မြန်မာနိုင်ငံရဲ့တပ်မတော်ဝင်တွေရဲ့ အတွေ့အကြုံနဲ့ ဖြစ်တတ်တာတွေပါပဲ"

"ရန်သူကတော့ သူလွတ်မြောက်ရေးအတွက် အမျိုးမျိုးရဲ့တွေကိုလှည့်စားနေမှာပဲလေ။ ဒါပေမယ့် ရာဇဝတ်ဘေးတို့မည်သည် ပြေးလွတ်ရိုး ထုံးစံမရှိဆိုတဲ့ စကားပုံအတိုင်း ဒေါက်တာကြည်ပြာဟာ နောက်ဆုံး သူ့အပြစ် သူခံသွားရတာပဲမဟုတ်လား"

"အခု သူဘယ်မှာလဲ"

"စိတ်ကျန်းမာရေးဆေးရုံ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်...သူ့ရှင့်ကို ချစ်တဲ့အချစ်က စံပြပါပဲလားရှင်"

"ဒါ စံပြမခေါ်ပါဘူး၊ တစ်ဖက်သတ် အချစ်အမှားတွေရဲ့ ဒုက္ခပါ။ပြီးတော့ သူအခုလို ရူးတာ မင်းရဲ့အလှနဲ့ မင်းရဲ့ဘဝကို မနာလိုစိတ်ကြီးမားတာတွေလည်း ပါတယ်"

"အဲဒီစိတ်နဲ့ ရောထွေးပေါက်ကွဲလို့ သူရူးသွားတာ၊ ကဲ..ဒါတွေ မေ့လိုက်ပါကွာ"

ဆိုရင်း ဝါဆိုမိုးလက်ကလေးဆီ သူဖွဖွကိုင်လာတော့...

"လက်ဖျားနဲ့ မထိဘူးဆို ဝါဆိုမိုးတစ်ကိုယ်လုံး နာနေတာပဲ"

"စိတ်ချပါကွာ..မောင်သိပါတယ်၊ ကဲ...ပြောစမ်း၊ မောင့်ကို ချစ်ရဲ့လား စိတ်ဆိုးနေလား"

သူမေးတော့ ဝါဆိုမိုး နှုတ်ဆိတ်၍ နေသည်။

"ပြောလေ၊ ဒေါက်တာကြည်ပြာကို အချစ်ပြောတဲ့စကားတွေ မောင်အကုန်ကြားတယ်"

"အဲဒါ မဟုတ်လို့လား၊ အဲဒီတုန်းက မောင်ပဲ ဝါဆိုမိုးကို ပစ်သွားတာလေ"

"ပစ်သွားတာမဟုတ်ပါဘူး၊ စိတ်ညစ်ပြီး ဘာလုပ်ရမှန်းမသိလို့ ထွက်သွားတာ၊ အဲဒါ မင်းကို ချစ်လွန်းလို့မွန်ပြီး ဖြစ်သွားရတာတွေသိလား၊ ကဲ..ပြောစမ်း၊ မောင့်ကို စိတ်နာနေလား"





"မောင်က အချော့တော်ပါတယ်လေ"

"ဘာပြောတယ်"

"မောင်က အချော့တော်တယ်လို့"

"ဟာ...မောင်တောင် မချော့ရသေးပါလား"

"ဟုတ်တယ် ဟုတ်တယ်၊ ရှင် ကျွန်မကို ချော့စရာတောင် မလိုဘူး၊ ကျွန်မဟာ ခွင့်လွှတ်ပြီးသား၊ ကျေအေးပြီးသား"

မျက်ရည်လေးတွေဝဲကာ ဝါဆိုမိုးဆိုတော့ ခိုင်မင်းဆက်မျက်နှာချောချောသည် ဝါဆိုမိုး မျက်နှာလေးထက် မိုး၍လာ၏။ ဝါဆိုမိုးသည် မျက်ဝန်းလေးအစုံကို မှိတ်ပစ်လိုက်သည်။ မျက်ဝန်းတောင့်မှ မျက်ရည်ကလေးများသည် လိမ့်စီးဆင်းသွားကြ၏။

"အသည်းရယ် အချစ်ရယ် မောင့်ကို မောင်လို့ ခေါ်ပါဦး"

"အို...ဝါဆိုမိုးကို မထိနဲ့နော်၊ တစ်ကိုယ်လုံးနာနေတယ်"

ငိုသံလေးစွက်၍ ဝါဆိုမိုး ဝမ်းနည်းစွာ ဆိုသည်။

"မောင် မထိပါဘူးဗျာ၊ အသည်းကို သိပ်ချစ်တယ်"

စကားနှင့်အတူ ဝါဆိုမိုး၏ မျက်နှာလေးအနံ့ ခိုင်မင်းဆက်၏ နှုတ်ခမ်းဖွဖွအနမ်းသည် ကျရောက်လာ၏။ ဝါဆိုမိုး မျက်ဝန်းလေးပွင့်၍လာသည်။

"မောင်တို့ လက်ထပ်ဖို့ အသင့်ဖြစ်နေပြီ"

သူဆိုတော့ ဝါဆိုမိုး မျက်နှာလေးသည် ပြုံးပြုံးလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာလေးသိမ်းသွားသည်။

"မောင့်ကို ချစ်တယ်နော်"

သူထပ်မေးသည်။ ဝါဆိုမိုးမျက်လွှာလေးသည် ပင့်ချီကာ သူ့ကို ကြည့်လာပြန်ပြီး နောက်တစ်ချီပြန်၍ သိမ်းသွားရှာ၏။

မျက်ရည်စလေးများနှင့် ဝါဆိုမိုး မျက်နှာလေးသည် ပြုံးမြမြလေး ရှိနေသည်ပါ။

"အဟွန်း"

ခိုင်မင်းဆက်သည်လည်း ကျေနပ်ခြင်းအတိဖြင့် ချောမွေ့စွာ ပြုံးဖြစ်သည်။ အပြုံးလေးများနှင့်အတူ သူ့အနမ်းပွင့်ကလေးများသည်လည်း ချစ်သော ဝါဆိုမိုး မျက်နှာနုနုလေးထက်မှာ...

ညင်ညင်ဖွဖွ တစ်ပွင့်ချင်း တစ်ပွင့်ချင်းရယ် ကြွေလျက်ရှိသတည်း။

♤ ♤ ♤

ပြီးပါပြီ

စောပြည့်ချမ်းသာ


သိင်္ဂါရ၊ ရသအပေါင်းနှင့် ပြည့်ဝနိုင်ကြပါစေ...

စောပြည့်ဝန်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com